www.burmeseclassic.com

ရွှေဓားဓား
စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်းစိဒြ

သောနတ္ထိုလ်....ငါလား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဒေါနှုတ်တိုက် ... ဝါလား

## မင်းဇိတြ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၇၃၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၇၆၀၄၁၀

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

အဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)
အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၅. ၈၃
မင်းစိုးဖြ
သောနတ္တိုလ်. . . ငါလား/မင်းစိုးဖြ - ရန်ကုန်။
စိန်သရဖူစာပေ၊ ၂၀၁၁။
၂၆၄ -စာ၊ ၁၂. ၅ × ၁၇. ၅ စင်တီ။
(၁) သောနတ္တိုလ်. . . ငါလား

BURMESE CLASSIC .com

# အခန်းစဉ်

၁။ သန်းခေါင်ယံ ဇာတ်လမ်း
၂။ သူ့နာမည် ဝကြီး
၃။ မြသီလာရွာကမိုးကြယ်
၄။ လက်သီးပုန်း
၅။ တောစီးနေသောကျားသစ်
၆။ လျှို့ဝှက်စကား
၇။ အပေးအယူ
၈။ ချုံထဲကရုပ်တု
၉။ အစွယ်ဖွေးဖွေးနှင့် အန္တရာယ်ကောင်များ
၁၀။ ပျောက်နေသောရွာ
၁၁။ သေမင်းတိုင်းပြည်
၁၂။ ရေဘုရင်နှင့် နွယ်ကွင်းထိုး
၁၃။ ချောက်ကြီးထဲတစ်ဖက်ဆီသို့
၁၄။ အန္တရာယ်ဝိုင်းထားခံရလေပြီ

www.burmeseclassic.com

www.burmeseclassic.com


၁၅။ ဂူထဲမှာတစ်ညတာ

၁၆။ ကူညီသူလေး

၁၇။ အလင်းကစားသောနေရာ

၁၈။ တောခြောက် တောင်ခြောက်

၁၉။ ဂူထဲမှတီးတိုးသံများ

၂၀။ မီးနိုင်ငံသား

၂၁။ ဂူထဲကသူတော်စင်

၂၂။ သောနတ္တိုလ် ငါမဟုတ်

၂၃။ စိတ်ကိုအောင်နိုင်သူ


(၁)

## သန်းခေါင်ယံ ဓာတ်လမ်း

တစ်တောလုံး၊ တစ်တောင်လုံး၊ မည်သည့်နေရာကိုပဲ ကြည့်ကြည့် နှင်းများဖုံးလွှမ်းကာ ဖွေးဖွေးထလျက်ရှိနေသည်။

သစ်ပင်ကြီးများသည်လည်း နှင်းဖတ်များ ဖုံးလွှမ်းလျက် ရှိနေကြကာ နဂိုအသွေးအရောင်များပင်လျှင် ပျောက်ကွယ်နေကြလျက် မြင့်မားသော တောင်စဥ်တောင်တန်းကြီးများသည် နှင်းထုကြီး၏ ဝါးမျိုထားခြင်းကို ခံနေကြရသည်။

မြေပြင်သည် မြေသားတစ်ကွက်စာနေရာလေးကိုပင် မြင်တွေ့ရနိုင်။

မည်သည့်နေရာကိုကြည့်ကြည့် နှင်းများက အသိ။

www.burmeseclassic.com





အလုံးစုံသော သဘာဝဝန်းကျင်ကြီးကို ညဉ့်ကာလက ဝါးမျိုထားသည်။ နှင်းတို့က ရောင်ပြန်ဟပ်နေကြသည်။

ထို့ကြောင့် ညသည်အဖြူရောင်တောက်ပနေလျက် ယင်းမြင်ကွင်းအဖုံဖုံတို့ကို ဂူတစ်ဂူအတွင်းမှ လှမ်းကြည့်နေသူ တစ်ယောက်။

ဂူထဲတွင် အအေးဒဏ်ကို ခံနိုင်စေရန်အတွက် မီးပုံ တစ်ပုံကို ဖိုထားသည်။ မီးတောက်များက တက်လာလိုက်၊ ကျ လာလိုက်နှင့် တစ်သမတ်တည်း ရှိမနေကြ။

လုံလောက်သောအပူဓာတ်ကိုရနေ၍ ခန္ဓာကိုယ်ထဲမှ သွေးများအေးခဲမသွားကြခြင်းပင်။ မီးပုံနှင့် မလှမ်းမကမ်းတွင် အိပ်ဖို့နေရာကို ပြင်ဆင်ထားသော်လည်း မအိပ်နိုင်သေး။

မီးကင်ထားသော အသားကင်ကို တံစို့မှကိုင်ကာ တစ် ကိုက်ကိုက်လိုက်သည်။ ရေနွေးနှင့် မျှောချသည်။ တစ်ခဏ အတွင်းမှာပင် အသားကင်တစ်ကောင်လုံးနီးပါးမျှ ကုန်သွား ခဲ့သည်။ အူမလည်း တောင့်သွားခဲ့ပြီဖြစ်သည်။

တစ်နေ့လုံး တစ်တောဝင် တစ်တောထွက်၊ တစ်တောင် တက် တစ်တောင်ဆင်း ခရီးနှင်လာခဲ့၍ ပင်ပန်းနေခဲ့ရသည်။

ကုန်ဆုံးသွားသောအားများကို ပြန်လည်၍ဖြည့်ဆည်း နိုင်ရန် အိပ်စက်အနားယူမှုဖြစ်မည်။

ထို့ကြောင့် သားမွေးစောင်ကိုပင် အခင်းပြုထားသော



အိပ်ရာထက်မှာ လှဲချလိုက်လေ၏။ တစ်ခဏအတွင်းမှာပင် မျက် တောင်များစင်းကျလာကာ အိပ်ပျော်သွားခဲ့သည်။

ခုမှ ပိုပြီးတော့အရှိန်ရကာ တောက်လောင်လာသော ဆင်းပုံမှာ မီးတောက်မီးစွယ်များကား ပိုပြီးတော့ အားကောင်း နေလျက် ...။

✧

သူအိပ်ပျော်နေစဉ်မှာ အပြင်ဘက်တွင် နှင်းများက အဆက်မပြတ် ကျလာခဲ့ကြသည်။ လေကလည်း တသောသော နှင့် တိုက်ခတ်လာသည်။

နှင်းဖတ်များသည် လွင့်ပါးလာကြပြီး ဂူထဲအထိ ရောက် လာခဲ့ကြသည်။ ရရာထင်းခြောက်များကို ထည့်ထားသောကြောင့် မီးဖိုမှမီးတောက်က အားကောင်းစွာ တောက်လောင်နေဆဲ။

ပြင်ပမှ တိုက်ခတ်ဝင်ရောက်လာသောလေကြောင့် မီး တောက်များသည် လွန့်လူးလှုပ်ရှားသွားခဲ့ကြရသည်။

ထို့နောက် ပိုပြီးတော့ မီးအားက တက်လာခဲ့လေသည်။ ထိုစဉ် နှင်းတသောသောကျနေသည့်အထဲမှာ သတ္တဝါတစ်ခု သွားလာလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် လွန်စွာမှဝသည့် ခန္ဓာကိုယ်ရှိပြီး သူဝတ်ထားသော သားမွေးအင်္ကျီကလည်း သုံးလေးထပ်ရှိနေကာ ထူထူထဲထဲမို့ ခန္ဓာကိုယ်က စရည်းအိုးကြီးပမာ ဝဖီးနေသည်။

သို့သော် သူသည် ခန္ဓာကိုယ်နှင့်မလိုက်အောင်ပင် ခြေလှမ်းတွေက ပေါ့ပါးသွက်လက်နေသည်။

သူသည် ခိုနားစရာတစ်ခုခုကို ရှာဖွေနေရင်းက ဂူနှင့်တူသောအရာတစ်ခုကို အမှတ်မထင်ပင် တွေ့သွားခဲ့လေ၏။ ထို့ကြောင့် ခြေလှမ်းတွေက ပိုပြီးတော့သွက်လာခဲ့သည်။

ချက်ချင်းလိုလိုပင် ဂူဆီကို ရောက်လာခဲ့လေသည်။

စောစောက အကျစ်ပ်နေသော နှင်းများကြောင့် ဂူထဲရှိ မီးရောင်ကိုမ မြင်။ ခုမှ မီးရောင်ကို မြင်သွားသည်။

လျှောက်နေဆဲ ခြေလှမ်းတွေက တုံ့သွားခဲ့ရသည်။ သို့သော် အပြင်ဘက်မှာ ဆက်ပြီးနေ၍ကလည်း မဖြစ်။ သတိကြီးစွာထားကာ ဂူဆီကို ချဉ်းကပ်လာခဲ့သည်။

မီးတောက်ကြီးက အရှိန်ကြီးစွာပင် တောက်လောင်နေသည်။ တစ်ချက်တစ်ချက်တွင် ဂူခေါင်မိုးအထိပင် တက်ပြီး မီးစွဲတော့လေမည်လားဟု ထင်မိရသည်။

မီးပုံနှင့် မလှမ်းမကမ်းတွင် လူတစ်ယောက်က အိပ်ပျော်နေလျက်ရှိသည်။ လူဝကြီးသည် တောက်လောင်နေသော မီးပုံကြီးကို မြင်ပြင်းကတ်စွာဖြင့် ကြည့်လိုက်သည်။





ထို့နောက် ဂူဝမှနေ၍ (အဆုပ်ထဲသို့ လေအပြည့်ရှူသွင်းကာ) တအားမှုတ်ထုတ်လိုက်လေတော့သည်။

'ဖူး ‥ ဖူး'

ထိုအခါ တောက်လောင်နေသော မီးညွန့်မီးစွယ်များသည် ဟုပ်ခနဲဆို ငြိမ်းသွားခဲ့လေတော့၏။ မိုးကြယ်သည်လည်း လှတ်ခနဲဆို နိုးသွားခဲ့ရသည်။ တစ်ပြိုင်နက်တည်းမှာပင် လက်က ဘေးမှာချထားသည့်ဓားဆီကို အလိုလိုပင် ရောက်သွားခဲ့သည်။ ဓားကိုလည်း ဓားအိမ်ထဲက ဆွဲထုတ်ပြီးသားဖြစ်သွားခဲ့လေ၏။ မီးပုံကိုလှမ်းကြည့်လိုက်ရာ မီးကျီခဲရဲရဲမျှသာ ကျန်တော့သည်။

သူ့မျက်လုံးတွေက ဂူဝဆီကို တန်းခနဲဆို ရောက်သွားခဲ့သည်။ ဖြူဆွတ်သော သဘာဝအလင်းရောင်နှံ့နှံ့နဲ့အောက်မှာ ဂူဝကို ပိတ်ကာရပ်နေသော သဏ္ဍာန်ကြီးတစ်ခု။

ဝံဖြူကြီး တစ်ကောင်ဖြစ်လိမ့်မည်ဟု ထင်မိသည်။ မိမိကို ရန်မူရန် ရောက်ခဲ့လေသလား။ ဤဂူကြီးသည် သူနေထိုင်ရာ သိုက်မြုံတစ်ခုလော။

မည်သို့ပဲဖြစ်ဖြစ် မိမိအပေါ် ရန်မူလိုစိတ်နှင့် ရောက်လာသူဖြစ်ပါက ရင်ဆိုင်ဖြေရှင်းရဖို့အတွက် ဝန်မလေး။

မိုးကြယ်သည် လက်တစ်ဖက်က ဓားကိုကိုင်ထားရင်း တစ်ဖက်က သားမွေးဦးထုပ်ဖြင့် မီးကျီခဲများကို ယပ်ခတ်လိုက်သည်။ ထိုအခါ မီးကျီခဲများက ရဲခနဲ၊ ရဲခနဲ။

www.burmeseclassic.com

www.burmeseclassic.com





မိုးတောက်များ တက်မလာမီ . . .

"မီးမမွှေးပါနဲ့ . . . ကျုပ် မီးရောင်ကိုမုန်းလို့ပါ"

ဂူဝတွင် ရပ်နေသူထံမှ အသံထွက်လာသည်။ ထိုအခါကျမှ ဝံပုလွေကြီးတစ်ကောင် မဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေကြောင်းကို သိလိုက်ရလေတော့သည်။

"ခင်ဗျား ဘယ်သူလဲ"

"ခရီးသွားပါ . . . ကျုပ် ဝင်လာလို့ရမလား"

မိုးကြယ် စဉ်းစားလိုက်သည်။ ဤမျှလောက်ဝပ်ဖိနေသောသူသည်လည်း မိမိအပေါ်မှာ ရန်မမူနိုင်ဟု စိတ်မချနိုင်။

"ကောင်းပြီ . . . လာခဲ့လေ"

လူဝကြီးက မိုးကြယ်ဆီကို လျှောက်လာသည်။ သူ့လက်ထဲမှာ လက်နက်ပါလာ၊ ပါမလာ မသိနိုင်။ မိမိဘက်ကတော့ သတိကြီးစွာဖြင့် ထားနေရသည်။ မစို့မပို့အလင်းရောင်ကို သူ့ကိုယ်လုံးကြီးက ကွယ်ကာပိတ်ထားသောကြောင့် ထင်ရှားစွာ မမြင်နိုင်။ မိုးကြယ်နှင့် ငါးပေအကွာလောက်ကို ရောက်လာသည်။ သူသည် ထိုနေရာမှာပင် ထိုင်ချလိုက်၏။

မီးကျီခဲမှ အလင်းရောင်က လူဝကြီး၏ခန္ဓာကိုယ်ကို သိသာရုံသာ မြင်တွေ့နေရ၏။ ခန္ဓာကိုယ်မှာ သုံးထပ်ထက်မနည်းသော သားမွေးအကျီနှင့် သားမွေးဘောင်းဘီကြီးကို ဝတ်ဆင်ထားသည်။ သားမွေးခေါင်းစွပ်ကြီးကလည်း ကြီးမားပြီး ထူ

---

ရှေ့ကောားစာပေ



ထူထဲထဲ။ သူသည် မိုးကြယ်ကို မမှိတ်မသုန်သောမျက်လုံးများဖြင့် ကြည့်နေ၏။

"ဒီလောက်မီးရောင်ကိုရော ရမလား"

မီးကျီခဲများကို မေးငေါ့ပြီးတော့ မေးလိုက်သည်။

"ဒါလောက်ကတော့ ရပါတယ်"

"ကျုပ်က အိပ်ပျော်နေတယ်ဆိုပေမယ့် သတိကတော့ ရှိနေတယ်၊ မီးတောက်ကြီးက အားကောင်းပြီး တက်နေခဲ့ပဲဆိုတာကိုလည်း သိနေတယ်၊ ပြင်ပလေကလည်း ကျုပ်နေရာအထိ ရောက်အောင် မတိုက်ခဲ့ပါဘူး။ ဒါနဲ့များ ဘယ်လိုငြိမ်းသွားခဲ့တာပါလိမ့်"

"ကျုပ် မှုတ်လိုက်လို့ပါ"

BURMESE CLASSIC .com

"ဘာ . . . ခင်ဗျားမှုတ်လိုက်တာ . . . ဟုတ်လား။ မဖြစ်နိုင်တာ"

"အဲဒီလိုမဖြစ်နိုင်တာကို ဖြစ်အောင်လုပ်ခဲ့တာ မယုံဘူးဆိုရင်လည်း ကျုပ် လက်တွေ့ပြမယ်လေ"

လူဝကြီးသည် တစ်ပေသာသာလောက်ရှိ ထင်းခြောက်တစ်ခုကို ကောက်ယူလိုက်၏။ ထို့နောက် လက်ဝါးပေါ်ကိုတင်လိုက်သည်။ မျက်နှာရှေ့ တစ်ပေ မရှိတရှိအကွာလောက်မှာ လက်ဝါးပေါ်တင်ထားလိုက်ပြီး . . .

'ဖူး'

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးပေါ်မှ ထင်းချောင်းသည် ပဋ္ဌလက်ပြလိုက်သလို လွင့်ထွက်သွား၏။ မျက်စိအောက်မှာ ပျောက်သွားသလို မြင်ပင်မမြင်လိုက်ရ။

'ဖေါင်'

ထင်းချောင်းသည် မြင်းထန်သောလေမှုတ်အားကြောင့် လွင့်ထွက်သွားခဲ့ကာ ဂူနံရံကို သွားမှန်သည်။ တစ်ဖန် အောက်သို့ ပြန်ကျသွားခဲ့လေ၏။ မိုးကြယ်၏ကိုယ်ကိုပင် ဟုတ်ခနဲဆိုလေက ဟပ်သွားသည်။

ခန္ဓာကိုယ်သည်လည်း သိသာစွာလှုပ်ခတ်သွားခဲ့လေ၏။ ထိုအခါကျမှ လူဝကြီးသည် အပြောမဟုတ်ဘဲ တကယ်ပင် လေပြင်းထန်စွာမှုတ်တတ်သော စွမ်းအင်ဖြစ်ကြောင်း သိသွားခဲ့ရလေ၏။

"ကဲ ... ယုံပြီလား"

"ယုံပါပြီဗျာ၊ ဒါနဲ့ ခင်ဗျားက ဘယ်လိုကြောင့် ဒီလို စွမ်းရည်မျိုးရှိနေရတာလဲ"

"ဒါ စွမ်းရည်လို့ခေါ်သလား။ ကျုပ်ကတော့ မထင်ပါဘူးဗျာ၊ လေ့ကျင့်ရင်းနဲ့ ဒီလိုဖြစ်လာခဲ့တာပါ၊ ကျုပ်က သေးငယ်ပေ့ါပါးတဲ့ပစ္စည်းလေးတွေကအစ ရည်ရွယ်ချက်မရှိ အပျင်းပြေ လေ့ကျင့်ကြည့်ခဲ့တာ၊ နောက်တော့ အခုလိုအခြေအနေအထိ ရောက်လာခဲ့တာပဲ"



"ကောင်းပါပြီ ... တစ်ခုတော့ ရှင်းသွားပြီ၊ မီးကိုမှုန်းတာကရော ဘာကြောင့်လဲ"

"အင်း ... ဒါကလည်း အကြောင်းရှိပါတယ်၊ ဒါပေမဲ့ ပြောပြဖို့ ကလေးကလားဆန်နေမလား မသိဘူး။ ကျုပ် ခင်ဗျားကို ပြောမပြခင် အစားနည်းနည်းလောက် ကျွေးပါလားဗျာ"

လူဝကြီးသည် ထောက်စင်ပေါ်တင်ထားသော အသားတင်အချို့တစ်ဝက်ကို မြင်တွေ့သွားသည်။ မီးပုံနားမှာကပ်ပြီး ထားသောကြောင့် ပူပူနွေးနွေးပင် ရှိနေသည်။

"ဒါ မီးကင်ထားတဲ့အသားဗျ။ ခင်ဗျားက မီးကိုမှုန်းတယ်ဆိုတော့"

"ကျုပ်က မီးကိုသာမုန်းတာ ... မီးနဲ့ချက်ထားတာကိုတော့ စားတယ် မိတ်ဆွေ"

"ကဲ ... ဒါဖြင့်လည်း စားပေ့ါဗျာ"

လူဝကြီးက အသားကင်တံစို့ကို ယူလိုက်ကာ အားမနာတမ်း ပလုတ်ပလောင်းပင် စားနေသည်။ ထို့ကြောင့် တစ်ခဏအတွင်းမှာပင် အသားကင်က ပြိုက်ခနဲဆို ကုန်သွားခဲ့လေ၏။ အရိုးကိုပင် တကျွတ်ကျွတ်နှင့်မြည်အောင် ဝါးနေလိုက်သေးသည်။ အရိုးထဲရှိ ခြင်ဆီကိုပင် စုပ်မျိုလျက်ရှိသည်။

"သာဓုဗျာ သာဓု သာဓု ... ကျုပ်နာမည်က စိန်ရွေးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



''ဗျာ ... ပိန်သေး ... ဟုတ်လား၊ ဒါလောက်ဝတဲ့ ခန္ဓာကိုယ်ကြီးက ပိန်သေးတဲ့လား''

''အဲဒါ ခုလို မဝမီကပါဗျာ၊ ကျုပ်ငယ်ငယ်က ပိန်ပိန် သေးသေးလေးဗျ၊ အရိုးပေါ်မှာ အရေပြားက ကပ်နေသလိုပဲ၊ လမ်းလျှောက်ရင် တုတ်ချောင်း ရွေ့လာနေသလိုပဲတဲ့၊ အဲ ... အခုတော့ ခုလိုပုံကြီး ဖြစ်လာတယ်၊ သိကျွမ်းသူတွေတောင် မမှတ်မိနိုင်တော့ဘူး''

''ငါးဖောင်ရိုးဘဝကနေ ဘဲဥဘဝ ရောက်သွားသလိုပဲ ပေါ့၊ ဆံချည်မျှင်နဲ့ စပါးထည့်တဲ့တင်းပုတ်ကြီးလောက် နှိုင်း ယှဉ်ရင် ပိုမှန်လိမ့်မယ်''

''ပိန်သေးလို့ ဘယ်သူမှ မခေါ်ကြတော့ဘူး၊ ကျုပ်ကို ပြွတ်ကြီးတဲ့၊ နာမည်ပြောင်တွေပေါ့ဗျာ၊ နာမည်အရင်းကတော့ **မောင်မှတ်** တဲ့၊ အဲဒီအစွဲကြောင့်လားမသိဘူး ... ကျုပ်က အမှတ်သညာ သိပ်ကြီးတာ''

''ခင်ဗျား အိပ်ချင်ပြီလား၊ ခရီးဝေးကနေ လာခဲ့ရတဲ့ အတွက် တော်တော်ပင်ပန်းနေမှာပဲ ... အိပ်လိုက်တော့၊ အိပ်ရာ ကနိုးမှ ခင်ဗျားအကြောင်းကို ပြောပေါ့ဗျာ''

''မအိပ်ချင်သေးပါဘူးဗျာ၊ ကျုပ်က ဒီထက်ပိုပြီးတော့ ဝလာမှာစိုးလို့ အအိပ်လျှော့ထားတယ်၊ အစားလည်း လျှော့ထား တယ်၊ ခင်ဗျား အိပ်ရေးမဝရင် အိပ်လေ''





''ရပါတယ် ကျုပ်က ကြက်အိပ်ကြက်နိုးပဲ၊ တစ်မှေး လောက်မှေးပြီးရင် အိပ်ရေးဝသွားတာပဲ''

''ကဲ ... ဒါဆို ကျုပ်အကြောင်းကို လိုရင်းတိုရှင်းပြော မယ် ... အပျင်းပြေပေါ့ဗျာ၊ ကျုပ်မိဘနှစ်ပါးက တောထဲမှာ ဆင်းခုတ်စားရတယ်၊ ဆင်းရဲတယ်၊ ထမင်းနပ်မှန်အောင် မစား ကြရဘူး၊ တစ်ခါတလေ ဆန်ကွဲဆန်နုပ်လေး ကျိုပြီးသောက်တာ တောင် တစ်ယောက်စာပဲရလို့ ကျုပ်ကိုပဲ ဦးစားပေးပြီးတော့ သောက်စေတယ်၊ သူတို့ကတော့ အငတ်ခံကြတယ်လေ၊

တစ်ရက်မှာ ကျုပ်တို့မိသားစုသုံးယောက် တောထဲ ဆင်းသွားခုတ်ကြတယ်၊ ကျုပ်က အသက်လေးနှစ်မပြည့်တပြည့်၊ အာဟာရက ချို့တဲ့တော့ လမ်းမလျှောက်နိုင်ဘူး၊ အဖေရဲ့ပခုံး ပေါ်က လိုက်ရတယ်၊ အဖေ့ဖက်ပေါ်က ခွပြီးပေါ့ဗျာ၊ သုံးယောက် စလုံး ကျောပြောင်တွေနဲ့၊ အမေက ထဘီရင်ရှားနဲ့ ကျုပ်က တော့ ကိုယ်တုံးလုံးလေး၊ ထင်းခုတ်သွားတယ်ဆိုပေမယ့် သူ များသနားလို့ ပေးထားတဲ့ ဓားမတိုအပဲ့လေးတစ်ချောင်းကို အား ပြုရတာပါလေ''

ထို့နောက် ပိန်သေး (ခေါ်) မောင်မှတ် (ခေါ်) လူဝကြီး သည် သူ၏ **သန်းခေါင်ယံဇာတ်လမ်း** ကို အောက်ပါအတိုင်း ဆက်၍ ပြောပြလေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# (၂)

## သူ့နာမည် ဝကြီး

တောထဲကိုရောက်နေကြသော မိသားစုသုံးဦး ...။

ဖခင်ဖြစ်သူသည် မောင်မှတ်လေးကို ကုပ်ပေါ်မှနေ၍ အောက်ကိုချလိုက်သည်။

"ကဲ သား ...ဒီနားမှာနေ၊ အဖေတို့ ဟိုနားကိုသွားပြီး ထင်းခုတ်လိုက်ဦးမယ်၊ အဖေတို့ပြန်မလာမချင်း ဘယ်ကိုမှ မသွားရဘူးနော်"

"ဟုတ်ကဲ့"

မိခင်က သားငယ်ကို မုန့်ပျားသလက်တစ်ချပ် ပေးလိုက်သည်။





"အဆာပြေစားထားသား။ အမေတို့က သိပ်မကြာဘူး ...ဒီနေရာကပဲ စောင့်နေ"

အပင်ကြီး၏အောက်ခြေကို ရှင်းလင်းပေးခဲ့ပြီး သားငယ်ကို သေချာစွာမှာထားခဲ့ကာ ထွက်သွားခဲ့လေ၏။

"အမေ သားလည်းလိုက်မယ်"

"မလိုက်ပါနဲ့သားရယ်၊ ...ဟိုဘက်မှာက ကျွတ်တွေ ဆိုတယ်ကွဲ့၊ သားကို တွယ်ပြီး သွေးစုပ်ကြလိမ့်မယ်၊ သားက တစ်ယောက်တည်းနေခဲ့ရမှာကို ကြောက်လို့လား"

"သားကြောက်တယ် အမေ"

ထိုအခါ ဖခင်ဖြစ်သူက သားကိုဖက်ကာ ...

"ယောကျ်ားဆိုတာ မကြောက်ရဘူး သားရဲ့ ...သတ္တိရှိရတယ်၊ အဖေတို့ မြန်မြန်ပြန်လာခဲ့မယ် ...နော် သား"

"ဟုတ်ကဲ့ ...သား မကြောက်တော့ပါဘူး။ အဖေနဲ့ အမေ မြန်မြန်ပြန်လာခဲ့ကြနော်"

"အေးပါ သားရယ် ...ခါတိုင်းလိုပဲ သားတစ်ယောက်တည်း ဆော့ကစားရင်း နေခဲ့နော်"

"ဟုတ်ကဲ့"

မိဘနှစ်ပါးသည် သားငယ်ကိုချော့မော့ကာ ထားခဲ့ကြသည်။ မောင်မှတ်လေးသည် မုန့်ကိုစားရင်း မိခင်ဖခင်တို့ ထွက်သွားကြသည်ကို ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။

ထို့နောက် ကျောက်ခဲကလေးများကိုကောက်ကာ တစ်ယောက်တည်း ဆော့ကစားနေသည်။

မိခင်၊ဖခင်တို့ ပြန်အလာကို မျှော်ရင်း မျှော်ရင်းနှင့် အပင်ကြီးအောက်မှာ အိပ်ပျော်သွားခဲ့လေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သလဲ မသိ။ သူ့ကို တစ်ယောက်ယောက်က လှုပ်နှိုးလိုက်သလိုပင် ...

"ကလေး ထ ထ ... တောမီးလောင်နေပြီ"

နားထဲမှာ အသံတစ်သံကို ကြားလိုက်ရသည်။ ဖျတ်ခနဲဆို လန့်ပြီးတော့ နိုးသွားသည်။

'ဖျစ် ဖျစ် ဖျစ် ဖျစ်'

နားထဲမှာ တဖျစ်ဖျစ်နှင့်မြည်သံများကို ကြားနေရသည်။ မီးခိုးငွေ့များကိုလည်း ရှူရှိုက်နေရသည်။ အသက်ရှူရခက်ခဲလာသည်။ နေရာမှထရပ်လိုက်သောအခါ တောမီးလောင်နေသည် ကို တွေ့လိုက်ရလေသည်။ မိခင်ဖခင်တို့ ထင်းခုတ်ရန် ထွက်သွားသော နေရာဖြစ်နေသည်။

"ဟင် ... အမေ, အဖေ"

မောင်မှတ်လေးသည် ကြောက်လည်းကြောက်၊ မိဘနှစ်ပါးအတွက်လည်း စိတ်ပူသွားခဲ့ရသည်။ ထို့ကြောင့် သစ်ပင်အောက်မှ ပြေးထွက်လိုက်သည်။ တောမီးလောင်သည့်ဘက်ဆီကို ပြေးသည်။





မိခင်၊ ဖခင်တို့ကို ရှာရန်ပင် အားကမရှိ၍ လမ်းမှာ အကြိမ်ကြိမ်လဲကျသည်။

လောင်ကျွမ်းနေသောတောမီးသည် ဘေးကိုပါ ပတ်ဝိုင်း…ာ ကူးစက်လာခဲ့သည်။

မောင်မှတ်လေးသည် တောမီး၏အလယ်ကို ရောက်နေခဲ့လေပြီ။ မီးအပူရှိန်က သူ့ကို ဟပ်လာခဲ့သည်။

"အမေ ... အမေ ..."

ထိုအခါ ကြောက်အားကြီးပြီးတော့ ငိုပါလေတော့သည်။ ဟိုကိုလည်း မပြေး၊ ဒီကိုလည်း မပြေးနှင့် တစ်ယောက်တည်း ရပ်လျက် မျက်စိသူငယ်၊ နားသူငယ်ဖြစ်နေမိရသည်။

သို့သော် တကယ်တမ်း အန္တရာယ်ကြုံတွေ့လာခဲ့သော အခါ သေဘေးကို ကြောက်ရွံ့လာသည်။ ထို့ကြောင့် မီးလွတ်မည် ထင်သည့်နေရာဆီကို စွတ်ရွတ်ပြီးတော့ ပြေးလေတော့သည်။

လေအားပင့်၍ လျှင်မြန်စွာ ကူးစက်လောင်ကျွမ်းသော တောမီးသည် မောင်မှတ်လေးကို ရှေ့မှ၊ နောက်မှ၊ ဘေးမှ ဝန်းရံကာ ဝါးမျိုရန် လိုက်လာခဲ့လေပြီ။

လူကလည်း သေး၊ အားကလည်း မရှိပြန်၍ အကြိမ်ကြိမ် အခါခါ လဲကျသည်။ သေဘေးကြောင့် မဖြစ်မနေ ကုန်းရုန်းပြီးတော့ ထရသည်။ ဆက်ပြေးသည်။ လဲသည်။ ကုန်းထသည်။ ပြေးရင်းက ငိုသည်။

www.burmeseclassic.com



မီးခိုးငွေ့တွေကလည်း မှုန်ထူလာခဲ့ပြီ။ ချောင်းတဟွတ်ဟွတ်ဆိုးသည်။ လမ်းလည်း မမြင်တော့၊ လမ်းလည်း မသိတော့။ နီးကပ်လျက်ရှိနေသော မီးအပူရှိန်ကြောင့် သူ့တစ်ကိုယ်လုံး လောင်မြိုက်ခြင်းကို ခံလာခဲ့ရလေပြီ။ ဤအတိုင်းသာဆိုလျှင် ဤလူမမယ်ကလေးလေးသည် မီးအဝါးခံရကာ မရှုမလှ သေဆုံးရပေတော့မည်။

"အမေ အမေ . . . အီး ဟီး ဟီး . . . ကြောက်တယ်၊ ကြောက်တယ်"

တစ်ယောက်တည်း နိုက်ိုးရှာမဲ့နေပြီဖြစ်သော မောင်မှတ်လေးသည် မိဘကိုတမ်းတကာ ငိုဖို့ရန်ကလွဲပြီး မည်သို့မျှ မတတ်နိုင်တော့ပေ။

နောက်ထပ်တစ်ကြိမ် လဲကျသွားပြီးတော့ ရုတ်တရက် မထနိုင်တော့။ လမ်းရှိ သစ်ပင်ကြီးငယ်၊ ချုံနွယ်ပိပါင်းတို့ကို ဟုပ်ခနဲ၊ ဟုပ်ခနဲဆို ဝါးမျိုလာခဲ့သော တောမီးသည် မောင်မှတ်လေးကိုလည်း ဝါးမျိုရန် လက်တစ်ကမ်းလောက်ပဲ လိုတော့သည်။

ထိုစဉ် . . .

သူ့ကို တစ်ဦးတစ်ယောက်က ကောက်ချီလိုက်သည်။ ဘယ်သူမှန်း မသိလိုက်။ ချက်ချင်းလိုလိုပင် နေရာမှ ပြေးထွက်လာခဲ့သည်။





ထိုသူပြေးပုံက ခြေထောက်နှင့်မြေကြီး မထိသလိုပင်။ လေထဲမှာပြေးနေသလို ထင်ရသည်။ အဝတ်လျှပ်ခတ်သံများကိုလည်း မကြားရ။ ထူးခြားသည်က ထိုသူ၏ခန္ဓာကိုယ်သည် နွေးထွေးလှပြီး၊ ပန်းနံ့မွှေးပျံ့နေသည်။

မောင်မှတ်ကတော့ ကြောက်အားကြီးကာ မျက်လုံးတွေကို မှိတ်ထားသည်။ သို့ဖြင့် တစ်နေရာကိုအရောက်တွင် ဆက်မပြေးတော့ဘဲ ရပ်တံ့သွားခဲ့သည်။

ထိုသူသည် မောင်မှတ်ကို အောက်သို့ချပေးလိုက်သည်။ မောင်မှတ်လေးသည် မိမိအား ကယ်တင်လာသူကို မရဲတရဲနှင့် မော့ကြည့်လိုက်သည်။

ထိုသူသည် အနီရောင်အင်္ကျီ၊ အနီရောင်ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။ ဦးထုပ်ဝိုင်းကလည်း အနီရောင်ဖြစ်သည်။ ခါးမှာလည်း ဖွတ်မြီးထိုးထားသော ကြိုးအနီရောင်ကို စည်းနှောင်ထား၏။ အမြိတ်နှစ်စကိုတော့ ချထားသည်။ ကြည်လင်ရွှင်းသန့်သော မျက်နှာပိုင်ရှင်။

"မင်းကြောက်နေသလား ကလေး၊ မကြောက်နဲ့ . . . သေဘေးက လွတ်လာခဲ့ပြီ"

လေသံကလည်း နူးညံ့ပြီး နားဝင်ချိုလှသည်။

"အမေနဲ့ အဖေတို့ကော ဦး . . . သူတို့ ဘယ်မှာလဲ"

မောင်မှတ်လေးက မိဘနှစ်ပါးကိုသာ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် လက်နှစ်ဆစ်ခန့်ထွက်နေသော မုတ်ဆိတ်မွေးတို နန့်နန့်ကို လက်နှင့်ပွတ်သပ်လိုက်ပြီး ...

"မင်းအဖေနဲ့အမေကို အကြာကြီး စောင့်နေရမယ် ဒါပေမဲ့ ဝမ်းမနည်းပါနဲ့ ... မင်းရဲ့အဖေနဲ့အမေကို တွေ့ချင်တာ က လွဲပြီး ဘာဖြစ်ချင်သလဲ ... ပြောပါ"

"သား သိပ်ပိန်တယ်၊ ထမင်းဝဝ စားချင်တယ်၊ လူ ကြီး ဖြစ်ချင်တယ်"

ထိုသူက ပြုံးမိလိုက်သည်။ ခေါင်းတစ်ချက်ညိတ်လိုက် ပြီး ...

"မင်းရဲ့ဆန္ဒ ပြည့်ဝစေရမယ်၊ ရော့ ... လောလော ဆယ် အဆာပြေ ဒါလေးကိုစားလိုက်"

ထိုသူ၏လက်ဝါးပြင်ပေါ်မှာ အငွေ့ထောင်းထောင်းထ နေသော ဆန်မုန့်တစ်ချပ်။ အနံ့ကလည်း မွှေးတေးတေးနှင့် စားချင်စရာ။ မောင်မှတ်လေးသည်လည်း ဆာလောင်နေသဖြင့် မုန့်ကိုယူကာ အငမ်းမရပင် စားလိုက်လေ၏။

သူသည် ဤမျှလောက် အရသာရှိသောမုန့်ကို တစ်ခါမှ မစားဖူးခဲ့။ အကြော်လေးတစ်ချပ်၊ ဘိန်းမုန့်လေး လက်သုံးလုံးစာ စားရသည့်အရသာကို ကောင်းလှပြီ ထင်နေမိခဲ့သည်။

ယခုတော့ ဤဆန်မုန့်နှင့်ပြုလုပ်သော မုန့်၏အရသာ သည် တစ်သက်မမေ့နိုင်စရာ ဖြစ်ခဲ့သည်။





စားသောက်ပြီးသောအခါ ဆာလောင်ခြင်းများ ပျောက် သွားသည့်အပြင် အားအင်တွေလည်း ပြည့်ဖြိုးလာသည်။ (နောင် နှစ်အတန်ကြာသည့်အထိ ဆာလောင်မွတ်သိပ်ခြင်းကို မခံစား ရတော့ပေ။ မည်မျှအထိ ထူးကဲသောအာဟာရဖြင့် စီမံကာပြု လုပ်ထားသော မုန့်ပါလဲဟု ငယ်စဉ်က အတွေးမပေါက်ခဲ့။ နောင် ကြီးပြင်းလာသောအခါကျမှသာ အံ့သြစွာ စဉ်းစားမိခဲ့သည်။)

"ကဲ ... မင်း ဒီအနားမှာပဲနေ၊ ဘယ်ကိုမှ မသွားနဲ့နော်၊ မင်းကိုအကူအညီပေးမယ့်သူ ရောက်လာလိမ့်မယ်"

မောင်မှတ်လေးသည် အနီရောင်အဝတ်အစားများနှင့် လူကို အားငယ်သောအကြည့်ဖြင့် ကြည့်လိုက်သည်။ ထိုအခါ ထိုသူသည် ထိုင်လိုက်ကာ ကလေး၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"သားရဲ့ဆန္ဒတွေ မကြာခင် ပြည့်လာခဲ့မှာပါကွာ၊ ထမင်းဝဝစားရမယ်၊ လူဝကြီး ဖြစ်လာလိမ့်မယ်၊ မင်းဖြစ်ချင် တာတွေ ဖြစ်လာလိမ့်မယ်၊ ငါလည်း အလုပ်ကိစ္စလေးရှိသေးလို့ သွားမဖြစ် သွားရမှာပါကွယ်၊ ယောက်ျားဆိုတာ အားမငယ်ရ ဘူး၊ သတ္တိရှိရတယ်၊ မကြောက်ရဘူး ... ပြန်ပြောစမ်း"

"သတ္တိရှိရမယ်၊ မကြောက်ရဘူး"

"အေး ... ဟုတ်ပြီ၊ ဒါဆို ငါသွားတော့မယ်၊ သား လည်း ဒီနေရာကနေ တစ်ဖဝါးမှမရွေ့နဲ့ ... ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ထို့နောက် ထိုသူသည် မောင်မှတ်လေး၏အနားမှ ထွက်သွားခဲ့လေ၏။ နောက်ဘက်ကို လုံးဝပင် လှည့်မကြည့်တော့

"သတ္တိရှိရတယ်၊ မကြောက်ရဘူး"

မောင်မှတ်လေးသည် အားငယ်စိတ်လေးတစ်ချက် ဝင်လာခဲ့သည်နှင့် ထိုစကားကိုသာလျှင် တွင်တွင်ရွတ်နေလေတော့သည်။

သူရပ်နေသောနေရာသည် ပုရွက်ဆိတ်အုံနှင့် နီးသည်။ ပုရွက်ဆိတ်များက တစ်ကောင်ပြီးတစ်ကောင် ထွက်လာကြကာ မောင်မှတ်လေး၏ခြေထောက်ကို ကိုက်ခဲကြလေတော့သည်။

သို့သော် "ဒီနေရာကနေ တစ်ဖဝါးမှ မရွှေ့နဲ့" ဟု မှာခဲ့သောစကားကြောင့် လှုပ်ပင်မလှုပ်ဘဲ ပေပြီးတော့ငြိမ်နေလေသည်။ ပုရွက်ဆိတ်တွေကတော့ သူ့ခြေထောက်ကို သဲကြီးမဲကြီးပင် ကိုက်ခဲထားကြသည်။

"ဟဲ့ ကလေး ...ဒီနေရာမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ၊ ကြည့်စမ်း ...သနားစရာဟယ်၊ နင့်မိဘတွေကရော ဘယ်မှာလဲ"

ထိုစဉ် အမှတ်မထင် အမျိုးသမီးကြီးတစ်ယောက်က အနားကိုရောက်လာသည်။ မောင်မှတ်လေးက ထိုမိန်းမကြီးကို မျက်လုံးပြူးပြီးတော့သာ ကြည့်နေသည်။ ပြန်မပြော။

---

ရွှေစကားစာပေ



"ကလေးက ပိန်လိုက်တာ ...သနားစရာကွယ်၊ ထမင်းလည်း ဝအောင်စားရပုံမရဘူး။ ငါခေါ်သွားမှပါလေ၊ မိဘတွေက မကျွေးနိုင်လို့ ဒီမှာလာပစ်ထားကြတယ် ထင်ပါရဲ့"

ထိုအမျိုးသမီးကြီးသည် မောင်မှတ်လေးကို ကရုဏာသက်သွားကာ ဆတ်ခနဲဆို ကောက်ချီကာ ခေါ်သွားခဲ့လေ၏။

✧

အမျိုးသမီးကြီးသည် မောင်မှတ်လေးကို အိမ်သို့ခေါ်သွားပြီး ရေမိုးချိုးစေကာ အဝတ်အစားဆင်ပေးသည်။

ငယ်စဉ်ကတည်းက ကိုယ်ပေါ်မှာ အဝတ်အစားမကပ်ဖူးခဲ့သော ကလေးသည် သူ့ကိုယ်သူကြည့်ကာ အထူးအဆန်းဖြစ်နေမိသည်။

ကလေးက ပိန်လှန်းအားကြီး၍ အရိုးပေါ်အရေတင် ဖြစ်နေသည်။ လင်မယားနှစ်ယောက်စလုံးက ကလေးကိုသနားပြီး ဝလင်အောင်ကျွေးမွေးသည်။

သူတို့သည် ကြွယ်တောင့်ကြွယ်ဝ မဟုတ်ကြသော်လည်း စီးပွားကတော့ အသင့်အတင့်ရှိသည်။ သားသမီးက မရှိ၊ မောင်မှတ်လေးကိုပင် သားအမှတ်ဖြင့် မွေးစားလာခဲ့ရာ ...အား၀၍

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်က ပိုပြီးတော့ သန့်လာသည်။ ခန္ဓာကိုယ်ကလည်း ဝဖီး လာသည်။

သို့သော် မောင်မှတ်လေးသည် မိဘနှစ်ပါးကို သတိရ နေမိသည်။ တောထဲတွင် သေဆုံးသွားခဲ့ပြီလားဟု ထင်နေမိ သည်။ သို့မဟုတ်လျှင် တောမီးလွတ်ရာကို ထွက်ပြေးကြပြီး နောင်မှ မိမိကို လိုက်ပြီးတော့ရှာကြလေမည်လား။

သူ့ကိုကယ်တင်ခဲ့သည့် အဝတ်နီနီနှင့်လူကြီး၏ စကား အရဆိုလျှင် ''အကြာကြီး စောင့်နေရမည်'' ဟူသောစကားက မည်သည့်အဓိပ္ပာယ်လဲ။

ကလေးပီပီ ထိုမျှအထိ မစဉ်းစားတတ်သော်လည်း မိဘနှစ်ပါးကိုတော့ အမှတ်ရနေသေးသည်။ စိတ်ထဲမှာလည်း မသေဟု ထင်နေသေးဆဲ။

သို့သော် တစ်ခါတစ်ရံမှာတော့ တောမီးထဲပါသွားပြီး သေဆုံးသွားခဲ့ပြီဟု ထင်ခဲ့သည်က မကြာခဏ။ ထို့ကြောင့် **တောမီးကြောင့်** ဟူသောအတွေးက ဝင်ဝင်လာတတ်သည်။ အမှိုက်ပုံမှာ မီးလောင်နေသည်ကိုမြင်လျှင်လည်း ငြိမ်းပစ်သည်။ မီးဖိုထဲမှ ထင်းမီးတောက်လောင်နေလျှင်လည်း ငြိမ်းပစ်သည်။

''ဩော် သားရယ် ... ထမင်းဟင်းကို မီးနဲ့ချက်မှ ကျက်တာ၊ ဒီလိုငြိမ်းသတ်လိုက်ရင် ချက်ပြုတ်လို့ ဘယ်ရတော့မှာ လဲ''

---



မိခင်က သားကို အပြစ်မယူဘဲ အကျိုးအကြောင်းရှင်း ပြသည်။ ထိုအခါ မောင်မှတ်လေးက ဘာမှမပြောဘဲ ရှောင်ထွက် သွားတတ်သည်။

မီးတိုင်မှ မီးလင်းနေသည်ကိုပင်လျှင် သူ မမြင်ချင်။ အဝေးကနေ လှမ်းပြီးတော့မှုတ်သည်။ ကြာတော့ အဆုပ် အား ကောင်းလာသည်။ တော်တော်ကွာဝေးနေရာက မီးတောက်ကို င် လှမ်းမှုတ်ပြီးတော့ငြိမ်းနိုင်သည်။

မောင်မှတ်လေးသည် မိဘအရင်းအပေါ်မှာ မျှော်လင့် ချက်မထားတော့။ စိတ်လျှော့လိုက်ပြီ ဖြစ်သည်။ မွေးစားမိဘအ ပေါ်မှာပင်လျှင် သံယောဇဉ်များလာခဲ့သည်။

✧

မွေးစားမိဘများကလည်း မောင်မှတ်လေးကို ချစ်ကြ သည်။ သားသမီးမရှိ၍ သားအရင်းလိုပင် သဘောထားသည်။ ကောင်းစွာကျွေးမွေးသောအခါ လူလည်း ဝလာခဲ့သည်။ အသား အရေလည်း စိုပြည်လာသည်။

ငါးနှစ်၊ ခြောက်နှစ်သားအရွယ်လောက်မှာပင်လျှင် နှုတ် ခပ်ပျောက်ကာ မျက်နှာကအစ ဖိုးဝရုပ်ပမာ ဖောင်းအစ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောင်းထားသော်လည်း သူက အခြားဘုန်းကြီးကျောင်းသားများထက် ပိုပြီးတော့ဝနေသောကြောင့် ဖြိုးဖြိုးလေး၊ ပုတ်ကြီး တု အပြောခံရသည်။ ရှက်သောကြောင့် ကျောင်းမနေတော့။

မွေးစားမိဘများကလည်း သားကို အိမ်မှာသာစာကို သင်ပေးသည်။ သေစာရှင်စာလောက်ကိုတော့ ဖတ်တတ်ခဲ့လေသည်။

မောင်မှတ်လေးကို အိမ်နီးချင်းများက ဝကြီး ဟုခေါ်ကြသည်။ မိဘ၏ခြံလုပ်ငန်းကို ဝိုင်းပြီးတော့ ကူညီသည်။ လူဝသလောက် အလုပ်လုပ်ရာမှာ လေးဖင့်ခြင်းမရှိ။ သွက်လက်သည်။

သို့သော် တစ်နေ့တခြား ဝသထက်ဝလာသည်နှင့်အညီ အစားလည်း ပိုပြီးတော့ ကြီးလာသည်။ သို့သော် မိဘများကတော့ မောင်မှတ်စားနိုင်သလောက်ကို ကျွေးသည်။ မငြိုငြင်။

မောင်မှတ်၏အကျင့်ဆိုးတစ်ခုက လမ်းသွားစဉ် မီးပုံကို တွေ့လျှင် ခပ်လှမ်းလှမ်းကပင် လေနှင့်မှုတ်ပြီး ငြိမ်းပစ်တတ်သည်။

"ဟာ ... ငါ အမှိုက်သရိုက်တွေကို မီးရှို့ထားတာ၊ ဒီလောက်ကြီးတဲ့မီးတောက်က ဘယ်လိုကြောင့် ငြိမ်းသွားခဲ့တာပါလိမ့်"

ကာယကံရှင်ကတော့ မီးငြိမ်းနေသောမီးပုံကို အံ့အား



သင့်နှင့်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

တစ်ရက်တွင် မောင်မှတ်လေးသည် အိပ်ပျော်နေစဉ်

"သားရေ သား ... လူလေး"

သူ့ကို တစ်ယောက်ယောက်က ခေါ်နေသည်။ လှည့်ကြည့်လိုက်သောအခါ တဲနှင့်မလှမ်းမကမ်းမှာ ရပ်နေကြသော ခင်နှင့်ဖခင်တို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။

"ဟင် ... အမေ အမေ"

သူ့နှလုံးသားထဲမှာ စွဲထင်နေဆဲဖြစ်နေသေးသော မိရင်းခရင်းတို့ကို ကောင်းစွာပင် မှတ်မိသွားသည်။ တဲပေါ်မှဆင်းမည်ပြုသောအခါ အိပ်မက်မှလန့်ပြီးတော့ နိုးသွားခဲ့လေသည်။

"ဟင် ... လက်စသတ်တော့ ငါ အိပ်မက်မက်နေတာပါလား"

ထိုအခါကျမှ အိပ်မက်မှန်း သိလိုက်ရသည်။ ချက်ချင်းမှာပင် မွေးစားမိဘတွေကို ပြန်ပြောပြသည်။

"သားက ဘယ်လိုထင်မြင်နေလို့လဲ"

"သူတို့ လောကကြီးထဲမှာ မရှိကြတော့ဘူးနဲ့ တူပါတယ် ... အလှူလုပ်ပြီး အမျှဝေချင်တယ်"

မောင်မှတ်လေး၏ဆန္ဒအရ သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကပ်ကာ အလှူဒါနပြုပေးလိုက်သည်။

✧



www.burmeseclassic.com

www.burmeseclassic.com



မောင်မှတ်လေးတို့မိသားစု ရွာထဲရှိအိမ်မှာ ရှိနေစဉ် . . .

"မီးတို့ မီး မီး . . . လာကြပါဦး ကယ်ကြပါဦး"

အမှတ်မထင် ထွက်ပေါ်လာသော အော်သံကြောင့် မောင်မှတ်လေးသည် အိမ်ပေါ်မှ ပြေးဆင်းသွားခဲ့သည်။

သုံးအိမ်ကျော်လောက်က အော်သံပင်။

နောက်ဖေးမီးဖိုချောင်ထဲမှာ မီးခိုးတလူလူ ထွက်လျက်ရှိသည့် မီးတောက်များက ထရံကိုစွဲလျက် ရှိနေလေပြီ။ ထိုအိမ်မှ အမျိုးသမီးကြီးသည် မီးကို ရေနှင့်မဖျန်းဘဲ ကြောက်အားကြီးကာ ကုန်းပြီးတော့အော်နေသည်။

မောင်မှတ်လေးသည် ထိုနေရာကို ရောက်သွားပြီး တောက်လောင်နေသော မီးကို . . .

'ဖူး'

ခနဲဆို မှုတ်လိုက်လေသည်။ မီးလည်း တစ်ခဏအတွင်းမှာ ငြိမ်းသွားလေတော့၏။

ထိုအခါ မောင်မှတ်လေး၏ အစွမ်းသတ္တိကို သိသွားခဲ့ကြလေသည်။

✧





"ကျုပ်ရဲ့မိဘတွေက ကျုပ်ကိုချစ်ကြပါရဲ့၊ ကျုပ်က အဲဒီလိုကြီး ဝလာခဲ့တဲ့အတွက် သူပြောငါပြောနဲ့ ပြောကြတာကို ကြာတော့ ရှက်လာကြတယ် ထင်ပါရဲ့၊ ပြီးတော့ အစားကလည်း ကြီးတော့ ဒဏ်မခံနိုင်ကြဘူး၊ သူတို့က ကျုပ်ကိုချစ်လို့သာ မပြောကြတာ၊ အဲဒီတော့ ကျုပ်လည်း တစ်ရက်မှာ ငါ့တာငါ့နဲ့ ငါယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချပြီးတော့ အိမ်က ထွက်လာခဲ့တာ ရောက်ရာပေါက်ရာပေါ့လေ . . .၊

ဟိုသွား,သည်လာနဲ့ အခု ဒီနေရာကိုရောက်လာခဲ့တာပဲ ကဲ . . . ကျုပ်ရဲ့အကြောင်းကိုတော့ ပြောပြီးပြီ၊ ဒီကမိတ်ဆွေရဲ့ ဇာတ်လမ်းလေးကိုလည်း ပြောပြပါဦးလား"

လူဝကြီးသည် သူ၏ဇာတ်လမ်းကို အဆုံးသတ်လိုက်လေသည်။ မိုးကြယ်၏အကြောင်းကိုလည်း သိချင်နေသည်။

"ခင်ဗျား ခရီးပန်းလာတယ် . . . တစ်ရေးအိပ်လိုက်ပါဦး၊ ကျုပ်အကြောင်းကို နောက်တော့ သိရမှာပေါ့ဗျာ"

မိုးကြယ်၏စကားကို မောင်မှတ်ကလည်း လက်ခံလိုက်လေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၃)

## မြသီလာရွာကမိုးကြယ်

မြသီလာရွာသား မိုးကြယ် ဆိုလျှင် မသိသူ မရှိ။ အနီးအနားရှိ ရွာများကပင် သိကြသည်။

လူကတော့ ခပ်ငယ်ငယ်။

သို့သော် အရပ်က ထောင်ထောင်မောင်းမောင်း။ ကျစ်လျစ်သန်မာသော ရင်အုပ်၊ ကြွက်သားတို့က သူ၏ခွန်အားဗလကို ဖော်ပြနေသည်။

ဖခင်ဖြစ်သူက ပန်းပဲဆရာကြီး ဦးမောင်းကျော်။ လယ်လုပ်ငန်းလည်း ရှိသည်။

မိုးကြယ်သည် လယ်အလုပ် တစ်ဖက်၊ ပန်းပဲအလုပ်





တစ်ဖက်နှင့် ဂျင်ခြေလည်လျက်ရှိသည်။ နဂိုက ကျန်းမာရေး ကောင်းသူဖြစ်သည့်အပြင် တူကိုင်၊ သံကိုင်နှင့် ပန်းပဲအလုပ်ကိုလည်း လုပ်နေရသောကြောင့် ခန္ဓာကိုယ်မှာ ပို၍ပြီးတော့ တောင့်တင်းကြံ့ခိုင်လာသည်။

သို့သော် ကျစ်လျစ်သန်မာသော ကြွက်သားများကြောင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံက သံချောင်းပမာ ရှိနေသည်။ ကြည့်ကောင်းသော ကိုယ်လုံးပမာဏ။ အင်္ကျီဝတ်ထားလျှင် သူလိုကိုယ်လို အနေအထားမျိုးပင်။ မသိသာ။

ထို့ကြောင့် မိုးကြယ်သန်စွမ်းသည်ကို တော်ရုံလူ မသိ။ မိုးကြယ်ကလည်း ဗလကိုအကြောင်းပြု၍ ဟန်ရေးပြခြင်း၊ အနိုင်အထက်ပြုခြင်း မရှိ။ မည်သည့်အတတ်ပညာမဆို တစ်ခုကောင်းမိုလာလည်း ကြောင်လက်သည်းပမာ ဝှက်ထားတတ်သည်။ ယောက်ျားပီပီ ကြည့်ကောင်းသောမျက်နှာ ရှိသည်။ လူချောစာရင်း မဝင်သော်လည်း လူတကာခင်မင်တတ်သော စန်းရှိသည်။

မိုးကြယ်သည် လူမမယ်အရွယ်ကပင်လျှင် မိခင်ကွယ်လွန်ခဲ့သည်ဖြစ်၍ ဖအုပ်ကာ ကြီးပြင်းခဲ့သူဖြစ်သည်။ အသောက်အစားမရှိ၊ လိမ္မာရေးခြားရှိသည်။ ရပ်ရေးရွာရေးကိစ္စများ ပေါ်လာခဲ့လျှင်လည်း မအားလပ်သည့်ကြားက ထိရောက်စွာ အကူအညီပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြသီလာရွာတွင် ငွေကြေးချမ်းသာကြွယ်ဝသူအချို့ ရှိကြသည်။ ထိုသူတို့အထဲတွင် ဒေါ်မြမို ဆိုသူသည် အချမ်းသာဆုံး အကြွယ်ဝဆုံး။ လင်ယောကျာ်း မရှိ၊ မုဆိုးမတစ်ဦး ဖြစ်သည်။

သမီးတစ်ယောက် ရှိသည်။

ကြွေရုပ်လေးလို လှပသောကြောင့် ခင်ခင်ကြွေ ဟု အမည်ပေးထားကြသည်။

ဒေါ်မြမိုသည် အစက ဤရွာသူမဟုတ်။ မြသီလာရွာကို ရောက်လာခဲ့စဉ် ကိုယ်ဝန်ပါလာခဲ့သည်။

ငွေကြေးတောင့်တင်းပြည့်စုံပုံရ၍ လယ်မြေ၊ ယာမြေများကို ဝယ်ယူကာ အချို့ သီးစားချသည်၊ အချို့လယ်များကို ကိုယ်တိုင်လုပ်သည်။ မရှိဆင်းရဲသားများကိုလည်း ကြည့်ရှုမစသည်။ သဘောကောင်းသော်လည်း စိတ်က ပြတ်သည်။ သူ့ကို စော်ကားခဲ့လျှင်၊ မတရားပြုမူလာလျှင် ခေါင်းငုံ့မခံ၊ တုံ့ပြန်တတ်သည်။

သာမက ရှိသည် ...။ ဒေါ်မြမို ဤရွာကိုရောက်လာစဉ်က ကိုယ်ဝန်ပါလာသည်။ ဤရွာတွင် ဆွေမရှိ၊ မျိုးမရှိမို့ မနေတတ်သောရွာသားများက ဝိုင်းပြီးတော့ ကူကြသည်။ အိမ် ဆောက်ပေးကြသည်။

ကူညီသော ရွာသူရွာသားများကိုလည်း ကျေးဇူးသိတတ်စွာဖြင့် ပြန်ပြီးတော့ပေးကမ်းသည်။





ရွာသူရွာသားများကလည်း ဒေါ်မြမို မီးဖွားသည်အထိ ထိရောက်သောအကူအညီကို ပေးကြသည်။

မွေးလာတော့ မိန်းကလေး။

ဒေါ်မြမို စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။ မည်သည့်အကြောင်းကြောင့်လဲတော့ မသိ။

ထိုအခါ ရွာသားထဲမှ အမျိုးသမီးတစ်ဦးက ...

''လင်ကောင်မပေါ်ဘဲ မွေးသောသမီး''

ဟု မဆီမဆိုင် ပြောင်ပြောင်တင်းတင်းပဲ ပြောချလိုက်သည်။ ဒေါ်မြမိုသည် ထိုကိစ္စအတွက် လက်ငင်းစာရင်းရှင်းမည် ဟုဆိုကာ ထိုအမျိုးသမီးကို ခေါ်တွေ့သည်။

''နင်က ငါ့ကို ဒီလိုစကားမျိုးပြောတာ အမှန်ပဲလား''

''အမှန်ပဲလေ၊ မဟုတ်တာပြောတာမှ မဟုတ်ဘဲ ... ဘာဖြစ်လဲ''

'ဖြန်း'

''နင် သူများကိစ္စနဲ့ပတ်သက်ပြီး ပြောချင်ရာကို ပြောဦး''

ထိုအမျိုးသမီးသည်လည်း လူပုံအလယ်တွင် ပါးရိုက်ခံလိုက်ရသည်။ သူကြီးအိမ်ကို ရောက်သည်။ အမှုဖြစ်သည်။

''နင် သူများကိစ္စကို အကြောင်းမသိဘဲပြောမိသလား''

''ဟုတ်ကဲ့ ... ပြောမိပါတယ်၊ မှားသွားပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကတော့ သူ့ကိုပါးရိုက်တာ အမှန်ပဲလား"

"အများရှေ့မှာရိုက်တာမို့ အမှန်ပါပဲ"

နှစ်ယောက်စလုံးပင် ဝန်ခံကြသည်။

"နင်က သူများအကြောင်း မဟုတ်မဟတ်ပြောတဲ့အတွက် တောင်းပန်၊ ခင်ဗျားက လက်ရောက်မှုအတွက် သူ့ကို ငွေငါးကျပ်လျော်စေ"

"ကျွန်မ အခုလိုပြောမိတဲ့အတွက် တောင်းပန်ပါတယ်"

"အေး ... နောက်ကို ဒီလိုမပြောနဲ့၊ ခုလိုတောင်းပန်တာ ငါကျေနပ်တယ်"

ဒေါ်မြမှိုသည် ငါးကျပ်အစား တစ်ဆယ်ကျပ်ပေးကာ ကျေအေးလိုက်လေသည်။ နောင်အခါ ဒေါ်မြမှိုနှင့် ထိုအမျိုးသမီးသည် တစ်ယောက်အကြောင်းတစ်ယောက်သိကာ လွန်စွာပင် ခင်မင်ရင်းနှီးသွားခဲ့ကြလေ၏။

ဒေါ်မြမှိုသည် နဂိုကတည်းက ချမ်းသာကြွယ်ဝသူဖြစ်သည်ကို သိရှိသွားခဲ့ကြသည်။ သို့သော် ရပ်ရေးရွာရေးကိစ္စ လူမှုရေး တစ်ဦးချင်းကိစ္စများကိုလည်း တတ်နိုင်က ဂရုစိုက်ကာ ကူညီသည်။ အလှူအတန်းဆိုလည်း ဝန်မလေး၊ လူတန်းစားမရွေး ဆက်ဆံတတ်သောကြောင့် ခင်မင်ကြသည်။

သို့သော် ဒေါ်မြမှို၏ မျက်နှာထား၊ ဟန်ပန်အမူအရာတို့ကား ထက်မြက်သောကြောင့် ရှိန်ကြသည်။





အဆင့်မြင့်သော အမျိုးအတန်းအစားမှဖြစ်ကြောင်း ခန့်မှန်းမိကြလေသည်။

✧

ခင်ခင်ကြွေလေးသည် အပျိုဖော်ဝင်ပြီးနောက် တစ်နေ့ခြား ပိုပြီးတော့ လှလာသည်။ အစွမ်းကုန် ဖူးပွင့်လာတော့သည့် အနောဇာပန်းကလေး ဖူးငုံနေသည့်ပမာ။

အလှသွေး စုန်းသစ်စအချိန်မှာ ကာလသားများသာမက ကာလသမီးပျိုများကပင် အာရုံစိုက်လာခဲ့ကြသည်။ ခင်ခင်ကြွေ၏ အလှဂုဏ်သတင်းသည် မွှေးပျံ့လျက်ရှိသည်။ ပိုးပန်းလိုသူတွေ ကလည်း ဟန်ရေးတပြင်ပြင်နှင့်။

"မအေကလည်း ချောတော့ သမီးလည်း ချောပေမပေါ့။ ဒီမိန်းကလေးတစ်ယောက်ရှိတာ ရွာလည်း ကျက်သရေရှိတယ်၊ ဂုဏ်လည်း ရှိတယ်၊ ဒါပေမဲ့ ဒေါ်မြမှိုရဲ့စိတ်က ထက်တယ်၊ အမှတ်သညာ ကြီးတယ်၊ ကာလသားတွေကို သတိပေးချင်တယ် ... ဒီမိန်းကလေးကို ပိုးပန်းရင် သတိထားကြ၊ အနှောင့်အယှက်ပေးတာမျိုး မဖြစ်စေနဲ့"

ရွာမှအချို့က ရွာသားများကို သတိပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမှီကလည်း မိမိ၏သမီးလေးကို ထိန်းထိန်းသိမ်းသိမ်း ထားသည်။ ဆိုဆုံးမသည်။ လူမှုဆက်ဆံရေးအပိုင်းကိုတော့ ပိတ်ပင်တားမြစ်ခြင်း မရှိ။ လိုက်လျောညီထွေ ဆက်ဆံစေသည်။

သို့သော် စကားတစ်ခွန်းဆိုခဲ့သည်။

"သမီးလည်း တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာဦးမှာပဲ၊ ကိုယ့်နှလုံးသားက ဒီအတိုင်းနေမှာ မဟုတ်ဘူး။ ချစ်မယ့်သူကို ရှာဖွေတဲ့အခါ နှလုံးသားကမဆုံးဖြတ်ဘဲ ဦးနှောက်ကို အသုံးပြုပါ၊ ယောကျ်ားတွေဟာ မိန်းကလေးတစ်ယောက်ကို မယူခင်မှာတော့ ဖျာလိုလိပ်ပြီး ခေါင်းမှာတင်တတ်တယ်၊ အဲ ... ယူပြီးရင်တော့ ဖျာလိုခင်းပြီး နင်းချေတတ်တယ်"

"အို အမေရယ် ... သမီးက ဒီလိုကိစ္စမျိုးတွေ ဘယ်တော့ မှ စဉ်းစားမှာမဟုတ်ပါဘူး။ ဒီအတိုင်း အမေနဲ့ပဲ တစ်သက်လုံး အတူနေသွားမှာ"

"ထမင်းကိုသာ ကုန်အောင်စား သမီး ... စကားကို ကုန်အောင်မပြောနဲ့၊ အကြိုက်မတွေ့သေးမီမှာတော့ ဒီလိုပဲ ပြောတတ်ကြတာပဲ၊ လွယ်လွယ်နဲ့ ကတိပေးတတ်တဲ့သူက ပိုပြီးတော့ ဆိုးတယ်"

ခင်ခင်ကြွေသည် မိခင်၏အတွင်းမနောကို တဖြည်းဖြည်း ရိပ်စားမိလာသည်။ ယောကျ်ားသားများနှင့်ပတ်သက်လာ





လျှင် သံသယစကားမျိုး အမြဲပြောတတ်သည်။ သူများတွေ ဘီဘာကိုယ်စီနှင့်။ မိမိက အဖချို့တဲ့ပြီးတော့ မွေးဖွားလာသည်။ မေးချင်သည်။ ဖခင်နှင့်ပတ်သက်၍ ဘယ်မှာလဲ၊ ဘယ်ရောက်နေသလဲ၊ ရှိသေးလား။ သေဆုံးခဲ့ပြီလား ဟူ၍။

သို့သော် မိခင်အပေါ် အလိုလိုရှိန်နေကာ ထိုကိစ္စနှင့် ပတ်သက်ပြီး မမေးရဲခဲ့။

သူမကို စိတ်ဝင်စားနေကြသူများ၊ မကြားတကြား ချစ်ရေးဆိုတတ်သောသူများ ရှိနေကြသော်လည်း မသိချင်ယောင်ဆောင်နေတတ်သည်။ နင်ပဲငဆ ပြန်မပြောတတ်။

အနေအထိုင်တတ်သော ခင်ခင်ကြွေသည် ချစ်ခင်သူဆိုများသည်။ သို့သော် အထိန်းမတတ် စိမ်းဆတ်ဆတ် နှလုံးသားလေးကတော့ မည်သူ့ကိုမှ စိတ်မဝင်စားသော်လည်း တစ်ယောက်သောသူကိုတော့ မျက်စိကျမိလေသည်။

သူကတော့ မိုးကြွယ် ... ပင်။

ခင်မင်ချင်သည်လား၊ နှစ်သက်မိသည်ပဲလား ခွဲခြား၍ မရ။ နှစ်ခုစလုံးလည်း ဖြစ်နိုင်သည်။ မိုးကြွယ်သည် ခင်ခင်ကြွေလိုမိန်းကလေးကို စိတ်ပင်မကူးဝံ့ချေ။ အသွားအလာ လမ်းဆုံမိပြီး မျက်မှန်းတန်းမိရုံသာ ရှိသည်။

"သြော် ... တော်တော်လှတဲ့ မိန်းကလေးပဲ"

ရွာ၏ ကွမ်းတောင်ကိုင်ဖြစ်လာသော ခင်ခင်ကြွေသည်



www.burmeseclassic.com

11)
www.burmeseclassic.com



အလှူပွဲများမှာလည်း ဝင်ရောက်ကူညီတတ်သည်။ သူမသည် မိုးကြယ်နှင့်တွေ့ရတိုင်း ရင်ခုန်မိရသည်။ ချစ်လိပ်ပြာတောင်ပံခတ်ကာ နှလုံးသားကို လှုပ်နှိုးနေသည့်နှယ်။

မိုးကြယ်နှင့် အမှတ်တမဲ့ မျက်လုံးချင်းဆုံမိလိုက်တိုင်းမှာ သူမက မလုံမလဲနှင့် မျက်လွှာချသွားတတ်သည်။

"ငါ ဒီလူကိုမြင်လိုက်ရင် ဘယ်လိုဖြစ်ဖြစ်သွားပါလိမ့်"

ခင်ခင်ကြွေသည် မိမိကိုယ်ကိုယ်ပင် ပြန်ပြီးတော့ အံ့အားသင့်မိရသည်။ ပြီးတော့ ကျေနပ်နေမိသည်။

"မိုးကြယ် ... ခင်ခင်ကြွေလေးက မင်းကို စိတ်ဝင်စားနေတယ်၊ ခဏ ခဏ နိုးပြီးတော့ကြည့်တယ်၊ ဒီမိန်းကလေး ဘယ်သူ့ကိုမှ စိတ်ဝင်စားတာ မဟုတ်ဘူး ... မင်းတော့ စန်းထလာပြီလို့ ဆိုရမယ်"

"ဟေ့ကောင် မောင်လုံး ... စကားကို ဆင်ဆင်ခြင်ခြင် ပြော၊ တော်ကြာ သူကြီးအိမ်ကို ရောက်သွားပါဦးမယ်၊ အသံကြောင့် ဟားသေသတဲ့၊ သူ့အမေကြီးကြားသွားရင် မင်းရော၊ ငါရော ချောက်ကျနေပါဦးမယ်ကွ၊ သူ့ဘာသာသူ မတော်တဆ မျက်လုံးချင်းဆုံမိတာကိုကွာ ... အကြောင်းမရှိ အကြောင်းရှာ ချဲ့ကားပြောမနေစမ်းပါနဲ့"

"ငါက တမင်လုပ်ကြံပြီးတော့ ပြောနေတာ မဟုတ်ပါဘူးကွ၊ ဒီတစ်ကြိမ်တည်း မဟုတ်ဘူး ... ဒီတစ်နေရာတည်းမှာ





မဟုတ်ဘူး၊ သူ့မျက်လုံးတွေက မင်းအပေါ်မှာပဲ တဝဲလည်လည်ဖြစ်နေတာ ငါ အကဲခတ်မိတယ်"

"တော်ပါတော့ လုံးရယ် ... မင်းမှာလည်း ပြောလေ တလေ, မန်းလေ ပြလေပါပဲလား၊ ဒီလိုစကားမျိုး နောက်ထပ်မပြောနဲ့တော့ကွာ ... ငါ အေးအေးနေပါရစေ"

"အေး အေးပါကွာ ... ငါ မပြောတော့ပါဘူး"

လုံးက အာမခံလိုက်ပေမယ့် သူ့အတွေးထဲမှာတော့ သံသယမှုတစ်ခုက ရှိနေသည်။

ခင်ခင်ကြွေက မိုးကြယ်ကို ...

✧

မြသီလာရွာတွင် ငွေကြေးကြွယ်ဝချမ်းသာသူများအနက် ဒေါ်မြမိသည် အချမ်းသာဆုံးဖြစ်သည်။ ထို့ကြောင့် အလုပ်လုပ်စားကြသဲ့ ခိုးဆိုးတိုက်ခိုက်စားချင်ကြသောသူများက ကြံစည်နေကြသည်။

ထိုနယ်တွင် မြေခွေးငတော သည် နာမည်ကြီးဖြစ်သည်။ သူသည် တပည့်တပန်းအချို့နှင့်အတူ လူချမ်းသာများ၏အိမ်ကိုမှ ဝင်ပြီးတော့ ဓားပြတိုက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မြေခွေးအဲ့ကို ရထားသည်ကား တားပြတိုက်စဉ် မထင်လျှင် မထင်သလို ဖျိုဖျို၊ အိုအို မရှောင် . . . မဆင်မခြင် ကာမေသုအမှုကို ကျူးလွန်တတ်သောသူ ဖြစ်သည်။

တားတခံခေါ်သွားသောသူများကိုလည်း ပြန်ပေးငွေရ လည်း ဖမ်းဆီးထားရာက မလွှတ်၊ သတ်ဖြတ်ပစ်တတ်သည်။

"ဟော့ . . . မြသီလာရွာက ဒေါ်မြမှိုဟာ ရွာမှာ အချမ်း သာဆုံးတဲ့၊ သူ့သမီးလေး ခင်ခင်ကြွေဆိုတာကလည်း တော် တော်ချောလှတယ်ဆိုပဲ၊ ငါတို့ သူ့အိမ်ကို ဝင်စီးကြမယ်"

မြေခွေးငတော၏အကြံအစည်ကို မည်သူမှ မကန့်ကွက် ကြ။ ကန့်ကွက်လို့လည်း ရမှာမဟုတ်။ ငတောပြောသည့် နှုတ် စကားသည် အတည်ဖြစ်သည်။ သူ့လူတစ်ယောက်ကို တိတ်တ ဆိတ်စေလွှတ်ကာ စုံစမ်းသည်။ အခြေအနေအရပ်ရပ်ကို သုံး သပ်ပြီးမှ ရွာကိုစီးရန် ရက်ကိုသတ်မှတ်လိုက်လေသည်။

✧

ခုံးမျက်စ သုံးရက်လကလေးသည် မိုးယံထက်မှာ နုံနုံ့ သောအလင်းရောင်ကို ပေးပျော်ရှိသည်။ ကြယ်ရောင်တွေက သာ မိုးအောက်မြေပြင်ကို ဖြန့်ကြက်ထား၏။



လူတစ်စုသည် မြသီလာရွာနားကို တဖြည်းဖြည်းနှင့် ချဉ်းကပ်လာနေကြသည်။ မြေခွေးငတောဦးဆောင်သော တားပြ အဖွဲ့သည် ရွာစည်းရိုးကို ကပ်မိကြသည်။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

ရွာပြင်မှ ခွေးတစ်ကောင်က ဆီးပြီးတော့ ဟောင်သည်။

'ကိန်'

တစ်ယောက်က ကျောက်ခဲတစ်လုံးဖြင့် ပစ်ပေါက်ထည့် လိုက်သည်။ ခွေး၏ခေါင်းကို ထိမှန်သည်။ တစ်ချက်သာ အော် နိုင်သည်။ လဲကျသွားပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေ၏။

သူတို့သည် အချိန်တစ်ခဏအတွင်းမှာပင် ရွာထဲကို ရောက်လာခဲ့ကြ သည်။ သစ်ပင်ကြီးများ ပေါများသောကြောင့် အမှောင်ရိပ်က ကျနေသည်။ ပတ်ဝန်းကျင်ကိုလည်း မျက်ခြည် မပြတ် လေ့လာရင်း မှတ်သားထားသည့်အတိုင်း အတွင်းလူလမ်း ပြ၏ ဦးဆောင်မှုဖြင့် ဒေါ်မြမှို၏ခြံနားသို့ ကပ်လာခဲ့ကြသည်။

သူတို့လုပ်နေကျအတိုင်း စည်းရိုးကိုဖျက်ကာ ခြံထဲကို ရောက်ရန်ကိစ္စက မခဲယဉ်းတော့ပေ။ လှေကားမှတစ်ဆင့် အိမ် ပေါ်သို့ မြေခွေးငတောက ဦးဆောင်ပြီးတော့ တက်လာကြသည်။ နှစ်ယောက်ကို ခြံထဲမှာ အစောင့်အဖြစ်ထားခဲ့၏။

သူတို့ အခက်အခဲရှိသွားကြသည်ကား အိမ်တံခါးကို ခိုင်ခံ့စွာ ပြုလုပ်ထားသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



အသံလည်း မပေးချင်။ ထို့ကြောင့် အိမ်နံ့ရံမှကုပ်ကပ်ပြီး ဘေးတိုက်သွား၍ ပြတင်းတံခါးကို ရိုက်ချိုးကာ ဖျက်ဆီးပစ်လိုက်သည်။

'ဖြောင်း'

'ဖြောင်း'

''ဟင် ... ဘာလဲ ဘာလဲ''

ဒေါ်မြမို လန့်ပြီးတော့ နိုးသွားသည်။ အိပ်ရာမှ လူးလဲပြီးတော့ ထလိုက်သည်။ ထိုအခါ လူတစ်ယောက်က ပြတင်းပေါက်မှတစ်ဆင့် လှစ်ခနဲဆို ဝင်လာသည်။ ဒေါ်မြမို၏ကိုယ်ပေါ်ကို ပစ်ကျကာ ခွစီးထားသည်။

''အင့်''

ဒေါ်မြမိုသည် လေးပင်သောခန္ဓာကိုယ်ကြီး၏ ဖိစီးထားခြင်းခံရသောကြောင့် မချိမဆံ့ပင် ဖြစ်သွားခဲ့ရသည်။

မြေခွေးငတောသည် အမှတ်မထင်ကိစ္စ ဖြစ်သွားခဲ့သော်လည်း အထိအတွေ့မှာ တိမ်းမူးသွားခဲ့ရသည်။ လာရင်းကိစ္စကိုပင် တဒင်္ဂတ မေ့လျော့သွားခဲ့ရလေသည်။

✧ ✧ ✧



(၄)

## လက်သီးပုန်း

ဒေါ်မြမိုသည် လွန့်လူးလျက်ရှိကာ အမှတ်တမဲ့မို့ ကြောင်သွားမိသည်။ နောက်တော့မှ သတိရသွားကာ အလန့်တကြားနှင့် အော်မိလိုက်သည်။

''ဟောဒီမှာ လူဖျို့ လူ လူ ... လာကြပါဦးတော့''

ထိုအခါ ငတောသည် ဒေါ်မြမို၏ပါးစပ်ကို လက်ဝါးနှင့်ပိတ်ထားလိုက်သည်။

''ထပ်အော်ကြည့်စမ်း ... သေသွားမယ်''

ဓားမြှောင်ဖြင့် လည်ပင်းကိုထောက်ထားသောကြောင့် ဒေါ်မြမို ကြောက်သွားသည်။ အမှောင်ထဲမှာ ထိုသူ၏မျက်နှာက

www.burmeseclassic.com

www.burmeseclassic.com



မသဲကွဲ။ ဓားပြလား။ ကာမဘီလူးလား။ သမီး ခင်ခင်ကြ
အတွက်လည်းစိုးရိမ်သွားမိသည်။

ထိုစဉ် တစ်ယောက်က ယင်းပြတင်းပေါက်မှပင် ဝင်လာ
သည်။ အိမ်ရှေ့တံခါးကိုလည်း ဖွင့်လိုက်ကြသည်။

ခင်ခင်ကြွေသည် မိခင်၏ အော်သံကြောင့် လန့်နိုးသွာ
စဉ်မှာ ဓားပြတစ်ယောက်က အခန်းထဲကိုဝင်လာပြီး သူမ
အိပ်ရာထက်မှ ဆောင့်ဆွဲပြီးတော့ ခေါ်သွားသည်။

"လာခဲ့"

"အို"

မြေခွေးငတောသည်လည်း ဒေါ်မြမိုကို အခန်းထဲမှ ဆွဲ
ထုတ်လာသည်။ တစ်ယောက်က ပြောင်ပြောင်တင်းတင်းယ
မီးခြစ်ဘူးထဲက မီးခြစ်ဆံကိုထုတ်ကာ မီးခြစ်လိုက်သည်။ မီ
တိုင်ခွက်ကိုရှာကာ ထွန်းလိုက်၏။

မြေခွေးငတောသည် ခင်ခင်ကြွေကိုလည်း မြင်တွေ့သွာ
ခဲ့သည်။ အိပ်ရာထဲက ဆွဲခေါ်လာခြင်းခံရသဖြင့် ကပိုကရိုဖြ
နေသော အဝတ်အစားများကြောင့် ငတော၏မျက်လုံးတွေက
ဝိုင်းစက်သွားခဲ့ကြရသည်။ ဤအိမ်မှပြန်အထွက်တွင် သားအမိ
နှစ်ယောက်စလုံးကို ခေါ်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ဒေါ်မြမိုသည်လည်း အရှယ်ကောင်းနေဆဲမို့ ငတော
၏လောဘမသတ်နိုင်ဘဲ ဖြစ်သွားခဲ့ရသည်။





"ကဲ ... ရှိသမျှ ပစ္စည်းတွေရော, ငွေတွေရော အားလုံး
ထုတ်ပေးစမ်း။ အချိန်ဖြုန်းနေမယ်ဆိုရင် နှစ်ယောက်စလုံးကို
ဒီမှာ သတ်ပစ်ခဲ့မယ်"

"ကျွန်မတို့မှာ ရှင်တို့ထင်သလို ဒါလောက်မချမ်းသာ
ပါဘူး။ ရှိတာလေးတော့ ပေးပါ့မယ်"

"ဘာရှိတာလေးလဲ ... ဝှက်ထားတဲ့ပစ္စည်းတွေအားလုံး
ထုတ်စမ်းပါ၊ ဘယ်နေရာမှာရှိသလဲ ပြော"

"ပြော ... ပြောပါ့မယ်"

✧

ယင်းအချိန်တွင် မိုးကြယ်သည် ရွာထဲရှိ နာရေးကိစ္စဖြစ်
သောအိမ်မှ ပြန်အလာ ဒေါ်မြမို၏အိမ်ဘက်သို့အရောက် ...

"ဟောဒီမှာ လူဗျို့ လူ လူ ... လာကြပါဦးတော့"

ထိုသို့အော်လိုက်သံကို အမှတ်မထင် ကြားလိုက်ရသည်။

"ဟာ ... ဒီအိမ်ထဲကို သူခိုးဝင်ပြီထင်တယ်"

မိုးကြယ်သည် စည်းရိုးနားကို ပြေးကပ်လိုက်သည်။ ခြံ
တံခါးလည်း ဟနေသည်။ ခြေဖျားထောက်ပြီး အထဲကို လှမ်း
ကြည့်လိုက်ရာ ဓားကိုယ်စီနှင့်လူနှစ်ယောက်ကို တွေ့လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ယိတ်ခနဲဖြစ်သွား၏။

"သူ့နိုးတော့ မဟုတ်လောက်တော့ဘူး။ ခေါ်ပြတွေပဲ ဖြစ်ရမယ်"

မိုးကြယ် အကျပ်ရိုက်သွားသည်။ မည်သို့ကူညီရမှန်း မသိ။ ရွာလူကြီးကို အကြောင်းကြားလျှင်လည်း ဓားပြများ ကိစ္စ ပြီးစီး၍ ထွက်သွားမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ချက်ချင်း မှာပင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရလေ၏။

အစောင့်အဖြစ်ချထားသော ဓားပြနှစ်ယောက်သည် ခြံ ထဲ ရိပ်ခနဲဆိုဝင်လာသော သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်စဉ်

'ခွပ်'

"အား"

'ဖြောင်း'

"အား"

လက်သီး၊ လက်ပြန်၊ တံတောင်တွေက ဆက်တိုက်ဆို သလို ဝင်သွားခဲ့သည်။ တူကိုင်၊ သံကိုင်သောလက်မို့ တိုက်ခိုက် မှုက ပြင်းသည်။ ဓားပြနှစ်ယောက်သည် မျက်ဖြူဆိုက်ကာ ပုံ လျက်သား လဲကျသွားခဲ့ကြသည်။ သူတို့ကိုယ်သူတို့ ဘာဖြစ်လို့ ဖြစ်သွားမှန်းပင် မသိလိုက်ကြ။

✧



မြေခွေးငတောနှင့် ဒေါ်မြမိုတို့၏ အခြေအနေသည်ကား

"ကဲပါ ... ပစ္စည်းတွေ ဘယ်မှာထားသလဲ ပြော ... ကြာတယ်"

မြေခွေးငတောသည် ပစ္စည်းများကို ရယူပြီး မြန်မြန်ပြန် ထွက်ချင်လှပြီ။ သူတို့သားအမိကိုလည်း ခေါ်သွားချင်လှပြီ။ သူ့စိတ်များက သောင်းကျန်းလျက်ရှိသည်။

"အမေ ပြောလိုက်လေ"

ခင်ခင်ကြွသည် တွေဝေနေသောမိခင်ကို လှမ်းပြီးတော့ သတိပေးလိုက်သည်။ ထိုစဉ် လူတစ်ယောက်က တံခါးမကြီး ဆီမှ ပြေးဝင်လာခဲ့သည်။ အခန်းထဲမှာ မြေခွေးငတောနှင့် ဓားပြ နှစ်ယောက်။ မိုးကြယ်သည် သူတို့ရပ်နေသော အနေအထားကို သေချာစွာမှတ်ထားလိုက်ပြီး ခုန်ဝင်သွားသည်။

'ဖြောင်း'

'ခွပ်'

"အား"

"အား"

သုံးယောက်စလုံးကို တစ်ပြိုင်တည်း တိုက်ခိုက်လိုက်ခြင်း ပင်။ သူ လက်နှေးလို့မဖြစ်။ ကိုယ်က အရင်တိုက်ခိုက်နိုင်မှ

www.burmeseclassic.com

www.burmeseclassic.com

(14)



ဖြစ်မည်။ အရမ်းကာရော ဝင်သွားခဲ့ခြင်း မဟုတ်။ အခြေအနေကို လေ့လာသုံးသပ်ပြီးမှ ကိုယ်လုံပညာဖြင့် စနစ်တကျဝင်ရောက် တိုက်ခိုက်ခြင်းပင်ဖြစ်သည်။

လူသုံးလေးယောက်ကို တစ်ပြိုင်တည်း အပိုင်ဝင်ရောက် တိုက်ခိုက်ဖို့ရန် မလွယ်ကူပါ။

(သို့သော် ကိုယ်လုံပညာကို ကျွမ်းကျင်စွာတတ်မြောက်ထားသူသည် ထိုကိစ္စကို ထိရောက်စွာ စွမ်းဆောင်နိုင်သည်။ ကိုယ်လုံပညာသည် အားလုံးအတွက် အရေးပါသည်။)

မြေခွေးငတောအပါအဝင် သုံးယောက်စလုံးသည် ချက်ကောင်းကို မိသွားခဲ့ကြသည်။ အားလုံး အရုပ်ကြိုးပြတ်ဖြစ်သွားခဲ့ကြရသည်။ မေ့ကြောကို ထိသွားခဲ့ကြသည်ဖြစ်၍ သတိလစ်ကာ လဲကျသွားခဲ့ကြသည်။

မြေခွေးငတောသည် ချက်ချင်း မေ့မသွား။ ညည်းညူကာ နေရာမှ လူးလဲပြီးတော့ထရန် ကြိုးသည်။ မိုးကြယ်၏တိုက်ကွက်က အချိန်အဆ နည်းနည်းလိုသွားသည်။

ကျန်စားပြနှစ်ယောက်ကတော့ သစ်တုံးကြီးများကို ပစ်ချလိုက်သလိုပင် အသေကောင်များပမာ မလှုပ်မယှက်နှင့်။

မြေခွေးငတောသည် စိတ်ဆောင်နေ၍ နေရာမှ လူးလဲကာထရန် ကြိုးသည်။ သို့သော် မိုးကြယ်သည် ငတော လေးဖက်ထောက်ကာ ကုန်းထလာခဲ့သည်နှင့် ...



'ဖြောင်း'

''အား''

မေးအောက်ကပင့်ကာ ခြေဖျားဖြင့်ခတ်တင်လိုက်၍ ာ ကိုယ်တစ်ပတ်လည်ထွက်သွားသည်။ ထို့နောက် မှောက် ာ် မလှုပ်မယှက်။

ဒေါ်မြမှီနှင့် ခင်ခင်ကြွေတို့သည် အဖြစ်အပျက်က မြန် သွန်းသောကြောင့် အံ့အားတသင့် ဖြစ်သွားခဲ့ကြသည်။ အ နေကို မယုံနိုင်အောင်ပင်။ မိုးကြယ်က အမှတ်မထင် ာ်လာပြီး သူတို့ကို ကယ်တင်လိုက်သည် မဟုတ်ပါလား။

''ကိုမိုးကြယ် ... တော် တော်ပါသေးရဲ့ ... ဒီကို ယ်လိုရောက်လာတာလဲဟင်''

''နာရေးကိစ္စဖြစ်တဲ့အိမ်က ပြန်လာရင်း အသံကြားလို့ ာတာ၊ ဒါ အသာထားဦး ... ကြိုးရှိသလား၊ ဒီလူတွေကို ြးနဲ့တုပ်ထားရမယ်''

''သြော် ... ရှိ ရှိတယ် မောင်မိုးကြယ်''

ဒေါ်မြမှီသည် မှင်တက်မိနေရာက သတိရသွားခဲ့ပြီး ဆံကြိုးခွေကို လက်ညှိုးထိုးပြလိုက်သည်။ တုံးလုံးပက်လက် နေသော လူဆိုးတွေ၏အနား မသွားရဲ။

မိုးကြယ်က ကြိုးကိုယူပြီး ဓားပြသုံးယောက်ကို တစ် ပင်းတည်း တုပ်နှောင်လိုက်သည်။ ထို့နောက် ပိုသော ကြိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဓားနှင့်ဖြတ်ကာ အိမ်အောက်ကိုဆင်းသွားသည်။ ဓားပြနှ… ယောက်က မေ့ကောင်းတုန်း။ သူတို့ကိုလည်း ကြိုးနှင့်တုပ်နှော… လိုက်သည်။ ထိုစဉ်မှာပင် ရွာလူကြီးနှင့် ရွာသားများက ရောက်… လာခဲ့ကြလေသည်။

✧

နာမည်ကြီးဓားပြမြေခွေးငတောနှင့်အဖွဲ့ကို လက်ရဖမ်း… ပေးခဲ့သည့် မိုးကြယ်ကို တစ်ရွာလုံးက လက်ဖျားခါသွားခဲ့ကြ… ရသည်။

"မိုးကြယ်ကတော့ကွာ ရွာမှာ စကားနည်း၊ လူအေး… တစ်ယောက်၊ လူကြည့်တော့ ဘာမှမဟုတ်သလိုနဲ့ တစ်ယောက်… တည်းနဲ့ ဓားပြတစ်ဖွဲ့လုံးကို လက်ရဖမ်းပေးခဲ့တာ အာဂမောင်… ပဲကွ"

"ဟုတ်တယ်…သူက လက်သီးပုန်း။ သူ့ကိုထိတာ… မီးပွင့်သွားမယ်ဆိုတဲ့ လူစား။ ခုမှပဲ ဒီကောင့်အကြောင်း ကောင်… ကောင်းသိရတော့တယ်"

"အေးဗျာ…လူကြည့်တော့ မှုန်တေတေနဲ့ တကယ့်… အရေးကိစ္စမှာ လက်ရုံးရည်ကလည်း ရှိသား။ အားကိုးရတာပဲ"





မိုးကြယ်အကြောင်းက ပြောမဆုံးပေါင် တောသုံးတောင် …သွားခဲ့ကြရလေသည်။သို့သော် မိုးကြယ်သည် သူ့အပေါ် …ချီးကျူးမှုကို လက်မခံ။ မလိုလား။ ကျော်စောထင်ရှားမှုကို …ချင်သူမဟုတ်။

"ဒီကိစ္စမှာ ကျွန်တော်တစ်ခုပြောချင်ပါတယ်"

"ပြောပါ မိုးကြယ်…မင်းက ဘယ်လိုဆန္ဒရှိသလဲ"

"ဓားပြမြေခွေးငတောနဲ့ သူ့အဖွဲ့ကို ရွာသားတွေအား…က ဝိုင်းပြီးဖမ်းဆီးပေးကြတယ်လို့ပဲ ပြောပါ။ အထက် သက်…ဆိုင်ရာတွေကို အစီရင်ခံတဲ့အခါမှာ ဒီအတိုင်းပဲ အစီရင်ခံပေးပါ"

"မိုးကြယ်…ဒါ ဒါကတော့"

"သူကြီး…ကျေးဇူးပြုပြီးတော့ ကျွန်တော်ပြောသလို …ဘာ ဆောင်ရွက်ပေးပါခင်ဗျာ"

မိုးကြယ်သည် တိုတောင်းသောစကားကိုသာ ပြောပြီး …ရာက ထွက်သွားခဲ့လေသည်။ သူကြီးနှင့်တကွ အားလုံးသည် …ည်း မိုးကြယ်၏စိတ်သဘောကို သိသွားခဲ့ကြသည်။ ထို့ကြောင့် …သဘောအတိုင်းပင် ဆောင်ရွက်ပေးလိုက်ကြသည်။

ရွာသားများက နာမည်ကြီး တောပုန်းဓားပြကြီး မြေခွေး …တောကို ဖမ်းဆီးပေးခဲ့ကြသည်ဟူ၏။ ထိုအခါ မြသီလာရွာသား …များသည်လည်း နာမည်ရသွားခဲ့ကြသည်။ ရွာလည်း ဂုဏ်တက် …သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သော် အခြေအနေအမှန်ကိုကား ဖုံးကွယ်ထား
ဌာ မစွမ်းဆောင်နိုင်ကြပေ။ ဓားပြတစ်ဖွဲ့လုံးကို ဖမ်းဆီး
သည့်လူမှာ မိုးကြယ်ဖြစ်ကြောင်း သတင်းက တဖြည်းဖြည်
ကျယ်ပြန့်သွားခဲ့လေသည်။

"သားကိုယ်တိုင်က ကျော်စောမှုကို မလိုလားလို့ ဒီ
ကြောင်းကို ဖုံးကွယ်ထားစေလိုပေမယ့် ပုပ်လို့ပေါ် ဟုတ်
ကျော် ဆိုတဲ့စကားက ရှိတယ်လေ၊ ပြီးတော့ ပါးစပ်ပေါက်
ပေါက်ဟာ ပိတ်ဖို့ခဲယဉ်းတယ်ကွဲ့၊ ဒါကြောင့် ဒီသတင်း အ
အတိုင်း ထွက်လာခဲ့တာ၊ ခေါင်းထဲမှာ ဘယ်လိုမှ သဘောမ
နဲ့၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့မရဘူး"

ဖခင်ဖြစ်သူ ဦးမောင်းကျော်က သားမိုးကြယ်ကို
ကားနှင့် ဖျောင်းဖျသည်။

"အင်းပေါ့လေ ...သားလည်း ဘာတတ်နိုင်မှာ
အဘရာ"

နောက်သုံးရက်အကြာတွင် ဒေါ်မြမှီက ခင်ခင်ကြွေ
မိုးကြယ်ထံ စေလွှတ်သည်။

"ကိုမိုးကြယ် ...အမေက စကားပြောချင်လို့တဲ့၊ အိ
ကို လိုက်ခဲ့ပါဦး။ ဒီလိုခေါ်ရတဲ့အတွက် စိတ်ထဲမှာ တလွဲတော
မထင်ပါနဲ့နော်"

"အဲဒီလိုမထင်ပါဘူး ...ဘာဖြစ်လို့ တွေ့ချင်ရတာလဲ





"ကိုမိုးကြယ်ကို ကျေးဇူးတင်စကား သေသေချာချာ
ပြောရသေးလို့၊ ဓားပြကိစ္စနဲ့ပတ်သက်ပြီး အဲဒီရက်တွေက အ
ခြေအနေတွေ ရှုပ်ထွေးသွားခဲ့တော့ စကားပြောခွင့်မသာခဲ့ဘူး
"

"ဩော် ...ဒါပေမဲ့ ကျေးဇူးစကားပြောဖို့ မလိုပါဘူး။
ကျွန်တော်တတ်နိုင်သလောက် ကူညီခဲ့တာ၊ ဒီကိစ္စအတွက် ခေါင်း
ထဲမထားပါနဲ့"

"ဟင် ...မဟုတ်တာဘဲ ကိုမိုးကြယ်ရယ်၊ ဒါလောက်
အရေးကြီးပြီး အုတ်အော်သောင်းတင်းဖြစ်သွားခဲ့ရတာ၊ ကိုမိုး
ကြယ်သာ ခုလို ဝင်ပြီးမကူညီခဲ့ရင် ကြွေတို့ ဒုက္ခလှလှကြီးရောက်
နေပြီ၊ လိုက်ခဲ့ပါ ကိုမိုးကြယ်ရယ်"

"ကျွန်တော် ငြင်းပါရစေဗျာ၊ ခုလို ကျေးဇူးတင်စကား
ကြားရတာ ကျွန်တော်က ပြန်ပြီးတော့ ကျေးဇူးတင်တယ်လို့
ပြောပေးပါ"

"ဩော် ...ကိုမိုးကြယ်ရယ်"

ခင်ခင်ကြွေသည် မိုးကြယ်ကို မည်သို့မှနားမလည်နိုင်
အောင်ဖြစ်သွားခဲ့ရသည်။ မိခင်ကိုပြန်ပြောပြသောအခါ ...

"ဟင် ...ဒီသူငယ်ဟာ စိတ်ဓာတ်တစ်မျိုးပါလား။
အကယ့်ကို ရိုးစင်းတဲ့သဘောကို ဆောင်နေတာလား။ ဒါမှ
ဟုတ် အကြီးအစည်တစ်ခုခုများရှိနေလို့ ပရိယာယ်ဆင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



များလား''

''အို အမေကလည်း ... ကိုမိုးကြယ်ဟာ ဒီလိုလူမျိုး မဖြစ်နိုင်ပါဘူး။ သူက စိတ်ထဲမှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပေးလိုက်ပြီး ဘာကိုမှ မျှော်လင့်ချက်မထားတဲ့ လူစားမျိုးပါ''

''သမီး ... ယောကျ်ားတွေဟာ မိန်းမတွေထက် ပိုပြီး တော့ မာယာပရိယာယ် များတယ်၊ သူတို့ရဲ့အကောက်ဉာဏ်ကို ဝိရိတဲ့ ဟန်ဆောင်မှုနဲ့ ဖုံးကွယ်ထားတတ်ကြတယ်၊ ငါက ချိုး ဖြောက်မလို့ ခေါ်တွေ့တာကို သူက မလာဘူးဆိုတော့ နောင်အခါ ဒီ့ထက် ပိုပြီးကြီးမားတဲ့အခွင့်အရေးကို မျှော်လင့်နေလို့ပဲ ဖြစ်ရ မယ်''

''အာ ... အမေက တကယ့်ကို တစ်ယူသန်ပါလား။ အမေ့စကားတွေကို စိတ်ရင်းစေတနာကောင်းနဲ့ ကူညီခဲ့တဲ့ သူ သာ ကြားသွားခဲ့ရင် စိတ်ကောင်းနိုင်ပါ့မလား။ အမေ့ကိုရော ဘယ်လိုထင်သွားမလဲ''

''ဟဲ့ ... ငါက သူ့ကိုပုတ်ခတ်ပြီးတော့ ပြောနေတာ မဟုတ်ဘူး။ ဘာမဆို အစစအရာရာ သတိထားရလိမ့်မယ်လို့ ပြောတာ သမီး။ သမီးလည်း ဘယ်သူ့ကိုမှ အယုံမလွယ်နဲ့''

ခင်ခင်ကြွေသည် မိခင်ဒေါ်မြမိုကို ဘယ်လိုမှ နားမလည် နိုင်တော့။ ပင့်သက်တစ်ဖြာ ချမိလိုက်ရသည်။

✧ ✧ ✧



(၅)

## တောစီးနေသောကျားသစ်

မိုးကြယ်နှင့် ခင်ခင်ကြွေ။

ယခင်က တစ်ယောက်နှင့်တစ်ယောက် ဘာသာလဝါ နေခဲ့ကြသော်လည်း ယခုတော့ မေးထူးခေါ်ပြောအဆင့် ရှိလာခဲ့ သည်။ မိခင်ဒေါ်မြမိုက မိုးကြယ်အပေါ်မှာ ဘယ်လိုပဲသဘော ထားထား ခင်ခင်ကြွေကတော့ ကျေးဇူးမမေ့။ မေးထူးခေါ်ပြော လောက်နှင့်မဆက်ဆံဘဲ ရင်းရင်းနှီးနှီးပြောဆိုသည်။

မိုးကြယ်ကလည်း သူမအပေါ်မှာ အရင်ကလို ခင်မိုး စိမ်းကြီး မဟုတ်တော့။ ပြောရေးရှိက ပြောသည်။ ဆိုရေးရှိက ဆိုသည်။

www.burmeseclassic.com



မိုးကြယ်က ခင်ခင်ကြွေဆီကို မသွားသော်လည်း ထ
ခါတစ်ရံမှာ သူမက မိုးကြယ်ဆီကို ရောက်လာတတ်သည
တစ်ဦးတည်းတော့ မဟုတ်၊ မိန်းမဖော်များနှင့် ဖြစ်သည်။

"ကိုမိုးကြယ် . . . အလုပ်များနေသလား"

"သြော် ခင်ခင်ကြွေ . . . ဘယ်ကိုသွားကြမလို့လဲ"

"ရွာထဲ ကိစ္စရှိလို့ထွက်လာရင်း လမ်းကြုံလို့ ဝင်လာ
တာ"

ပန်းပဲဖိုတွင် ခြောက်ပေါင်တူကြီးတစ်လက်ဖြင့် အလု
ရှုပ်နေသော မိုးကြယ်ကို ခင်ခင်ကြွေ ကျေနပ်အားရွှောဖြင့် ကြ
နေမိသည်။ ရင်အုပ်ကားကား၊ ကြွက်သားဖုထစ်နှင့် ကြွက်သာ
အမြှောင်းမြှောင်းထနေကာ ယောကျ်ားဘသား ဟုဆိုရလော
အောင်ပင် ကျားကျားလျားလျား ရှိလှသည်။

မိန်းကလေးများအတွက် အိမ်ထောင်ဖက်အဖြစ် အာ
ကိုးစရာ မျက်စိကျလောက်သည်။

"ထိုင်ကြဦးလေ၊ အဘတော့ မရှိဘူး . . . ရွာထဲ
သွားတယ်"

မိုးကြယ်သည် ခင်ခင်ကြွေ၏မျက်နှာကို ကြည့်ပြီးတော
ပြောသည်။ ခါတိုင်းဆိုလျှင် မျက်နှာကို ခပ်လွှဲလွှဲထားပြီး ပြေ
တတ်သည်။ သည်တစ်ခါတော့ မျက်လုံးချင်းဆိုင်သွားမိသည်
ထိုအခါ မိုးကြယ်၏ရင်ထဲမှာ နွေးခနဲဆို ဖြစ်သွားခဲ့ရသည်။

---



သူ့နှလုံးသားသည် သူမ၏မျက်ဝန်းများထဲသို့ ရောက်သွားခဲ့သည်ဟု ခံစားလိုက်ရသည်။ ထိုမှတစ်ဆင့် သူမ၏နှလုံးသားနှင့် ထိတွေ့လိုက်ရသည်ဟုပင် ထပ်မံခံစားလိုက်ရလေသည်။

မည်သို့သော **တန်ခိုးသတ္တိနှင့်ပြည့်စုံနေသော** မျက်ဝန်းတွေပါလိမ့်။ ထူးခြားလှသည်။ တစ်ပါးသောယောကျ်ားများနှင့် ဤသို့ မျက်လုံးချင်းဆုံမိလျှင်လည်း ဤသို့ဖြစ်တတ်ပါသလား။ မကြားဖူးခဲ့ပါ။ မိမိနှင့်ကျမှ ဤသို့ဖြစ်ရသည်မှာ ဘာကြောင့်ပါလဲ။

"ကိုမိုးကြယ်က ကြွေခင်သလို မခင်ဘူးလို့ ကြွေကကျွန်မတို့ကို ခဏ ခဏပြောတယ်၊ အမှုအရာက အေးတိအေးစက်နဲ့တဲ့၊ အဲဒီလိုပြောတော့ . . . သူက ဒီလိုမဟုတ်ပါဘူး၊ ဒီလိုပဲနေတတ်လို့ပါလို့ . . . ဟုတ်တယ်မဟုတ်လား ကိုမိုးကြယ်၊ တကယ်တော့ ကြွေ့ကို ခင်တယ်မဟုတ်လား"

နှုတ်သွက်လျှာသွက် **မိဂွက်** ဆိုသူ မိန်းကလေးက ရုတ်တရက်ပြောလိုက်ရာ . . .

"ဟင် မိဂွက် . . . နင် နင်ကလည်း"

ခင်ခင်ကြွေ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

"ခင်ခင်ကြွေထင်သလို မဟုတ်ပါဘူး . . . ကျွန်တော်ခင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကြွေ ...ငါ မပြောဘူးလား၊ ကိုမိုးကြယ်က ခင်ပါတယ်တဲ့၊ နင်ထင်သလို မဟုတ်ပါဘူး"

ခင်ခင်ကြွေသည်လည်း မိုးကြယ်၏စကားကြောင့် ကျေနပ်သွားခဲ့ရလေသည်။ **စက္ကူရှုပေနသံဝါသ** ဆိုသည့်စကားမှာ ခင်ခင်ကြွေသည်လည်း မိုးကြယ်ကို စပြီးမြင်ဖူးကတည်းက သာမန်ရင်းနှီးလိုမှုထက် ပိုပြီးတော့ရင်းနှီးလိုစိတ် ဖြစ်ပေါ်မိခဲ့သည်။ မိုးကြယ်ကတော့ မည်သည့်မိန်းကလေး၏မျက်နှာကိုမှ စေ့စေ့မကြည့်ရဲခဲ့ပေ။

မိန်းကလေးတစ်ယောက်နှင့် မျက်နှာချင်းဆုံမိခဲ့လျှင်လည်း ထူးခြားမှု မဖြစ်ပေါ်ခဲ့။ ယခု ခင်ခင်ကြွေနှင့် မျက်လုံးချင်းဆုံမိလိုက်စဉ်မှာ ထူးခြားသောအာရုံခံစားချက်များ တစ်မှုဟုတ်ချင်း ဖြစ်ပေါ်လာခဲ့ရသည်။ **ရွှေးရေစက်လား** သို့တည်းမဟုတ် သူမ၏မျက်ဝန်းများသည် မိမိ၏အပေါ်မှာ **တစ်စုံတစ်ရာသော တန်ခိုးသတ္တိသက်ရောက်နေသလား**၊ မည်သည့်ကြောင့်ပါလဲ။

မည်သို့ပင်ဆိုစေ မိုးကြယ်သည် ထိုနေ့ကစပြီး အချစ်နတ်ဖမ်းစားခြင်းကို ခံနေရသည်။

"ငါ ခင်ခင်ကြွေအပေါ်မှာ စွဲလမ်းမှုဖြစ်နေပြီလား"

မိန်းကလေးများအပေါ်မှာ သာမန်ထက်ပိုပြီးတော့ ခင်မင်စိတ်မထားမိခဲ့သော မိုးကြယ်။ အခုတော့ ခင်ခင်ကြွေအပေါ်မှာ ချစ်ခင်စွဲလမ်းမှုက ဖြစ်သွားခဲ့ရသည်က သူ့ကိုယ်သူပင်



မလည်နိုင်အောင် ဖြစ်နေမိရသည်။

မသွတ်မီက ညွတ်ချင်ချင် ဖြစ်နေသော ခင်ခင်ကြွေသည်ပင် မိုးကြယ်က ယခင်ကထက် မိမိအပေါ်မှာ အလေးပေးကာ ဆက်ဆံလာခဲ့သည့်အတွက် ဝမ်းသာလာမိသည်။ ပိုပြီးတော့ တွယ်တာလာမိသည်။

"ကျွန်တော် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘူး။ ခင်ခင်ကြွေနဲ့ကျမှ စိတ်တွေက ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ကျွန်တော် ကြွေ့ကို ချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ကျွန်တော့်အချစ်ကို လက်ခံပါ"

မိုးကြယ်ထံမှ ချစ်ခွင့်တောင်းသည့်စကားကို မမျှော်လင့်ဘဲ ကြားလာခဲ့ရသည့်အတွက် အတိုင်းမသိ ဝမ်းသာသွားခဲ့ရသည်။ သည့်နောက်ပိုင်းမှာတော့ **တားဆီး၍မရနိုင်သော အချစ်ရေ** ကြောင့် မကြာခဏပင် ချိန်းတွေ့မိကြလေသည်။ ထိုအခါ ရောက်မှားမိကြသည်အထိ ဖြစ်ခဲ့ကြရသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်ကြတော့။

✧

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ရွာထဲ၌ အထိတ်တလန့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ ယင်းမတိုင်မီက **ရွာအနောက်ဘက်တောထဲ တွင်** ကျားသစ်တစ်ကောင်သောင်းကျန်းနေသည်ဆိုသော ကြောင့် မည်သူမျှ တောထဲကိုမသွားရဲအောင် ဖြစ်နေကြရသည်။

မုဆိုးများကလည်း ထိုကျားသစ်ကို ရှာဖွေနှိမ်နင်းကြ သော်လည်း မအောင်မြင်။ တွေ့သော်လည်း လှစ်ခနဲဆို ပျောက် သွားတတ်သည်။ ကျားသစ်ကိုမတွေ့ဘဲ ပြန်လာခဲ့ကြသူတွေ လည်း ရှိကြသည်။ သို့သော် **ကျားသစ်ဆိုး** ကား သောင်းကျန်း မြဲ သောင်းကျန်းလျက်ပင်။

တစ်ကြိမ်တွင် မုဆိုးနှစ်ယောက်သည် ကျားသစ်ကို သစ်ပင်တစ်ပင်ပေါ်မှာ တွေ့လိုက်ရသည်။ ဒူးလေးနှင့် အပြိုင်ပစ် လိုက်ကြရာ ကျားသစ်သည် မြားစူးများကို လက်နှင့်ပုတ်ထုတ် ပစ်လိုက်သည်။ နောက်ထပ် ထပ်ပစ်သော်လည်း ရှေးကပြုသ ကဲ့သို့ပင် လက်နှင့် ပုတ်ထုတ်ပစ်ပြန်သည်။ (လက်ဟုသုံးထား သော်လည်း တိရစ္ဆာန်တွင် ခြေလေးချောင်းသတ္တဝါဟုသာ သုံး သည်။) အကြိမ်ကြိမ်ပစ်သော်လည်း ကျားသစ်ကား ရှောင်တိမ်း နိုင်ခဲ့သည်။ ထို့နောက် မုဆိုးနှစ်ဦး၏အပေါ်သို့ သစ်ပင်ပေါ်မှ ခုန်ချကာ ကိုက်ခဲသတ်ပုတ်လေရာ တစ်ယောက်သေပြီး တစ် ယောက်က ဒဏ်ရာကြီးစွာ ရသွားခဲ့လေသည်။

မည်သို့မှ ဖမ်းမမိနိုင်သောကျားသစ်မို့ **တောစီးနေ**





...သာကျားသစ် ဟု လူတွေက ပြောလာခဲ့ကြသည်။

ယင်းကျားသစ်သည် ကိုယ်လည်းဖျောက်နိုင်သည်။ ဖမ်း ...င်လည်း လေကိုဖမ်းရသကဲ့သို့သာလျှင် ရှိချေသည်ဟု စိတ်ထဲ ...ကြသလို အမျိုးမျိုးပင် ပြောလာခဲ့ကြလေသည်။

ထို့ကြောင့် ကိစ္စရှိလည်း တောထဲကို မည်သူကမှ မသွား ...ဲ မလာရဲ ဖြစ်သွားခဲ့ကြသည်။ ကျားသစ်တစ်ကောင်ကြောင့် အလုပ်ပျက်အကိုင်ပျက် ဖြစ်ကြရလေသည်။

✧

မြသီလာရွာမှ **မုဆိုးမောင်တော** က လူတွေတားမြစ် နေသည့်ကြားက အရဲစွန့်ပြီးတော့ အနောက်ဘက်တောထဲသို့ ထွက်သွားသည်။

"ဟော့ကောင် မောတော ...မင်းက ဒီကျားသစ်ကို နှိမ်နင်းဖို့ တစ်ယောက်တည်းသွားတာ သေမှာကို မကြောက်လို့ လား။ တောစီးနေတဲ့ကျားသစ်ကို ဘယ်သူမှ ဖမ်းမမိနိုင်တာ ...မင်းကရော ဘာမို့လို့လဲ"

လူကြီးသူမများက မုဆိုးမောင်တောကို ကရုဏာဒေါ... သောဖြင့် ပြောကြသည်။ တားဆီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျားသစ်ကို လူတွေက တောစီးနေတယ်လေး, ဘာ လေးနဲ့ စိတ်ထင်တိုင်း ပြောချင်ရာကို ပြောနေကြတယ်၊ အမှန် ဘာမှမဟုတ်ဘူး၊ တိရစ္ဆာန်ထဲမှာ တစ်ကောင်ကောင်ကတော့ မွေးဆိုး ပါလာတတ်ကြတာပဲ၊ ဒီကောင်ကလည်း မွေးဆိုးတဲ့ ကျားသစ် တစ်ကောင်ပဲ . . . ဘာမှမထူးဘူး၊ လူတွေက ကြောက်လို့ ကမ်းတက်ပြီးဖြဲခြောက်နေတာ၊ ကျုပ်ကိုယ်တိုင် မိအောင်ဖမ်းပြမယ် . . . ကြည့်နေကြ"

မှဆိုးမောင်တောသည် လက်စွဲတော်ဒူးလေးကို ကိုင် ကာ အနောက်ဘက်တောဆီသို့ ထွက်သွားခဲ့လေ၏။

"ဒီကောင်ဟာ တစ်ဖွတ်ထိုးပဲ၊ ဒါလောက်တားနေတဲ့ အထဲက ယွက်သွားတယ်"

မောင်တောအတွက် စိတ်ပူပန်ပြီးတော့ ကျန်ရစ်ခဲ့ကြ သည်။ မောင်တောသည် တောထဲကိုရောက်သော် . . .

"ဟေ့ ကျားသစ်ဆိုတဲ့ကောင် . . . ငါ မှဆိုးမောင်တော ကွ၊ မင်းက လူတွေကို တော်တော်အနှောင့်အယှက်ပေးတယ် မင်းကြောင့် သေတဲ့လူလည်း သေသွားကြပြီ၊ ဒါပေမဲ့ မင်းကိုယ် မင်း သိပ်အဟုတ်ကြီး မှတ်မနေနဲ့ . . . ငါနဲ့မတွေ့သေးလို့ မင်း သက်သာရာရနေတာ၊ သတ္တိရှိရင် ထွက်လာခဲ့"

မောင်တောက အသားလွတ်ကြိုးဝါးကာ စိန်ခေါ်လိုက် သည်။ သို့သော် သူကသာ ရန်စောင်မာန်စောင်နေသည်။ ကျား

---





သစ်ကား ဘယ်ဆီကိုရောက်နေမှန်း မသိ။ မောင်တော ကျား သစ်ကိုလိုက်ရှာသည်မှာ တောနက်ထဲအထိ ရောက်သည်။ ကျား သစ်၏အမြီးဖျားကိုပင် မမြင်ရ။

"မင်းက ငါ့ကိုကြောက်လို့ ရှောင်နေတာလား။ ငါက မင်းနဲ့တွေ့ချင်နေတာ၊ ဒီကနေ့ မင်းနဲ့ငါ စာရင်းအပြတ်ရှင်းမယ်၊ နေရာမရွေးဘူးဆိုရင် ရွာထဲအထိ လိုက်ခဲ့"

နေကလည်း နည်းလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရွာအ ပြန်နောက်ကျမည်စိုးသဖြင့် မှဆိုးမောင်တောသည် ဤသို့ကြိုး ဝါးပြီးနောက် ပြန်လာခဲ့လေသည်။

တောလမ်းအတိုင်း သတိထားပြီးတော့ လျှောက်လာခဲ့ သည်။ ယင်းအချိန်တွင် သစ်ပင်ကြီးတစ်ပင်ပေါ်မှ သတ္တဝါန်တစ်ခု သည် တစ်ပင်ပြီးတစ်ပင် ခုန်ကျော်လွှားကာ ကူးလာခဲ့သည်။

ထိုသတ္တဝါသည် ပေါ့ပါးဖျတ်လတ်လွန်းသောကြောင့် တစ်စုံတစ်ရာအသံများ ထွက်ပေါ်မလာ။ မောင်တော၏နောက် မှ တကောက်ကောက်နှင့်လိုက်နေသည်။ သူသည် မောင်တော ကို သစ်ပင်ပေါ်မှနေ၍ ခုန်အုပ်နိုင်သော်လည်း ထိုအခွင့်အရေး ကို အသုံးမချခဲ့။ သည်လိုနှင့် ရွာဘက်ဆီကိုရောက်လာခဲ့သည်။

အချိန်ကား နေဝင်စပြုတော့မည်။ တောတောင်များ၏ အရိပ်ကြောင့် အမှောင်က ခပ်ပါးပါးကျလာခဲ့လေသည်။ မောင် တောသည် ရွာထဲကိုဝင်လာခဲ့သည်။ ထိုအခါ ကျားသစ်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရွာထဲအထိ လိုက်လာသည်။ အပင်ကြီးတစ်ပင်မှ အခြား တစ်ပင်သို့ခုန်ကူးလိုက်လေသည်။

ယင်းအချိန်တွင် မိုးကြယ်သည် ခြောက်ပေါင်တူကြီးတစ် လက်ဖြင့် မားတစ်ချောင်းကို ထုနေသည်။ ပေပေါ်တွင်တင်ကာ ထုနေသောအသံက ခပ်စိပ်စိပ်ပင် ထွက်ပေါ်နေလျက်။ သို့ရှိခိုက် မိုးကြယ်၏စိတ်ကို လှုံ့ဆော်လိုက်သလို ဖြစ်သွားသည်။

အန္တရာယ်တစ်ခုခု၊ ထူးခြားမှုတစ်ခုခု ရောက်လာတော့ မည်ဆိုလျှင် စိတ်ထဲမှာ သင်္ကာမကင်းဖြစ်လာတတ်သည်မှာ လူတို့၏ သဘာဝပင်။

ထို့ကြောင့် မိုးကြယ်၏မျက်လုံးတွေက အိမ်ရှေ့ လမ်း တစ်ဖက်ရှိ သစ်ပင်ကြီးပေါ်ကို အလိုလိုပင် ရောက်သွားခဲ့သည်။

''ဟင်''

သူ အံ့အားသင့်သွားခဲ့ရသည်။ အပင်ကြီး၏အောက်မှာ လျှောက်လှမ်းနေသော မုဆိုးမောင်တော။ အပင်ကြီးထက်မှာ ကား ကျားသစ်ကြီးတစ်ကောင်ပင်တည်း။

ကျားသစ်ကြီးကား မောင်တောကိုခုန်အုပ်ရန် ဟန်ပြင်နေ လေပြီ။ ထိုအခါ မိုးကြယ်သည် တူကြီးကိုကိုင်ကာ နေရာမှ ပြေးထွက်သွားသည်။ သွက်လက်မြန်ဆန်လွန်းလှသည်။

''ကိုတော ... ဖယ် ဖယ်''

နှုတ်ကပြောလည်း ပြော၊ သတိပေးရင်းက လက်နှင့်





…ယ်ပစ်လိုက်သည်။ အားပါပါတွန်းဖယ်လိုက်သောကြောင့် …င်တောသည် ခပ်ဝေးဝေးသို့ လွင့်ထွက်သွား၏။

တစ်ဆက်တည်းမှာပင် ကျားသစ်ကြီးက သစ်ပင်ထက် …မှ အောက်ကို လွှားခနဲ ခုန်အုပ်လာသည်။ သို့သော် ကျားသစ် …သည် သူပစ်မှတ်ထားသော မောင်တော၏အပေါ်ကို မကျဘဲ …ချော်သွားခဲ့သည်။ မြေပြင်ပေါ်သို့ ဘုတ်ခနဲဆို ကျလာသည်။

သူ့အနားကို ရောက်ရှိလာသောသူကတော့ မိုးကြယ်။

'ဟမ်း'

ကျားသစ်ကြီးသည် ဒေါသထွက်သွားကာ နီးစပ်ရာ ရန် …ဖြစ်သော မိုးကြယ်ကို စတင်ပြီးတော့ တိုက်ခိုက်လိုက်သည်။ …သတိကြီးစွာထားနေသော မိုးကြယ်သည် ကျားသစ်ကြီး၏ တိုက် …က်မှုကို ဖျတ်ခနဲဆို ရှောင်လိုက်ပြီး တူကြီးနှင့် ခေါင်းကို ထုချ …လိုက်သည်။

'ခွပ်'

ရေအိုးတစ်လုံးကို ခွဲချလိုက်သည့်အသံမျိုး ထွက်လာခဲ့ …သည်။ ကျားသစ်ကြီး၏ခေါင်းသည် စိစိညက်ညက် ကြေမွသွား …သည်။ ကိုယ်လုံးသည် တစ်ချက် ချာချာလည်ထွက်သွားကာ …င်းခနဲ ပစ်လဲကျသွားခဲ့လေ၏။

မုဆိုးမောင်တောသည် ပစ်လဲကျသွားရာက မိုးကြယ် … စိတ်ဆိုးသွားမိသေးသည်။ သို့သော် ကျားသစ်ကြီးကို မြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသောအခါ မျက်လုံးပြူးသွားခဲ့သည်။

"ကိုတော . . . ဒီကျားသစ်ကြီးဟာ တောထဲကနေ ခင်များနောက်ကို လိုက်လာခဲ့တာပဲ၊ ခင်များ မသိဘူးလား"

"ဟင့်အင်း . . . မ မသိဘူး"

ချောက်ချားသောအသံဖြင့် ပြန်ပြောလိုက်သည်။ သူ၏ စိန်ခေါ်မှုကို လက်ခံကာ နောက်မှတောက်လျှောက်လိုက်လာခဲ့ သော ကျားသစ်ကြီးကို သတိမထားမိခဲ့။ ကျားသစ်ကြီးသည် ပမာမခန့် ရွာထဲအထိ လိုက်လာခဲ့သည်။ မည်သူ့ကိုမှ ဂရုမစိုက်။

ယခုတော့ မိုးကြယ်၏လက်ချက်ဖြင့် သေဆုံးသွားခဲ့လေ ပြီ။ မကြာမီ ထိုနေရာကို ရွာသားများ စုပြုံပြီးရောက်လာသည်။ မောင်လုံးလည်း ပါလာသည်။

"မိုးကြယ် . . . ဒီ ဒီကျားသစ်ကြီးက"

"တောထဲကနေ ကိုတောနောက်ကို လိုက်လာခဲ့တာ၊ လူတကာကို ဒုက္ခပေးနေတဲ့ကောင်ကြီးပဲ ဖြစ်မှာ၊ ကိုတော ကျား သစ်ကြီးနဲ့ ဘာတွေဖြစ်ခဲ့သလဲဆိုတာ သူ့ကိုပဲ မေးကြည့်ကြပေ တော့"

မိုးကြယ်သည် တူကြီးကိုကိုင်ကာ လူကြားထဲမှ ထွက် သွားခဲ့လေသည်။ အားလုံးက ကျားသစ်ကြီးကို အံ့သြခြင်း၊ ထိတ် လန့်ခြင်းကြီးစွာဖြင့် ကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

✧ ✧ ✧

(၆)

## လျှို့ဝှက်စကား

မုဆိုးမောင်တောကလည်း တောထဲတွင် ကျားသစ်ကြီး ကို စိန်ခေါ်ခဲ့သည့်အကြောင်း မကွယ်မဝှက်ဘဲ အမှန်အတိုင်း ဖြင့် ပြောပြသည်။

"မင်းကွာ . . . အဲဒီလို လုပ်ခဲ့ရသလားကွ၊ ကံကောင်း လို့ပေါ့ကွာ . . . နို့မို့ဆိုရင် မင်းသေပြီ၊ ဒီကျားသစ်က မင်းတစ် ယောက်တည်းတင် မဟုတ်ဘဲ ရွာသားတွေကိုပါ ဒုက္ခပေးချင်ပေး မှာ၊ မိုးကြယ်က လက်မြန်ပေလို့သာ ကိစ္စချောသွားတာ"

လူကြီးတွေက မုဆိုးငတောကို အပြစ်တင်ကြသည်။

"ဘာပဲဖြစ်ဖြစ်ကွာ ဒီကျားသစ်က သေချင်တော့ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



လာပြီးတော့ သေရတယ်၊ သူ့ကိုနှိမ်နင်းနိုင်မယ့်သူ မရှိဘူ
အဲဒီတော့ တောက ခေါ်လာပေးတယ်၊ မိုးကြယ်က ရှင်းပေ
လိုက်တယ်၊ အဆိုးထဲက အကောင်းပေါ့ကွာ . . . ဒီလိုပဲ မှတ်
ပါ''

တောကိုသာ ဖိပြီးပြောနေကြသောကြောင့် လူကြီးတ
ယောက်က အားလုံးကို ဖျောင်းဖျသည့်သဘောနှင့် ပြောလိုက်
သည်။ တစ်မျိုးနားလည်ပေးရန် ဖြစ်သည်။ ထိုအခါ တော
လည်း စိတ်သက်သာရာရသွားခဲ့လေသည်။ မိုးကြယ်လည်း ပိုပြ
တော့ နာမည်ကြီးသွားခဲ့ရသည်။

သို့သော် မိုးကြယ်ကတော့ နာမည်မယူလိုသူမို့ ပုံမှ
နေမြဲအတိုင်း ခပ်မှန်မှန်။ လူတွေလည်း တောထဲသို့ သွားရဲလာ
ရှိလာကြလေသည်။

ဒေါ်မြမှီသည် မိုးကြယ်ကို အစွမ်းအစရှိသော လူငယ်
တစ်ယောက်ဟု လက်ခံလာသည်။ သို့သော် မိုးကြယ်က သူမ
အိမ်သို့ အရောက်အပေါက်နည်းနေသည်။ စကားပြောချင်သော်
လည်း အခွင့်အရေးက မရခဲ့။ ထိုအခါ သမီးဖြစ်သူ ခင်ခင်ကြ
ကိုပင် ပွင့်လင်းစွာ ပြောရလေတော့သည်။

''သမီး . . . မောင်မိုးကြယ်နဲ့ မေတ္တာမျှနေတာကို အမေ
သိတယ်''

''ဟင်''





ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သော မိခင်၏စကား
ကြောင့် ခင်ခင်ကြွေ အံ့အားသင့်သွားခဲ့ရသည်။

''ဒါပေမဲ့ အမေသိသွားပြီဆိုပြီး မကြောက်နဲ့၊ အမေက
အဆင့်အတန်း မခွဲခြားဘူး။ အစွမ်းသတ္တိ, အရည်အချင်းရှိတဲ့သူ
ဆိုရင် လက်ခံတယ်၊ ယောက်ျားဆိုတာ မြားတစ်စင်းလို ဖြောင့်
မတ်ရမယ်၊ တည်ကြည်ရမယ်၊ သစ္စာရှိရမယ်၊ မောင်မိုးကြယ်
ဟာ အဲဒီလိုလူစားမျိုးလို့ အမေယုံကြည်ထားတယ်၊ သမီးနဲ့
မောင်မိုးကြယ်တို့ရဲ့ ချစ်ခြင်းကို မခွဲဘူး။ ပေးစားမယ်၊ အဲဒီကိစ္စ
ဆွေးနွေးချင်လို့ သူ့ကိုခေါ်ပေးပါ''

ခင်ခင်ကြွေမှာ ပြတ်သားသော မိခင်၏စကားကြောင့်
မိမိ၏နားကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ရသည်။ မိခင်
က ပြတ်သားသူ။ ပြောပြီးစကား ပြန်ပြီးမရုပ်သိမ်းတတ်။ အ
မြဲတမ်း စိတ်ရင်းနှင့် ပြောတတ်သည်။ သို့သော် မြန်မြန်ဆန်ဆန်
ကြီး လိုက်လျောခဲ့သည့်အတွက် သံသယတော့ ရှိမိသည်။

''အ အမေ . . . တကယ်ပြောလိုက်တာလားဟင်၊ သ
သမီး . . .''

''အမေက စကားတစ်ခွန်းကို ဘယ်တုန်းက လက်ဝါး
လို မှောက်ချည်လှန်ချည် လုပ်ဖူးလို့လဲ သမီး၊ အမေပြောတဲ့
အတိုင်းသာ လုပ်ပါ''

ဒေါ်မြမှီသည် သူမ,ပြောချင်သည်ကိုသာ ပြောပြီး ခင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြွေ၏အနားမှ ထွက်သွားခဲ့လေသည်။

"အမေ ပြတ်သားပုံကြီးကလည်း တစ်မျိုးကြီးပါပဲလား"

သို့သော် ခင်ခင်ကြွေမှာ အကောင်းဘက်ကတွေးကာ ပြုံးမိလိုက်လေသည်။

✧

"ဟင် ... ဒေါ်ဒေါ်က ကြွေ့ ကို အဲဒီလိုပဲပြောလိုက်တယ် ... ဟုတ်လား"

"ဟုတ်တယ် ... ကိုမိုးကြယ်နဲ့ ကြွေကို ပေးစားမှာတဲ့၊ အဲဒါကြောင့် အမေက ကိုမိုးကြယ်နဲ့ တွေ့ချင်တယ်လို့ပြောတယ်"

"ဖြစ်ပါ့မလား ... ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဘာကိုတစ်မျိုးလဲ ... အမေနဲ့ တစ်ခါမှ စကားမပြောဖူးလို့ မျက်နှာချင်းဆိုင်ရမှာ ဝန်လေးနေတာလား"

"မပြောတတ်ဘူး ... ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနားလည်ရမှန်းတောင် မသိဘူး"

"သွားဖြစ်အောင် သွားလိုက်ပါ ... အမေက လိုလိုလား





လားနဲ့ ခေါ်နေတာကို၊ ကြွေလည်း ကိုမိုးကြယ်ရဲ့အနားမှာ ရှိနေမှာပဲဟာ"

"ကိုယ်တို့နှစ်ယောက်ကို သဘောတူတယ်ဆိုတဲ့အတွက် ဝမ်းသာမိတယ်၊ တကယ်ကို မမျှော်လင့်ခဲ့တာ၊ အခက်အခဲတွေ ရှိလိမ့်မယ်လို့ ထင်ခဲ့တာ၊ အေးလေ ... ခုလို အခွင့်အရေးပေးတုန်းမှာ သွားပါ့မယ်"

"ဒါပေါ့ ... သွားမှလည်း ဖြစ်မှာလေ ... အဟင်းဟင်း"

ခင်ခင်ကြွေလည်း ပျော်သွားသည်။ မိုးကြယ်ကို ရွှန်းရွှန်းစားစားပင် ကြည့်နေလိုက်ပါလေသည်။

✧

ခင်ခင်ကြွေက အိမ်ကို အရင်ပြန်သွားသည်။ နောက်တစ်ခဏကြာမှ မိုးကြယ်က လိုက်သွားသည်။

"လာ မောင်မိုးကြယ်"

ဒေါ်မြမိုက ခန့်ထည်သောမျက်နှာဖြင့် မိုးကြယ်ကို ဆီးကြိုသည်သည်။ သင့်တော်သောနေရာပေးပြီး မုန့်အစားအစာများဖြင့် တည်ခင်းညှိခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . အမေ မောင်မိုးကြွယ်နဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်၊ သမီး တစ်နေရာမှာ သွားနေပေးပါ"

"ဟင် . . . သမီး ဒီမှာရှိနေတာ ဘာဖြစ်လို့လဲ အမေ"

"အမေ့စကားကို နားထောင်ပါကွယ်၊ ဒါပေမဲ့ ကြိုတင် ပြီးသိစေဖို့က အမေပြောမှာ သမီးတို့ရဲ့ချစ်ခြင်းကို ခွဲမယ့်စကား မဟုတ်ဘူးဆိုတာပဲ"

ခင်ခင်ကြွေသည် မိခင်၏စကားကိုလည်း မလွန်ဆ နိုင်။ ဤမျှအထိ လိုက်လျောပေးခဲ့တာကိုပဲ ဝမ်းသာလှပေ စကားကိုနားထောင်၍ အနားက ထွက်သွားသော်လည်း စိတ် တစ်ဝက်ထင့်နေမိသည်။ မိုးကြွယ်ကလည်း သူတို့နှစ်ဦး ပေးစ မည့်ကိစ္စမှာ ခင်ခင်ကြွေကို အနားမှာမရှိစေချင်တာ ဘာကြော ပါလဲဟု နားမလည်မိ။

"ကဲ မောင်မိုးကြွယ် . . . အဒေါ်ကလည်း မောင် ကြွယ်လိုပဲ နှုတ်နည်းတယ်၊ စကားများများ မပြောတတ်ဘူးကွဲ့ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် . . . နားထောင်"

"ဟုတ်ကဲ့"

မိုးကြွယ်သည် ယောက်ျားရင့်မာကြီးဖြစ်သော်လည် ဒေါ်မြမိုလို အမျိုးသမီးတစ်ယောက်၏ရှေ့မှာ ခွန်အားတွေ ယု လျော့နေသလို ခံစားနေရသည်။

"မောင်မိုးကြွယ်ရဲ့ အရည်အချင်းကို အဒေါ်သိပါတယ်





သမ်းနဲ့ထိမ်းမြားပြီးရင်လည်း သေတစ်ပန်သက်တစ်ဆုံး ယုယ ကြင်နာပြီးတော့ ပေါင်းသင်းသွားလိမ့်မယ်လို့လည်း ယုံကြည် တယ်၊ အဒေါ်ကလည်း ဒီသမီးလေး တစ်ယောက်တည်းကိုပဲ ရပြီးတော့ ချစ်နေရတာ၊ အဒေါ့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေက လည်း ဒီသမီးလေးအတွက်ပဲလေ"

"ဟုတ်ကဲ့"

"အဲဒီတော့ သမီးချစ်တဲ့သူကလည်း အဒေါ်သဘော ကျတဲ့သူဆိုတော့ ကန့်ကွက်စရာမရှိပါဘူး . . . ပေးစားမှာပါ၊ တင့်တောင့်တင့်တယ်ဖြစ်အောင်လို့ စီစဉ်ပေးမှာ . . . အဲ ဒါပေမဲ့"

သူမသည် ဒါပေမဲ့အပြီးမှာ စကားကိုမဆက်ဘဲ ရပ် ထားလိုက်သည်။ ထို့ကြောင့် မိုးကြွယ်ကို တစ်ချက်အကဲခတ် ကာ ကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံသွားခဲ့ကြသည်။

ယင်းမျက်ဝန်းများသည် မိုးကြွယ်ကို လွှမ်းမိုးသွား သည်။ တန်ခိုးသတ္တိတစ်ခုခု ရှိနေသည်။ သူတို့သားအမိနှစ် ယောက်စလုံး၏ မျက်ဝန်းများသည် ယောက်ျားသားတစ်ဦး၏ နှလုံးသားကို ဖမ်းစားနိုင်ကြသည်။ ဤသည်ကလည်း မွေးရာပါ အရည်အချင်း တစ်ခုပင်လား။

"အဒေါ်က ကျွန်တော်နဲ့ကြွေကို ပေးစားမယ်ပြောခဲ့ တယ်၊ ဒါပေမဲ့က ခံနေပြန်တော့ အထစ်အငေါ့တစ်ခုခုများ ရှိ နေသလား ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အထစ်အငေါ့ရယ်လို့ မဟုတ်ပါဘူးကွယ်၊ အကူအညီ တစ်ခု တောင်းချင်လို့ပါ"

"အကူအညီ ... ဟုတ်လား ... ဘာအကူအညီများ လဲဗျာ"

"ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ သမီးကို ပြန်မပြောရဘူး။ နောက်တစ်ချက်က မပေးနိုင်ရင် ခေါင်းထဲက တစ်ခါတည်း ဖျောက်ဖျက်ပစ်လိုက်ရမယ်"

ဘာမှန်းမသိသော်လည်း ခေါင်းညိတ်လိုက်ရလေသည်။

"ကဲ ... ဒါဆိုရင် နားထောင်"

ဒေါ်မြမိုသည် မိုးကြယ်အနားကို ပို၍တိုးကပ်လာကာ တီးတိုးစကားပြောသည်။ ပထမသော် ထူးခြားမှုမရှိသော်လည်း နောက်တော့ မထင်မှတ်သောအကြောင်းအရာများက ပါဝင်လာခဲ့ သည်ဖြစ်၍ အံ့အားတသင့် ဖြစ်လာခဲ့ရသည်။ မျက်လုံးပြူးခဲ့ရ သည်။ အချို့ကိစ္စများသည် နားထောင်ရသည့်သူအတွက် အ သက်ရှူရန်ကိုပင် မေ့လျော့နေမိလေသည်။ စကားအဆုံးမှာ တော့ ကျောက်ရုပ်ကြီးပမာ ငုတ်တုတ်ကြီး ကျန်ရစ်ခဲ့လေ သည်။

"ကဲ ... အဒေါ်ရဲ့ဆန္ဒကို မောင်မိုးကြယ်ကပဲ ဖြည့် ဆည်းပေးနိုင်လိမ့်မယ်လို့ ထင်တယ်၊ လက်ခံ၊မခံ အခုချက်ချင်း အဖြေပေးပါ၊ ဒီကိစ္စ အောင်မြင်လို့ပြန်လာခဲ့ရင် သမီးနဲ့လက်ထပ်





မင်္ဂလာပွဲကလည်း အဆင်သင့်စောင့်နေမှာပါကွယ်"

သူမကတော့ မျက်နှာအမူအရာကအစ မည်သို့မှ မ ပြောင်းလဲဘဲ ပုံမှန်အတိုင်းပင်။ မိုးကြယ်ကတော့ အသက်ကိုခဲ ၍ သည်းစွာပင် ရှူနေမိရသည်။

"မင်း လက်မခံဘူးဆိုရင်လည်း ငြင်းပယ်လို့ရတယ်၊ အဲဒါကတော့ အတင်းအဓမ္မ မတိုက်တွန်းဘူး"

"ကျွန်တော် စဉ်းစားပါဦးမယ် ခင်ဗျာ"

"အေး အေး ... ဒါ စဉ်းစားသင့်တာပေါ့လေ၊ ချက်ချင်း ဆုံးဖြတ်ဖို့ ဘယ်လွယ်ပါ့မလဲ"

ဒေါ်မြမိုက မိုးကြယ်ကို အပြုံးဖြင့်ကြည့်ကာ ပြောလိုက် သည်။ မိုးကြယ်ကလည်း သူမ၏မျက်နှာကို မရဲတရဲနှင့် ကြည့် လိုက်သည်။ ညို့အားကောင်းလွန်းသော မျက်လုံးတစ်စုံနှင့် ဆုံပြီးတော့ ရင်ဆိုင်မိရပြန်သည်။ ယင်းအကြည့်က ပါး ကြိုးထောင်နေသော မြွေဟောက်တစ်ကောင်ကိုပင်လျှင် ခေါင်းငုံ့ကျသွားစေလောက်သည်။

ယခုအချိန်အထိ ပျို့မျှစ်နုနယ်မှု၊ ခန့်ထည်မှုတို့ဖြင့် ပေါင်း စပ်ကာ စွဲမက်ဖွယ်ကောင်းနေသေးသည့် သူမ ... မိမိအပေါ် တွင် မာယာလက်နက်ဖြင့် ကျော့ကွင်းဆင်နေသလား မသိ။

မိုးကြယ်သည် ဒေါ်မြမိုကို နှုတ်ဆက်ပြီး အိမ်အောက် သို့ ဆင်းလာခဲ့သည်။ ခြံထဲမှာထိုင်နေသော ခင်ခင်ကြွေက မိုး



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ကို စောင့်ကြို့နေလျက် • • •။

"အမေက ကိုမိုးကြွယ်ကို ဘာတွေများပြောလိုက်သလဲ ဟင်"

"သိပ်ထူးထူးခြားခြားစကား မပါပါဘူး ကြွေ၊ သဘော တူပါတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့ကတော့ အချိန်နည်းနည်းတော့ စောင့်ပါဦးတဲ့"

မယုတ်မလွန်သောစကားကို ပြောလိုက်သည်။

"အချိန်နည်းနည်းစောင့် • • • ဟုတ်လား၊ ဘယ် လောက်အထိ စောင့်ရမှာတဲ့လဲ"

"လပိုင်းလောက်ပေါ့၊ ကဲ • • • ကိုယ်သွားဦးမယ် ကြွေ"

ခင်ခင်ကြွေကို နှုတ်ဆက်ပြီးတော့ ထွက်သွားသည်။

"ကိုမိုးကြွယ်မျက်နှာက တစ်မျိုးပဲ၊ အမေက ဘယ်လို စကားမျိုးများ ပြောလိုက်လို့ပါလိမ့်၊ ဒီစကားမျိုးလောက်နဲ့တော့ မပြီးနိုင်ဘူး"

စိတ်ထဲမှာ ဖဝေဖဝါဖြစ်ကာ ကျန်ခဲ့လေသည်။

✧

မိခင်ဒေါ်မြမှိုက မိုးကြွယ်ကို သာမန်စကားမျိုး မပြော





ည်ကတော့ သေချာနေသည်။ မိခင်ကိုလည်း မမေးရဲ။ မိုး ကြွယ်ကို ပရိယာယ်၊ မာယာနှင့် မေးပြန်တော့လည်း အထွေအ ထူးစကားမျိုး မရှိဟုသာ ပြောသည်။ မိုးကြွယ်ကလည်း ဒေါ်မြမှို ၏ အကူအညီတောင်းသည့်ကိစ္စနှင့်ပတ်သက်ပြီး အဖန်ဖန်တလဲလဲ င် စဉ်းစားသည်။

"သား ခုတစ်လောမှာ မျက်နှာက တစ်မျိုးပဲ၊ ဘာများ တ်အနှောင့်အယှက်ရှိနေလို့လဲ"

ဖခင် ဦးမောင်းကျောက်ကပင် မေးယူရသည်။

"မရှိပါဘူး အဘ • • • ကိုယ်လက်မအီမသာ နည်းနည်း ဖြစ်နေလို့ပါ"

"ဆေးသောက်ကွယ်၊ သားက လယ်တစ်ဖက်၊ ပန်းပဲ လုပ်တစ်ဖက်နဲ့ ပင်ပန်းလှတယ် • • • ကျန်းမာရေးကို ဂရုစိုက်"

"အင်း • • • ငါ့မျက်နှာက ဒါလောက်အထိ သိသာနေသ သား၊ ငါ ဒေါ်မြမှိုရဲ့စေခိုင်းချက်ကို ဘယ်လိုလက်ခံရပါ့မလဲ၊ က်လိုက်တာ"

ကြီးလေးသောကိစ္စကြီးတစ်ခုကြောင့် ခေါင်းထဲမှာ ခဲနေ သည်အထိ ခံစားနေရလေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



(၇)

## အပေးအယူ

မိုးကြယ်နှင့် ခင်ခင်ကြွေ . . .

တစ်ယောက်အပေါ်တစ်ယောက် အချစ်ကြီးချစ်မိကာ အစွဲကြီးစွဲမိနေကြပြီ ဖြစ်သည်။ သောက်လေ သောက်လေ တော် မပြေ ဆားငန်ရေပမာသို့။ ချစ်လေ ချစ်လေ မက်မပြေဘဲ ရှိနေကြရသည်။

"အမေက ကိုမိုးကြယ်ကို ဘာပြောလိုက်သလဲလို့ ကြွေ မေးတာကိုမဖြေရင် လက်မထပ်ဘူးမှတ်ခ ကြွေ့ကိုမယုံလို့ မဖြေ တာလား"

ခင်ခင်ကြွေကလည်း မာယာပရိယာယ်နှောကာ အကျပ်





...ိုင်လိုက်သည်။ ထိုအခါ မိုးကြယ်မှာ ပျာပျာသလဲ ဖြစ်သွားခဲ့ရ ...ပြီ။

"ကိုယ်က ကြွေ့ကို မယုံလို့ မဟုတ်ပါဘူး အဒေါ်ကို ...တိပေးထားလို့ပါ၊ ကိုယ်ဟာ ကတိတစ်လုံးကို တန်ဖိုးထား ...ယ်၊ အချစ်ကိုလည်း တန်ဖိုးထားတယ်၊ ကိုယ်က မပြောနိုင်ပေ ...ည့် လိုအပ်တဲ့အချိန်ကျရင် အဒေါ်က ကြွေ့ကို ပြောပြလိမ့်မယ်"

"အင်း . . . သူပြောတာလည်း မှန်နေတာပဲ၊ ကိုမိုးကြယ် ...ာ ပေါ့ပျက်ပျက်လူစားတော့ မဟုတ်ဘူး အမေက သူ့ကို ...ယ်လိုများ ကြပ်လွှတ်လိုက်ပါလိမ့်။ ငါ ထပ်ပြီးတော့ မရမက ...းလိုက်ရင် ငါ့အပေါ်မှာ နာကြည်းသွားတော့မယ်"

တစ်ယောက်နှင့်တစ်ယောက် အဆုံးရှုံးမခံနိုင်ဘဲ ရှိနေ ...ကြရသည်။ မိုးကြယ်ကလည်း ဒေါ်မြမှီအပေါ်မှာ မည်သို့မှ နား ...လည်နိုင်တော့။ ဒီလိုအကူအညီမျိုးကိုမှ တောင်းရသည်လို့။

"အင်း . . . ငါသာငြင်းလိုက်ရင် ကြွေနဲ့ငါ ဒီတစ်သက် ...ဆုံစည်းဖို့ဆိုတာ မလွယ်တော့ဘူး၊ ငါ ကြွေ့ကို သိပ်ချစ်နေမှန်း ...ဒီလို့ အညာကိုကိုင်လိုက်တာပဲ"

မရှုနိုင်မရှိက်နိုင် ဖြစ်နေမိသည်။ အကြိမ်ကြိမ် အဖန် ...န် စဉ်းစားသည်။ ဒေါ်မြမှီ၏ဆန္ဒကို ငြင်းပယ်ပြီး ခင်ခင်ကြွေ ...ကို အဆုံးရှုံးခံမလား။ ချစ်ရသူ ခင်ခင်ကြွေကလည်း သူ့ခေါ်ရာ ...ကို လိုက်မှာမဟုတ်။ မိခင်၏စကားကို မြေဝယ်မကျ နားထောင်

www.burmeseclassic.com

www.burmeseclassic.com





သူ။ ယုတ်စွအဆုံး မိခင်ကမပေးစားလျှင် နောက်ဆုတ်မည့်သူ။

(မိုးကြယ်က ခင်ခင်ကြွေကို ဤသို့ထင်သည်။ ခင်ခင်ကြွေကလည်း သူမကို မိုးကြယ်က စိတ်ပျက်ငြီးငွေ့သွားပြီး ရှုန်သွားလိမ့်မည်ဟု ထင်နေမိသည်။)

နောက်ဆုံးမှာတော့ မိုးကြယ်သည် ဒေါ်မြမိုဆီကို သွားကာ တောင်းသောအကူအညီကို ပေးပါမည်ဟု လက်ခံလိုက်ရလေသည်။

"အဒေါ်တောင်းတဲ့အကူအညီကို ပေးပါ့မယ်၊ ကျွန်တော် ပြန်ရောက်လာခဲ့ရင် ပေးထားတဲ့ကတိသာ မပျက်ပါစေနဲ့"

သူမ၏ဆန္ဒကို လိုက်လျောခဲ့ရပေမယ့် ယောကျ်ားတစ်ယောက်၏မာနကတော့ ရှိပါသေးသည်။

"အေးပါ ... စိတ်ချပါ၊ အဒေါ်က မောင်မိုးကြယ်နဲ့ အပေးအယူသဘောမျိုး လုပ်တာမဟုတ်ပါဘူး။ အကူအညီ တကယ်လိုအပ်လို့ တောင်းတာပါ။ ပြီးတော့ ဒီကိစ္စကို ဘယ်သူမှမသိစေချင်ပါဘူးလေ၊ သမီးကိုတောင် အသိမပေးခဲ့တာ၊ အဒေါ်လည်း ကတိတစ်လုံးကို အသက်လိုပဲ တန်ဖိုးထားပါတယ်၊ ဒီကိစ္စ အောင်မြင်အောင်သာ ဆောင်ရွက်ပေးခဲ့ပါ"

"ကျွန်တော် ဖြစ်အောင်ကူညီပါ့မယ်၊ ဒါပေမဲ့ အဘကိုတော့ တစ်မျိုးပြောရပါမယ်၊ အဒေါ်လည်း အဘကို အမှန်အတိုင်း ပြောမပြပါနဲ့"



"စိတ်ချပါ မောင်မိုးကြယ်"

မိုးကြယ်သည် ဒေါ်မြမိုကို ကတိပေးလိုက်လေပြီ။ သို့သော် သူသည် နောင်တမရခဲ့။

"အဘ ... သား သံကောင်းကောင်းရှိတဲ့နေရာ ကို သတင်းကြားထားတယ်၊ သွားရှာဖို့ ဆုံးဖြတ်ပြီးပြီ၊ ဒီအတောအတွင်းမှာ မောင်လုံးက အဘကို လာကူညီလိမ့်မယ်"

"ဩော် အေး ... ကောင်းတာပေါ့ကွယ်၊ မောင်လုံးကလည်း အားထားရပါတယ်ကွဲ့၊ သားက တစ်ယောက်တည်းပဲ သွားမလို့လား"

"ခါတိုင်းလည်း တစ်ယောက်တည်းပဲလေ၊ ဒါပေမဲ့ ခုတစ်ခေါက်တော့ ခရီးနည်းနည်းရှည်လိမ့်မယ်၊ အဘ စိတ်ပူနေမှာစိုးလို့"

ဖခင်အပေါ်မှာ မလိမ်စဖူး လိမ်မိလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ စိတ်ထဲမှာ လက်အုပ်ချီကာ တောင်းပန်မိသည်။ ခင်ခင်ကြွေနှင့် ဆုံမိသောအခါ ...

"ဟင် ... ကိုမိုးကြယ် ခရီးထွက်ရမယ် ... ဟုတ်လား အဘက လွှတ်တာဟုတ်လို့လား ကိုမိုးကြယ်ရယ် ... အမေကများ"

ခင်ခင်ကြွေသည် စကားကို ဆက်မပြောတော့ဘဲ ရပ်လိုက်သည်။ သူမ၏စိတ်ထဲမှာ သိနေသလိုလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ ... မသွား မဖြစ်ဘူးဆိုရင်လည်း သွားပေါ့၊ ဘယ်လောက်ကြာမှာလဲဟင်"

"အဲဒီလိုမမေးကောင်းဘူး ကြွေ ... သိပ်တော့မကြာပါဘူး။ ကြွေသာ ကိုယ့်ကိုမတွေ့ရင် စိတ်ပြောင်းမသွားနဲ့နော်"

"ဩော် ကိုမိုးကြယ်ရယ် ... ကြွေက အဲလို အပြောင်းအလဲမြန်တဲ့ လူစားလားလို့၊ ကိုမိုးကြယ်သာ ဘယ်နေရာကိုရောက်ရောက် တစ်ရွာတစ်ကျိုး ဆောက်မနေနဲ့"

"ကိုယ့်ရွာက ဟောဒီကျိုကလေးကလွဲပြီး ဘယ်သူ့ကိုမှ အလေးမထားပါဘူးတဲ့ ကြွေရယ်"

မိုးကြယ်သည် ခင်ခင်ကြွေကို ခပ်တင်းတင်းလေးဖက်ထားမိလိုက်လေတော့သည်။ ခင်ခင်ကြွေကလည်း မိုးကြယ်ပြုသမျှ နုနေရလေသည်။

အမှောင့်တကာ အမှောင်ထဲတွင် ကာမအမှောင်သည် အမှောင်ဆုံးသာ။ အတွေ့ထူးသည့် အချစ်ဦးကို ဘယ်တော့မှ မပစ်ဘူးဟု ရင်ဝယ်အသီးသီးခံစားချက်ကိုယ်စီဖြင့် ...။

ညတာကား ရှည်လျားလှပေသည်။

✧



ဤသည် အရှေ့၊ ဤသည် အနောက်၊ တောင်၊ မြောက်တို့ကို မှတ်သားကာ ခရီးထွက်ခဲ့သည်။ ဖခင်သည် ကျန်းမာရေး ဒေါင်ဒေါင်မြည်နေသော်လည်း နောက်ဆံတင်းသည်။ ခင်ခင်ကြွေသည် မိမိအပေါ်မှာ အချစ်ကြီးသူဖြစ်သော်လည်း နောက်ဆံတင်းမိရသည်။

အရှေ့ကိုပြ၍ အနောက်ကို ထွက်ခဲ့သည်။ မြောက်ကိုပြ၍ တောင်ကို လှည့်ပတ်ခဲ့သည်။ ခရီးကား ဖြောင့်လည်းဖြောင့်၊ ကောက်သည်လည်းကောက်နှင့် ...။

တစ်ရွာဝင် တစ်ရွာထွက်၊ တောကိုလည်း ဖြတ်ရသည်။ မြို့ပြနိုင်ကိုလည်း ကျော်ရသည်။ ချောင်းကိုလည်း ရှောင်မရ၊ မြစ်ကိုလည်း ဥပေက္ခာမပြုနိုင်။ သည်လိုနှင့် တောသေးသေးက တောကြီးကြီး၊ တောင်သေးသေးက တောင်ကြီးကြီး။ ခရီးကညည်းရလောက်အောင်ပင် ရှည်လျားလှပါဘိ။

ပါလာသော ရိက္ခာခြောက်များကို ချွေပြီးတော့ စားရသည်။ လိုအပ်သည်များကို လမ်းမှာဝယ်ပြီးတော့ ဖြည့်တင်းသွားခဲ့သည်။ သည်လိုနှင့် ခရီးက တော်တော်ပေါက်လာခဲ့သည်။ အပင်ကြီးများက ထူထပ်လာခဲ့သည်။ ထိုအခါ သားကောင်ကြီးများကိုလည်း မကြာခဏတွေ့ရသည်။ သူ့မှာ လက်နက်အဖြစ် ပါလာခဲ့သည်က ဓားတစ်ချောင်းသာ။

သူ့စိတ်ကြိုက် လုပ်ထားသည့် ဆောင်ဓားတစ်လက်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်က မိုးကြိုးသွား တစ်ခုကို မြေကြီးထဲမှ အမှတ်မထင် ရခဲ့သည်။ မိုးကြယ် အရွယ်ရောက်လာမှ ထုတ်ဖော်ပြသခဲ့သည်။ တစ်ထွာ,တစ်မိုက်ခန့်ရှည်လျားသော မိုးကြိုးသွားမဟုတ်။ သုံးပေမျှရှည်သော မိုးကြိုးသွားဖြစ်သည်။ မိုးကြိုးသွားကို ရလိုက်သည်ဟုဆိုသောသူများသည် အရှည်က အလွန်အကျုံ တစ်တောင်မျှသာ။

''သားလည်း ဓားကောင်းကောင်းလုပ်တတ်နေပြီပဲ ဟောဒါကို သား ဓားကောင်းတစ်လက်ဖြစ်အောင် ဖန်တီးပေတော့''

''ဒါက ဘာကြီးလဲ အဘ''

''မိုးကြိုးသွား ဆိုတာပေါ့။ ဒါ အစစ်ပဲ ... အဘကိုယ်တိုင် ရလာခဲ့တာ''

မိုးကြယ်က မိုးကြိုးသွားဆို၍ စိတ်ဝင်စားသွားခဲ့ရသည်။ သူ တစ်ခါမှ မမြင်ဖူးပေ။ အရောင်က ခဲပုပ်ရောင်သန်းနေသည်။ တစ်ဖြောင့်တည်းမဟုတ်ဘဲ ကောက်နေသည်။

''အဘ ... သူများတွေပြောကြတာ မိုးကြိုးသွားကရခဲ့တယ်တဲ့၊ ရတော့လည်း တစ်ထွာ,တစ်မိုက်လောက်ပဲရှည်တာ အဘရခဲ့တဲ့ မိုးကြိုးသွားက ရှည်လှချည်လား၊ မိုးကြိုးသွားဟုတ်ရဲ့လား''

''ဖြစ်နိုင်လောက်ပါတယ် ... ဘာလို့လဲဆိုတော့ သား





ရှိစဉ်တုန်းကပေါ့ ... လယ်ထဲမှာရှိနေတုန်း မိုးက ရုတ်က် ရွာချလိုက်တယ်၊ အဲဒီအချိန်မှာ ရုတ်တရက်ဆိုသလို ''

✧

'ဂျိမ်း ဂျိမ်း ချွင်'

ကောင်းကင်တွင် တစ်ချက်တော့ ဝင်းခနဲဖြစ်သွားသည်။ ယ်လောင်သောအသံကြီးတစ်သံ ထွက်ပေါ်လာပြီးသည့်နောက် သင်းတန်းကြီးတစ်ခုသည် အောက်ကို ထိုးကျလာခဲ့သည်။ ပြင်သည်လည်း သိမ့်သိမ့်တုန်ခါသွားခဲ့လေသည်။

ဦးမောင်းကျောက်သည် မိုးကြိုးပစ်ချလိုက်ပြီကို သိလိုက်ည်နှင့် ချက်ချင်းပင် မြေပြင်ပေါ်ဝပ်ချလိုက်သည်။ ထို့ကြောင့် ရာနှားပါ စက်ကွင်းမမိခဲ့ပေ။ သူ့နေရာနှင့် အနည်းငယ်လှမ်းသည်။

နောက်သုံးရက်ခန့်အကြာတွင် ထိုနေရာကို သွားကြည့်ည်။ မြေပြင်သည် မီးကျွမ်းထားသလို မည်းနက်နေသည်။ ပူးထားသည့်စကား ရှိထားခဲ့သည်ဖြစ်၍ ယင်းနေရာကို က်တူးနှင့် တူးကြည့်သည်။ သုံးပေခန့်အနက်တွင် ယင်းနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကို အမှတ်မထင်တွေ့လိုက်ရလေသည်။ မည်သူမှမမြင်အော
စောင်နှင့်ပတ်ကာ အိမ်ကိုယူလာခဲ့လေသည်။

မိုးကြိုးသွားရဖို့ဆိုတာ မလွယ်။ လိုချင်သူတွေက များ
သည်။ မိမိမှာရှိနေကြောင်း သိသွားခဲ့ကြလျှင်လည်း တောင်းဝယ်
ကြလိမ့်မည်။ မရက မသမာသောနည်းဖြင့် ရယူရန်ကြိုးစာ
ကြမည်။

မိုးကြယ် သုံးနှစ်သားအရွယ်တွင် ဖနီးဖြစ်သူ ဆုံးသွာ
ခဲ့သည်။ နောက်အိမ်ထောင်မပြုဘဲ လူမမယ်သားငယ်ကို ယ
အချိန်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

✧

မိုးကြိုးသွားကို နွေကောင်းရက်သာရွေးကာ ဓားအဖြစ်
စီရင်ကြသည်။ ဓားကောင်းတစ်လက် ဖြစ်လာသည်။ ယင်းဓာ
ကိုဆောင်ဓားအဖြစ် သားအဖနှစ်ယောက်စလုံး သတ်မှတ်ထာ
လိုက်ကြလေသည်။ မိုးကြိုးဓားသည် သွေးစရာမလိုဘဲ အစဉ်
အမြဲ ထက်နေလေသည်။ သံချေးလည်း တက်ခြင်းမရှိ။ ထို
ကြောင့် တစ်ခါတစ်ရံမှသာ ထုတ်ကြည့်သည်။ ဓားသိုင်းကစာ
သောအခါ အခြားဓားနှင့်သာ ကစားသည်။ ယခုမှသာ ဤခရီး





တွင် မိုးကြိုးဓားကို ယူလာခဲ့သည်။ ဖခင်ဦးမောင်းကျောက်ပင်
သိလိုက်။

မိုးကြယ်သည် လမ်းခရီး၌ ရွာများတွင်ညအိပ်နားခဲ့သော်
လည်း ယခုလို တောတောင်ထဲကိုရောက်လာခဲ့သောအခါ တစ်
ညတာအိပ်စက်အနားယူဖို့ နေရာရှာရလေတော့သည်။ ခုလို
တောခေါင်ခေါင်ခရီးကို တစ်ယောက်တည်း ထွက်မလာခဲ့ဖူးပေ။
ထို့ကြောင့် ပိုပြီးတော့သတိထားရမည်။ ဂရုစိုက်ရပေတော့မည်။
ခု နေရာရှာဖွေစဉ်မှာ ဂူတစ်လုံးကို မမျှော်လင့်ဘဲတွေ့လိုက်
ရသည်။

"အတော်ပဲ …ဒီဂူဟာ ငါ့အတွက် တစ်ညတာ နို
အောင်းဖို့ အကောင်းဆုံးနေရာပဲ"

သို့သော် သားကောင်နိုအောင်းနေသောသိုက်မြုံ ဟုတ်။
ဟုတ် အရင်စူးစမ်းလေ့လာရသေးသည်။ ဂူထဲမှာ မည်သည့်
သားကောင်မှ မရှိ။ သားကောင်၏ရနံ့ကိုပင် မရ။ ထို့ကြောင့်
စိတ်ချစွာနှင့်ပင် ဂူထဲကိုဝင်လာခဲ့လေသည်။

ဂူနှင့် မလှမ်းမကမ်းတွင် ဆယ့်နှစ်ပေခန့် အမြင့်ရှိသည့်
ကျောက်တောင်ပူစာလေး တစ်ခုကို အမှတ်မထင် တွေ့လိုက်ရ
သည်။ မြေပြင်အထက် ကျပ်ဝိုင်းခန့်ရှိ အပေါက်တစ်ပေါက်မှ
ရေညှိရောင်ရေများက စီးကျနေကြသည်။

"ဟင် … ကျောက်စက်ရေလည်း မဟုတ်ဘူး …

www.burmeseclassic.com

www.burmeseclassic.com



ရေညှိရောင်ရေတွေ''

ယင်းအရောင်ရှိသောရေများသည် အောက်ဘက်ရှိ ဝိုင်း ဝိုင်းစက်စက်ကျောက်ခွက်ကြီးထဲသို့ တဖြည်းဖြည်းချင်း ကျလျ ရှိနေကြသည်။ ထူးခြားချက်မှာ ယင်းအရည်များက ကျောက်ခွ ထဲမှာ ပြည့်မနေကြ။ အနံ့လေးကလည်း မွှေးတေးတေးလေး လက်ညှိုးဖြင့်တို့ကာ လျှာနှင့်လျက်မိသည်။

''အား''

နှုတ်က မြည်တမ်းရလောက်အောင်ပင် အကြောပေါင် တစ်ထောင် စိမ့်တက်သွားခဲ့ရသည်။ ချို၊ ချဉ်၊ ဖန်၊ ခါးအရသာ လည်း မဟုတ်။ ထောပတ်ဆီကဲ့သို့ အီထုံသည့် အရသာမျိုး လျှာကြောထဲအထိ စိမ့်ဝင်သွားခဲ့ကာ အကြောပေါင်းတစ်ထော အထိ ရောက်သွားသည်။

ထို့နောက် ဝါးဆစ်ခွက်ဖြင့် တစ်ဝက်မျှခပ်ယူကာ ဆ ဆာဆာနှင့် တစ်ကျိုက်တည်း မဆင်မခြင် မော့ချမိလိုက်သည် ထိုအခါ သူ့တစ်ကိုယ်လုံး မည်သို့ဖြစ်သွားမှန်းပင် မသိလိုက် အသွေးအသားထဲမှာ စစ်စစ်၊ စစ်စစ်နှင့် မီးစနှင့် အထိုးခံနေ သလို ခံစားလိုက်ရသည်။ ခေါင်းထဲ မိုက်ခနဲဖြစ်ကာ မျက်လုံးတွေ လည်း ပျာဝေသွားခဲ့ရလေသည်။

✧ ✧ ✧



(၈)

## ချုံထဲကရှပ်တု

မိုးကြယ်သည် ဂူဆီကို မည်သို့ပြန်ရောက်လာမှန်းပင် သိတော့။ မောဟိုက်သလိုလို၊ နွမ်းနယ်သလိုလို ခံစားနေရပြီး တတ်ရပ်နိုင်စွမ်းလည်း မရှိတော့။ ထိုအခါ မြေပြင်ပေါ်မှာပင် ှင် လဲချမိလိုက်လေသည်။

အိပ်ပျော်သွားသလား၊ မိန်းမောသွားသလားပင် မသိ တော့။ သူ့ကိုယ်သူလည်း ဘာမှမသိတော့။ တစ်လောကလုံးကို လျော့သွားခဲ့သည်။

အချိန်မည်မျှ ကြာသွားခဲ့သလဲ မသိ။ နားထဲတွင် စကား ြောသံများလိုလို ကြားလာခဲ့ရသည်။ သို့သော် အိပ်မှာပဲ အိပ်

www.burmeseclassic.com

4)

www.burmeseclassic.com



ပျော်နေသည်ဟု ထင်နေမိသည်။ နောက်တော့မှ သတိရသွား ကာ . . .

"ငါ အိမ်မှာ မဟုတ်ပါလား"

ကြားနေရသည့်အသံတွေကလည်း ဗလုံးဗထွေးနှင့်။ သေ ချာစွာ နားစွင့်လိုက်ပြန်သည်။ မသဲကွဲသော အသံများပင် သူ အိပ်နေသည်က မြေပြင်ထက်မှာ။ မည်သည့်အချိန်က အိပ် ပျော်သွားမှန်းပင် မသိလိုက်။ ဂူထဲမှာ သိပ်မှောင်မနေ။ မှောက် လျက်အနေအထားဖြင့်ခေါင်းထောင်ကာ ဂူအပြင်ကိုလှမ်းကြည့် လိုက်သည်။ လပြည့်ခါနီးဖြစ်၍ နို့နှစ်ရောင်အလင်းများက သစ် ရွက်ကြိုကြားမှ အောက်ကို ယိုစီးလျက် ကျလာခဲ့ကြသည်။

သူ့မျက်လုံးတွေက ကျောက်တောင်ပူစာလေးဆီကို ရောက်သွားခဲ့သည်။ မည်သည့်အဆီးအတားမှ မရှိ၍ ယင်းဆီကို မြင်ကွင်းက ရှင်းနေသည်။ တစ်ရေးနိုးလာချိန်မှာ အိပ်ရေးက ကောင်းကောင်းဝနေသလို အားအင်ကလည်း ထူးခြားစွာပြည့်နေ သည်။ အထူးသဖြင့် အမြင်အားက ပိုပြီးတော့ကောင်းလာသည်။

ကျောက်တောင်ပူစာလေးဘက်တွင် လှုပ်ရှားမှုများကို သူ တွေ့နေရသည်။ သားကောင်တွေများလား။ ရက်စက်ကြမ်း ကြုတ်ကြသည့် သားရိုင်းကောင်များသည် ဤနေရာတွင် စုဝေး နေကြကာ မထင်မှတ်ဘဲ ဂူထဲကိုဝင်လာပြီး မိမိကိုတိုက်ခိုက်ကြ လျှင် မိုးကြယ်သည့် ဂူထဲမှာ ချောင်ပိတ်မိမှာကို စိုးရိမ်မိသည်။





ထို့ကြောင့် အထုပ်ကို စလွယ်သိုင်းလိုက်သည်။ ဓားကို ...ဘာ ဂူအဝမှာ ခေတ္တရပ်ပြီးတော့ အပြင်ဘက်ကို တစ်ချက် ...ည့်လိုက်သည်။ အန္တရာယ်မရှိနိုင်တော့ဘူးဟု စိတ်ချပြီး ... ဂူအပြင်ကိုထွက်လာခဲ့သည်။

အပင်များ၏အကာအကွယ်ကိုယူကာ ကျောက်တောင် ...ကို တဖြည်းဖြည်းနှင့် ချဉ်းကပ်လာခဲ့သည်။ နီးကပ်လာ ...လေ မသဲကွဲသောစကားပြောသံများကို ကြားလာရလေလေ ...။

ငါးပေလောက်အကွာအဝေးသို့ ရောက်လာသောအခါ ...ရွှာန်များသည် ပိုပြီးတော့ ထင်ရှားလာခဲ့သည်။ ဆက်မသွား ...တော့ဘဲ သစ်ပင်အကွယ်တစ်ခုမှ ရပ်ကာကြည့်လိုက်သည်။

သူမြင်လိုက်ရသည်မှာ တစ်တောင်သာသာခန့်ရှိသော ...ကောင်ကလေးများပင်။ ခန္ဓာကိုယ်ပေါ်တွင် ရှည်လျားသော ...ဓါက်စသေးသေးလေးများကို အထပ်ထပ်ရစ်ပတ်ကာ စည်း ...နှောင်ထားသည်။ ကျပ်စည်းထားကြသလိုပင်။ ချပ်ချပ်ရပ်ရပ် ...လုပြီး လှုပ်ရှားမှုတွေက ဖျတ်လတ်သွက်လက်နေကြသည်။

ခေါင်းထက်တွင် ဆံပင်တွေက ပွရောင်းရောင်းနှင့် ပျား ...အုံပမာ လုံးခဲပြီးတော့နေကြသည်။ မျက်နှာလေးတွေက ကလေး ...မျက်နှာအတိုင်း။ အားလုံး ဆင်တူ အသွင်တူ။ လူလား။ တိရစ္ဆာန် ...သား မပြောတတ်။ တိရစ္ဆာန်မဟုတ်လျှင်လည်း လူသည့်...ဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com



နီးစပ်သော မျိုးနွယ်တစ်ဦးဦးဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆို သော် မည်သည့်တိရစ္ဆာန်ကမှ မိမိ၏ခန္ဓာကိုယ်ပေါ်မှ ဗိုက်တိုင်း များကို လုံခြုံစွာ စည်းနှောင်ထားကြမှာ မဟုတ်ပေ။

ထိုသတ္တဝါလေးများသည် ကျောက်ခွက်ထဲမှ ရေညှိ ရောင်ရေများကို ခွက်သေးသေးလေးဖြင့်ခပ်ကာ သောက်နေကြ သည်။ တစ်ယောက်ကိုတစ်ခွက်သာ သောက်ကြသည်။ မိုး သောက်ကြ။

(ယင်းသည် သစ်သီးတစ်လုံး၏အပေါ်ယံအခွံကို ခွက်အ ဖြစ် အသုံးပြုကြခြင်းပင်။)

ထိုသတ္တဝါလေးများသည် နှစ်ဆယ်ဦးခန့် ရှိကြလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် (လူသားဆန်ကြသူများဖြစ်၍ ဤ သို့သုံးနှုန်းပါသည်) ပြောနေကြသည့်စကားများမှာ သေးငယ် ရှုပ်ထွေးသောအသံများ ဖြစ်ကြသည်။ အနီးစပ်ဆုံးဥပမာပြရလျှင် ကာလယ်ကုလားလူမျိုးများပြောကြသည့် အသံများပမာပင် လျှာလိပ်သံများ ပါနေကြသည်။ အဓိပ္ပာယ်ကို နားမလည်။ တစ်ခဏအကြာတွင် သူတို့သည် တောတွင်းတစ်နေရာကို ထွက် သွားခဲ့ကြသည်။

မိုးကြယ်သည် အံ့အားတသင့်ဖြင့် မျက်စိတစ်ဆုံးကြည့် ကာ ကျန်ရစ်ခဲ့လေသည်။

(နောင်နှစ်ပေါင်းများစွာကြာခဲ့သည်အထိ ယင်းလူနှင့်





ဆင်ဆင်တူသော သတ္တဝါသေးသေးလေးများကို အမှတ်ရ နေဆဲ။ သူတို့သည် မည်သူမည်ဝါဖြစ်ကြသည်ကို ယနေ့ထက် တိုင် အဖြေရှာမရဘဲ ရှိနေသည်။)

သည့်နောက် ဂူဆီကို ပြန်လာခဲ့သည်။ လမ်းတွင် ဘောင်းကင်ယံထက်ဆီကို မော့ကြည့်သည်။ ခုနစ်စဥ်ကြယ်ပင် အမြဲထောင်လျက်ရှိနေလေပြီ။ မိုးလင်းရန် လိုသေးသည်။ အိပ် ချင်စိတ်မရှိသော်လည်း မြေပြင်ပေါ် ကျောချလိုက်သောအခါ ချက်ချင်းပင် အိပ်ပျော်သွားခဲ့လေသည်။

✧

မိုးစင်စင်လင်းမှသာ အိပ်ပျော်နေရာက လန့်နိုးတော့ သည်။ ထိုအခါကျမှ ခရီးဆက်ရန် သတိရတော့သည်။ မကြုံဖူး အောင်ပင် အားအင်တွေပြည့်ဖြိုးကာ လန်းဆန်းတက်ကြွနေ သည်။ ညက လူတူသတ္တဝါလေးများ ကို ပြန်ပြီးတော့သတိ သွားမိသည်။

ဤတောကြီးထဲတွင် အဖြေရှာမရသော ထူးခြားဆန်း ကြယ်မှုများနှင့် ပြည့်နှက်နေသည်ဖြစ်ကြောင်းကို မိုးကြယ် မသိခဲ့ နောက်မှသာ ကိုယ်တွေ့ကြုံတော့မှ သိလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဓိကတော့ ထဲကနေ ဖြတ်သွားရလိမ့်မယ်၊ အ
အရာရာ သတိထားပါ၊ မကြုံဖူးတာတွေ ကြုံရလိမ့်မယ်"

ဒေါ်မြမိုက သူ့ကို သတိပေးခဲ့သည်။ ယခုပင်လျှ
ထူးဆန်းမှုတစ်ခုကို ညက ကြုံတွေ့ခဲ့ရလေပြီ။ လူတူသတ္တဝါလေ
များက သူ့အတွက် အဖြေမညှိနိုင်သည့်ပဟေဠိ ပြီးတော
သူ သောက်သုံးခဲ့သည့် ရေညှိရောင်ရေများ၊ မိမိအားအင်
တိုးပွားလာခဲ့သည်မှာ ဤအရည်များကို သောက်သုံးခဲ့မိသော
ကြောင့်ပင်လား။

လူတူသတ္တဝါလေးများသည်လည်း ညက သောက်သ
ခဲ့ကြသည်။ သူတို့သည်လည်း ဤအရည်၏အာနိသင်ကို သိ
သောကြောင့်ပင်လား။

ဂူထဲမှ ထွက်လာခဲ့သည်။ ကျောက်တောင်ပူစာဆီ
လျှောက်သွားသည်။ သေးငယ်သော တောင်နံရံ အပေါက်ထေ
ထဲမှ ရေညှိရောင်ရေများက ကျောက်ခွက်ထဲသို့ တဖြည်းဖြည်းစ
စီးကျနေဆဲ။ သို့သော် ကျောက်ခွက်ထဲတွင် အရည်များက
သာစွာပင် လျော့နေသည်။

ညက လူတူသတ္တဝါလေးများက သောက်သွားခဲ့ကြ
သောကြောင့် ဤမျှလျော့သွားခဲ့ရသည်ဟု သဘောပေါက်
သည်။ သူတို့လိုပင် အခြားသူများကလည်း လာရောက်၍
သောက်သုံးကြဘူးလား။ ဤအတွေးများကို ဖြတ်တောက်





ထိုက်သည်။ ပို၍နက်ရှိုင်းသော တောနက်ထဲကို ရောက်လာခဲ့
သောကြောင့်ပင်။

'ဖြော ဖြော ဖြော ဖြော'

မိုးကြယ်၏ လျှောက်လက်စခြေလှမ်းများသည် ရပ်တန့်
သွားခဲ့ရသည်။ ထွက်ပေါ်လာသော အသံများကြောင့်ပင်။ တော
သံလား၊ အပင်ကြီးများ၏ လှုပ်ခတ်သံလား။ တောတိုးသံ
လျှင် ဤမျှကြီးမားသောအသံသည် တောဆင်ရိုင်းများပင်
ဖြစ်ရလိမ့်မည်။ ထို့ကြောင့် သတိထားကာ စောင့်ကြည့်နေမိသည်။

'ဖြော ဖြော ဖြော ဖြော'

အသံက ထပ်ပြီးတော့ ပေါ်လာခဲ့ပြန်သည်။ သူ့မျက်လုံး
က ခပ်လှမ်းလှမ်းရှိ ချုံကြီးတစ်ခုဆီကို ရောက်သွားခဲ့သည်။
ချုံကြီးသည် လက်ခုပ်တစ်ဖောင်မက မြင့်မားလှသည်။ အငြိမ်မ
နေဘဲ လှုပ်ခါယမ်းနေသည်။ အကောင်ကြီးတစ်ကောင်ကောင်
တော့ ယင်းချုံ၏နောက်ကွယ်မှာ ရှိနေလေပြီ။

ခါးကိုမထုတ်သေးဘဲ အခြေအနေကို စောင့်ကြည့်နေမိ
သည်။ မိမိက ရှေ့ကိုတိုးသွားခဲ့လျှင် ချုံထဲမှ ရုတ်တရက်ထွက်
လာပြီးတော့ တိုက်ခိုက်လေမလားဟု။

'ဖြော ဖြော ဖြော ဖြော'

ထပ်မံထွက်ပေါ်လာသောအသံနှင့်အတူ ချုံကြီးက လှုပ်
ခါသွားခဲ့ပြန်သည်။ ထို့နောက် ငြိမ်သွားပြန်သည်။ ချုံကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ သူ ဖြတ်ကျော်သွားရမည်ဖြစ်သည်။ စောင့်မနေနိုင်တော့ စိတ်မရှည်တော့။ ဓားကိုဆွဲထုတ်ကာ ချုံဆီကို တဖြည်းဖြည်းနှင့် တိုးကပ်သွားသည်။ ချုံဘေးမှကပ်ပြီး တစ်ဖက်ကိုရောက်သွားသည်။ သူတွေ့လိုက်ရသည်က **ရုပ်တုကြီးတစ်ခု**။ ဆိုရလျှင် **ကျောက်သားရုပ်တုကြီး** ဆိုလျှင် ပိုပြီးတော့ မှန်ပေလိမ့်မည်။

ရှည်လျားသောဆံပင်များသည် ကျောဘက်မှာ ဖြန့်ဝဲပြီးကျနေသည့်ဟန်။ ထူထပ်သော မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကအစ အနုစိတ်မွမ်းထားသည်။ ထူထဲသောအဝတ်အစားများကို ဝတ်ဆင်ထားပြီး စောင်တစ်ထည်ကိုလည်း တစ်ကိုယ်လုံးလုံးအောင် ခြုံထားသည်။ မတ်တတ်ရပ်အနေအထားရှိပြီး ရင်ညွန့်တွင် လက်ဝါးနှစ်ဖက်ကို လှန်ပြီးထပ်ထားသည်။ မျက်လုံးတွေကိုတော့ မှိတ်ထားလေသည်။

''ဩော် ... သူတော်စင်ရုပ်တုကြီးပဲ၊ ကိုယ်ပေါ်မှာလည်း ချုံကထွက်လာတဲ့ အရွက်အခက်တွေက ကိုယ်ကိုရစ်ပတ်နေကြတယ်၊ ဒီကျောက်ရုပ်ကြီးက မလှုပ်ရှားနိုင်ဘဲနဲ့ ဘယ်လိုကြောင့် ချုံကလှုပ်သွားခဲ့ရပါလိမ့်''

သူ စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ မိုးကြယ် အေးခဲတောင့်တင်းနေရသော ရုပ်တုကြီး၏လက်ဖဝါးကို ကိုင်မိသည်။ တကယ်ပင် ကျောက်သားအတိ။ အတွေ့အထိက အေးစက်မာကျောလှသည်။





မည်သူတွေက မည်သည့်အကြောင်းကြောင့် ဤရုပ်တုကြီးကိုထုလုပ်ပြီး ဤနေရာမှာ ထားရှိခဲ့ကြသလဲ မသိနိုင်ပါ။

မိုးကြယ်က ရုပ်တု၏လက်ကို ကိုင်မိလိုက်စဉ်မှာ ကျောက်ရုပ်ကြီး၏ကိုယ်ထဲ၌ ထူးခြားမှုတစ်ခု ဖြစ်သွားခဲ့သည်။ ညင်သာလွန်းသောကြောင့် မိုးကြယ် မသိလိုက်။ မိုးကြယ်သည် ရုပ်တုကြီး၏ကိုယ်မှာ ရစ်ပတ်နေကြသော အရွက်၊ အခက်အသက်များကို ဖြတ်တောက်ဖယ်ရှားပေးလိုက်သည်။

''ကဲ ... ခုမှပဲ ရှင်းရှင်းလင်းလင်းဖြစ်သွားခဲ့တော့တယ်''

ရုပ်တု၏ကိုယ်ပေါ်မှာ ကပ်နေသောဖုန်များကို တဘက်တစ်ထည်ဖြင့် ပုတ်ခတ်ကာ ဖယ်ရှားပေးလိုက်သေးသည်။ ထို့နောက် ...

''သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ဦးမို့ တလေးတစားနဲ့ ထုလုပ်ထားခဲ့ကြတာ ထင်ပါရဲ့၊ သက်ရှိထင်ရှားဘဝနဲ့ ဘယ်ကိုထွက်သွားလို့လဲ၊ သေသွားလို့လား။ တောပဲထွက်သွားခဲ့တာလား''

မိုးကြယ်သည် ရုပ်တုကို ကြည်ညိုစိတ်ဖြစ်ပေါ်လာခဲ့သည်နှင့် မတ်တတ်ရပ်လျက်ကပင် လက်အုပ်ချီလိုက်သည်။ ထို့နောက် နေရာက ထွက်သွားခဲ့လေသည်။

''ရုပ်တုကြီးတစ်ခုတည်းရှိသော ချုံထဲမှာ တကြောကြောနဲ့

www.burmeseclassic.com



အသံတွေထွက်လာပြီး ဘာဖြစ်လို့ လှုပ်ရှားသွားခဲ့ရတာပါလိမ့်”

လမ်းမှာ တွေးလာခဲ့သည်။ အဖြေက မပေါ်။

“သားကောင်တစ်ကောင်ကောင်ရှိနေပြီး ၎င်းအနားကို ရောက်လာမှ ထွက်ပြေးသွားခဲ့တာလား”

မိုးကြယ်ထွက်သွားပြီး တော်တော်ကလေးအကြာတွင် ရုပ်တုကြီးမှာ ထူးခြားမှုများဖြစ်လာခဲ့ရသည်။ ခြေလက်တွေ လှုပ်ရှားလာသည်။ မျက်ခွံတွေလည်း လှုပ်ရှားလာခဲ့သည်။ ထိုမှတစ်ဆင့် ကိုယ်ထည်သည်လည်း လှုပ်ရှားလာခဲ့လေသည်။ တကယ်တော့ ရုပ်တုမဟုတ်ပါ။ **ဝိဇ္ဇာလမ်းကိုလိုက်ရန် ခက်ခဲသောကျင့်ကြံအားထုတ်မှုကိုပြုနေသော သူတော်စင်တစ်ဦးသာ။**

စပြီး ကျင့်ကြံအားထုတ်သည့်အချိန်ကစပြီး ယခုအချိန်အထိ နှစ်ပေါက်ခဲ့ပြီဖြစ်သည်။ သူ၏ထူးခြားသော သန္နိဋ္ဌာန်ကျင့်စဉ် ကြောင့် ခန္ဓာကိုယ်သည် ကျောက်သားပမာ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ ပြောင်းလဲသွားသော ဓာတ်သဘာဝတစ်ခုကြောင့် ဆံပင်၊ ကိုယ်ပေါ်မှ အဝတ်အစားများသည်လည်း မာကျောသွားခဲ့ရလေသည်။

ခန္ဓာကိုယ်ထဲမှာ လည်ပတ်နေသော သွေးများသည်လည်း ပုံမှန်ပင်ရှိနေသော်လည်း နှလုံးခုန်နှုန်းမှာ နှေးကွေးသွားခဲ့သည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသည့် ဓာတ်ကြီး



လေးပါးကလည်း **အတွင်းခန္ဓာ** ကိုမသိမသာပင်ပြုပြင်ပေးနေသည်။

အကျင့်တစ်ခုကိုကျင့်နေသော သူတော်စင်သည် သတ်မှတ်ချိန် ရှိသည်။ အတိုင်းအတာတစ်ခုထက် ပိုပြီး ကျော်လွန်သွားခဲ့ပါက အသက်ဆုံးရှုံးမှု ဖြစ်ပေါ်လာနိုင်သည်။ မိမိပြန်သည်နိုးထရမည့်အချိန်တွင် တစ်ယောက်ယောက်က အသားကိုလာပြီးတော့ ထိကိုင်ရမည်။ သို့မှသာလျှင် လှုပ်ရှားသက်ဝင်လာနိုင်သည်။ သို့မဟုတ်က ခန္ဓာကိုယ်သည်ပုပ်သိုးသွားကာ မိမိလည်း သေဆုံးသွားရမည်မှာ ကေန်ပင်။

လူသားတစ်ဦးက မိမိကို လာရောက်ထိကိုင်ရမည်မှာ ဖြစ်နိုင်ခဲသောကိစ္စပင်။ တိုက်ဆိုင်ခဲသည်။

ယခုတော့ …

သူတော်စင်ကြီး၏ မျက်လုံးများ စတင်ပြီး ပွင့်လာသည်။

သည့်နောက်မှာတော့ …

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## (၉)

## အစွယ်ဖွေးဖွေးနှင့် အန္တရာယ်ကောင်များ

မိုးကြယ်သည် သွားရင်း၊ နားရင်း ခရီးက တွင်လာခဲ့သည်။ မောပန်းခြင်း မဖြစ်၊ ဆာလောင်မွတ်သိပ်ခြင်း မရှိ၊ စဉ်းစားဉာဏ်ရှိသူမို့ ပြန်တွေးမိသော် ရေညှိရောင်ရေကို သောက်ခဲ့သောကြောင့်ပဲလားဟု။

တောတောင်တွေထဲမှာ ကျောက်သွေးဟု ထူးခြားသော အာနိသင်ရှိသည့်အရည်များ ရှိတတ်သည်ဟု ကြားဖူးသည်။ ယင်း **ကျောက်သွေးရည်** ကို သောက်သုံးပါက အနာရောဂါ ကင်းရှင်းသည်၊ အာဟာရဖြစ်စေသည်၊ အသက်ရှည်သည် စ သည့်အကျိုးထူးများ ရရှိသည်ဟု ဆိုကြသည်။





ယခု မိမိသောက်သုံးခဲ့သော ရေညှိရောင်အရည်သည် ရှားကဲသော သဘာဝစွမ်းအင်များ ဖြည့်တင်းထားသော ဆေးဘက်ဝင်အရည်တစ်မျိုးလော။ သောက်သုံးပြီး သိသာခဲ့ရသည်ကတော့ အမှန်ပင်။ ကိုယ်ပေါ်မှာဖြစ်ပေါ်နေသော ခံစားချက်များကြောင့် ငြင်းမရနိုင်။

လူတူသတ္တဝါလေးများ က ထိုအရည်ကို တစ်ဦးကို တစ်ခွက်စီ သောက်သုံးခဲ့ကြသည်။ သူတို့သည် ဤအရည်၏ အာနိသင်ကို သိထားကြသူများ ဖြစ်ကြသည်။ သူတို့ မည်သည့်နေရာတွင် နေထိုင်ကြမှန်းမသိ။ ရှားပါး၍ ပျောက်ကွယ်လုနီးပါး ရှိနေကြသော သတ္တဝါတစ်မျိုးပင်လား။ နောက်ထပ်ကော တွေ့နိုင်ဦးမလား။ **အဝိကတောကြီး** ထဲက သူ မထွက်နိုင်သေးသမျှ သူတို့ကို တွေ့ဆုံနိုင်စွမ်းရှိလိမ့်ဦးမည်ဟု ထင်မိသည်။

သမင်၊ ဒရယ်၊ ချေ၊ မျောက်စသောသားကောင်များသည် အဝိကတောထဲမှာ သွားလာလှုပ်ရှားလျက်ရှိနေကြသည်။ ကြာခဏ တွေ့နေရသည်။ မိမိသည် သူတစ်ပါး၏အသက်ကို အကြောင်းမဲ့သတ်ဖြတ်တတ်သူ မဟုတ်။ သားကောင်တို့၏ အသွေးအသားကို တောင့်တတတ်သူ မဟုတ်။ ဤနည်းဖြင့် အစာအိမ်ထဲဖြည့်တင်းမှုကို မပြုလုပ်။ မိမိအပေါ် ရန်ပြုလာမှသာ အသေအကျေ ပြန်ပြီးတိုက်ခိုက်တတ်သူ။

ခရီးက တွင်လာခဲ့သော်လည်း အဝိကတောကြီးထဲက



www.burmeseclassic.com

www.burmeseclassic.com



မထွက်နိုင်သေး။ သည်လိုနှင့် မိုးက ချုပ်လာတော့မည်။ တော ငှက်ပျောပင်များက ပေါ်များလှသည်။ ငှက်ပျောတစ်ဖီးကို ခုတ် လာခဲ့သည်။ ယခုအချိန်အထိ ဆာလောင်မှု မရှိသေးသော်လည်း လမ်းမှာ တစ်လုံးပြီးတစ်လုံး စားလာခဲ့သည်။ စားတော့လည်း ဝမ်းထဲမှာ လက်ခံလေသည်။ **မစားလည်း ဖြစ်သည်။ စား လည်း ဖြစ်သည်။**

တစ်ညတာနားခိုစရာနေရာကို လိုက်လံရှာဖွေနေ သည်။ ဂူကဲ့သို့သောနေရာမျိုးကို ရှာတွေ့လျှင်ကောင်းမည် အန္တရာယ်လုံခြုံသည်။ အအေးဒဏ်ကအစ ခံနိုင်သည်။ လျှောက် ရင်းသွားရင်း လိုက်လံရှာဖွေနေသော်လည်း မတွေ့ပါ။ ထို ကြောင့် သစ်ပင်ကောင်းကောင်းကိုသာ ရှာရလေတော့သည်။ မြင့်မားပြီး အခက်အလက်အရွက်များ ဝေဆာနေသော အပင်ကြီး တစ်ပင်ကို တွေ့သွားသည်။

"အတော်ပဲ . . . ဒီအပင်ကြီးဟာ ငါ့အတွက် လုံခြုံမှု ပေးနိုင်မှာပဲ"

မိုးကြယ်သည် အပင်ကြီး၏အခြေအနေကို အောက် နေ၍ လေ့လာအကဲခတ်သည်။ တောကြီး၌ မြွေကြီးများ၊ ကျား သစ်များက အပင်ထက်မှာ သွားလာလှုပ်ရှားနေနိုင်ကြသည်။ သူတို့က အန္တရာယ်ကောင်များပင်။

အနည်းငယ် မှောင်ရီပျိုးလာတော့မှ အပင်ကြီးပေါ်





တက်လာခဲ့သည်။ ဝါးနှစ်ပြန်လောက်အမြင့်တွင် သစ်ကိုင်း တုတ်ခိုင်ခိုင်ကြီးနှစ်ခုက ယှဉ်လျက် ခွလွှဲလွှဲအနေအထား မှာ ရှိနေသည်။ တစ်ခုနှင့်တစ်ခုလည်း ထိစပ်နေကြသည်။ လူတစ်ယောက် ကျောခင်းပြီး ကောင်းကောင်းအိပ်နိုင်သည်။ ထိုနေရာကိုပဲ ရွေးချယ်လိုက်လေသည်။

ပါလာသော အထုပ်နှင့်ဓားကို နေရာချပြီး ကျောချ ကာ လှဲကြည့်လိုက်သည်။ သက်သောင့်သက်သာ ရှိသည်။ ဆာ လောင်မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း မဖြစ်ပေါ်သော်လည်း ငှက် ပျောသီး သုံးလေးလုံးကို စားလိုက်သည်။

သည်လိုနှင့် နောက်ကြောင်းကို ပြန်ပြီးတော့တွေးမိ သည်။ ဖခင်ကြီးဦးမောင်းကျော်၊ ခင်ခင်ကြွေ၊ ဒေါ်ခင်မိတို့၏ မျက်နှာအသီးသီးသည် ခေါင်းထဲမှာ စီကာစဉ်ကာပင် ပေါ်လာခဲ့ သည်။ တပ်မက်စွာချစ်ရသောကောင်းသော ခင်ခင်ကြွေကို ပိုင်ဆိုင် ခြင်းအတွက် မိမိသည် ဤနေရာကို ရောက်လာခဲ့ရသည်။ ဒေါ်မြမိုးခိုင်းသောကိစ္စ အောင်မြင်ခဲ့လျှင် ချစ်ရသူ ခင်ခင်ကြွေကို ပိုင်ဆိုင်ပြီဖြစ်သည်။

"ကိုယ် ကိစ္စပြီးရင် ကြွေ့ဆီကို အမြန်ဆုံး ပြန်လာခဲ့မယ် ကြွေ"

ခင်ခင်ကြွေ၏ အတွေ့ထူးသော ချစ်အာရုံကို ခံစားရင်း မျက်တောင်များ စင်းကျလာကာ အိပ်ပျော်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သလဲ မသိ။ နှာခေါင်းထဲတွင် ထူးခြားသောအနံ့အသက်မျိုးကို ရနေသလိုပင် မွှန်နေအောင်ရနေသော အနံ့။ အသီး၏ချဉ်သိုးနေသော အနံ့မျိုးဟု ခံစားမိသည်။ ထို့အပြင် ...

'ရှူး ရှူး ရှူး ရှူး'

ပြင်းပြသောအသက်ရှူသံမျိုးကို ကြားနေရသည်။ အနားမှာ ကပ်လျက်ထွက်ပေါ်လာသည့် အသံမျိုး။ အပင်ထက်မှာ သတ္တဝါတစ်ကောင်ကောင်တော့ ရှိနေပြီဟု သိလိုက်သည်။ အသက်ရှူသံသည်လည်း အနီးမှာကပ်ပြီးတော့ ထွက်ပေါ်လာခဲ့သည် ဖြစ်ရကား ယင်းသတ္တဝါသည် မိမိနှင့် အနီးကပ်ဆုံးနေရာမှာ ရှိနေသည်ဟု နားလည်မိလိုက်စဉ်တွင် ရင်ထိတ်သွားခဲ့ရသည်။

ဓားကို လက်နှင့်ဆုပ်ကိုင်မိသည်။ သို့သော် အနီးမှာရှိနေသော သတ္တဝါသည် ရန်မူနိုင်သူလား။ သွေးအေးသတ္တဝါလား မသိရ၍ အကြောင်းမဲ့မတိုက်ခိုက်ချင်။ မှားသွားမှာကို စိုးရိမ်မိသည်။ ထို့ကြောင့် ပိတ်ထားသောမျက်ခွံတွေကို တဖြည်းဖြည်းနှင့် ဖွင့်ကြည့်မိလိုက်သည်။

မှုန်ဝါးဝါးအလင်းရောင်အောက်တွင် သူတွေ့လိုက်ရသည်ကား တစ်ကိုယ်လုံး မည်းနက်နေသော အကောင်ကြီးတစ်ကောင်။ မျက်လုံးနှစ်လုံးက ကြီးမားပြီး ရဲရဲတောက်နေကြသည်။





...က အကြီးကြီး။ ပါးစပ်ကြီးကလည်း ပြဲနေသည်။ ပါးစောင်...မှ အစွယ်များက ထွက်နေကြသည်။ အစွယ်တစ်ချောင်း...ချောင်းသည် နှစ်လက်မခန့် ရှည်သည်။

နှာတံကလည်း ဝိဝိပြားပြားနှင့်၊ နှာခေါင်းပေါက်ကြီးတွေ...သည်း ကျယ်လှသည်။ ထူထဲသောအမွေးအမှင်များကို ပိုင်ဆိုင်...သော သတ္တဝါကြီး။ မိုးကြယ်၏ရှေ့ရှိ သစ်ကိုင်းပေါ်မှာ...ကျောင့်ကြောင့်ကြီးထိုင်လျက် ရှိနေသည်။

ဤမျှလောက် ပုံပျက်ပန်းပျက်နိုင်လှသော သတ္တဝါကြီး...မြင်လိုက်ရသောအခါ မည်မျှပင်သတ္တိကောင်းသောသူ ဖြစ်...ကာမူ ကျောချမ်းသွားခဲ့ရသည်မှာ အမှန်။ ထို့ပြင် မိုးကြယ်နှင့်...မှ နီးကပ်နေပြီး ချဉ်သိုးသိုးအနံ့ဆိုးကြီးကလည်း ထိုသတ္တဝါ...ကြီးဆီက ထွက်ပေါ်နေသည်။ ကိုယ်နှင့်လိုက်ဖက်သော အပြု...မှုက ပြင်းပြသောအသက်ရှူသံများပင်။

(ယင်းသတ္တဝါကြီးကို မိုးကြယ်က စက္ကန့်ပိုင်းအတွင်းမှာ...လာမှတ်သားမိလိုက်ခြင်းပင်)

ဘာမှန်းမသိသော ထိုအကောင်ကြီးသည် မိုးကြယ်ကို...စိုက်ပြီးတော့ကြည့်နေရာက လက်နှစ်ဖက်က မိုးကြယ်၏...ည်ပင်းဆီကို ဆတ်ခနဲရောက်အလာ၊ ချွန်ထက်သောလက်...သည်းကြီးတွေက လည်မျိုကိုဖောက်ဝင်သွားပြီးမှ လည်ပင်းကို...ညှစ်ထားခြင်း ခံရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မိုးကြယ်သည် ကျရောက်လာခဲ့ပြီဖြစ်သော အန္တရာယ် ကြောင့် မထင်မှတ်သောလှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်ေ သည်။

'ခွပ်'

'ဘုတ်'

လက်သီးတစ်လုံးက မျက်နှာနှင့် ရင်ညွန့်ဆီကို ဆက် တိုက်ဝင်သွားခဲ့သည်။ သို့သော် သတ္တဝါကြီးဆီက ညည်းညူသ တစ်ချက်ပင် ထွက်ပေါ်မလာ။ ပြင်းထန်စွာကျလာသော လက် သီးဒဏ်ကြောင့် လွင့်ထွက်သွားခဲ့သည်။

'ဖရော ဖရော ဖြောင်း ဖြောင်း'

လွင့်သွားလိုက်သမျှ အပင်ကြီး၏ အကိုင်းအခက်များ ကိုပင် ကျိုးပြတ်သွားစေကာ အပြင်ဘက်ကိုပင် ရောက်ရှိသွား သည်အထိ မိုးကြယ်သည် တွေ့ကြုံလိုက်ရသော အခြေအနေ ကြောင့် အံ့အားသင့်သွားခဲ့ရသည်။ မယုံကြည်နိုင်စရာပင်တည်း

သူ့ကိုရန်မူတော့မည်မို့ ခွန်အားကိုသုံးကာ တိုက်ခိုက် လိုက်ရသည်။ သို့စဉ်လျက် သူ့လက်သီးသည် ဤမျှအထိ ပြင်း ထန်သွားခဲ့လေသလား။ အားတော့ သုံးမိလိုက်သည်။ ဤအား သည် သတ္တဝါကြီးကို အဝေးသို့ လွင့်ထွက်သွားစေသည်အထိ တော့ မဖြစ်နိုင်။





"ဆန်းတော့ဆန်းတယ်၊ ငါ့လက်သီးကြောင့်လား။ ငါက က်ခိုက်လို့ သူကပဲ နောက်ကန်ပြီးတော့ ထွက်ပြေးသွားခဲ့တာ ပြီးတော့ ဘာကောင်ကြီးမှန်းလည်း မသိဘူး။ ငါ ထိုး တ်လိုက်တာတောင် အော်သံက ထွက်မလာဘူး"

ပတ်ဝန်းကျင်သည် ငြိမ်သက်သွားခဲ့ပြန်သည်။ သူ့ စိတ် ရဲ့တော့။ အမျိုးအမည်မသိ သတ္တဝါကြီးသည် နောက်ထပ် ရောက်လာလေဦးမလားဟု သတိထားနေရသည်။ တစ်မေး ဘက် ကောင်းကောင်းအိပ်လိုက်ရသည်နှင့် အိပ်ရေးကလည်း သွားသလို။ သို့သော် ဓားကို ဘယ်လက်မှညာဘက်သို့ပြောင်း ပြီး ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။ သတိထားလျက် ပင် မျက်ခွံတွေက လေးလံလာခဲ့ပြန်သည်။

"ငါ မအိပ်ရဘူး ... မအိပ်နဲ့၊ မအိပ်နဲ့"

အားတင်းကာ ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်သေး သည်။ သို့သော် မရပါ။ နောက်ဆုံးမှာတော့ ဘယ်လိုမှတင်း တော့။ သတိထားလျက်ကပင်လျှင် မေ့ခနဲဆိုဖြစ်ကာ အိပ် ပျော်သွားခဲ့လေတော့သည်။ လောကကြီးနှင့်လည်း လုံးဝ အ က်ပြတ်သွားသလို ဖြစ်သွားခဲ့ရလေသည်။

✧



www.burmeseclassic.com

www.burmeseclassic.com



မိုးကြယ် ဆတ်ခနဲဆို လန့်နိုးလာခဲ့ရပြန်သည်။

"ဟော့ကောင် ... ထ မြန်မြန်"

အနီးကပ် ကိုယ်ကိုလှုပ်နှိုးပြီး တစ်ဦးတစ်ယောက်
ပြောလိုက်သလို လက်ကလည်း ဓားအိမ်ကို ဆုပ်ကိုင်မိလို
သည်။ ဝန်းကျင်သည် မှောင်နေသေးဆဲပင်။ သို့သော် အ
ကောင်းသောကြယ်ရောင်များက ထူးခြားစွာ လင်းလက်တော
ပနေသောကြောင့် မြင်ကွင်းက အနည်းငယ်ပိုပြီးတော့ ပြတ်သာ
လာခဲ့သည်။

သို့သော် အလင်းရောင်သည် ထူထပ်သောအပင်ကြ
များ၏အပေါ်ကို ကျရောက်ရင်း အနိုင်နိုင်ပင် ထိုးဖောက်နေ
သည်။ အရွက်များအကြိုအကြားမှ အောက်ကို ယိုစီးပြီးတေ
ခပ်ပါးပါးမျှလောက်သာ ရောက်လာသည်။

အန္တရာယ်ရန့်ကို မိုးကြယ် ရလိုက်သည်။ မသိစိတ်
သူ့ကို အလိုလိုပင် လှုံ့ဆော်လိုက်ခြင်းပင်။ ထိုအခိုက် ...

'ဖရော ဖရော ဖရော'

ရုတ်တရက် ထွက်ပေါ်လာသော အသံ၊ သစ်ရွက်မှ
ကို တိုးဝင်ကာ တစ်ဦးဦးက သူ့ဆီကိုလာနေပြီဟု ထင်မိလို
သည်။ သူသည် ဓားကို အိမ်ထဲက ချက်ချင်းပင် ဆွဲထုတ်လို
သည်။





ရုတ်တရက် ခုန်ဝင်လာသည့် သဏ္ဍာန်ကြီးတစ်ခု။

သူ့ဆီကို ခုန်ဝင်လာသည်။ အရှိန်မှာ မြန်ဆန်လွန်းလှ
သည်။ ရိပ်ခနဲ ဖြင့်သာ မြင်လိုက်ရသည်။

'ဝှစ် ရှပ်'

ဓားချက်က လျှပ်ပြက်လိုက်သည့်ပမာ သွက်လက်မြန်
ဆန်သွားသည်။ သတ္တဝါကြီး၏ကိုယ်ကို ထိသွားသည်။ ခြေကား
သား၊ လက်ကားယားနှင့် တွန့်လိမ်ကောက်ကွေးသွားသည်။
ထို့နောက် အပင်ထက်မှ အောက်ကိုပြုတ်ကျသွားခဲ့သည်။

'ဘုံး'

စောစောက သူ့ကိုတိုက်ခိုက်ခဲ့သည့် အကောင်မျိုးပဲ
ဖြစ်သည်။ ဤသတ္တဝါပဲလား၊ အခြားတစ်ကောင်ကောင်ပဲလား။

မိုးကြယ်ရှိနေသော အပင်ကြီးသည် တသိမ့်သိမ့်တုန်
လျက် ရှိသည် ညီးမည်းသဏ္ဍာန်များသည် အပင်တစ်ပင်မှ
တစ်ပင် ခုန်ကူး၍ မိုးကြယ်ရှိနေသောအပင်ကြီးဆီကို ရောက်
ရောက်လာကြသည်။ မိုးကြယ်သည် တိုင်နေ၍မဖြစ်တော့။ ဓား
တိုင်လျက်နှင့် မတ်တတ်ရပ်လိုက်ရသည်။

'ဖရော ဖရော ဖရော ဖရော'

သဏ္ဍာန်တစ်ခုက အပင်ကြီး၏အမြင့်ပိုင်းမှ ခုန်ဆင်း
လာခဲ့သည်။ တစ်ဦးက ကျောဘက်မှဝင်လာသည်။ သူ့ကို
ချွန်ထက်သော လက်သည်းရှည်ကြီးများဖြင့် တိုက်ခိုက်ရန် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားသည်။ တစ်ဦးက အစွယ်ဖွေးဖွေးထနေသော ပါးစပ်ကြီးကိုဖြဲကာ မိုးကြယ်၏လည်မျိုကို ကိုက်ခဲဖို့ ပြင်ဆင်ထားသည်။ တစ်ပြိုင်တည်းလိုလို ဝင်လာပုံများမှာ မြန်ဆန်လွန်းလှသည်။

သို့သော် မိုးကြယ်ကလည်း သွေးပူလာခဲ့ပြီဖြစ်၍ ...

'ဖွစ် ရှပ်'

'ဖွစ် ရှပ်'

အပေါ်မှ ကျလာသူရော၊ ကျောဘက်မှ ဝင်လာခဲ့ကြသူပါ ဓားချက်တွေကို လုပစွာ ခံစားသွားခဲ့ကြသည်။ ခန္ဓာကိုယ်က အပိုင်းပိုင်းပြတ်ထွက်သွားခဲ့လေရာ အပင်အောက်ကို တဖုတ်ဖုတ်နှင့် ပြုတ်ကျသွားခဲ့ကြလေသည်။

မိုးကြယ်သည် ဤဓားကို ယခုမှပင် အသုံးပြုမိသည်။ ဓားက သူ မထင်မှတ်လောက်အောင်ပင် အစွမ်းထက်နေသည်ကို လက်တွေ့ သိရသည်။

တစ်ဦးပြီးတစ်ဦး ဝင်လာကြသူများသည် ပြင်းပြသော အသက်ရှူသံများဖြင့် ဒေါသခက်ထန်လျက်ရှိနေကြသည်။ မျက်နှာကြီးတွေကလည်း ပိုပြီးတော့ ကြောက်မက်ဖွယ်အသွင်ကို ပြောင်းလဲသွားခဲ့ကြသည်။ လူ၏ မျောက်ဝံများ မဟုတ်ကြသည်ကတော့ ကျိန်းသေသည်။ ဘီလူး သဘာက်များအသွင် ကြမ်းတမ်းရိုင်းစိုင်းလွန်းလှသည်။ မိုးကြယ်တစ်ကိုယ်လုံးကို တစ်စစီဖြစ်အောင် ဆုတ်ဖြဲပစ်နိုင်လောက်သည်အထိ ခွန်အားသတ္တိ





ရှိနေကြပုံပေါ်သည်။

"သေမထူး နေမထူးပဲဟေ့ ... မင်းတို့ကို ငါမကြောက်ဘူး လုံးလုံးဂရုမစိုက်ဘူး"

မိုးကြယ်သည် အော်ဟစ်ကြွေးကြော်လိုက်ကာ ဓားရေးပြလိုက်သေးသည်။ ခြေထောက်နှစ်ချောင်းကလည်း သစ်ကိုင်းနှစ်ခုပေါ်မှာ မြဲမြဲစွာပင် ကော်နှင့်ကပ်ထားသလို ရပ်နေသက်။ သူ့ဆီကို ရှေ့၊ နောက်၊ အပေါ်မှ ဝင်လာခဲ့ကြသော အကောင်များကို တရစပ် မွှေနှောက် ပတ်ချာလည်ဝှေ့ယမ်းကာ ခုတ်ခိုက်လျက်ရှိသည်။ ဓားချက်တိုင်း ထိသည်။

တစ်ပိုင်းစီ၊ တစ်ခုစီ ပြတ်တောက်ထွက်သွားခဲ့ကြသည်။ အော်သံ၊ ဟစ်သံ၊ ညည်းညူသံ တစ်ချက်ထွက်မလာကြ။ အောက်ကိုသာ တဖုတ်ဖုတ်နှင့် ပြုတ်ကျသွားခဲ့ကြသည်။

ထို့နောက် ချက်ချင်းလိုလိုပင် လှုပ်ရှားမှုများက ရပ်တန့်သွားခဲ့ကြ သည်။ အသံဗလံများက ဆိတ်သုဉ်းသွားခဲ့ကြသည်။ ခန်းကျင်သည် ချောက်ချားဖွယ်ကောင်းအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားခဲ့လေသည်။ မိုးကြယ်ဆီကို နောက်ထပ် ဘယ်သူမှ ရောက်မလာကြတော့။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## ပျောက်နေသောရွာ

မနက်မိုးထိန်ထိန်လင်းမှသာ မိုးကြယ် သစ်ပင်အောက်ကို ဆင်းလာခဲ့သည်။

အမျိုးအမည်မသိ သတ္တဝါကောင်များက သူ့ကို အုံနှင့်ကျင်းနှင့် ဝိုင်းပြီးတော့တိုက်ခိုက်ကြသည်။ ပြန်ပြီးတိုက်ခိုက်သော သူ၏စွမ်းအားကလည်း မထင်မှတ်အောင်ပင် ထက်မြက်လွန်းလှသည်။ ဤနေရာတွင် လျင်မြန်မှုနှင့် ဓားသိုင်းပညာက သူ့ကို အထောက်အပံ့ပြုသည်။ အသက်ကို ကယ်တင်သွားခဲ့သည်။

အပင်အောက်ကိုရောက်သောအခါ အံ့အားသင့်သွားမိသည်။ ညက သူခုတ်ချလိုက်သော သတ္တဝါများကို မတွေ့ရတော့





...ကောက်များလည်း စွန်းထင်းတင်ပြီးတော့ မကျန်ရစ်ခဲ့ကြ။ ...ယ်ရောက်ကုန်ကြပြီလဲ။ စဉ်းစားသော်လည်း အဖြေက မပေါ်။

“ဟယ် ဖြစ်ချင်ရာဖြစ် . . . ဦးနှောက်အစားမခံဘူးဟေ့”

ဖြစ်ပြီး၊ ကြုံပြီးခဲ့သမျှကို မေ့ဖျောက်ပစ်လိုက်သည်။ ...ည်ဖွအဆုံး ဓားကိုပင် သွေးကစွန်းထင်မနေ။ လျှောက်သွားရင်း ...ချောင်းလေးတစ်ခုကို တွေ့သည်။ မျက်နှာသစ်ရန်ပြင်လိုက် ... တည်ငြိမ်နေသောရေပြင်ပေါ်တွင် သဏ္ဍာန်တစ်ခုက ပေါ် ...ပြီး ချက်ချင်းလိုလိုပင် ပျောက်ကွယ်သွားခဲ့သည်။

“ဟင် . . . ငါပဲ မျက်စိမှားသလား”

သူ အံ့အားသင့်သွားခဲ့ရသည်။ သူ အမိအရ မှတ်သား...လိုက်ရသည်က တောတွင်းတစ်နေရာမှာ တွေ့ခဲ့ရသော ...ကျောက်သားရုပ်တုပင်။ သူတော်စင်ရုပ်တု၏ မျက်နှာကိုလည်း ... အသေးစိတ်ပင် မှတ်မိထားသည်။ ယခု ရေပြင်ပေါ်မှာ ...ပေါ်လာသော အသွင်သဏ္ဍာန်သည်ကား ထိုသူတော်စင်ကြီး ...။

“စိတ်ထဲမှာထင်တာပဲ ဖြစ်မှာပါလေ”

ထို့နောက် စိတ်ထဲမှာ ဖျောက်ဖျက်ပစ်လိုက်ပြီး မျက်နှာ...စ်က နေရာမှထွက်လာခဲ့သည်။ သူသည် အဓိကတောကြီး...မှာပင် ရှိသေးသည်။

နေ့ဘက်တွင် တောက ထူးခြားမှုမရှိဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





ယခု နှစ်ညအိပ်ခဲ့ပြီးပြီ။ ထူးခြားမှုများနှင့် ကြုံတွေ့ခဲ့ရသည် အန္တရာယ်သည်လည်း ညဘက်မှာမှ ရောက်လာတတ်သလာ ဟူ၍ စဉ်းစားမိသည်။

မိမိသာသိထားသော လျှို့ဝှက်ခရီးပင် ဖြစ်သည်။ ဒေါ်မြ မိုက စေလိုရာစေ ခရီးနှင်လိုက်သော်လည်း မိမိကသာ အားကြ ခန္ဓဖြင့် လုံ့လပြုကာသွားရသည်။

(သို့သော် သူမသည် လမ်းမှာ အသက်ကိုထိပါးနိုင်သော အန္တရာယ်များ တွေ့နိုင်သည်ဟု မမှာကြားခဲ့။)

မည်သို့ပင်ဆိုစေ ယောက်ျားကတိ၊ ခရီးဆုံးခန်းတိုင် သည်အထိ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရပေလိ မည်။

မိမိသောက်ခဲ့သော ရွှေသို့ရောင်ဆေးရည်ကြောင့်ပဲ ဖြ မည်ထင်သည်။ ယခုထက်ထိ မောပန်းနွမ်းနယ်ခြင်း မရှိ။ ခွ အားတွေက အသစ် အသစ်တိုးလာသလိုပင်။ ယင်းဆေးရည် သည် အာဟာရဖြစ်စေရုံမက ဆာလောင်မွတ်သိပ်မှုကိုလည် ပြေပျောက်စေသည်။ စားလည်းဖြစ်သည်။ မစားလည်းဖြစ်သည်

ဒေါ်မြမိုက မိမိကို မည်သည့်အစားအစာကိုမှ မပေးလိုက် ပါ။ မိမိကသာ ဖန်တီး၍ ရိက္ခာခြောက်များကို ယူဆောင်လာခဲ့ရ သည်။ အချို့ရွာများမှလည်း အသားခြောက်၊ ကောက်ညှင်းမုန့် မခြောက်များကို တောင်းဝယ်သည်။





သို့သော် သူတို့က မိမိကိုခရီးသွားမှန်းသိကြ၍ စေတနာ ဖြင့် ပေးခဲ့ကြလေသည်။

✧

မိုးကြယ်သည် တစ်ယောက်တည်းခရီးသွားဖူးသော် လည်း ယခုလိုခရီးဝေးဝေးကို မသွားဖူးခဲ့ပေ။ လမ်းမှာ တိုင်ပင် ဖော်တိုင်ပင်ဖက်လည်း မရှိ။ မိမိစိတ်ကူးဖြင့်သာ ဆုံးဖြတ်သည်။ ယခုလို ကြီးမားသည့်အန္တရာယ်မျိုးကိုလည်း မည်သည့်အခါမှ ကြုံဖူးခဲ့။ တောကလည်း ပိုပြီးတော့ ထူထပ်လာသည့်အတွက် သတိကြီးစွာပင် ထားနေရသည်။ တောကောင်ရိုင်းကြီးများ၏ အန္တရာယ်ကို မထင်မှတ်ဘဲ ကြုံတွေ့နိုင်သည်။

တစ်နေရာကိုအရောက်တွင် လွန်စွာမွှေးကြိုင်သော အနံ့အသက်ကို ထောင်းခနဲဆို ရှူလိုက်မိသည်။ ပန်းတစ်မျိုး၏ ဆိုထုံသောအနံ့မျိုးပင်။ တဒင်္ဂအတွင်းမှာပင် ယစ်မူးရီဝေသွားခဲ့ ရသည်။ ရှေ့ကို ဆက်ပြီးတော့လျှောက်သွားသည်။ ဆွဲဆောင် အားကောင်းသော ဤရနံ့မျိုးကို လွှတ်ထုတ်ပေးသောပန်းသည် ထူးခြားမှုကတော့ ရှိနေသည်။ မည်သည့်ပန်းအမျိုးအစားဖြစ် သေး။



www.burmeseclassic.com

www.burmeseclassic.com



သွားရင်းနှင့် လမ်းမှာ လိုက်ရှာကြည့်မိသည်။ လမ်းမှ
ရော၊ အပင်ကြီးများပေါ်မှာပါ မတွေ့ရပါ။ သို့မဟုတ်က အဝေး
နေ လေနှင့်အတူပါလာသော ရနံ့ဖြစ်နိုင်ဟန် တူသည်။

ထိုစဉ် ရှေ့တူရူတွင် မြူတွေက အနည်းငယ်ဆိုင်းလျ
ရှိသည်။ သူ မြင်လိုက်ရသည်က မိန်းကလေးတစ်စုသည် မြ
တောထဲမှ ဖြတ်လျှောက်ကာ တစ်နေရာကိုထွက်သွားခဲ့ကြသည်

"ဟင် ... လူသွားလူလာ ရှိနေတာပဲ၊ ဒီအနားမှ
ရွာတစ်ရွာများ ရှိနေသလား"

သူ အားတက်သွားခဲ့သည်။ တောထဲမှာ ရွာတစ်ရွာရှ
လောက်မှန်းကာတ်ကြသည်။ ထို့ကြောင့် ခြေလှမ်းတွေက ပိုပြီးတော
သွက်လာခဲ့သည်။ မိန်းကလေးများ၏နောက်ကို အမီလိုက်သည်
သို့သော် မတွေ့ရတော့ပေ။

"ဟင် ... ဘယ်ကိုရောက်သွားခဲ့ပါလိမ့် ... မြန်လိုက်
တာ"

အံ့အားသင့်သွားမိသည်။ တစ်ခဏတော့ ရပ်ပြီးကြည့်
လိုက်သည်။ ဖြတ်လမ်းတစ်ခုခုကနေပြီး ဝင်သွားခဲ့ကြလေသလာ
ဟု ...။

"အဟင်း ဟင်း ဟင်း ဟင်း"

"ခစ် ခစ် ခစ် ခစ်"

ရယ်သံလိုလိုကြားလိုက်ရသည်။ စကားပြောသံအချို့





လည်း မသဲမကွဲ ကြားလိုက်ရသလို။

"ဒီအနားလေးမှာပဲ ရှိနေကြမှာပဲ"

မျက်စိလျှင်လျှင်ဖြင့် ရှာဖွေရင်း လျှောက်လာခဲ့သည်။
ယ်သံ၊ စကားပြောသံများကို မကြားရတော့။ ပန်းရနံ့က တစ်
က် တစ်ချက်မှာ ရောက်ရောက်လာသည်။

အနိမ့်ပိုင်းတစ်နေရာကို လှမ်းပြီးတော့ မြင်လိုက်ရသည်။
လှမ်းလှမ်းတွင် ရွာကြီးတစ်ရွာ။ ရွာပေါ်မှာ မြူတွေက အုံ့ဆိုင်း
နေကြသည်။ တောင်ကုန်းလေး၏ ဆင်ခြေလျှောလမ်းကလေးက
ည်း ထင်နေသည်။

မိန်းကလေးတစ်စုသည် ဤလမ်းအတိုင်း ဆင်းသွားကြ
န်တူသည်။ ခြေလှမ်းတွေက သွက်လက်မြန်ဆန်ကြသည်။
အနောက်ကိုသော်မှ မတွေ့ရတော့။ ယင်းလမ်းကလေးအတိုင်း
င်းလိုက်သွားသည်။ သို့သော် စောစောက လှမ်းပြီးတွေ့လိုက်
သည့်ရွာဆီကို တော်တော်နှင့်မရောက်နိုင်ဘဲ ရှိနေရသည်။

"မဟုတ်သေးပါဘူး ... ဒီရွာကို ရောက်သင့်ပါပြီ"

တောနက်ထဲသို့သာ တိုးတိုးပြီးတော့ ဝင်လာသည်။
ရွာက ပျောက်နေသည်။ သို့သော် နားထဲသို့ လူသံ၊ နွားသံ၊
ွေးသံများက ဝင်လာခဲ့သလို၊ လှည်းသံများကိုပင် ကြားလာခဲ့
သည်။ ရွာကို စောစောက လှမ်းပြီးမြင်လိုက်ရခြင်းသည် အမြင်
ပြီး စိတ်အထင်များလားဟု ထင်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုအသံများကို ကြားနေရခြင်းသည်လည်း ရွာက လှမ်းနေပြီး လေကြောင်းသင့်သောကြောင့် အနီးမှာရှိနေသလို ထင်နေရသည်။ သို့သော် မည်သည့်ကြောင့်လဲတော့ မသိ။ တစ်ခုခုကို သက်ာမကောင်းသလိုပင်။

ထိုစဉ်မှာပင် တော၏ တစ်ကေပတ်လည်လောက်ကို ကွယ်ပြီး **အမှောင်ရိပ်တစ်ခုက ထိုးကျလာသည်။** တိမ်တိုက်မည်းကြီးတစ်ခုကြောင့်ဖြစ်မည်ဟု တွက်ဆမိလိုက်သည်။

အပင်ကြီးငယ်တို့၏ အရွက်အလက်များက မိုးထိုးကာ အကိုင်းချင်းယှက်နေသောကြောင့် ကောင်းကင်ကို သေချာစွာ မမြင်ရ။ ယင်းအနားတစ်ဝိုက်သည် အမှောင်ကျသွားခဲ့ကာ နေဝင်စ မိုးချုပ်ခါနီးအချိန်ပမာ ဖြစ်သွားခဲ့ရလေသည်။ မည်သည့်ကြောင့်လဲမသိ . . . မိုးကြယ်သည့် ရှေ့တိုးရ အခက်၊ နောက်ဆုတ်ရ အခက် ဖြစ်နေသည်။

တစ်နေရာကို ထွက်သွားမည်ပြုသောအခါ . . .

"မသွားနဲ့ . . . အန္တရာယ်ရှိတယ်"

တစ်ဦးတစ်ယောက်က တားဆီးလိုက်သလို ပီသကြည်မြသော အသံတစ်သံကို မမျှော်လင့်ဘဲ ကြားလိုက်ရလေ၏။ လိုက်ကြည့်သော်လည်း မည်သူ့ကိုမှ မတွေ့ရပေ။ စိတ်များ၍ ကြားချင်ရာကိုကြားမိတာလားဟု ထင်မိလိုက်သည်။ သို့သော် သူ၏ခြေလှမ်းတွေက တစ်ဖဝါးမျှပင် မရွေ့လျားခဲ့ပေ။





ထိုစဉ် . . .

'အူး ဝေါင်း ဝေါင်း'

'ဂူး ဂူး ဂူး'

တောထဲမှ ဆင်ရိုင်းများ၏ အော်သံများ၊ ကျားဟိန်းသံများ၊ တောခွေးအူသံများကို ကြားလာခဲ့ရသည်။ ထိုအသံများသည် တဖြည်းဖြည်း ဝေးသွားခြင်းမရှိကြဘဲ ပို၍နီးနီးလာခဲ့လေသည်။ တစ်တောလုံးမှာရှိ သားကောင်ရိုင်းကြီးများသည် တစ်ခဲနက် စုဝေးကာ သူ့ဆီကိုလာနေကြသလို ထင်ခဲ့နေရသည်။

"ဟင် . . . သားကောင်ရိုင်းကြီးတွေရဲ့ အသံပါလား။ တောထဲမှာ တစ်ကောင်စ, နှစ်ကောင်စပဲ တွေ့နေရတာ၊ ခုတော့ တစ်စုတစ်ဝေးကြီးနဲ့ ဘယ်ကနေ ရောက်လာခဲ့ကြတာလဲ"

ဟိန်းဟောက်နေကြသောအသံများက ကြားရသူ သွေးဖျက်စေနိုင်သည်။ ကျောချမ်းစရာကောင်းသည်။ မကြာမီ ခြေသံများကို ကြားလာခဲ့ရသည်။

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

ဆင်ရိုင်းကြီးများ၏ခြေသံများနှင့် တူသည်။ အခြားသတ္တဝါများက ဤကဲ့သို့ ခြေသံမပြင်းနိုင်ကြ။ မြေပြင်ကို ဆောင့်နင်းပြီးတော့ လာနေကြသလိုမျိုး။ ထို့ကြောင့် သိမ့်သိမ့်တုန်ခါလျက်ရှိသည်။ သစ်ပင်ကြီးများသည်ပင် လှုပ်ခါယမ်းနေကြလေသည်။ အော်သံဟစ်သံများကလည်း ပိုပြီးတော့ ဆူညံလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်လာကြသည်။ ပတ်ချာလည်ဝိုင်းကာ ထွက်ပေါ်လာခဲ့ကြသည့် အသံများ။

မိုးကြယ်သည် ဤမျှများပြားလှပြီး တစ်စုတစ်ဝေးကြီးလာနေကြသော တောရိုင်းတိရစ္ဆာန်အပေါင်း၏ အန္တရာယ်ကိုတစ်ယောက်တည်းရင်ဆိုင်တိုက်ခိုက်ရန် မဖြစ်နိုင်။ ထို့ကြောင့် အပင်တစ်ပင်ပင်ပေါ်ကိုတက်ကာ ရှောင်တိမ်းနေရန် ဆုံးဖြတ်လိုက်သည်။ သို့သော် နီးစပ်ရာအပင်ကြီးများပေါ်တွင် ...

'ဖြီး ဖြီး ဖြီး ဖြီး'

''ဟင်''

များပြားလှစွာသော မြွေကြီးများကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ အဆိပ်ရှိသော မြွေဆိုးများပင် ဖြစ်ကြသည်။ မြွေအမျိုးပေါင်းများစွာ ကြီးကြီးငယ်ငယ်တို့သည် ပါးပျဉ်းများကိုထောင်ကာ ဒေါသထွက်နေကြသည်။ မိုးကြယ် အပင်ပေါ်ကို မတက်နိုင်ရန် ဟန့်တားနေကြသလိုပင်။

''အပင်တိုင်း အပင်တိုင်းမှာ မြွေတွေနဲ့ပါလား''

အံ့အားသင့်သွားခဲ့ရသည်။ မည်သည့်အတွက်ကြောင့်ထိုသို့ဖြစ်နေရပါသလဲ။ အခုအချိန်ကျမှ သတ္တဝါပေါင်းစုံနှင့်ရင်ဆိုင်နေရသည်က သွေးရိုးသားရိုးမဟုတ်နိုင်တော့။ အကြောင်းကတော့ ရှိနေလေပြီ။

'အူး ဝေါ ဝေါင်း'





'ဝူး ဝူး ဝူး'

တောရိုင်းတိရစ္ဆာန်တို့၏အသံများကလည်း ကြောက်စရာကောင်းအောင်ပင် ဆူညံလာခဲ့ကြသည်။ ထိုအခါ မိုးကြယ်သည် ဓားကိုဆွဲထုတ်ကာ အသင့်စောင့်ဆိုင်းနေရလေတော့သည်။ အကောင်များကို မမြင်ရသေးသော်လည်း သူ့ကိုဝိုင်းထားကြသလိုပင်။ တစ်ခဏအကြာတွင် ...

'ဖြောင်း ဖြောင်း ဖြောင်း'

တောတိုးသံများက ထွက်ပေါ်လာခဲ့ကြသည်။ မိမိသည်စောစောက ထူးခြားသောပန်းရနံ့၏ ပယောဂကြောင့် အာရုံတွေပြားပြီး ကြားချင်ရာကိုကြား၊ မြင်ချင်ရာကိုမြင်နေခဲ့တာလားဟု ...။ တောတိုးသံတဖြောင်းဖြောင်းကို အဆက်မပြတ် ကြားလာခဲ့ရသည်။ ပြီးတော့ ပြင်းထန်သောခြေသံများ။

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

'ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း'

အသံကြီးများက တစ်တောလုံး ဟည်းဟည်းထလျက်ရှိနေသည်။ ခြေဆောင့်နင်းသံကြီးများကလည်း မြေတုန်ဟည်းကာ ပြင်းထန်လှသည်။ အပင်များထက်က မြွေကြီးများကလည်း ပါးပျဉ်းကြီးတွေထောင်ကာ အောက်ကိုပင် ဆင်းလာတော့လေလေားဟု လှုပ်လှုပ်ရှားရှားရှိနေကြသည်။

ယင်းအချိန်မှာပင် တောထဲမှထွက်လာခဲ့ကြသည့် သတ္တ



www.burmeseclassic.com

www.burmeseclassic.com


ဝါများသည်ကား …

'ဝူး အူး အူး'

'အူး ဝေါင်း'

"ဟင်"

များပြားလှစွာသော ဆင်ရိုင်းကြီးများ ကျားရိုင်းကြီးများ ဆင်ရိုင်းကြီးတွေက နှာမောင်းကြီးတွေကို မြှောက်ကာ အော်ဟစ်နေကြသည်။ ကျားရိုင်းကြီးတွေကတော့ ပါးစပ်ကြီးတွေကိုဖြဲကာ ဟိန်းဟောက်နေကြသည်။ ကျောဘက်နှင့် ဘေးပတ်ပတ်လည်ကို လှည့်ကြည့်လိုက်သောအခါမှာလည်း တောခွေးများ ဝံပုလွေများက ရန်လိုသောမျက်လုံးတွေဖြင့် မိုးကြယ်ဆီကိုတဖြည်းဖြည်း လှမ်းချဉ်း လာနေကြသည်။

✧ ✧ ✧



(၁၁)

## သေမင်းတိုင်းပြည်

မိုးကြယ်သည် ပတ်ချာလည်ဝိုင်းနေသော အန္တရာယ်များကြောင့် ပြေးမလွတ်မှန်း သိသွားခဲ့ရသည်။

"အေး … တစ်ယောက်နဲ့ အများ … ငါနဲ့ကြုံကြိုက်တယ်၊ ကံထူးလို့သာ ကြုံရတာပဲ၊ မိုးကြယ်တဲ့ … ငါ မသေခင် မင်းတို့အားလုံးကို သေမင်းတိုင်းပြည် အထိ အရင်ပို့ပစ်မယ်"

ခါးချည်ကောင် မာန်ကြီး၍ တောင်ကြီးကိုဖြိုမည့်ဟန် ဓားကို လေထဲမှာဝှေ့ယမ်းကာ စိန်ခေါ်လိုက်သည်။

"ဟဲ ဟဲ ဟဲ ဟဲ"

ရှေ့ဦးစွာ ဆာလောင်မွတ်သိပ်နေသော ပါးစပ်ပြဲကြီး


www.burmeseclassic.com

www.burmeseclassic.com



များနှင့် လျှာအတောင့်လိုက်ထွက်ကာ တဟဲဟဲနှင့် ပြေးလာ နေကြသော တောခွေးများ၊ ဝံပုလွေများ။ သင်းတို့က အတူတကွ တွဲခဲ့လှသည်။ ယခုတော့ ထူးထူးခြားခြား တွဲပြီးတော့ ပြေးဝင် လာနေကြသည်။ မိုးကြယ်အနားကို ရောက်ကြသည်နှင့် ရှေ့ နောက် သုံးလေးကောင် တစ်ပြိုင်တည်း ခုန်အုပ်လိုက်ကြသည်။

'ဝှစ် ရှပ် ရှပ် ဝှစ် ရှပ် ရှပ်'

မိုးကြယ်၏ဓားက 'ခြေ၊ အသိမ်း၊ အနှုတ်၊ ကိုယ်ပတ် ချာလှည့် လှုပ်ရှားသွားသည်။ ထိုသတ္တဝါများသည် သူတို့ကိုယ်သူ တို့ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် သိလိုက်ကြမှာမဟုတ်။ ဓားက ထိရုံနှင့်ပင် ပြတ်တောက်ထွက်သွားသည်။ ခေါင်းနှင့်ကိုယ် အိုး စားကွဲသွားသည်။ ခါးလယ်က ပြတ်တောက်ထွက်သွားသည်။

ဤဓားအစွမ်းထက်ပုံကို ညဘက် အပင်ထက်တွင် အိပ် စဉ်က ဘီလူးသဘက်အသွင် သတ္တဝါကောင်များနှင့် တိုက်ခိုက် ခဲ့စဉ်ကပင် သိပြီးခဲ့လေပြီ။ ခုတစ်ခါလည်း တောခွေးများ၊ ဝံပု လွေများသည် ဓားထိရုံနှင့် ပြတ်ရှု ပြတ်တောက်သွားခဲ့ကြသည်။ သို့သော် အနှီသတ္တပါများသည် ရှေ့က သေပြသွားသော အကောင်များကို မြင်တွေ့သွားကြသည့်တိုင် နောက်မဆုတ်ကြ ဘဲ ရဲတင်းစွာပင် သားရဲမင်းရဲစီးကာ တစ်ဖွတ်ထိုးပင် ဝင်ဝင် လာခဲ့ကြလေသည်။

မိုးကြယ်က ထိုသတ္တဝါများကို တိုက်ခိုက်နေဆဲမှာပင်





င်ရိုင်းကြီးများ၊ ကျားရိုင်းကြီးများသည် တစ်ထပ်ပြီးတစ်ထပ် ရုံကာ ရှေ့ကိုတိုးတိုးပြီးတော့ လာနေကြသည်။ ထိုအထဲ ိုင်ဝက်ဝံကြီးများသည်ပင် ပါလာကြသည်။ သူတို့သည် ည်း အစွယ်ဖွေးဖွေးနှင့် ပါးစပ်ကြီးများကိုဖြဲကာ ချွန်မြည့် ာ လက်သည်းရှည်ကြီးများပါသည့် လက်တွေကို ယမ်းကာ မ်းကာနှင့်။ အချို့ဝက်ဝံကြီးများသည် သစ်ကိုင်းခြောက်များ င် ကိုင်ဆောင်ထားကြသည်။

''အင်း ...ဒါ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး''

ထိုအကောင်များ အတူတကွ တွဲပြီးတော့လာကြခြင်း ည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ အလေ့အထသဘာဝကို လွန်ဆန် သည်။ ထိုအထဲ အပင်ထက်မှ မြွေဆိုးနှစ်ကောင်က မိုးကြယ် ိုယ်ပေါ်ကို ခုန်ချလာခဲ့ကြလေရာ ...

'ဝှစ် ရှပ် ရှပ်'

မြွေနှစ်ကောင်သည် အပိုင်းပိုင်း အတစ်တစ် ပြတ် ာက်ထွက်သွားခဲ့ကြသည်။ မိုးချုပ်စကာလလိုပင် အမှောင်ရိပ် သန်းနေသည့်အတွက် သည်ကနေ့မှာ နေဝင်မိုးချုပ်မြန်ခဲ့ပြီ ာပင် ထင်မှတ်မှားမိရသည်။

သင်းတို့က လျော့မသွားဘဲ တစ်ကောင်ပြီးတစ်ကောင် လာမစဲမို့ တိုက်ခိုက်ရသည်မှာ တစ်ကိုယ်လုံး ချွေးတပြိုက် ကျနေသည်။ လက်ပန်းကျချင်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ပွး အူး အူး'

'ဝေါင်း ဝေါင်း ဝေါင်း'

ဩဘာသံပေး၍ လာနေကြသော တောဆင်ရိုင်းများ၊ ကျ[illegible]ရိုင်းကြီးများကလည်း မိုးကြယ်ကို ခြိမ်းခြောက်နေကြသည်။ [illegible]ကြယ်သည် စိုးစဉ်းမျှပင် မကြောက်တော့။ မိမိသောက်သုံးခဲ့သ[illegible] ရေညှိရောင်အရည်ကသည်ပဲ သတ္တိကို တိုးပြီးဖြစ်ပေါ်စေသလ[illegible] အကြောက်တရားကို ပယ်ရှားပေးခဲ့လေသလား မသိ။

သို့သော် အကျွာပဏီတပ်ကြီး ချီတက်လာသည့်[illegible] တိရစ္ဆာန်တပ်ပေါင်းစုကြီးက ကြောက်ခမန်းလိလိ ဖြစ်နေသည်[illegible] မိမိသည် ရန်စွယ်အပေါင်းတို့၏ ခြေထောက်အောက်မှာ [illegible] မှုန့်ကြေသွားနိုင်သည်။ ဆင်ရိုင်းကြီးများ၊ ကျားရိုင်းကြီးများ[illegible] ဝက်ဝံရိုင်းကြီးများ အစရှိသည်တို့သည်လည်း မိမိနှင့် လွန်စွာ[illegible] နီးကပ်လာခဲ့ကြပြီဖြစ်သည်။ အော်ဟစ်ကြွေးကြော်သံများ[illegible] လည်း နားမခံသာအောင်ပင် ဆူညံနေကြလျက်။

ယင်းအခိုက်အတန့်မှာပင်လျှင် မြောက်ခနဲ ခုန်ဝင်လာ[illegible] ကြသော တောခွေးတစ်ကောင်နှင့် ဝံပုလွေတစ်ကောင်ကို [illegible] ထက်ထက်မြက် သုတ်သင်ပစ်လိုက်နိုင်သေးသည်။ ခွေးများ[illegible] တစ်ကိုယ်လုံး နစ်နေကာ မျက်နှာပေါ်ကို စီးကျလာခဲ့သည်[illegible]

တစ်ခဏ မိုက်ခနဲဖြစ်သွားစဉ်မှာပင် အသံဟူသမျှသ[illegible] ရုတ်တရက် ဆိတ်သုဉ်းသွားခဲ့ကြလေသည်။ မိုးကြယ်သည် မျ[illegible]





[illegible]ပေါ်မှ ခွေးများကို လက်နှင့်သုတ်ပစ်လိုက်ကာ ဝန်းကျင်ကို [illegible]အားတသင့်ဖြင့် ကြည့်မိလိုက်သည်။

"ဟင်"

မိမိဆီကိုပြေးလာနေကြသော တောရိုင်းသတ္တဝါများ[illegible]သည် ရှေ့ကိုဆက်၍ တိုးမလာတော့ဘဲ နေရာမှာပင်လျှင် ရပ်[illegible]န့်သွားခဲ့ကြသည်။

"ဟင် … ဘယ်လိုဖြစ်လို့ ရှေ့ကို ဆက်တိုးမလာခဲ့ကြ[illegible]သိမ့်"

တိရစ္ဆာန်များ၏အပြုအမူကို နားမလည်နိုင်အောင်ပင် [illegible]သွားခဲ့ရသည်။ ထိုစဉ် မထင်မှတ်သော လှုပ်ရှားမှုတစ်ခုကို [illegible]လင့်ဘဲ တွေ့လိုက်ရလေသည်။ လူတစ်ယောက်သည် [illegible]တောဆင်ရိုင်းများကြားမှ ထွက်လာသည်။ မိုးကြယ်နှင့် မနီးမ[illegible]မှာမို့ သေချာစွာ မြင်တွေ့လိုက်ရသည်။ ဆင်ကိုလည်း [illegible]ကြောင်၊ ကျားကိုလည်း မကြောက်၊ အရဲကိုးလွန်းသည့်သူ့ကို [illegible] မြင်ဖူးသလိုလိုပင်။

"ကဲ နင်တို့ ဒီနေရာကနေ အမြန်ထွက်သွားကြတော့"

ထိုပုဂ္ဂိုလ်ကြီးထံမှ ကြည်လင်ပြတ်သားသောအသံက [illegible]ထွက်ပေါ်လာသည်။ ထိုအခါ တောရိုင်းသတ္တဝါများအားလုံး[illegible]သည် နောက်ကြောင်းကိုပြန်လှည့်ကြကာ အုပ်စုလိုက်ထွက်ခွာ[illegible]ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီးသည် တောရိုင်းသတ္တဝါများအား
ပျောက်ကွယ်သွားကြတော့မှ မိုးကြယ်ဘက်ကို တစ်ချက်ကြည့်
တစ်နေရာကို ထွက်သွားခဲ့လေသည်။

မိုးကြယ်သည် ထိုပုဂ္ဂိုလ်ကြီးကို တစ်နေရာရာမှာ
ဖူးသည်ဟု ထင်မိသည်။ စဉ်းစားမိသည့်တစ်ခဏအတွင်း
ဖျတ်ခနဲဆို အသိကဝင်လာခဲ့သည်။

''ဟင် . . . ငါ လမ်းမှာတွေ့ခဲ့တဲ့ ဟိုသူတော်စင်ရှ
ကြီးနဲ့ တူလိုက်တာ၊ ဒီတောဒီတောင်ထဲမှာ သက်ရှိပုဂ္ဂိုလ်တ
ကို ရှားရှားပါးပါးတွေ့လိုက်ရတာပဲ၊ ဘာပဲဖြစ်ဖြစ် သူက
အသက်ကို ကယ်လိုက်တာပဲ၊ ကျေးဇူးကြီးတယ်''

အပင်ကြီးများပေါ်မှ မြွေဆိုးများသည်လည်း တစ်ကေ
မှ မရှိကြတော့။ ဘယ်ရောက်သွားကုန်ကြမှန်းလည်း မသိ
တော့။ တစ်တောလုံးသည်လည်း တိတ်ဆိတ်ငြိမ်သက်သွ
ကြသည်။

''ဒီသူတော်စင်ကြီးဟာ ငါ့အသက်ကို ကယ်ခဲ့တ

မိုးကြယ်သည် ကျေးဇူးအခါခါ တင်နေမိသည်။
စောကပုဂ္ဂိုလ်ကြီးဆီကို ပြေးလိုက်သွားခဲ့သည်။ သို့သော် မ
ရတော့ပါ။ မည်သည့်နေရာကို ထွက်ခွာသွားမှန်း မသိ။ စိတ်
မှာ မချင့်မရဲ ဖြစ်သွားခဲ့ရလေသည်။

✧





မိုးကြယ်သည် ဟောင်းနွမ်းနေပြီဖြစ်သော မြေပုံညွှန်း
သားရေပုံကားချပ်လေးကို ထုတ်ကြည့်သည်။ ထို့နောက် သက်
ပြင်းတစ်ချက်ချကာ ဆက်လျှောက်လာခဲ့လေသည်။ ခန္ဓာကိုယ်
က ဆာလောင်မွတ်သိပ်မှုကို ဟန့်တားထားနိုင်ဆဲရှိသေးသည်။
ဤသဘာဝ **ရေညှိဓာတ်ဆေးရည်** သည် မည်သည့်အချိန်
အထိ အာနိသင်ရှိနေဦးမလဲ။

(မိုးကြယ်သည် ရေညှိရောင်အရည်ကို အစွမ်းထက်
သော သဘာဝဆေးရည်ဟု ယုံကြည်ထားသည်။)

BURMESE CLASSIC .com

သူတော်စင်ကြီးသာ တောရိုင်းသတ္တဝါများကို မဟန့်
တားခဲ့လျှင် သူသည် အခုလောက်ဆို ဆင်နင်းခံရ၍ ယပ်တောင်
လို ပြားချပ်နေပေရော့မည်။ သို့မဟုတ် အာသာငမ်းငမ်းရှိသော
ကျားရိုင်းတို့၏ ဗိုင်းဝန်းကိုက်ခဲဆုတ်ဖြဲခြင်းကို ခံခဲ့ရလေမည်လား။
ခန္ဓာကိုယ်အစိတ်အပိုင်းများက တစ်စစီ၊ တစ်ပိုင်းစီ ဖြစ်နေ
လောက်ပြီ။ ယင်းတို့ကို တောခွေးများက လာရောက်စားသောက်
နေကြပေရော့မည်။

လမ်းခရီးတစ်နေရာကိုအရောက်တွင် ခေတ္တနားကာ ဝါး
ဆစ်ပိုင်းဖြင့် ရေခွေးကျိုသည်။ ရွာများမှပေးလိုက်သော လက်
ဖက်ခြောက်ကိုခတ်ကာ အချမ်းပြေသောက်သည်။ စေတနာရှင်



www.burmeseclassic.com

www.burmeseclassic.com



ရှာသားများပေးလိုက်သော ဆန်ကို ထမင်းချက်ကာ ငါးခြောက် မီးဖုတ်ဆီဆမ်း၍ စားမည်ပြုစဉ် …

'ဖျတ် ဖျတ် ဖျတ်'

မိုးကြယ်သည် ဘေးမှာချထားသောဓားကို ရုတ်တရက် ကောက်ကိုင်လိုက်သည်။ သူ့ရှေ့တည့်တည့်မှာ ဖုတ်ခနဲဆို ကျသော သတ္တဝါတစ်ကောင်၊ ဓားအိမ်ထဲကဓားကို ထုတ်လုဆဲ ဆဲမှာပင် …

"ဟင်"

သူ အံ့အားသင့်သွားခဲ့ရသည်။

တွေ့လိုက်ရသည်ကား မျောက်မကြီးတစ်ကောင်၊ သားငယ်ကလေးကို ရင်ခွင်ထဲမှာ ပိုက်ထားသည်။ မျက်လုံးတွေက အစာကိုမျှော်လင့်နေဟန်ဖြင့် ကြည့်နေသည်။ ဆာလောင်မွတ် သိပ်နေဟန် တူလေသည်။

"အင်း … မကြောက်မရွံ့နဲ့ ငါ့ဆီလာပြီး အစာတောင်း နေတာပဲ"

မိုးကြယ်သည် အနီးရှိငှက်ပျောပင်တစ်ပင်မှ ငှက်ပျော ရွက်ကို ဆွတ်ယူလိုက်သည်။ နောက်တော့ ထမင်းတစ်ဝက်နှင့် ငါးခြောက်တစ်ဖဲ့ကို ငှက်ပျောရွက်ပေါ်ထည့်ကာ အနားသို့သွား ချပေးလိုက်သည်။

ထိုအခါ မျောက်မကြီးသည် မိုးကြယ်ကိုကြည့်လိုက်၊





အစာကိုကြည့်လိုက်နှင့် ရှိနေလေရာ …

"စား စား … နင်စားဖို့ကျွေးတာ"

ထို့နောက် မိုးကြယ်သည် ငှက်ပျောဖက်အပိုင်းပေါ်သို့ ထမင်းများ ပုံချလိုက်ပြီး ဆီနှင့်နယ်ဖတ်ကာ ကျန်သောငါးခြောက် နှင့် စားနေလေ၏။ ရေနွေးတစ်ကျိုက်သောက်လိုက်၊ ထမင်းတစ် လုတ်စားလိုက်နှင့် မစားဘဲနှင့်နေ၍ရသော်လည်း ဝတ္တရားမို့ စားတော့လည်း ဗိုက်ထဲကို ရှောရှူးဝင်သွားခဲ့သည်သာ။

မျောက်မကြီးကိုလှမ်းကြည့်လိုက်တော့ သူလည်း စား သည်။ ရင်ခွင်ထဲမှာ ကလေးကိုလည်း ခွံ့ကာကျွေးနေသည်ကို တွေ့ရသည်။ သားငယ်ကလည်း နို့မလွှတ်တလွှတ်အရွယ်၊ အ စာကို လိုလိုလားလားပင် စားနေသည်။ ကျွေးသမျှထမင်းနှင့် ငါးခြောက်ကို သားအမိနှစ်ယောက် ကုန်စင်အောင် စားလိုက်ကြ သည်။ ဝမ်းလည်းဝသွားဟန်တူလေသည်။ ထို့နောက် မျောက်မ ကြီးသည် မိုးကြယ်ကို နူးညံ့သောမျက်လုံးများဖြင့် ကြည့်နေသည်။ ကျေးဇူးတင်သောအကြည့်မျိုးပင် ဖြစ်သည်။ ရင်ထဲက ဆုများပင် ပေးနေသလားမသိ။

ထို့နောက်မျောက်မကြီးသည် သားငယ်ကိုပွေ့ချီကာ မလှမ်းမကမ်းရှိ အပင်ကြီးတစ်ပင်ပေါ်ကို ပြေးတက်သွားခဲ့လေ သည်။ သိပ်မကြာလိုက်ပါ … ချက်ချင်းလိုလိုပင် ပြန်ပြီးတော့ ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခါတော့ သားငယ်က မိခင်၏ကျောထက်မှာ ကုန်းပိုးပြီး လိုက်ပါလာသည်။ မျောက်မကြီး၏ လက်ထဲမှာလည်း ပစ္စည်းတစ်ခုကို ကိုင်ထားသည်။ မျောက်မကြီးသည် မိုးကြယ်ဆီကို ရဲတင်းစွာပင် ချဉ်းကပ်လာခဲ့ပြီး လက်ထဲရှိပစ္စည်းကို လှမ်း၍ပေး၏။ မိုးကြယ်က ယူလိုက်သည်။

မျောက်မကြီးသည် မိုးကြယ်ကို စောစောကလိုပင် ရှုစမ်းသောအကြည့်ဖြင့်ကြည့်ကာ နေရာမှ ပြန်ထွက်သွားခဲ့လေ၏။ သစ်ပင်ပေါ်ကို ပြန်တက်သွားခဲ့သည်။ မိုးကြယ်က ယင်းသစ်ပင်ကြီးဆီကို လှမ်း၍မော့ကြည့်လိုက်သည်။ မျောက်မကြီးသားအမိကို မတွေ့ရတော့ပေ။

မျောက်မကြီးပေးသွားသောပစ္စည်းကို သေချာစွာကြည့်မိသည်။ လက်သန်းထက်ဝက်ခန့်သေးငယ်သော နွယ်ချောင်းကို အလုံးတစ်လုံးဖြစ်အောင် ထုံးထားခြင်းပင်ဖြစ်သည်။ ထုံးထားသည်ကလည်း ရစ်ပတ်ထားခြင်းမဟုတ်။ ဝက်ပါသဖွယ် အတွင်းသို့ ထိုးဖောက်ကာ ကွင်းထိုးပြုလုပ်ထားခြင်းပင်။ ဤသို့ဖြင့် လွှန်းယှက်သလိုအတွင်းဖောက်ကာ အလုံးလေးတစ်လုံးဖြစ်လာခဲ့လေသည်။

သို့သော် မည်သူကမှ ဤနွယ်ကို ယခုလို အလုံးလေးဖြစ်အောင် ပြုလုပ်ခဲ့မည်မဟုတ်ပါ။ ဤမျှသေးငယ်သော နွယ်ချောင်းအလုံးလေးသည် ကြက်ဥလုံးသာသာလောက်ပဲ ရှိသည်။





ပထမတော့ ကြိမ်ထိုးထားသလို ထင်ရသည်။ ကြိမ်မဟုတ်ပါ။ နွယ်သာ ဖြစ်သည်။ ကြိမ်ကဲ့သို့ မာကျောမနေဘဲ မျော့ပျော့ပျောင်းပျောင်း ရှိသည်။ မျောက်မကြီးသည် မိုးကြယ်အား တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသည့်စကားကဲ့သို့ ကျေးဇူးဆပ်သည့်အနေဖြင့် လက်ဆောင်ပေးခဲ့ခြင်းသာဖြစ်သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

## ရေဘုရင်နှင့် နွယ်ကွင်းထိုး

အမိကတောဆိုသည့်အတိုင်း နာမည်နှင့်လိုက်အောင်ပင် တွေ့ကြုံဖြစ်ပျက်ခဲ့မှုများသည် သေးသေးမွှားမွှား မဟုတ်ကြ တကယ့်ကိုပင် မှတ်သားလောက်သည်။ သေဘေးနှင့်နီးသော ကိစ္စများပင်။

တစ်ခါတစ်ရံမှာ ပြန်လှည့်ချင်စိတ်များပင် ဖြစ်ပေါ်မိသည်။ သို့သော် ယင်းသို့ဖြစ်ပေါ်မိတိုင်းမှာ ခင်ခင်ကြွေ၏မျက်နှာလေးကို ချက်ချင်းပင် မြင်ယောင်မိသည်။ **စွဲမက်ရှင်ကလေး**က သူ့စိတ်နှလုံးကို ထိန်းချုပ်ထားလေသည်။

မိမိစိတ်ထင်တိုင်းသာ ဆန္ဒကျင်ခဲ့လျှင် ခင်ခင်ကြွေနှင့်





သည်တစ်သက် လွဲရတော့မည်။ အတွေ့ထူးသည့် ရည်းစားဦးလေးကို သူ မစွန့်ရက်နိုင်။ ထို့ကြောင့် **သေလမ်း ရှင်လမ်းပင်** ဖြစ်ပါစေ ...သူ စွန့်စားရတော့မည်သာ။ မိမိလက်ခံခဲ့သည့် ကိစ္စသည်လည်း အောင်မြင်မှသာ။ သို့မဟုတ်က ဒေါ်မြမိုက သူ့သမီးကို ပေးမှာမဟုတ်။ ခင်ခင်ကြွေကလည်း မိုးကြယ်ကို ညည်မှူပင်ချစ်နေပါစေ ...မိခင်သဘောမတူက မိုးကြယ်ကို လက်ခံမှာမဟုတ်။

ခရီးဆက်လာခဲ့သည်။ နေ့တစ်ဝက်ကျိုးသောအခါ ရေကန်ကြီးတစ်ကန်ဆီကို ရောက်လာခဲ့သည်။ ကန်ရေသည် အချို့နေရာတွင် ကြည်စိမ်းနေသည်။ အချို့နေရာတွင် နက်ပြာရောင်သန်းနေသည်။ နက်ရှိုင်းသောအပိုင်း ဖြစ်သည်။ ကြာဖြူ၊ ကြာနီ ကြာဝါတို့ကလည်း ကန်ထဲမှာ တင့်တယ်စွာပင် ရှိနေကြသည်။

အရိပ်အာဝါသကလည်း ကောင်းလွန်းသောကြောင့် ခေတ္တခဏနားရန် ဆုံးဖြတ်လိုက်သည်။ **ကြာဝတ်မှုန်** တို့၏ရနံ့ကို လေပြည်က သယ်ဆောင်လာသည်။ ယင်းရနံ့ကို ရှူရှိုက်မိရသည်ဖြစ်၍ စိတ်နှလုံးကလည်း အေးချမ်းသွားခဲ့ရလေသည်။ ခန္ဓာကိုယ်သည်လည်း ပို၍ပြီးတော့ လန်းဆန်းသွားခဲ့ရသည်။

"နားလို့ကောင်းမယ့်နေရာလေးပဲ"

ကိုယ်လက်လည်း သန့်စင်လို၍ ရေချိုးချင်စိတ် ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ရေတိမ်သည့်နေရာကို မှန်းကာဆင်းသည်။ နက်ပြာရောင်သန်းနေသည့်နေရာက ရေနက်ပိုင်းဖြစ်သည်။ ယင်းနေရာကို ရှောင်သည်။ သင့်တော်သည့်နေရာတွင် ချိုးသည်။ ရေအေးအေးနှင့် ထိတွေ့ရသောကြောင့် တစ်ကိုယ်လုံးပေါ့ပါးလန်းဆန်းသွားခဲ့ရလေသည်။

ရေချိုးပြီးသော် ဤနေရာက မခွာနိုင်သေးဘဲ အပင်ကြီးတစ်ပင်အောက်မှာ မှီပြီးထိုင်နေမိသေးသည်။ ကြာဝတ်မှုန်တို့၏ရနံ့ကို ရှူမိပြီး နစ်သက်မိသည်နှင့် အိပ်ချင်စိတ်ဖြစ်ပေါ်လာကာ မေ့ခနဲဆို အိပ်ပျော်သွားခဲ့လေ၏။

မိုးကြယ် နစ်မြိုက်စွာ အိပ်မောကျသွားခဲ့သည်နှင့် ကန်ထဲတွင် ထူးခြားမှုများ ဖြစ်ပေါ်လာခဲ့သည်။ ကန်ရေပြင်သည် သိသာစွာပင် လှုပ်ရှားလာခဲ့သည်။

ထိုအခါ ကြည်စိမ်းနေသောအရောင်နှင့် နက်ပြာရောင်သန်းနေသော အရောင်တို့သည် ပေါင်းစပ်သွားခဲ့ကြသည်။ တစ်ကန်လုံးသည် ရွှံ့နစ်ရောင် ပြောင်းလဲသွားခဲ့သည်။ ကန်ရေသည်လည်း တစ်ကန်လုံးရွှံ့ရောင်သို့ ပြောင်းလဲသွားခဲ့လေသည်။





ထိုအခါ ကြာများသည်လည်း နစ်မြုပ်ပျောက်ကွယ်သွားခဲ့ကြလေ၏။ ကန်ရေပြင်သည် တဖြည်းဖြည်းနှင့် မို့မောက်ပြီးတော့ လျှံတက်လာခဲ့သည်။ ထိုအခါ ကမ်းပေါ်သို့တိုင် တဖြည်းဖြည်းနှင့်ပျံ့နှံ့လာခဲ့လေသည်။

ယင်းအချိန်တွင် မိုးကြယ်၏အထုပ်ထဲမှ နွယ်ကွင်းအလုံးလေးသည် အထုပ်ပြေကျသွား၍ အပြင်ကို ထွက်ကျလာခဲ့သည်။ လိမ့်လိမ့်ပြီးတော့ ဆင်းသွားခဲ့လေရာ ရေစပ်အထိပင်ရောက်သွားခဲ့သည်။ ယင်း ကြက်ဥခန့် နွယ်ကွင်းအလုံးလေးသည် ရေနှင့်ထိခါမှ ရပ်တန့်သွားခဲ့လေသည်။

ကန်ရေသည် မြစ်ချောင်းတစ်ခုခုနှင့်များ ဆက်သွယ်မှုရှိနေလေသလား မသိ။ ရေတက်ရေကျ အပြောင်းအလဲရှိကာသည်ခုလို မောက်လျှံပြီးတော့ တက်လာခဲ့လေသလား မသိ။ ကန်၏အလယ်တွင် ရေပြင်က ဆူပွက်လာသလိုပင် ...။

'ဘွပ် ဘွပ် ဘွပ် ဘွပ်'

ထူးခြားသောအသံများကလည်း ထွက်ပေါ်လာခဲ့ကြသည်။ ရေသည် မောက်လျှံပြီးတော့ တက်လာကာ မည်းမည်းသဏ္ဍာန်ကြီးတစ်ခုက ပေါ်လာခဲ့လေသည်။ ယင်းသဏ္ဍာန်ကြီးသည် ရေပေါ်မှာပေါ်လာကာ ကမ်းဘက်ဆီကို တဖြည်းဖြည်းနှင့်ကူးလာခဲ့သည်။ ယင်းသတ္တဝါကြီးသည် လွန်စွာမှကြီးမားသော မိကျောင်းကြီးတစ်ကောင်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်တွင် ရေစပ်ထဲသို့ကျသွားခဲ့သော နွယ်ကွ အလုံးလေးသည် တဖြည်းဖြည်းနှင့် ကြီးထွားလာခဲ့လေသည ရှည်လျားသောနွယ်ချောင်းကြီးသည်လည်း လှုပ်ရှားလာခဲ့သည် အချို့တောထဲတွင် ဆံခြည်မျှင်ထက် အနည်းငယ်ကြီးသော မြ ပင်ကဲ့သို့အပင်များ ရှိကြသည်။ သို့သော် မနူးညံ့ဘဲ ကြမ်းတ သည်။ တစ်မျှင်လောက်ကိုနုတ်ယူပြီး ရေထဲပစ်ချကြည့်ပါက လှုပ်ရှားပြီး ကူးနေတတ်သည်။ ရေစိုနေသော ယင်းအမျှင် လက်နှင့်ကိုင်ထားကြည့်ပါက လက်ထဲမှာ လည်နေတတ်သည

ယခု နွယ်ကွင်းထိုးရှည်လုံးလေးသည်လည်း ထိုကဲ့ ပင် ဖြစ်မည်ထင်သည်။ ရေနှင့်တွေ့ထိသော် ရှင်သန်လာသည အထုံးက ပြေလျော့ကာ လျင်မြန်စွာပင် အပြင်ကိုထွက်လာခဲ့ သည်။ မြွေတစ်ကောင်လိုပင် လန်းလန်း၊ လန်းလန်းနှင့် ကို ပြီးတော့ထွက်လာသည်။

ရောမမိကျောင်းကြီးသည် တစ်ကိုယ်လုံး အနက်ရော ဖြစ်ပြီး သာမန်မိကျောင်းများထက် သုံးဆခန့်ကြီးမားသည ရေထဲမှ ငါးများ၊ ကုန်းပေါ်မှ သတ္တဝါငယ်လေးများကို ဖမ်းဆီ စားသောက်ပြီး ကြီးချင်တိုင်းကြီးထွားနေသော နှစ်ချို့ကော ကြီးပင် ဖြစ်မည်ထင်သည်။

သူသည် မိုးကြယ် ကန်ထဲကိုဆင်းပြီး ရေချိုးကတည က ဒေါသထွက်နေသူဖြစ်သည်။ ထို့ကြောင့် တရားခံကိုရှာဖွေရ





ပေါ်ကို တိတ်တဆိတ်တက်လာခဲ့ခြင်းပင်။

မိုးကြယ်ကတော့ ကြာဝတ်မှုန်ရနံ့ ကြောင့် အိပ်ဆေးမိ လိုဖြစ်ကာ အိပ်မောကျနေလေပြီ။ တကယ်တော့ ယင်းရနံ့ ည် အဆိပ်ရနံ့ ဟု ယူဆလျှင်လည်း ဖြစ်သည်။

မိကျောင်းကြီးသည် ကမ်းစပ်ဆီကို ရောက်လာခဲ့လေပြီ။ ရာမခေါင်းကြီးကပင် လေးငါးတောင်ခန့် ရှိသည်။ သူသည် က်လုံးနီကြီးဖြင့် မိုးကြယ်ကို စိုက်ကြည့်နေသည်။ ထို့နောက် ထဲမှ အလျားထိုးကာ ကမ်းပေါ်ကို တက်လာခဲ့လေသည်။ အခါ ခန္ဓာကိုယ်အတ္တဘောကြီးသည် ထိတ်လန့်စရာကောင်း ာက်အောင် ကြီးထွားလွန်းနေသည်။ မိကျောင်းမဆန်သော ကျောင်းပြိတ္တာကြီး တစ်ကောင်ပင်တည်း။

ထိုရောမမိကျောင်းကြီးသည် လျင်မြန်သောခြေလှမ်း ဖြင့် မိုးကြယ်ဆီကို လာနေသည်။ ရေထဲမှာ ကျင်လည်ကျက် သော မိကျောင်းကြီးသည် ကုန်းပေါ်မှာလည်း သွက်လက် င်မြန်စွာသွားလာနိုင်စွမ်းရှိသည်က မယုံကြည်နိုင်စရာပင်။

သို့သော် မိကျောင်းကြီးသည် မိုးကြယ်ဆီကို ပြေးလာနေ က ရုတ်တရက် တန့်သွားခဲ့ရလေသည်။ သူ့ကို နောက်မှနေ၍ စ်ဦးဦးက ဆောင့်ဆွဲလိုက်သလို ဖြစ်သွားခဲ့သည်။

ထို့ကြောင့် ရုန်းထွက်နိုင်အောင် ကြိုးစားသည်။ မရ။ ကျောင်းကြီး၏ခြေထောက်များကို နောက်မှရစ်ပတ်ကာ ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ သေးငယ်သော နွယ်ကြိုးတစ်ချောင်းပင်ဖြစ်သည်။ စော စောက နွယ်ကွင်းထိုးလုံးလေးသည် ရေထိသောကြောင့် အားလုံး ပြေလျော့သွားသည်။ ရေကြောင့် ရှင်သန်လာခြင်းပင် ဖြစ် သည်။ နွယ်ရှင်အဖြစ် ပြောင်းလဲသွားကာ မိကျောင်းကြီးကို ရစ်ပတ်ဖမ်းဆွဲထားခြင်းပင်။

ထိုအခါ မိကျောင်းကြီးသည် ချက်ချင်းပင် နောက်ကို ပြန်လှည့်ကာ မိမိအား အနှောင့်အယှက်ပေးသည့်ရန်သူကို ရှာဖွေ လေတော့သည်။ သို့သော် သူ့ကိုဆွဲထားသည်မှာ သတ္တဝါအ ချင်းချင်းမဟုတ်ဘဲ သေးငယ်သည့် နွယ်ကြိုးရှည်တစ်ချောင်း သာ ဖြစ်နေသည်။ ထို့ကြောင့် နွယ်ကြိုးကိုကိုက်ဖြတ်ရန် ကြိုး စားသည်။ သို့သော် နွယ်ရှင်သည် လွတ်နေသောအဖျားတစ် ဖက်က လေထဲကိုမြောက်တက်လာကာ . . .

'ဝိုး'

မိကျောင်းကြီး၏ မာကျောသောကျောပြင်ကို ထိုးဖောက် ပစ်လိုက်လေတော့သည်။

'အူး'

မိကျောင်းကြီး၏ ပါးစပ်ကြီးသည် ဖြဲထွက်သွားကာ ထူ ဆန်းသောအသံကြီးက ဝမ်းခေါင်းထဲမှ ညှစ်ပြီးတော့ထွက်ပေါ် လာခဲ့သည်။ နွယ်ရှင်သည် သံချောင်းပမာ မာကျောလှပြီး မိ ကျောင်းကြီးကို တိုက်ခိုက်နေသည့်အတွက် ဘယ်လိုမှမတတ်နိုင်





ဘဲဖြစ်နေသည်။ တစွပ်စွပ်ဖြင့် လုံနှင့်ထိုးသည့်ပမာ ထိုးဖောက် တိုက်ခိုက်နေသည်။ မိကျောင်းကြီးသည် နာကျင်လွန်းသော ကြောင့် တအော်တည်းအော်နေရသည်။

ပါးစပ်ကြီးဟပြဲကာ ပြန့်ပြီးတိုက်ခိုက်ရင်း မြေပြင်ပေါ် မှာ တလိမ့်လိမ့်နှင့် ဖြစ်သွားသည်။ ထိုအခါ ခိုင်မာသော နွယ် ရှင်သည် မိကျောင်းကြီး၏ကိုယ်လုံးကြီးကို တစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်သွားခဲ့လေ၏။

'အူး'

'အူး'

ရေဘုရင်ဖြစ်သော်ငြားလည်း လက်သန်းထက်သေး ငယ်သည့် နွယ်ချောင်းလေး၏တိုက်ခိုက်မှုကို ခံနေရကာ ရေထဲ ကိုပြန်ဆင်းပြေးရန် ကြိုးစားသည်။ သို့သော် နွယ်ရှင်က မိ ကျောင်းကြီးက မလှုပ်နိုင်အောင် ချည်နှောင်ထားပြီး တိုက်ခိုက်၍ အားရတော့မှ လွှတ်ပေးလိုက်သလို ပြေလျော့သွားခဲ့လေ၏။

ထိုအခါကျမှ မိကျောင်းကြီးသည် သူ့ခန္ဓာကိုယ်အတွ သောကြီးကို အနိုင်နိုင်သယ်ဆောင်ကာ ကန်ကြီးထဲကို ပြန် ဆင်းသွားခဲ့လေသည်။ ကြီးစွာသောဒဏ်ရာများကြောင့် ရေ အောက်မှာပင် သေဆုံးသွားနိုင်သည်။

✧



www.burmeseclassic.com

www.burmeseclassic.com



မိုးကြယ်သည် ဖျတ်ခနဲဆို လန့်နိုးလာခဲ့သည်။ ဘေးမှာ ချထားသည့် ဓားကိုပင် ဆုပ်ကိုင်မိလိုက်သည်။ ပတ်ဝန်းကျင်ကို လည်း စိတ်လှုပ်ရှားစွာ ကြည့်မိလိုက်သည်။

အိပ်မက်လိုလို၊ ဘာလိုလို ခံစားဖြစ်ပေါ်နေမိသော ကြောင့်ပင် ပါလာသည့်အထုပ်ဆီကို အကြည့်က ရောက်သွားခဲ့ သည်။ နွယ်ကွင်းထုံးအလုံးလေးသည် အောက်ကိုကျနေသည် ကောက်ယူကြည့်လိုက်သောအခါ ရေစိုနေသည်ကိုတွေ့ရသည်။

ဓားကိုဆွဲပြီး နေရာမှ ထလိုက်သည်။ ရေအိုင်ဘက်ဆီကို လျှောက်သွားကြည့်သည်။ စွတ်ကြောင်းရာကြီးများကို တွေ့ရ သည်။ ရေအိုင်ထဲမှတက်လာသော စွတ်ကြောင်းရာကြီးက တစ် ခု၊ ကန်ထဲကိုဆင်းသွားသည့် စွတ်ကြောင်းရာကြီးက တစ်ခု ကြီးမားသော စွတ်ကြောင်းရာကြီးများသည် မိကျောင်းကြီးတစ် ကောင်တည်း၏ သွားလာရာမှ ဖြစ်ပေါ်လာခဲ့တာလား။

''ငါ အိပ်မက်မက်ခဲ့တာလား။ တကယ်ဖြစ်ပျက်သွား ခဲ့တာလား။ အိပ်မက်ဆိုရင်လည်း ဒီစွတ်ကြောင်းရာကြီးက ဘာလဲ၊ ဒါ သတ္တဝါတစ်ကောင်က ရေထဲကတက်လာပြီး ပြန် ဆင်းသွားကြတဲ့ အမှတ်အသားတွေပဲ''

မိုးကြယ်သည် ဇဝေဇဝါဖြစ်နေသည်။ အဖြေမှန်က





အမှတ်သညာထဲမှာ ပျောက်ဆုံးနေသည်။ နွယ်ကွင်းထုံးလေး နှင့် မိကျောင်းကြီးတို့၏ တိုက်ခိုက်မှုများက အထင်ကရ၊ သို့သော် ယခုလက်ရှိ နွယ်ကွင်းထုံးလေးကတော့ သူ့နဂိုအရွယ်အစားအ တိုင်းပင်။ သူစိတ်စွဲပြီး အိပ်မက်မက်ခဲ့သည်ဟုပဲ မှတ်ယူလိုက် တော့သည်။

ရေအိုင်ကြီးထဲမှာလည်း ကန်ရေပြင်က တည်ငြိမ်လျက်ရှိ သည်။ ကြာပန်းများကလည်း နဂိုနေမြဲအတိုင်းပင်။ သို့သော် ကြာဝတ်မှုန်တို့၏ရနံ့ကို နောက်ထပ် မရှူရှိုက်လိုတော့။ ယင်းရနံ့ သည် အဆိပ်ရနံ့ပဲဖြစ်သည်ဟု စိတ်ထဲမှာ မှတ်ယူထားမိလိုက်ပြီး ဖြစ်သည်။ နွယ်ကွင်းလုံးလေးကိုလည်း သေချာစွာသိမ်းကာ ခရီးနှင့်အတူခေါ်ဆောင်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

မိမိကို အကျိုးပေးသူ၊ အသက်သခင် ဖြစ်ကောင်းဖြစ်နိုင် သည်။ မျောက်မကြီးသည် ထမင်းရှင်အဖြစ် ကျေးဇူးတင်စွာပေးခဲ့ သည့် နွယ်ကွင်းထုံးအလုံးလေး။ တောတောင်ထဲတွင် အချို့ ရုက္ခပင်များ မှ အစွမ်းထက်သောပစ္စည်းများ ဖြစ်ပေါ်လာတတ် သည်။ ဤနွယ်ကွင်းထိုးလေးသည်လည်း မိမိထင်သလို တစ်စုံ တစ်ရာသော အစွမ်းသတ္တိမျိုးကို ပေးနိုင်လေသလားဟု ...။

✧



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် မြို့များက ပါးလျစွာပင် ကျနေကြသည်။ သွားပါများ ခရီးရောက် ဟူသောစကားအရ မိမိအရပ်ဒေသနှင့်လည်း ဝေးသထက်ဝေးလာခဲ့ပြီ။ သုံးရက်အတွင်းမှာပင် ဤမျှအထိ ခရီးပေါက်ခဲ့သည်က မယုံကြည်နိုင်စရာ။ သာမန်ခြေလှမ်းမျိုးနှင့်ပင် သွားခဲ့သည်။ သို့စဉ်လျက် ဤမျှအထိ ခရီးပေါက်ခဲ့သည်ကိုက အံ့အားသင့်စရာကောင်းနေသည်။

"အင်း ... လမ်းမှာ ငါတွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကလည်း အသက်နဲ့ရင်းခဲ့ရတာပါပဲ၊ ရှေ့ဆက် ဘာတွေဖြစ်လာခဲ့ဦးမလဲ၊ ငါ့အတွက် ကောင်းကျိုးမတွေ့ခင် ဆိုးကျိုးတွေက ဆီးပြီးတော့ စောင့်နေကြတာပါပဲလား"

မြို့များကျနေသည့်နေရာကိုအရောက်တွင် ကြီးမားသော ချောက်ကြီးတစ်ခုက ဆီးပြီးတော့ခံနေသည်။ ချောက်သည် နက်ရှိုင်းပုံပေါ်သည်။ တစ်ဖက်မှ တစ်ဖက်သို့ ပေလေးဆယ်လောက် ကွာဝေးသည်။ အဓိကတောကြီး၏အဆုံး နယ်နိမိတ်ကန့်သတ်ချက်ဆိုသည်ကို သိလိုက်သည်။

✧ ✧ ✧



## (၁၃)

## ချောက်ကြီး၏တစ်ဖက်ဆီသို့

ဤချောက်ကြီးသည် သူ့အတွက် ကြီးစွာသော အဟန့်အတား ဖြစ်စေသည်။ ကျယ်ဝန်းသော တစ်ဖက်ချောက်ကမ်းပါးထိပ်ပေါ်ကို ရောက်အောင် မည်သို့ကူးနိုင်ပါမည်လဲ။

ကူး၍ရနိုင်မည့်နေရာ ရှိလိုရှိငြား လိုက်ပြီးတော့ကြည့်မိသည်။ မတွေ့ရ။ သို့သော် တစ်နေရာကိုရောက်သော် လွန်စွာမှမြင့်မားသော အပင်ကြီးတစ်ပင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ မိုးသို့စွင့်ကာ ဖြောင့်တန်းပြီးထွက်နေကြရာ ဘေးကိုလည်း လွန်စွာပြန့်ကားနေခြင်း မရှိလှပေ။

"တော်တော်မြင့်တဲ့ အပင်ကြီးပါလား၊ တိမ်တွေထိထိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖောက်ဝင်နေတယ်၊ ဘာအပင်ကြီးပါလိမ့်၊ ဟာ . . . ဘာ အပင်ကြီးပဲဖြစ်ဖြစ် ဟိုဘက်ချောက်ကမ်းပါးဆီထိတော့ ကောင်း ကောင်းမီတယ်၊ လွန်တောင်ထွက်သွားဦးမယ်''

အကြံကြီးကြီးနှင့် ပြောလိုက်သည်။ ဤသို့သောစိတ်ကူး ရရှိခဲ့သည်က သူ့ဓားအစွမ်းကို ယုံကြည်သောကြောင့်ပင်။ ခန့် လမ်းတစ်လျှောက်မှာ ရန်အသွယ်သွယ်ကို အကြိမ်ကြိမ် ရင်ဆိုင် လာခဲ့ရ၍ ဘာကိုမှ မကြောက်တော့။ သတ္တိလည်း ပိုပြီးတော့ ကောင်းလာသည်။ **ပန်းပဲသမားဓါလက်** မည်မျှထက်သည်ကို သူ အစွမ်းပြခဲ့သည်နှင့်ပဲ သိနိုင်ခဲ့သည်။

မိုးကြယ်သည် အပင်ကြီးနှင့် ချောက်ကြီး၏အကျယ်ကို ချိန်ဆလိုက်ပြီး ဓားကိုဆွဲထုတ်လိုက်သည်။ ထို့နောက် အပင် ကြီး၏အနားကို တိုးကပ်သွားသည်။ ဓားကိုလည်း ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်လေ၏။ ထို့နောက် ချောက်ကြီးဘက်သို့ လဲကျ မည့်နေရာ၊ ပင်စည်၏အထက် တစ်တောင်အကွာလောက်မှနေ ၍ စတင်၍ခုတ်သည်။

'ဒုတ် ဒုတ် ဒုတ်'

ဓားသွားထိသည့်နေရာသည် ဆပ်ပြာခဲကဲ့သို့ လွယ်ကူ စွာ နစ်ဝင်သွားသလိုပင်။ ခပ်ဆဆလေး ခုတ်လိုက်သည့်တိုင် ထက်လွန်းသောဓားသွားကြောင့် နက်မှိုင်းစွာ ဝင်ဝင်သွားခဲ့သည်။ အသားမာသောအပင်ကြီးသည် မိုးကြယ်၏ဓားကို အံမတုနိုင်၊





အားသိပ်မသုံးဘဲ လေးချက်လောက်ပဲ ခုတ်လိုက်ရသည်။

'ဂျွတ် ဂျွတ် ဂျွတ် ဂျွတ်'

အသံကမြည်လာပြီး ချောက်ကြီးဘက်ကို ယိမ်းလာခဲ့ ရာ မိုးကြယ်သည် ထိုနေရာမှ လျှင်မြန်စွာပင် ပြေးထွက်သွားခဲ့ သည်။ အပင်ကြီးသည် ချောက်ကြီးဘက်သို့ ယွန်းငိုက်ပြီး ကျဆင်းလာခဲ့လေရာ . . .

'ဂျွတ် ဂျွတ် ဂျွတ် ဖြောင်း ဖြောင်း ဝုန်း'

နောက်ဆုံးမှာတော့ ကျယ်လောင်သောအသံကြီးဖြင့် ဘုံးဘုံးလဲကာ ကျသွားခဲ့လေတော့သည်။

အပင်ကြီး၏အဖျားပိုင်းသည် တစ်ဖက်ချောက်ကမ်းပါး ပေါ်မှာ ခိုင်မာစွာပင် တင်နေလေတော့သည်။

မိုးကြယ်သည် သစ်ပင်ကြီးက တံတားကြီးသဖွယ် ပြောင်းလဲသွားခဲ့သည်ကို ကျေနပ်စွာပင် ကြည့်နေမိသည်။ ထိုစဉ် အပင်လျှင် ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေတစ်ခု။ တောထဲမှ လှုပ်လှုပ်ရှားရှားအသံများကို ကြားလိုက်ရသည်။

''ဘယ်လိုအနှောင့်အယှက်, အဟန့်အတားတွေများ ရောက်လာဦးမလဲ''

ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိလိုက် သည်။ ထို့နောက် အပင်ကြီးတစ်ပင်၏အကွယ်ကနေ စောင့်ကြည့် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း ဖြောင်း ဖြောင်း'

အသံတွေက ပိုမိုကျယ်လောင်လာခဲ့သည်။ တောရိုင်း တိရစ္ဆာန်များ၏ အသံမျိုးစုံပင်။ တောရိုင်းသတ္တဝါကြီးများ သူ့ကိုရန်မူရန် ထပ်ပြီးရောက်လာကြပြန်ပြီလားဟု ထင်မိလိုက် သည်။

ထိုစဉ်မှာပင်လျှင် တောထဲမှ သမင်၊ ဒရယ်၊ ချေ မျောက်၊ ယုန် အစရှိသော သတ္တဝါငယ်လေးများသည် အသီး သီးထွက်လာခဲ့ကြသည်ကိုတွေ့လိုက်ရသည်။ ယင်းအကောင်လေး များသည် သူ့ဆီကိုဦးတည်ပြီးတော့ လာနေကြသည်။

''တစ်စုတစ်ဝေးကြီးပါလား ... ဘယ်ကိုသွားကြမလို့ လိမ့်''

စိတ်ဝင်စားစွာဖြင့် ကြည့်နေမိသည်။ ချောက်ကြီးဆီ လာနေကြခြင်းပင် ဖြစ်ကြသည်။

''ချောက်ဆီကို ဘာဖြစ်လို့ လာနေကြတာလဲ ... ခုန် ကြမလို့လား''

သူတို့၏ အပြုအမူကို နားမလည်နိုင်။ ဤသို့ဖြင့် ကျနေသောအပင်ကြီးဆီကို ရောက်လာခဲ့ကြသည်။ သည့်နောက် မှာတော့ သစ်ပင်ပေါ်ကိုတက်ကာ ချောက်ကြီး၏တစ်ဖက်ဆီ စတင်ပြီးတော့ ကူးလာကြသည်။

''ဟင် ... တော်တော်ဟုတ်ကြတဲ့ကောင်တွေပဲ၊





အကြံအစည်အတိုင်းလုပ်လိုက်တာ သူတို့အတွက် ဖြစ်သွားပါ လား''

တောရိုင်းသတ္တဝါလေးများသည် မျိုးနွယ်ချင်းမတူကြ သော်လည်း တစ်ကောင်နှင့်တစ်ကောင် နားလည်မှုရှိစွာဖြင့် အတူတူပင် ကူးနေကြသည်။ သူတို့ချည်းပဲသာ မဟုတ်ကြ။ နောက်ထပ် ကောင်ရေတော်တော်များများသည်လည်း ရောက် လာခဲ့ကြသည်။ မည်သည့်အချိန်ကတည်းက တောပြောင်းချင် နေကြမှန်း မသိ။ ချောက်ကြီးထဲသို့ လိမ့်ကျသွားမည်ကိုပင် စိုးရိမ်ကာ သတိထားပြီးတော့ ကူးနေကြသည်။

အစိကတောကြီးထဲတွင် ရက်စက်ကြမ်းကြုတ်သော တောရိုင်းသတ္တဝါကြီးများ ရှိကြသည်။ အချို့သားကောင်ငယ်လေး များသည် ဒဏ်မခံနိုင်ကြ၍ ထိုတောမှ ရှောင်ထွက်လိုကြသည် လေလား မသိ။ သို့မဟုတ် တောတွင် များပြားလှသောသားကောင် များကြောင့် အစာရှာရ မလွတ်လပ်ကြသည်လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ သူတို့အတွက် ကောင်းမှုတစ်ခုပြုလုပ်ပေးသ လို ဖြစ်သွား၍ ကျေနပ်မိသည်။

အချိန်တော်တော်ကြာ စောင့်နေမိရသည်။ တစ်ကောင် မှ အဖိတ်အစင်မရှိဘဲ ချောက်ကြီး၏တစ်ဖက်ကို ချောမွေ့စွာ ရောက်သွားခဲ့ကြသည်။ သည့်နောက်မှာမှ သူလည်း သစ်ပင်ကြီး ပေါ်က ကူးလာခဲ့လေသည်။ သစ်ရွက်သစ်ခက်များကြောင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးတော့ ကူးလာရသည်။ ချောက်က အနက်ကြီးဖြစ်၍ ကျသွားပါက အရိုးအသား တခြားစီ ဖြစ်သွားလောက်သည် မိမိ မည်သို့ ဘဝနိဂုံးချုပ်သွားသည်ကို သိနိုင်ကြလိမ့်မည် မဟုတ်ချေ။

ဤသို့ဖြင့် ချောက်ကြီး၏တစ်ဖက်ကို ချောမောစွာပင် ရောက်သွားခဲ့သည်။ စောစောက တိရစ္ဆာန်လေးများသည် မည်သည့်အရပ်ကို ထွက်သွားကြမှန်းပင် မသိလိုက်။ လိုရာခရီးကို ရောက်သွားကြပြီထင်သည်။

သို့သော် တစ်နေရာတွင် သားကောင်လေးများက ... တန်းကာရပ်နေကြသည်ကို အမှတ်မထင် တွေ့လိုက်ရသည် မိုးကြယ်ကို လှမ်းပြီးတော့ကြည့်နေကြသည်။

"ဟင် ... လက်စသတ်တော့ သူတို့က တစ်နေရာ... နေ ငါ့ကို စောင့်ကြည့်နေကြတာကိုး"

အကောင်ငယ်ကလေးများသည် မိုးကြယ်ကို ဤသို့ ကြည့်နေကြခြင်းမှာ သူတို့အတွက် အဆင်ပြေအောင်လုပ်ပေး... နိုင်သည့်အတွက် ကျေးဇူးတင်ကာကြည့်နေကြခြင်းလည်း ဖြစ်နိုင်သည်။ ထို့အပြင် နှုတ်ဆက်နေကြခြင်းလည်း ဖြစ်နိုင်သည် မိုးကြယ်ကလည်း သူတို့ကို ပြန်၍ပြီးတော့ကြည့်နေမှန်း သိသွား... သောအခါ ကျေနပ်သွားကြဟန်တူသည်။ ထို့နောက် သူတို့ အလိုရှိသော တောထဲသို့ ပြန်ဝင်သွားခဲ့ကြလေသည်။





မိုးကြယ်သည်လည်း ခရီးဆက်ထွက်လာခဲ့သည်။

✧

ဤတောသည် အဓိကတောကြီးနှင့် ခြားနားမှုရှိသည်။ မြူတွေက နေရာအနှံ့ ခပ်ပါးပါး ကျဆင်းလျက်ရှိနေကြသည်။ သို့သော် အဓိကတောကြီးထက် ပိုပြီးတော့ တောထူသည်။ မြူထူသွင် သူ သတိထားရသည်။ အကြောင်းမှာ မြူတွေအောက်မှာရှိနေသော ရွာတစ်ရွာကို လှမ်းပြီးတွေ့လိုက်သော်လည်း သွားရာ...တော့ ရွာကပျောက်သွားခဲ့သည်။ ယင်းမြူများသည် တံလှပ်...မှာ မြေပြင်ကို ရေထင်မိသကဲ့သို့ လှည့်စားတတ်ကြသည် ...ဟုတ်ပါလား။

ထို့အပြင် ကြာဝတ်ဆံကဲ့သို့ မွှေးသောရနံ့၊ အမည်မသိ၊ ...မြင်ရသော ပန်းတို့၏ရနံ့တို့ကိုလည်း မရှူရှိုက်မိဖို့ သတိထား...သည်။ အဓိကတောကြီးထဲတွင် ထိုရနံ့မျိုးကို မိမိရှူရှိုက်မိခဲ့...သည်။ ထိုအခါ စိတ်ထဲမှာ မရှိကို အရှိထင်လာခြင်း၊ အိပ်ချင်စိတ်...ပြလာခြင်းတို့ကို ခံစားလာခဲ့ရသည်သို့ပင်။

မိမိအတွက် အဆိပ်သင့်ရနံ့မျိုး မှ အန္တရာယ်ရှိသည်။ ...တောက နက်သထက် နက်လာသည်။ ထို့စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



'အူး ဝေါင်း'

ကျားတစ်ကောင်၏ ဟိန်းဟောက်လိုက်သံနှင့်အတူ သဏ္ဍာန်တစ်ခုက ရိပ်ခနဲဆို ရောက်အလာ ···မိုးကြယ်သည် ဓားကို ဓားအိမ်ထဲမှ လျှင်မြန်စွာဆွဲထုတ်လိုက်သည်။ သူ့အပေါ်ကို ပစ်ကျလာသော သဏ္ဍာန်ကြီးကို တစ်ချက်ရှောင်လိုက်ရင်း ဓားကလည်း ပိုင်းအချ ···

'ဝှစ် ရှပ်'

မမိလိုက်။ လေကိုသာ ခုတ်မိသွားသည်။ ယင်းသဏ္ဍာန်သည် ဘယ်ဆီကိုရောက်သွားမှန်းပင် မသိလိုက်။

"လျှင်လိုက်တာ ···အကောင်ကိုတောင် မမြင်လိုက်ဘူး"

သတိလစ်၍ မဖြစ်။ အခြေအနေကို စောင့်ကြည့်နေသည်။ ကျားတစ်ကောင်မှန်းတော့ သိသည်။ သူ့ကို မမြင်နိုင်လောက်အောင် ဘာကျားမို့လဲ။

မိုးကြယ်၏စိတ်က တစ်နေရာကို ရောက်သွားစဉ် ထိုသဏ္ဍာန်က သူ့အပေါ်ကို ရိပ်ခနဲဆို ကျလာခဲ့ပြန်သည်။

'ဝှစ် ဝှစ် ရှပ် ရှပ်'

ဓားချက်က အထက်အောက် ဝှေ့ယမ်းလှုပ်ရှားသွားပြန်သည်။ သွေးစက်တွေက မြေပြင်ပေါ်ကို တပေါက်ပေါက်နှင့် ကျလာခဲ့ကြသည်။ ထိသွားဟန်တူသည်။ သို့သော် အကောင်





ကိုတော့ မမြင်လိုက်။ ဘယ်ဆီရောက်သွားမှန်းပင် မသိ။ စိတ်ထဲမှာ သက်မကောင်းဖြစ်မိသွားသည်။ တောခြောက်ခံရပြီလားဟု၍ ···။ မဖြစ်နိုင်။ တောခြောက်ခံရလျှင် သွေးစက်တွေက ခုလို ကျလာခဲ့ကြမှာ မဟုတ်။

သဏ္ဍာန်က နောက်ထပ် သူ့ဆီကိုရောက်မလာတော့။ သတိကတော့ ကြီးစွာပင်ထားနေရသည်။ အန္တရာယ်ကတော့ အဓိကတောကြီးလို အချိန်မရွေးရောက်လာတတ်သည်ပဲ။ ဘာထူးသလဲ။

"ရှင် ···ရှင် တော်တော် ရမ်းကားပါလား"

အသံတစ်သံက အမှတ်မထင် ထွက်ပေါ်လာခဲ့သည်။ သူ့ရှေ့တည့်တည့်မှာ လျှောက်လာနေသူတစ်ယောက်။ အမျိုးသမီးတစ်ဦး။ ဝံသားရေကို အပေါ်အောက်တစ်ဆက်တည်းဝတ်ဆင်ထားသည်။ ရှည်လျားသော ဆံကေသာမျှင်များက ကျောထက်မှာ ဖြန့်ကြက်ထားပြီးတော့ ချထားသည်။ မိုးကြယ်ကို လေးဖြင့်ချိန်ထားသည်။ မြှားစူးက မိုးကြယ်၏ ရင်ဝတည့်တည့်ဆီ။

သူမသည် မျက်နှာပြင်မှာ အခြယ်အမှုန်မရှိသော်လည်း အလှသွေးစုန်းသစ်ကာ ချစ်စရာကောင်းနေသည်။ သို့သော် မျက်ဝန်းတွေက ချစ်စရာမကောင်း။ မာကျောခက်ထန်နေသည်။ လေးညှို့ကို တင်းတင်းပင်ဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြယ်နှင့် ရွယ်တူလောက်ပင်ရှိလိမ့်မည်။ ဤတော နက်ကြီးထဲမှာ လှပသော မိန်းကလေးတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်က ဆန်းသလိုလိုပင်။

"ငါက ဘာကိုရမ်းကားမိလို့လဲ"

"ဪ ...ပြန်မေးနေရသေးတယ်၊ လာ ...လာ ကြည့်"

သူမက ခွဲတင်ထားသောလေးညှို့ကို လျှော့လိုက်ပြီး တစ်နေရာကိုထွက်သွားသည်။ စောစောကတော့ သူ့ကို တကယ် ပဲ ပစ်ခတ်တော့မလိုနှင့်။ ခုတော့ စိတ်ပြောင်းသွားဟန်တူသည်။ နောက်မှ လိုက်သွားသည်။ တစ်နေရာကိုအရောက်တွင် ကျားကြီး တစ်ကောင်ကို တွေ့လိုက်ရသည်။ ဝပ်နေသည်။ သို့သော် ဒဏ် ရာရထားဟန်တူသည်။ မထနိုင်။

"တွေ့လား ...ရဲဘိုကြီး ဘာဖြစ်နေသလဲဆိုတာ၊ သူ သေတော့မယ် အဲဒါ ရှင့်ကြောင့်"

သူမက စူးရဲသော မျက်စောင်းတစ်ချွေထိုးကာ ပြော လိုက်သည်။ အရာရာကို ပြာကျသွားစေလောက်သော မျက် စောင်း။ သူမကို အစကတည်းက လျှော့တွက်၍မရမှန်း သိသွားခဲ့ ရသည်။

"ကျုပ်ကို ရန်မူတာ ဘာကောင်မှန်းမသိလိုက်ဘူး။ ထိနိုက်မှာစိုးလို့ ကာကွယ်ရင်း အခုလိုဖြစ်သွားခဲ့တာပဲ၊ မင်းက





ကျားနဲ့ အတူနေတာလား"

"ဘာရှင့်"

"မဟုတ်ဘူး။ ငါပြောတာက ဒီလိုရိုင်းစိုင်းတဲ့သတ္တဝါ မျိုးကို အန္တရာယ်ရှိတယ်ဆိုပြီး လက်ခံထားကြတာ မင်းက ခွေး၊ ကြောင်မွေးသလို မွေးထားတယ်ဆိုတာ ..."

"ရဲဘိုကြီးကို အဖေက ငယ်ငယ်ကလေးတည်းက မွေး လာခဲ့တာ၊ အစကတော့ သားစိမ်းငါးစိမ်းမစားတတ်ဘူး။ ယဉ် ကျေးသိမ်မွေ့နေတဲ့ကျားကို တစ်ယောက်ယောက်က အသား စိမ်းတွေ ခိုးကျွေးခဲ့လို့ အရသာတွေ့သွားခဲ့တာ၊ ဒါပေမဲ့ သူက သားကောင်ဖမ်းပေးတယ်၊ တောနက်ထဲမှာပဲ နေစေရတယ်၊ ကျွန်မတို့အတွက် နေ့စဉ် အမဲသားကောင်ရှာပေးတယ်"

"ငါ အဲဒီလိုမှန်း မသိလို့ပါ ...ခုလိုဖြစ်သွားခဲ့ရတာ စိတ်မကောင်းပါဘူး"

"အဖေသာသိသွားခဲ့ရင်တော့ ရှင်မလွယ်ဘူး၊ ရှင့်ကို အရှင်ထားမှာ မဟုတ်ဘူး။ သူ အင်မတန်ချစ်တဲ့၊ သားသမီးလို သဘောထားတဲ့ ဒီကျားကို သတ်ပစ်လိုက်လို့"

"ငါနဲ့တွေ့ပေး ...ငါ ရှင်းပြလိုက်ပါ့မယ်"

"ဟင် ...ရှင်းပြမယ် ...ဟုတ်လား၊ ဒီလိုရမှာ မ ဟုတ်ဘူး၊ မဖြစ်ဘူး၊ မဖြစ်ဘူး ...သူတို့က တစ်ယူသန်တွေ ရှင့်လို သူစိမ်းတစ်ယောက်က ဘယ်လိုပဲရှင်းပြ၊ ရှင်းပြ လက်ခံမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ပြီးတော့ ဒီနေရာကို လူစိမ်းတစ်ယောက်ရောက်လာရင် ကျူးကျော်တယ်လို့သတ်မှတ်ပြီး မမေးမစမ်းဘဲနဲ့ အပြတ်ရှင်းပစ်လိုက်တာပဲ၊ ဒါ ဥပဒေပဲ''

''ဟင် . . . ဟုတ်လား။ ဒါဆို မင်းကရော ငါ့ကို တစ်ခါတည်းအပြတ်ရှင်းပစ်ဖို့ စိတ်ကူးရှိနေသလား''

''အဲဒီလိုစိတ်ကူးမျိုးရှိနေခဲ့ရင် စောစောကတည်းက ရှင်သေဖြစ်ခဲ့ပြီးပြီ''

''ဒါဖြင့် မင်းက စည်းကမ်းဥပဒေကို ဆန့်ကျင်တာပေါ့''

''မဟုတ်ဘူး . . . ကျွန်မကိုယ်တိုင် ရှင့်ကို လူကြီးတွေရဲ့လက်ထဲကို အပ်မလို့''

''ဟင်''

ထိုစဉ် လူတစ်စု၏စကားသံများကို ကြားလိုက်ရသည်။ သူမ၏အမူအရာသည် ချက်ချင်းပြောင်းလဲသွား၏။

''ဟင် . . . အဖတို့ လိုက်လာကြပြီထင်တယ်၊ မဖြစ်ဘူး . . . လာ လာ''

သူမသည် မိုးကြယ်ကို တစ်နေရာသို့ခေါ်သွား၏။

✧ ✧ ✧



(၁၄)

## အန္တရာယ်ဝိုင်းထားခံရလေပြီ

သူမသည် မိုးကြယ်ကို တစ်နေရာသို့ခေါ်သွားသည်။ မိုးကြယ် နားမလည်တော့။ သူ့ကို လူကြီးတွေရဲ့လက်သို့ အပ်မည်ဟုလည်း ဆိုသေး . . . ခုတော့ တွေ့သွားမှာစိုးလို့ ရှောင်တိမ်းစေပြန်သည်။

မကြာမီ ဂူတစ်လုံးကို တွေ့လိုက်ရသည်။ ယင်းဂူ၏ ဘေးမှာလည်း ဒေါင်လိုက်အက်ကြောင်းကြီးတစ်ခု ဖြစ်နေသော ကျောက်ကြီးတစ်လုံးက ရှိနေသည်။ ယင်းနေရာသည် သစ်ပင်ချုံတွေကလည်း ထူထပ်သည်။

''ရှင် ဒီအထဲမှာ ခဏဝင်နေပါ''



www.burmeseclassic.com

www.burmeseclassic.com



သူမက မိုးကြယ်ကို ဂူထဲထည့်ပြီး ထွက်သွားမည်ပြုသည်။ သို့သော် မိုးကြယ်က သူမ၏လက်မောင်းကို ဖမ်းဆွဲထားလိုက်ပြီး . . .

"မင်းက ငါ့ကို ဒီအထဲထည့်ထားပြီး ဟိုလူတွေကိုသွားခေါ်မှာမို့လား . . . ဒီလိုလုပ်လို့ ဘယ်ရမလဲ"

"အို . . . မဟုတ်ပါဘူး၊ ရှင့်ကို စောစောကပြောပြီးပြီပဲ . . . သေစေလိုရင် စောစောကတည်းက အပြတ်ရှင်းပစ်လိုက်မှာပေါ့လို့"

သူမက လက်မောင်းကိုဆုပ်ကိုင်ထားသည့် မိုးကြယ်၏လက်ကို ပုတ်ချလိုက်သည်။ ဂူအပြင်ကို ချက်ချင်းပြန်ထွက်သွား၏။ မိုးကြယ်က မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်။ သူမ မရှိတော့သောအခါ နောက်ယောင်ခံပြီးတော့လိုက်သွားသည်။ အပင်ကြီးများ ထူထပ်သည့်အတွက် ပုန်းလျှိုးကွယ်လျှိုးလုပ်လို့ အဆင်ပြေသည်။

မိန်းကလေးသည် အခြားတစ်နေရာမှ ထွက်လာဟန်ပြုသည်။ ယင်းအချိန်တွင် လူတစ်စုသည် တောတွင်းတစ်နေရာက ထွက်လာခဲ့ကြသည်။ အရပ်မြင့်မားပြီး ထွားကျိုင်းသန်မာသောသူများပင်။ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ကြမ်းတမ်းခက်ထန်သော အမူအရာများ ရှိကြသည်။

သူတို့သည် တောတွင်းတစ်နေရာက ထွက်လာသော





မိန်းကလေးကို တွေ့သွားခဲ့ကြသည်။

"သမီးယုလေး . . . ဘယ်ကပြန်လာတာလဲ"

"ဩော် . . . အဖရယ် ဘာရယ်မဟုတ်ဘူး . . . ဒီလိုပဲ၊ အဖတို့ကရော ဘယ်ကိုသွားကြမလို့လဲ"

"ရဲဘိုကြီး ကို လိုက်ရှာနေတာ၊ ဒီကောင်ကြီး အလည်လွန်နေတယ်၊ ကျားမတွေနဲ့ ဆုံဖြစ်ပြီး တောစိတ်ဝင်သွားပြီထင်တယ်၊ ပြန်မလာမှာ စိုးလို့"

"ဟုတ်တယ် . . . ရဲဘိုကြီးဟာ မ,စိတ်မွှန်နေတဲ့အခါ သမီးကိုတောင် ပြန်ပြီးတော့ ရန်မူချင်နေတာ၊ မမှတ်မိသလိုပဲ"

"အေး . . . သတိထား၊ ဒီကောင်ကြီးကို တွေ့ရင်လည်း သိပ်မရောနဲ့၊ နင် ပြန်တော့လေ . . . ငါတို့ လိုက်ရှာလိုက်ဦးမယ်"

"အဖ"

"ဟင် . . . ဘာလဲ သမီး"

"ဩော် . . . ဘာမှမဟုတ်ပါဘူး . . . သတိထားပြီးတော့သွားကြလို့"

သူတို့ ထွက်သွားကြသည်။ လမ်းမှာ ရဲဘိုကြီးကိုတွေ့သွားပါစေနှင့်ဟု ဆုတောင်းမိသည်။ ယင်းအချိန်တွင် မိုးကြယ်သည် သူမနှင့် တောတွင်းသားများ ကို တစ်နေရာမှ မြင်တွေ့နေရသည်။

ယုလေး နောက်ကြောင်းကို ပြန်လှည့်လာသည်။ မိုး

www.burmeseclassic.com

www.burmeseclassic.com



ကြယ်သည်လည်း ဂူဆီကို ပြန်ပြေးသွားသည်။ ယုလေးသည် ဂူထဲကို ဝင်ကြည့်လိုက်သည်။ မိုးကြယ်ကို တွေ့လိုက်ရသောအခါ

"ဟင် . . . တော်ပါသေးရဲ့ . . . ကျွန်မက ရှင် ဒီကနေ ထွက်သွားခဲ့ပြီလားလို့"

"မင်းရဲ့စကားကို နားမထောင်လို့ ဘယ်ဖြစ်မလဲ၊ ခုနက ဘယ်ကိုထွက်သွားခဲ့တာလဲ"

"အဖတို့ နောက်ကလိုက်လာကြပြီ၊ သူတို့ ရဲဘိုကြီးကို တွေ့သွားကြမှာ အမှန်ပဲ၊ ဒဏ်ရာကို ရှာတွေ့သွားခဲ့ကြရင် ဖြ သသနာတော့ ကောင်းကောင်းတက်ပြီ"

"ဘာဖြစ်လို့လဲ"

"ဘယ်သူ့လက်ချက်လဲဆိုတာ သိချင်လို့ လိုက်ရှာကြ မှာပေါ့၊ သူတို့က ဒီလိုကိစ္စမျိုးမှာ သိပ်ပြီးတော့ ဖွဲကောင်းကြ တယ်၊ တင်းစီးမခံကြဘူး"

"ဘယ်သူ့လက်ချက်လဲဆိုတာ သိနိုင်မှာမဟုတ်ပါဘူး . . . မင်းပြောမှသာ သိမှာ"

"ဒီနေရာကို ဘယ်လူစိမ်းမှ မလာတတ်ဘူး . . . ကျွန်မ တစ်သက်အထိ ဆိုပါတော့၊ ခုအချိန်မှာ လူစိမ်းတစ်ယောက်ရဲ့ လက်ချက်ဆိုတာ သိလောက်ပြီ၊ သူတို့က ခြေရာကိုကြည့်ပြီး အဖြေရှာတာ . . . တစ်ယောက်လား, နှစ်ယောက်လားဆိုတာ အားလုံးဟာ မှဆိုးတွေပဲ . . . ဒီလိုကိစ္စမျိုးမှာ ကျွမ်းကြတယ်"





"အဲသလိုဆို မင်းက သူတို့ကိုသွားမပြောဘဲ ငါ့ကို ဘယ်ထားတာ ဘာကြောင့်လဲ"

"ကျွန်မက သူတို့လိုမှ မဟုတ်တာ"

သူမသည် မိုးကြယ်ကို မျက်စောင်းလေးတစ်ချက်ထိုးကာ ပြန်ပြောလိုက်သည်။ ကျားကြီးဒဏ်ရာအပြင်းအထန်ရသွားစဉ်က မိမိကို ရန်လိုမုန်းထားစိတ်ဖြင့်ကြည့်သော အမူအရာမျိုး မဟုတ်တော့။ သူမသည် စကားဖွဖွပြောပြီး လေသံဝဲနေသည် ရလွဲပြီး စကားချင်းတူနေသည်။ မိမိတို့အရပ်ဒေသနှင့် ဝေးလံ ခေါင်သီသောနေရာမှာ စကားတူလူမျိုးစုတစ်စု ရှိနေသည့်အ တွက် အံ့အားသင့်မိရသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ယုလေး တဲ့ . . . ရှင့်နာမည်ကကော"

"မိုးကြယ်"

"ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

"ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုနဲ့ပါ၊ ငါ အဓိကတော ကြီးကို ကျော်ဖြတ်ပြီးမှ ဒီကိုရောက်လာခဲ့တာ"

"အို . . . အဓိကတောကြီးကို ကျော်ဖြတ်လာခဲ့တာ . . . ဟုတ်လား၊ ကြီးမားတဲ့ချောက်ကြီးတစ်ခုက ခြားနေတာ ရှင် ဘယ်လို ကျော်ဖြတ်လာခဲ့တာလဲ"

မိုးကြယ်က အမှန်အတိုင်းပင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က တကယ့်ကိုထူးခြားတဲ့ လူတစ်ယောက်ပဲ၊ အ
အဓိကတောကြီးနဲ့ ကျွန်မတို့တစ်တွေက ဘယ်လိုမှမပတ်သ
ချင်ကြဘူး၊ တကယ့် တောဆိုးကြီး ပဲ၊ ရှင် အသက်ရှင်လျ
ဒီကိုရောက်လာခဲ့တာ တော်ရုံသတ္တိမဟုတ်ဘူး။ သေလောက်
အန္တရာယ်တွေလည်း မလွဲမသွေ ကြုံခဲ့ရမှာပဲ"

မိုးကြယ်က အဖြေမပေးဘဲ နေလိုက်သည်။

✧

ယင်းအချိန်တွင် ယုလေး၏ဖခင်ပါဝင်သော တောတွင်
သားတစ်စုသည် တစ်နေရာကိုအရောက်တွင် ရဲဘိုကြီးဟု အမ
ပေးထားသော ကျားကြီးကို လမ်းမှာတွေ့လိုက်ရလေ၏။ ရှ
လျက်နှင့်တော့ မဟုတ်ပေ"

"ဟင် ...ရဲဘိုကြီး"

လူကြီးသည် သေဆုံးလျက်ရှိသော ရဲဘိုကြီးကို မြင်လိုက်
လိုက်သောအခါ စိတ်ထိခိုက်သွား၏။

"ဒီကောင်ကြီး ဘာဖြစ်လို့သေသွားရတာလဲ၊ သ
ကောင်အချင်းချင်း တိုက်ခိုက်ကြလို့လား၊ အစာအဆိပ်သင့်တ
လား၊ အဆိပ်မိတာလား"





သူ့လူများက ကျားကြီးကို စစ်ဆေးကြည့်ကြသောအခါ
ည်ပင်းနှင့် ရင်ညွန့်လိုနေရာမျိုးတွင် ပြတ်ရှဒဏ်ရာများကို
တွေ့လိုက်ရသည်။ သို့သော် ဒဏ်ရာက အထဲကိုနက်ဝင်နေသော်
ည်း သိသာစွာမမြင်နိုင်။ သွေးမထွက်။ သွေးသည် အပြင်ကို
ထွက်မလာဘဲ ကိုယ်တွင်းမှာသာ ခဲသွားခဲ့သည်။

"ဒါ ဓားဒဏ်ရာပဲ သခင်ကြီး၊ ဓားရေးလည်း ကျွမ်း
တယ်၊ ဓားလည်း ကောင်းပုံရတယ်၊ ရဲဘိုကြီးကို ဒီလိုတိုက်
က်သွားတာ ပိရိတယ်"

ထိုအခါ လူကြီးသည် တင်းမာသောမျက်နှာထားဖြင့်

"ငါတို့နယ်ထဲကို လူစိမ်းတစ်ယောက် ရောက်နေပြီ၊
ဖို့ခက်ခဲတဲ့နေရာကို ဘယ်လိုနည်းနဲ့ ရောက်လာခဲ့တာလဲ၊
ယ်ကနေ ရောက်လာခဲ့တာလဲ ...လိုက်ရှာကြစမ်း"

အတူပါလာကြသော တောတွင်းသားအချို့သည် နေရာ
နှံ့ လိုက်ပြီးတော့ စုံစမ်းကြသည်။ လူကြီးကတော့ ရဲဘိုကြီး
နားမှာပဲ နေရစ်ခဲ့သည်။

တောတွင်းသားများသည် မကြာမီ ချောက်ကြီးရှိသော
ရာကို ရောက်သွားခဲ့သည်။ တစ်နေရာတွင် ချောက်ကြီးပေါ်
နေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ကြရလေသည်။
င်ကြီးသည် ချောက်ကမ်းပါး ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်ကို
တားထိုးထားသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူကြီးဆီ အကြောင်းပြန်ကြားကြသည်။

''ဟင် . . . အပင်ကြီးတစ်ပင်က လဲကျနေပြီး ချောက်တစ်ဖက်ကနေ တစ်ဖက်ကို ကူးသွားလို့ရတယ် . . . ဟုတ်လား ဖြစ်နိုင်တယ် . . . အဲဒီလူစိမ်းဟာ ဒီအပင်ကြီးပေါ်ကနေ ငါတို့ဘက်ဆီကို ကူးလာခဲ့မှာပဲ''

''လူစိမ်းတွေ သုံးလေးယောက်လည်း ဖြစ်နိုင်တာပဲ''

''မဟုတ်ဘူး . . . တစ်ယောက်တည်းပဲ၊ ဒီလူ ရဲဘိုကြီးနဲ့တွေ့ပြီး တိုက်ခိုက်သွားတာ၊ ထွက်သွားပြီလား၊ ရှိနေသေးလား။ မတွေ့တွေ့အောင်လိုက်ရှာကြ၊ ငါတို့လူတွေကို ပြန်ခေါ် ဟောဟိုအပင်ကြီးကို ချောက်ထဲရောက်အောင် ပစ်ချကြရမယ်''

''ဟုတ်ကဲ့ . . . ခုချက်ချင်း ဆောင်ရွက်ပါ့မယ်''

''ရဲဘိုကြီးကိုတော့ ကောင်းကောင်းမွန်မွန် မြေမြှုပ်ပေးလိုက်ကြပါကွာ''

လူကြီးသည် ရဲဘိုကြီးကို စိတ်မကောင်းခြင်းကြီးစွာဖြင့် တစ်ချက်ကြည့်ကာ နေရာမှထသွားခဲ့လေသည်။

''ဒီလူစိမ်းကို မိမှ ငါ ကျေနပ်နိုင်မယ်၊ လူဖြန့်ပြီးတော့ ရှာကြ . . . လုပ်ကြ မြန်မြန်''

✧





သတင်းပေးမှုက လျင်မြန်လွန်းလှသည်။ တောတွင်းသားများ တစ်ဦးပြီးတစ်ဦး လက်ဆင့်ကမ်းသွားခဲ့ကြသည်။ လျှာကိုခေါက်ကာ မှုတ်ပြီး အချက်ပေးလိုက်ကြသည်။ တရှဲရှဲအော်မြည်သံများက မြွေတွန်သံများသဖွယ်။ ဟိုမှ သည်မှ ကြားနေရသည်။ ရန်သူရှိနေပြီ လိုက်ရှာကြဟူသော အဓိပ္ပာယ်ရသည့် အချက်ပေးသံများပင်။

လူပျောက်ရှာလျှင်၊ တရားစီရင်လျှင် လေသံအတိုအရှည်ဖြင့် ပြောင်းလဲသွားခဲ့သည်။ ယင်းအသံများသည် မိုးကြယ်နှင့် ယုလေးတို့နေသည့် ဂူဆီကို ပျံ့နှံ့လာခဲ့လေသည်။

''ဟော . . . ဒါ အချက်ပေးသံတွေပဲ၊ သူတို့က ရှင့်ကို လိုက်ရှာဖို့ စီစဉ်နေကြပြီ''

ယုလေးက စိုးထိတ်သောမျက်ဝန်းများဖြင့် မိုးကြယ်ကို ကြည့်ကာ ပြောလိုက်သည်။

''သူတို့က ဘယ်လိုကြောင့် သိသွားခဲ့ကြတာလဲ''

''ရဲဘိုကြီးရဲ့ကိုယ်ပေါ်က ဒဏ်ရာကိုကြည့်ပြီး သိသွားကြတာဖြစ်မှာပေါ့၊ ဒီအတိုင်းဆို ချက်ချင်းလူခွဲပြီးတော့ လိုက်ရှာကြတော့မယ်''

''ဒါပေမဲ့ ငါကတော့ ဒီနေရာက မဖြစ်ဖြစ်အောင် ထွက်သွားရမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



''အို ... ဒီလိုဖွတ်ထွက်သွားလို့ မရဘူးလေ၊ ခုလောက်ဆို လူတွေက နေရာအနှံ့မှာ ရှိနေလောက်ပြီ၊ ရှင် ဘယ်လိုမှ မလွတ်နိုင်ဘူး၊ သူတို့က ရှင့်ကိုမိသွားကြရင် ချက်ချင်းသတ်ပစ်ကြမှာ မဟုတ်ဘူး၊ တဖြည်းဖြည်း ညှဉ်းဆဲပြီးတော့မှ ...''

''တော်တော့ ... ငါ သဘောပေါက်ပြီ၊ ငါ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိတယ်၊ ရောက်အောင်သွားမှ ဖြစ်မယ်၊ ငါ ဘယ်လိုလွတ်မြောက်နိုင်မယ်ဆိုတာ မင်း သိနိုင်တယ်''

''ရှင်''

သူမသည် မိုးကြယ်ကို တွေတွေကလေးကြည့်နေမိလိုက်သည်။ တစ်ခဏအကြာ သက်ပြင်းမောကလေးတစ်ချက်ချမိလိုက်ကာ ...

''ခဲတော့ခဲယဉ်းတယ်၊ ဒါပေမဲ့ ကျွန်မ ကြိုးစားကြည့်မယ် ... ရှင် ဒီမှာ ခဏစောင့်၊ ကျွန်မ အခြေအနေကိုသွားကြည့်လိုက်ဦးမယ်၊ သူတို့ ဒီဘက်ကိုတော့ ရောက်မလာတန်ကောင်းပါဘူး''

ယုလေးသည် မိုးကြယ်ကို သေချာစွာမှာပြီး ဂူထဲမှထွက်သွားခဲ့ပြန်သည်။ မိုးကြယ်ကတော့ ယခုအချိန်မှာ မည်သူ့ကိုမှ မယုံရဲ။ သတိကြီးစွာ ထားနေရသည်။ ဂူအပြင်ကိုတော့ ထွက်၍မဖြစ်သေး။

ယခုအချိန်မှာ ပုရွက်အုံ တုတ်နှင့်ထိုးလိုက်သလို တော





တွင်းသားတွေက အုံနှင့်ကျင်းနှင့် ထွက်လာခဲ့ကြလိမ့်မည်။ သူတို့၏အင်အား ဘယ်လောက်ရှိမှန်း မသိ။ ဘယ်မှာနေကြမှန်းသည်း မသိ။ အနေအထားအမျိုးမျိုးနှင့် မိမိကို စောင့်ကြည့်နေနိုင်ကြသည်။

ဂူအဝနားမှာကပ်၍ အပြင်ဘက်ကို မသိမသာ ချောင်းကြည့်နေမိသည်။ မလှမ်းမကမ်းမှာ ဖြတ်လျှောက်သွားကြသော တောတွင်းသားလေးတစ်စု။ ဓား၊ လှံ၊ လေး၊ မြား၊ ပုဆိန်၊ ခုတင်း အစရှိသည့်လက်နက်မျိုးစုံကို ကိုင်ဆောင်ထားကြသည်။ သူတို့၏မျက်နှာများမှာ ခက်ထန်နေကြသည်။ မညှာမတာ ရက်စက်ကြမည့်ပုံမျိုး။ ခန္ဓာကိုယ်များကလည်း သန်မာထွားကျိုင်းကြသည်။ ခုနေ ပြေးဝင်သွားပြီး တိုက်ခိုက်ရင်တော့ ရနိုင်သည်။

သို့သော် နောက်ထပ်လူတစ်စုက သူတို့၏နောက်မှ လိုက်ပါလာကြ၍ လက်လျှော့လိုက်ရသည်။ တစ်သုတ်ပြီးတစ်သုတ်ရှင်းပြီး ထွက်ပေါက်ကိုရှာရမည်ဆိုလျှင် မိမိက ဂူထဲကလူ မဖြစ်နိုင်။ လူစွမ်းကောင်းလည်း မဟုတ်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

## ဂူထဲမှာတစ်ညတာ

ယုလေးကိုပဲ စိတ်ရှည်စွာပင် စောင့်နေမိလိုက်သည်။ သို့သော် သူမနှင့်အတူ အခြားသူများပါလာခဲ့လျှင်ဟူသော တွေးက ဝင်လာခဲ့ပြန်သည်။

အတန်ကြာမှ ဂူဆီကို ချဉ်းကပ်လာသော ယုလေး မြင်တွေ့လိုက်ရသည်။ သူမသည် ဂနာမငြိမ်သည့် မျက်လုံးများ ဖြင့် ဝန်းကျင်ကို အလစ်မပေး၊ စောင့်ကြည့်နေသော မိုးကြ ကတော့ အကျိုးအကြောင်းကို သိချင်လှပြီ။ သူမသည် မိုးကြ ဆီကို ရောက်ရောက်ချင်း ...

"ရှင် ဒီကနေသွားဖို့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး





အားလုံးက တောနင်းပြီး လိုက်ရှာနေကြပြီ၊ ဒီမှာပဲ ခဏစောင့် နေဦး"

သူမက အမောတကောပင် ပြောလာခဲ့သည်။

"မဖြစ်ဘူး ... ငါကလည်း ခဏလေးတောင် မစောင့် နိုင်ဘူး၊ သွားကိုသွားမှဖြစ်မယ်၊ လမ်းမှာ အတားအဆီးကိုတွေ့ လည်း ရင်ဆိုင်သွားရမှာပဲ"

မိုးကြယ်သည် ဂူထဲမှထွက်ရန် ကြံသည်။ ထိုအခါ ယု လေးသည် မိုးကြယ်၏လက်မောင်းကို ဖမ်းဆွဲထားလိုက်ပြီး ...

"ရှင် သွားရင် သေလမ်းကိုသွားတာနဲ့ အတူတူပဲ၊ အဲဒါဆိုရင် ရှင့်ရဲ့ရည်ရွယ်ချက်လည်း အောင်မြင်မှာ မဟုတ်တော့ ဘူး၊ ရှင့်ရဲ့ကိစ္စက ဘာမှန်းမသိပေမယ့် ကျွန်မစကားကို နားမ ထောင်ရင် ရှင် ဒုက္ခကောင်းကောင်းရောက်မှာကတော့ ကျိန်း သေတယ်၊ တမလွန်မှာ လူတစ်ယောက်ရဲ့အလုပ်တွေကို ဆက် လုပ်နိုင်ဘူးဆိုတာ ရှင်နားလည်လား"

သူမ၏စကားက လေးနက်မှုရှိသည်။ မိုးကြယ် အံ့ဩ မိရသည်။ တောထဲတွင် သာမန်အဆင့်ရှိသော မိန်းကလေးတစ် ဦးက အတွေးအခေါ်ပါသောစကားကို ပြောနိုင်သောကြောင့်ပင်။

တကယ်တော့လည်း သူမ ပြောတာ မှန်သည်။ ဤနေ ရာအကြောင်းကို မိမိက သိသူမဟုတ်။ ဆင်ကန်းတောတိုးသည့် ပမာ ထွက်သွားခဲ့လျှင် ဆိုးကျိုးရရှိဖို့သာ များသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ငါ ဘာလုပ်ရမလဲ"

"ရှင် တစ်ရက်လောက်တော့စောင့်ပါ၊ ဒီတစ်ရက်ကတော့ သူတို့က လိုက်ရှာကြမှာပဲ၊ မတွေ့ဘူးဆိုပြီး လက်လျှော့လိုက်မှ ရှင် ဒီကနေထွက်ဖို့ နည်းနည်းလွယ်သွားမယ်လို့ ထင်တယ်"

တစ်ရက်ဟူသောအချိန်က သူ့အတွက် အရေးကြီးပေမယ့် အသက်အန္တရာယ်ကြောင့် နောက်ဆုတ်သင့်လျှင် ဆုတ်ရပေမည်။

"ကျွန်မ အကြာကြီးပျောက်နေရင် မကောင်းဘူး။ သွားလိုက်ဦးမယ်၊ အခြေအနေကြည့်ပြီးတော့ ပြန်လာခဲ့မယ်၊ ရှင် ဒီကနေ ထွက်မသွားနဲ့နော်"

"အေးပါ"

သူမသည် ပြန်သွားခဲ့ပြန်သည်။ တကယ်စိုးရိမ်စိတ်နှင့် မှာကြားခဲ့သည်ဟု ယုံကြည်မိသည်။ မျက်ဝန်းအမူအရာတွေက သက်သေခံနေသည်။

မိုးကြယ်သည် အပြင်ဘက်ကို တစ်ချက်လှေ့လာပြီးမှ ဂူ၏အတွင်းပိုင်းအခြေအနေကို ကြည့်သည်။ အနောက်ဘက်ကို အနည်းငယ်ရှည်လျားသော်လည်း ဂူပိတ်ဖြစ်သည်။ ဂူကို ချုံတွေက အပေါ်ဘက်မှဖုံးအုပ်နေသောကြောင့် ပုံဖျက်ထားသလို ဖြစ်နေသည်။





ထို့ကြောင့် အတွင်းဘက်သို့ အနည်းငယ်တိုးဝင် သွားပြီး ဒူးရုံကိုမှီကာ ထိုင်နေမိသည်။ ငိုက်မျဉ်းကာ အိပ်ပျော်သွားခဲ့လေသည်။ မည်မျှကြာသွားခဲ့သည် မသိ။

"ဟော့ကောင် ... အပြင်မှာ လူတွေရောက်နေကြတယ်"

သူ့ခေါင်းကိုပုတ်ပြီး နားဝမှာကပ်ပြောလိုက်သလို ထင်ရသည်။ သူ နိုးသွားသည်။

"ဟင်"

ဂူထဲမှာ အတော်မှောင်နေပြီ ဖြစ်သည်။ အနားမှာ မည်သူမှ မရှိ။ မသိစိတ်ကပဲ သတိပေးလိုက်တာလား။ လူသံများကို ကြားနေရသည်။ မီးရောင်သည်လည်း ဂူထဲကို တစ်ချက် တစ်ချက်မှာ ဝင်လာခဲ့သည်၊ ထို့ကြောင့် ဂူဝဆီကို လျှောက်သွားလိုက်သည်။ အတော်ခပ်လှမ်းလှမ်းတွင် မီးတုတ်များကို ကိုင်ကာ သွားနေကြသော လူတစ်စု ...။

"မိုးချုပ်တဲ့အထိ ငါ့ကို သဲကြီးမဲကြီးရှာနေကြတာပါပဲလား၊ ငါ့ကိုတွေ့ဖို့က ဒါလောက်အထိ အရေးကြီးသလား"

ကြည့်နေရင်းကပင် ထိုသူများသည် ဂူဘက်ဆီကို လှမ်းလာနေကြသည်။

"လာနေကြပြီ ... ဂူကို သက်သမကင်းဖြစ်ပြီး ဝင်လာခဲ့ကြရင်တော့ တွေ့သွားကြမှာ ကျိန်းသေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်တလောအခြေအနေမှာ မည်သို့ဆုံးဖြတ်ရမှန်း မ[...] . . . အရေးကြီးနေလေပြီ။

မိုးကြယ်သည် နောက်ဆုံးမှာတော့ ဂူအပြင်ကိုထွ[...]ကာ ခဏရှောင်နေရန် ဆုံးဖြတ်လိုက်သည်။ တစ်ခဏအကြ[...]တွင် ပိုက်စိပ်တိုက်ပြီး လိုက်ရှာနေကြသော တောတွင်းသားမျ[...]သည် ဂူရှေ့မှဖြတ်သွားခဲ့ကြသည်။ လွန်သွားပြီးမှ . . .

"ဟေ့ . . . ငါတို့ ဒီအထဲကို ဝင်ရှာကြည့်ကြရင် ကောင်[...]မယ်"

ထိုသူက ပြောလိုက်မှ ဂူကိုသတိထားမိသွားခဲ့ကြ[...]သည်။ မီးတုတ်ကိုယ်စီနှင့် ဂူဆီကို လျှောက်လာခဲ့ကြသည်[...] ဂူထဲကို တစ်ယောက်ပြီးတစ်ယောက် ဝင်လာခဲ့ကြသည်။ အားလုံ[...]ဝင်လာခဲ့ကြသည့်အတွက် ရန်သူကို အထင်မသေးဝံ့ကြော[...]လက်ခံထားကြပုံပေါ်သည်။ မီးတုတ်များကို မြှောက်ကာကြ[...]ကြသည်။

သူတို့အားလုံး၏ခြေရာများနှင့် မိုးကြယ်၊ ယုလေးတို့[...]ခြေရာများ ထပ်ပြီး ရှုပ်ယှက်ခတ်သွားခဲ့ကြသည်။ အကင်းပါးကြ[...]လျှင် ဂူထဲကိုမဝင်သေးဘဲ ခြေရာများကိုသာ အရင်ရှာဖွေကြ[...]မည် ဖြစ်သည်။

"ဒီအထဲကိုလည်း မရောက်ပါဘူးကွာ . . . တစ်နေရာ[...]ကို သွားရှာကြမယ်ဟေ့"





ဂူထဲမှ အားလုံး ပြန်ထွက်သွားခဲ့ကြသည်။ မိုးကြယ်က ချုံတစ်ချုံ၏အကွယ်မှ ချောင်းနေသည်။ သူတို့၏လှုပ်ရှားမှုများကို မြင်တွေ့နေရသည်။ အားလုံး ခပ်ဝေးဝေးကို ရောက်သွားကြတော့မှ ဂူဆီကို ပြန်လျှောက်လာသည်။

ညတာက ရှည်လျားလှသည်။ ညဉ့်ဦးယံလောက်ပဲ ရှိဦးမည်ထင်သည်။ ဂူထဲမှာ အေးစိမ့်လာသည်။ အထုပ်ထဲမှ စောင်ပါးလေးကိုထုတ်ကာ ခြုံပြီး ဂူနံရံကိုမှီကာ ထိုင်နေလိုက်သည်။

သူတို့ ဤနေရာကို နောက်တစ်ကြိမ် ရောက်လာခဲ့ကြလိမ့်မည်ဟု မထင်မိ။

✧

မိုးလင်းလာခဲ့ပြီဖြစ်သည်။ ကြက်အိပ်ကြက်နိုးနှင့် စိတ်ချရဲသည်မို့ မိုးလင်းမည့်အချိန်ကို စောင့်နေခဲ့ရသည်။ ယုလေးသည် ရောက်မလာခဲ့။ သူမကို ဖခင်နှင့် အခြားသူများက အကြောင်းမကောင်းဖြစ်သွားကြမည်လား။ စစ်ဆေးမေးမြန်း ခံရမည်လား။ မိမိ၏အသက်ကို မည်သည့်အတွက်ကြောင့် ကာကွယ်ထားသလဲဆိုသည်ကို မသိ။

လူအမျိုးမျိုး စိတ်အထွေထွေဟူသည့်အတိုင်းပင် [...]



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့်တစ်ယောက် မတွေ့ကြပေ။

မိမိသည် ဂူထဲမှ အပြင်ကိုမထွက်ရဲတော့။ သူမ ရောက်မလာခဲ့လျှင်လည်း ကြံဖန်ပြီးတော့ လွတ်လမ်းကို ရှာရမည်သာ။ နေထန်းတစ်ဖျားသို့ ရောက်ခါနီးမှ ယုလေး ရောက်လာသည်။ ဂူဝကနေ လှမ်းပြီးတော့မြင်နေရသည်။ သူမသည် သတ္တိကောင်းပုံရသော်လည်း မိုးကြယ်နှင့်ပတ်သက်လာသောအခါ ပုန်းလျှိုးကွယ်လျှိုး ဖြစ်နေရှာသည်။ ဂူဝကိုရောက်သည်အထိ နောက်ကြောင်းကိုလှည့်တကြည့်ကြည့်။ မိုးကြယ်ကို မြင်လိုက်ရသောအခါမှ . . .

"တော်ပါသေးရဲ့ . . . ရှင် ဒီမှာမှ ရှိပါ့တော့မလားလို့ သူတို့က ညဝက်လောက်အထိ လိုက်ရှာနေကြတယ်၊ အဖကအကဲဆုံးပဲ၊ ရဲဘိုကြီးကြောင့် အခဲမကျေဖြစ်နေပုံ ရတယ်"

"မင်းကရော ရဲဘိုကြီးကြောင့် ငါ့ကို စိတ်မနာဘူးလား"

"ရဲဘိုကြီးက တောစိတ်ဝင်နေပြီ၊ တစ်ယောက်မဟုတ်တစ်ယောက် လိုက်ပြီးတော့ ရန်ရှာနေတာ၊ ကိုယ့်အသက်ကိုဘယ်သူက အနတ်ခံမှာလဲ၊ ပြန်ပြီးတိုက်ခိုက်မှာပေါ့၊ ရှင့်လိုလူမျိုးနဲ့တွေ့တော့ သူလည်း သေရတော့တာပေါ့ . . . ဘာတတ်နိုင်မလဲ"

နားလည်ပေးသည်။ မျှတစွာ ပြောတတ်သည်။ သူမမှာ အစားအစာများ ပါလာခဲ့သည်။ ဆန်၊ ကောက်ညှင်းနှင့်လုပ်ထား





သော မုန့်အနည်းငယ်၊ ရေလည်း ဘူးခြောက်သေးသေးလေးနှင့်ထည့်ယူလာသည်။

"ရှင် ဆာနေမှာပေါ့ . . . စားလိုက်ဦး"

ရေပါလာ၍ အဆင်ပြေသွားသည်။ မျက်နှာသစ်၊ ပလုတ်ကျင်းသည်ကို စတီလုဝ်သည်။ ယခုထက်ထိ ဆာလောင်မှုဝေဒနာကို မခံစားရသေးသော်လည်း စားလိုက်သည်။ ပူပူနွေးနွေးမို့ စား၍ကောင်းသည်။ သူမသည် သိုသိုသိပ်သိပ်နှင့် အထုပ်လေးပြုကာ ယူလာခဲ့ခြင်းပင်။ မိုးကြယ်စားနေသည်ကို ကျေနပ်စွာပင် ကြည့်နေသည်။ သူမက အခြေအနေကို မည်သို့ပြောမလဲဟု စောင့်နေမိသည်။

"ရှင့်နာမည်က မိုးကြယ်ဆိုတော့ မိုးပေါ်မှာပဲပေါ့၊ ကောင်းပါတယ်၊ အမြင့်မှာပဲ ရှိနေတာပေါ့၊ ရှင်က ကိုယ့်ဘဝတက်လမ်းအတွက် ပညာရပ်တစ်ခုခုကို ရှာဖို့အတွက် ခရီးတစ်ခုကိုသွားနေတာပဲ ဖြစ်ရမယ်၊ ကောင်းပါတယ်လေ . . . ဒါမှယောကျ်ားပီသတာ"

မိုးကြယ် စိတ်မလုံမလဲဖြစ်သွားသည်။ မိမိ၏ရည်ရွယ်ချက်အမှန်ကိုသာ သိခဲ့လျှင် မည်သို့ဝေဖန်မည်လဲ မသိ။ ပြောပြီးစကားကိုပင 'ပြန်ပြီးတော့ ရုပ်သိမ်းမိလေမည်လား မသိ။

"ရှင်ရဲ့ လျှို့ဝှက်ချက်ခရီးကို မသိချင်ပါဘူး၊ မေးကြောင်းတာမှ မဟုတ်တာ၊ အခုပြောမယ့် စကားကိုသာ နားထောင်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ရှင့်ကို ဒီတောထဲမှာပဲ ပုန်းအောင်းနေတယ်လို့ ထင်နေကြဦးမှာ၊ ဒါကြောင့် ကိုယ့်သဘောနဲ့ကိုယ် ထွက်သွားရင် အ…ရာယ်ရှိတယ်''

''အဲဒီတော့''

''ကျွန်မ ရှင့်ကို ကူညီမယ်''

သူမ၏စကားကြောင့် အားတက်သွားခဲ့ရသည်။ မည်သ… ကူညီမလဲဆိုတာ မသိ။ မိမိကလည်း ဤနေရာမှ ဆက်ပြီး [illegible] နေချင်တော့။ သူတို့က အင်အားဘယ်လောက်ရှိမှန်း မသ… မိမိကို တစ်ချိန်မဟုတ်တစ်ချိန်မှာ မိသွားနိုင်သည်။ မတွေ့ဘူး… ပြီးတော့ လက်လွှတ်လိုက်ကြမှာ မဟုတ်။ စောင့်ဖမ်းဖို့ ကြိုး… နေကြဦးမည်သာ။ ချောင်းမြောင်းနေကြဦးမှာ အမှန်ပင်။

တစ်ခဏအကြာတွင် ယုလေးသည် ဂူအပြင်ကို ထွ… သွားပြန်သည်။ ချက်ချင်းလိုလိုပင် ပြန်လာသည်။

''ကျွန်မတို့ ထွက်ကြမယ်''

မိုးကြယ်သည် ဓားနှင့် အဝတ်အိတ်ထုပ်ကို ယူလို… သည်။ သူမဆီမှာလည်း လေးမြားပါလာသည်။ ဂူထဲကထွ… ကြသည်။ သူမ၏နောက်မှ ကပ်ပြီးတော့ လိုက်သွားခဲ့သည်… လမ်းဟူရယ်လို့ မရှိ။ ချုံတွေ၊ သစ်ငုတ်တွေ၊ တောင်ပို့တွေ… ကွင်းပြီးတော့သွားရသည်။ လူသူအသွားအလာ သိပ်မရှိသေ… နေရာကို ရွေးပြီးတော့ ခေါ်လာဟန်တူသည်။





သို့တစေ သူမကိုယ်တိုင်လည်း စိတ်ချပြီးတော့ မနေ။ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်သွားသည်။

တော်တော်လေးကို ခရီးပေါက်လာသည့်တိုင် လူသူကို မတွေ့။ တစ်နေရာတွင် မှိုမောက်နေသော မြေသားများ တော်တော်များများကို တွေ့လိုက်ရသည်။ ဘာမှန်းမသိ • • •။ စိတ်ထဲမှာ မသိုးမသန့်ဖြစ်မိသည်။ လူသေမြှုပ်သည့် သုသာန်များလားဟု။ ထို့ကြောင့် လူသူအသွားအလာ မရှိကြသည်ပဲလား။

ထိုနေရာကို လွန်မြောက်လာခဲ့သည်။ မြက်ရိုင်းတောကြီးကို ဆီးပြီးတော့ မြင်လိုက်ရသည်။ အချို့တစ်ဝက်ခန့် ခြောက်သွေ့နေသည်။ လေကတဟူးဟူးနှင့် တိုက်ခတ်နေသည်။ မြက်ပင်များကို လေတိုးသောကြောင့် တရှဲရှဲနှင့် မြည်နေကြသည်။ မြက်ရိုင်းတောထဲမှ သူတို့ဖြတ်ကြရသည်။

ထိုစဉ် စကားသံအချို့သည် လေနှင့်အတူ ပါလာခဲ့ကြသည်။ ယုလေးသည် ချက်ချင်းပင် မိုးကြယ်၏လက်မောင်းကို ဆုပ်ကိုင်ကာ အောက်ကိုဆွဲချလိုက်၏။ အတူ ထိုင်မိလိုက်ကြသည်။

လူတစ်စုသည် မြက်ရိုင်းတောကြီးနှင့်ကပ်ပြီး ဖြတ်လျှောက်သွားခဲ့ကြသည်။ သူတို့ကိုယ်ပေါ်မှာ လေး၊ မြား၊ ဓား၊ လှံလက်နက်များ ပါလာခဲ့ကြသည်။

''ငါတို့ ဒါလောက်လိုက်ရှာနေတာ ဒီကောင်ပဲ အပုန်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလား, ထွက်ပြေးသွားခဲ့တာလားဆိုတာ မသိနိုင်ဘူ

"ဒီကောင်လို့ဆိုရအောင် ဘယ်သူဆိုတာ မင်းကသိ လား။ အဲဒီလူကို ဘယ်သူမှ မမြင်ဖူးလိုက်ကြဘူး၊ ရန်သူလ ချက်နဲ့ ကျားသေသွားလို့သာ ကိုယ်ပေါ်ကဒဏ်ရာကိုကြည့် ပြောနိုင်တာ၊ ဒီကျားကို သက်ပစ်လိုက်တာ ငါတို့အထဲကလ ဖြစ်နိုင်တာပဲ"

"မဟုတ်ပါဘူးကွ၊ ဓားသုံးတာက ကျွမ်းတယ်၊ သွေ အပြင်ကို မထွက်ဘူး။ အထဲကို ပြန်ဝင်သွားတယ်၊ ပြတ်ရှဒဏ် ကလည်း ခပ်ပါးပါးလေး။ မနည်းကြည့်မှ တွေ့ရတယ်၊ အဲဒီ လူရော, ဓားပါ ထူးဆန်းနေတယ်၊ တို့အထဲကတော့ မဟုတ်ဘူ

"ဟောဒီ မြက်ရိုင်းတောကြီးကလည်း ပုန်းခိုလို့ကော တဲ့နေရာပဲကွ၊ အဲဒီလူ ဒီအထဲမှာ ရှိချင်ရှိဦးမှာ ...ဝင်ရှာ မလား"

"ငါကတော့ မထင်ပါဘူး၊ ပြေးမယ့်ပြေး တစ်ည တည်းနဲ့ လွတ်အောင်ပြေးပြီပေါ့၊ ပုန်းဖို့စဉ်းစားနေမှာ မဟုတ် အေး ...ညဘက်က ဒီအထဲဝင်ပြီးတော့ ပုန်းနေရင်လ မြွေဆိုးတွေပေါလို့ သက်ဆိုးရှည်မှာမဟုတ်ဘူး။ ခုလောက် သေဖြစ်ခဲ့ပြီ"

မြွေဆိုးဆို၍ စိတ်က မသိုးမသန့်ဖြစ်သွားခဲ့ရသည်။ နေရာသည် မြွေများခိုအောင်းသော နေရာ။ မြွေသိုက်များ





ိုင်သည်။ သူတို့နှစ်ယောက်သည် မလှုပ်ရဲကြ၊ ငြိမ်ပြီးတော့သာ းထောင်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် နီးကပ် ွန်းသော အနေအထား။ ယုလေးသည် ရွာသားများ၏စကား ကို နားစွင့်နေရင်းက မိုးကြယ်ကို မကြာခဏကြည့်နေသည်။

တောတွင်းသူလေးပေမယ့် အနေအထိုင်က သန့်ရှင်း သည်။ ထူးခြားသောကိုယ်သင်းနံ့လေးက သူ့ကို ကလူကျီစယ် ျက်ရှိသည်။ ထိုသူများသည် မြက်တောကြီးကို တစ်ချက်သာ ည့်ကြည့်ကြပြီး စကားတပြောပြောနှင့် ထွက်သွားခဲ့ကြလေ သည်။ တစ်ခဏ ထိုင်နေကြသေးသည်။ ထိုသူတို့ ဝေးဝေးသို့ ရောက်သွားကြတော့မှ ...

"ကဲ ...သွားကြမယ်"

သူမက ထလိုက်စဉ် ခြေခေါက်ပြီး လဲကျမလိုဖြစ်သွားရာ

"အို"

မိုးကြယ်က အမှတ်မထင် လှမ်းပြီးတော့ ဆွဲလိုက်သည်။ ိုယ်လုံးလေးက ယိမ်းယိုင်သွားခဲ့သည်ဖြစ်၍ မိုးကြယ်၏ရင် ွင်ထဲကို လုံးလုံးလျားလျား ရောက်သွား၏။ ဤမျှလောက်နီး ကပ်ခြင်းသည်ကား မရှိတော့။ ထိုအခါ မျက်လုံးချင်း ဆုံမိကြ လေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

## ကူညီသူလေး

နှစ်ယောက်သား ဝင်းတင်းဖက်ထားကြရင်းက အသိစိတ်ဝင်လာခဲ့ကြပြီး ကိုယ်ချင်းခွာလိုက်ကြသည်။ မလိုအပ်ဘဲဖက်တွယ်ထားကြခြင်းပင် ဖြစ်သည်။ သူမထံမှ သက်ပြင်းချသံက တစ်လုံးတစ်ခဲ။ ရွှေရင်လှိုင်းထန်သွားခဲ့သည်။ မျက်နှာလေးကလည်း နီးမြန်းမြန်း။

"သွား ... သွားကြမယ်"

တုန်ယင်သောအသံလေးဖြင့် ရှေ့ကနေ ထွက်သွားသည်။ အပျိုမလေးက ရှက်သွားသည်ထင့် ...။ မိုးကြယ်လည်း စိတ်လှုပ်ရှားမှုကို မျိုသိပ်ကာ နောက်မှလိုက်သွားခဲ့သည်။

ရွှေကားစာပေ



ရှေ့တွင် မြင့်မားသောတောင်ကုန်းကြီးများက ဘွားခနဲဆို ပေါ်လာခဲ့ကြသည်။ အချို့တောင်ကုန်းကြီးများသည် ဓားနှင့်ပိုင်းဖြတ်ထားသလို တိတိရိရိကြီးဖြစ်နေ၏။ တောင်ကုန်းလေးတစ်ခု၏အကွယ်တွင် ရပ်လိုက်ကြ၏။

"ကျွန်မ ဒီအထိပဲ ပို့ပေးတော့မယ်၊ ဟောဟိုက မြင်နေရတဲ့ တောင်ကုန်းကြီးနှစ်ခုကြားကနေ သွားပါ၊ ဒါပေမဲ့ ... အခက်အခဲကတော့ ရှိလိမ့်မယ်"

"ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်၊ မင်းသာ ခုလိုမကူညီခဲ့ရင် လွယ်မှာမဟုတ်ဘူး"

"ကျေးဇူးတင်စရာ မလိုပါဘူး ... ကျွန်မ ကူညီရမယ့်အခြေအနေမျိုးပါ၊ မိသွားရင် လူတစ်ယောက်အပေါ်မှာ ဘယ်လိုခါးသီးတဲ့ဆက်ဆံမှုတွေ ပေးမလဲဆိုတာ ကျွန်မ,သိတယ်၊ ကျွန်မ အဲဒါမျိုးတွေကို မမြင်ချင်ဘူး၊ ပြီးတော့ ... ရှင့်ကို ကျွန်မ မြင်မြင်ချင်း ခင်လို့ပါ"

စကားကို ထိန်းပြီးတော့ပြောသည်ဟု ထင်မိသည်။ မိုးကြယ်က သူမကို တွေတွေလေးပြန်ကြည့်လိုက်ပြီး ...

"ဒီနေရာဟာ ဘယ်လိုနေရာလဲ၊ ကျွန်တော်တို့က စကားအသုံးအနှုန်း, အကျင့်စရိုက်ကအစ တူညီနေတယ်၊ မင်းပြောနိုင်မလား"

သူမက ခေါင်းကို ခါယမ်းလိုက်သည်။

ရွှေကားစာပေ

www.burmeseclassic.com

www.burmeseclassic.com





"မပြောတတ်ဘူး။ ကျွန်မ ဒါလောက်အထိ နားမလည်ဘူး၊ ဉာဏ်မမီဘူး။ ကမ္ဘာမြေကြီးရဲ့တစ်နေရာမှာ လျှို့ဝှက်ချက်တစ်ခုရှိနေတဲ့ သဘောမျိုးပဲပေါ့။ အဲဒီနေရာမျိုးတွေက အများကြီးပဲလေ၊ ကျွန်မတို့ကလည်း အဲဒီလျှို့ဝှက်ချက်တွေထဲက တစ်ခုဖြစ်မှာပေါ့"

"အင်း ... ဟုတ်မှာပါလေ၊ ကမ္ဘာလောကကြီးမှာ ငါတို့နားမလည်နိုင်တာတွေက အများကြီးပဲ"

"ကဲ ... ရှင် မြန်မြန်သွားပါတော့၊ ဒီပိုင်နက်ထဲမှာ ဘယ်နေရာမှ စိတ်မချရပါဘူး။ ပြီးတော့ ကျွန်မကို ရှင်နဲ့အတူ တွေ့သွားရင်လည်း မကောင်းဘူး"

"သွားမှာပါ ... ငါ မင်းကို ကျေးဇူးတင်ကြောင်း ထပ်ပြီးပြောပါရစေ၊ အမြဲတမ်း အမှတ်ရနေပါ့မယ်"

"ကျွန်မလည်း ရှင့်လိုပါပဲ၊ ဒါပေမဲ့ ရှင် ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒီနေရာကို ဘယ်တော့မှ ပြန်ရောက်လာမှာ မဟုတ်တော့ဘူး။ အမှတ်ရနေကြရင်းနဲ့ ပြီးဆုံးသွားမှာပါ၊ ကဲ ကဲ ... သွားတော့၊ ကျွန်မ စိတ်မထိန်းနိုင်ရင် ရှင့်နောက်ကို အို ... သွားပါတော့လေ"

သူမ၏ တွယ်တာသောမျက်ဝန်းတွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်လာတော့မည်ကို သိသည်။ ထို့ကြောင့် ခေါင်းတစ်ချက်ညိတ်ကာ ကျောခိုင်းပြီးတော့ ထွက်လာခဲ့လေသည်။





အတော် ခပ်လှမ်းလှမ်းကိုရောက်၍ လှည့်ကြည့်မိသည်။ သူမသည် နေရာမှာပင်ရပ်ကာ သူ့ကိုကြည့်နေဆဲ။ သည့်နောက် အနိမ့်ပိုင်းတစ်နေရာကို ဆင်းသွားခဲ့စဉ်မှာ နောက်တစ်ကြိမ် လှည့်ကြည့်မိလိုက်သည်။ ယုလေးဆိုသည့် မိန်းကလေးကို မတွေ့ရတော့။ ရင်ထဲမှာ ဟာသွားမိသည်။

✧

တောထဲတွင် မတ်စောက်သော တောင်ကုန်းကြီးများက တစ်ခုနှင့်တစ်ခု နီးကပ်လျက်ရှိနေကြသည်။ အချို့တောင်ကုန်းကြီးများသည် ဓားနှင့်လှီးဖြတ်ထားသလို တိတိရိရိကြီးကို ဖြစ်နေကြသည်။ တခြားလမ်းမရှိ၍ ယင်းတောင်ပြတ်ကြီးနှစ်ခုကြားမှာပင် ဖြတ်သွားခဲ့သည်။

ထိုစဉ် စိတ်ထဲမှာ သင်္ကာမကင်းဖြစ်လာခဲ့ရပြန်သည်။ အန္တရာယ်တစ်ခုခု ကျရောက်လာတော့မည်ဆိုလျှင် ခံစားမိလာခဲ့သည်မျိုး။ ထို့ကြောင့် နောက်ကိုလှည့်ကြည့်မိလိုက်သည်။

"ဟင်"

တောတွင်းသားများသည် သူ့နောက်ကို လိုက်လာခဲ့ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေ ငါ့ကို ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထားခဲ့ကြတာကိုး၊ ငါ သူတို့ရဲ့လက်က သီသီလေးလွတ်လာခဲ့တာပဲ"

မိုးကြယ်သည် ခြေကုန်သုတ်ကာ ပြေးသည်။ သူနှင့် အလှမ်းကဝေးနေသေးသည်။ ပြေးဖို့အချိန်က ရသည်။ ရှေ့မှာ တွင်းကြီးတစ်ခု၊ အချင်း ပေနှစ်ဆယ်လောက် ရှိမည်။ ဘေးမှ ပတ်ပြီးတော့ သွားစရာလမ်းက မရှိ။

တွင်းကြီးကို ခပ်လှမ်းလှမ်းကပင် မြင်နေရသည်။ မိုးကြယ်၏စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်လာခဲ့သည်။ ယင်းတွင်းကြီးကို ခုန်ကျော်လွှားချင်လာမိသည်။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဟူသောစိတ်ကို မမွေးဘဲ အမှန်တကယ် ယုံကြည်စိတ်အပြည့်ဖြင့် တအားသွန်ကာ ပြေးသွားခဲ့သည်။ အနားကိုရောက်သည်နှင့် လွှားခနဲဆို ကျော်လွှားသွားခဲ့လေသည်။

ယင်းအချိန်တွင် မြားစူးတွေက ဝီခေါ်ပြီး သူနောက်က လိုက်လာခဲ့ကြသည်။ သို့သော် မမီမကမ်းဖြင့် ပစ်လိုက်ကြသည့်အတွက် မိုးကြယ်ဆီကို ရောက်မလာခဲ့ကြ။ ဘေးကိုသာ တဖုတ်ဖုတ်နှင့် ကျကုန်ကြသည်။ အပင်တွေ၊ ကမူတွေကို တဒုတ်ဒုတ်နှင့် မှန်သည်။ မိုးကြယ်ကား တွင်းကြီး၏တစ်ဖက်ကို ရောက်သွားခဲ့လေပြီ။

"ဟာ ... ဒီကောင် လွတ်သွားပြီ"

"ငါတို့ တစ်နေ့လုံး,တစ်ညလုံး လိုက်ရှာနေကြတဲ့ကောင်





ပဲ ဖြစ်မယ်၊ အလွတ်မပေးနဲ့၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မိရမယ်"

သို့သော် သူတို့ကိုယ်တိုင်က ယင်းတွင်းကြီးကို မကျော်နိုင်။ အောက်မှဆင်းပြီးတော့ လျှောက်သွားဖို့ကလည်း မဖြစ်။ တွင်းကြီး၏နှုတ်ခမ်းနှစ်ဖက်မှာလည်း တောင်ကုန်းကြီးတွေက ညှပ်နေကြသည်။ မိုးကြယ်သည် ထိုသူများကို တစ်ချက်လှည့်ကြည့်လိုက်သည်။

"ဟော့ကောင် ... မင်း ငါတို့ရဲ့လက်ထဲက မလွတ်ဘူး၊ ရှေ့မှာ မင်းအတွက် **သေမင်းရဲ့တမန်တွေက** စောင့်နေကြတယ် ... ဟား ဟား ဟား"

တစ်ယောက်က အော်ဟစ်ပြီးတော့ လှောင်ပြောင်ကာ ပြောလိုက်သည်။

"ဒီလူတွေ ငါ့ကို တမင်ခြောက်လှန့်နေကြတာပဲ၊ ကြံ့ခန်ပြီးတော့ လိုက်လာကြဦးမှာ ... စိတ်မချရဘူး"

မိုးကြယ်သည် မည်သို့မှ တုံ့ပြန်ပြီးမပြောတော့။ ရှေ့တစ်လှမ်းတိုးလျှင် တစ်လှမ်းလွတ်မြောက်ဖို့ နီးသည်။ သုတ်ခြေတင်ကာ ပြေးထွက်လာခဲ့သည်။ တောသည် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပိုပြီးတော့ ထူထပ်လာသည်။ တော်ရုံချုံများကိုတော့ ခုန်ကျော်ကာ ပြေးနိုင်ခဲ့သည်။ အပင်ကြီးတွေကလည်း ပိုပြီးတော့ ထပ်လာခဲ့ကြသည်။ ဤမျှလောက် ပြေးလာခဲ့ရသည့်တိုင် မောပန်းခြင်း အလျှဉ်းမရှိ။ သက်လုံကလည်း ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘွမ်း'

'ဘွမ်း'

'ဝုန်း'

'ဝုန်း'

ရှေ့တွင် ရေသံများကို ကြားလိုက်ရသည်။ ရေကန်ထဲ အိုင်ထဲက ထွက်ပေါ်လာသည့်အသံမျိုး။ ဘာလဲတော့ မသိ။ မိုးကြယ်သည် နောက်ကြောင်းမအေးသည်နှင့် ယင်းအသံများကြောင့် တွန့်ဆုတ်ခြင်းမရှိဘဲ တောက်လျှောက်ပင် ပြေးသွားသည်။

'ဘွမ်း'

'ဝုန်း'

အသံများကို ဆက်ပြီးတော့ ကြားနေရသည်။ နီးကပ်လာသည်။ သူပြေးသွားနေသည်က ကျားတစ်ကောင် အမိလိုက်လာမည်ဆိုလျှင်ပင် မမီနိုင်။ ချက်ချင်းပင် တစ်နေရာကိုရောက်လာသည်။ ယင်းနေရာသည်ကား ...

"ဟင်"

ကြီးမားသော ရေအိုင်ကြီးတစ်ခု။ မိကျောင်းများက အိုင်ကြီးထဲတွင် လွတ်လပ်စွာ မြူးတူးပျော်ပါးနေကြသည်။ ဘယ်နေရာကိုပဲ ကြည့်ကြည့် ... မိကျောင်းတွေက ပြည့်နှက်နေကြသည်။ တစ်ဖက်ကိုလည်း ကျယ်ပြန့်သည်။ အလျားကလည်း ရှည်လျား





ပြီး အဆုံးအစမရှိ။ တစ်ဖက်ကမ်းကို ကူးရန်မလွယ်။ ကြီးမားသော အခက်အခဲတစ်ခုကို ကြုံတွေ့လိုက်ရပြန်လေပြီ။

နောက်မှာလည်း ရန်သူများက မိမိနောက်ကိုလိုက်လာရန် ကြိုးပမ်းနေကြမှာ အမှန်ပင်။ မိကျောင်းများသည် ကမ်းနဖူးမှာ ရပ်နေသော မိုးကြယ်ကို မြင်လိုက်ကြဟန်တူသည်။

'ဝုန်း'

'ဝုန်း'

'ဘွမ်း'

'ဘွမ်း'

ရေထဲမှာ တဝုန်းဝုန်းနှင့် ဝိုပြီးတော့ပင် သောင်းကျန်းပြနေကြလေတော့သည်။ လူသွေးနံ့ကို ရသွားသောကြောင့်ပင်။ အစာကို မွတ်သိပ်စွာပင် တောင့်တနေကြသည်။ မင်းအတွက် သေမင်းတမန်တွေဆိုသည်မှာ ဤမိကျောင်းများကို ပြောသည်ဝင်။ အိုင်ကြီးကလည်း နက်ပုံရသည်။ မိကျောင်းများကြောင့်ည်သို့မှ ကူးမဖြတ်နိုင်။

ထိုစဉ် မိုးကြယ်၏ကျောမှာပိုးထားသော အထုပ်ထဲမှ နွယ်ကွင်းထိုးအလုံးလေးကလည်း တဆတ်ဆတ်နှင့် ဖြစ်လာခဲ့လေသည်။ နွယ်ကွင်းထိုးလုံးသည် ရေနံ့ရလျှင် မည်သို့ဖြစ်သည်ကိုသေိ။ လှုပ်ရှားလာသည်။ ဓာတ်သဘာဝကြောင့်လား၊ မိတ်ဖက်လို့ပဲ ဆိုရမလား။ ရေကြောင့်အသက်ဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com





**နွယ်ရှင်တစ်မျိုးပင်လား။**

အထုပ်ထဲတွင် တဆတ်ဆတ်နှင့် ခုန်ပေါက်နေသည် ရုန်းထွက်ရန် ကြိုးစားနေသည်။ တစ်ကြိမ်တွင် နွယ်ကွင်းထိုးလေး သည် မဟာတဟာပွင့်နေသော အထုပ်၏အပေါက်လေးမှ အပြင် ကို ခုန်ထွက်သွားခဲ့လေ၏။

နွယ်ကွင်းထိုးလုံးလေးသည် အောက်အနိမ့်ပိုင်းကို တ လိမ့်လိမ့်ဖြင့် ဆင်းသွားခဲ့သည်။ မိုးကြယ်လည်း မြင်လိုက်ရသည်

''ဟင် . . . နွယ်ကွင်းထိုးလုံးလေး ထွက်ကျသွားပြီ''

ရေရှိရာကို ပြေးသွားနေသည်နှင့် တူနေသည်။ ရေထဲကို ရောက်သွားသည်။ ထိုအခါ ရေနှင့်ထိတွေ့သွားသည်နှင့် ပွထ သလို ဖြစ်သွားသည်။ တစ်ခဏအတွင်းမှာပင် ရောမအလုံး ကြီးတစ်လုံး ဖြစ်သွားခဲ့လေ၏။

''ဟင်''

မိုးကြယ်သည် ယင်းအခြေအနေကို အစမှအဆုံး မြင် တွေ့သွားခဲ့လေသည်။ ရေနှင့်ထိတွေ့၍ ရှင်သန်လာသလိုဖြစ် သော နွယ်ချောင်းသည် အပြင်ကို ချက်ချင်းလိုလိုပင် ဆန့်ထွက် လာခဲ့သည်။ ထို့နောက် ရေထဲကိုဆင်းသွားကာ မိကျောင်းများ ကို ရစ်ပတ်လေတော့သည်။ ရှည်လျားသော မြွေကြီးတစ်ကောင် က လှုပ်ရှားနေပုံမျိုးနှင့် တူနေလေတော့သည်။

နွယ်ရှင်အဖြစ် ပြောင်းလဲသွားခဲ့ပြီ။ လှုပ်ရှားပုံမှာ သွက်





သက်လျင်မြန်လွန်းလှသည်။ မိကျောင်းများမှာ တစ်ကောင်ပြီးတစ် ကောင် ချည်နှောင်ပြီးသား ဖြစ်သွားခဲ့ကြသည်။ လုံးဝကို မလှုပ် ရှားနိုင်ကြတော့။

အခြားသော မိကျောင်းများသည် မည်သို့ဖြစ်ကြလေ သလဲ မသိ . . .။ နွယ်ရှင်ကိုကြောက်ကာ ထွက်ပြေးကြသည်။

'ဝုန်း ဝုန်း ဝုန်း'

ထိုအခါ ရေသံများက ဆူညံသွားခဲ့ကြလေသည်။

နွယ်ရှင်ကြီး၏ ချည်နှောင်အတုပ်ခံလိုက်ကြရသော မိ ကျောင်းများသည် ရေအောက်ကိုလည်း မငုပ်လျှိုးနိုင်၊ ကူးလည်း မပြေးနိုင်ကြ။ သည်အတိုင်း ရေပေါ်မှာ ပေါလောကြီးဖြစ်နေကြ သည်။ ခြေ၊ လက်၊ ပါးစပ်များသည်လည်း ချည်နှောင်ထားခြင်း ခံနေကြရသည်။ နွယ်ရှင်ကတော့ ဆက်လက်ပြီးတော့ လှုပ်ရှား နေဆဲ။ မိကျောင်းတွေဆီကို လျင်မြန်စွာ ကူးသွားပြီး ဖမ်းဆီး နေဆဲ။

မိုးကြယ်သည် စိတ်ကူးတစ်ခု ရသွားသည်။ အချုပ်အ နှောင်ခံနေကြရသော မိကျောင်းများသည် ရေအိုင်ကြီး၏တစ် ဘက်မှသည် တစ်ဖက်သို့ တံတားထိုးထားသလိုဖြစ်နေသည်။ ထို့ကြောင့် ဘာမှစဉ်းစားမနေတော့။ ရေအိုင်ဆီကို ပြေးသွား သည်။ ထို့နောက် မိကျောင်းများ၏ကိုယ်ပေါ်မှ တစ်ကောင်ပြီးတစ် ကောင် ဖြတ်ကျော်သွားသည်။ ချက်ချင်းလိုလိုပင် ရေအိုင်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို ရောက်သွားခဲ့လေ၏။

အခြေအနေက ယုံကြည်နိုင်စရာပင်မရှိ။ သူ့အသက် နွယ်ရှင်က ကယ်တင်လိုက်ခြင်းပင်။ တောတောင်ထဲတွင် လွန် မှ ကံကောင်းမှသာ မြင်ခွင့်ရသော နွယ်ပုန်းရှင် သည် အပင် ပြတ်တောက်ပြီးတော့ ထွက်သွားသောအခါ၌ ဤကဲ့သို့ အလုံး လေး ဖြစ်သွားတတ်သည်။ လက်သန်း၏တစ်ဝက်လောက်ပဲ သော်လည်း ရေနံ့ရကာ လှုပ်ရှားလာတတ်သည်။ ရေရှိရာ သွားတတ်သည်။ ရေနှင့်ထိတွေ့သော် ရှည်လျားကြီးထွားလာ လေသည်။

✧ ✧ ✧



(၁၇)

## အလင်းကစားသောနေရာ

မိုးကြယ်သည် တစ်ဖက်ကမ်းကိုရောက်သောအခါ မိ ကျောင်းတွေဆီ လှမ်းကြည့်လိုက်သည်။ အချုပ်အနှောင်ခံနေကြ သော မိကျောင်းများသည် အနှောင်အဖွဲ့မှ လွတ်မြောက်သွား ကြသည်။ မိကျောင်းတွေက ပြန်ပြီးတော့ များပြားလာသည်။ ကြီးသဖွယ်၊ မြွေသဖွယ် ချုပ်နှောင် တုပ်နှောင်ခဲ့သော နွယ်ရှည် ကြီးကိုလည်း မတွေ့ရတော့။ သို့သော် မိုးကြယ်၏အကြည့်သည် တစ်နေရာကိုရောက်သွား၏။

သူ့မျက်စိအောက်မှာပင်လျှင် နွယ်ကွင်းထိုးလုံးလေးက ပြန်ရောက်နေ၏။ မိုးကြယ် အံ့အားသင့်သွားခဲ့ရသည်။ မျက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာ နဂိုအတိုင်း ပြောင်းလဲသွားခဲ့သည်ကို နားလည်နိုင်ခဲ့။ ကောက်ယူပြီးကြည့်လိုက်သောအခါ မလှုပ်မယှက် ငြိမ်သက်နေ၏။

လမ်းတွင် ခရီးတစ်ထောက်နားခဲ့စဉ်က ဤနွယ်ကွင်းထိုးလုံးလေးနှင့်ပတ်သက်ပြီး အိပ်မက်လိုလို ဖြစ်ခဲ့သည်။ မိကျောင်းကြီးတစ်ကောင်က မိမိကို ရန်မူရန် ရေထဲက တက်လာခဲ့သည်။ နွယ်ရှင်ကပင် တိုက်ခိုက်ခဲ့သည်။ တကယ်လား၊ အိပ်မက်လားဆိုသည်ကိုတော့ ခုမှပဲ ပြန်ပြီး မဝေခွဲနိုင်ဖြစ်ရသည်။

မိုးကြယ်သည် နွယ်ကွင်းထိုးလုံးလေးကို အဝတ်အိတ်ထဲသို့ ပြန်ပြီးထည့်လိုက်သည်။ ကျေးဇူးသိသော မျောက်မကြီးက မိမိကို ပေးခဲ့သည့်အရာ။ ခုတော့ ဤပစ္စည်းလေးသည် လမ်းမှာ မိမိ၏အသက်ကို ကယ်တင်ခဲ့လေပြီ။

မျောက်မကြီးသည် ဤဘဝမှ သေလွန်ခဲ့သည်ရှိသော် မွန်မြတ်သောဘုံဘဝသို့ ရောက်ပါစေဟု ဆုတောင်းမိသည်။ ထို့နောက် နေရာမှ ချက်ချင်းပင် ထွက်လာခဲ့သည်။

ထူးဆန်းသော တောတွင်းသားများ ဤနေရာကိုရောက်လာခဲ့ကြလျှင် မိမိကို တွေ့ကြရတော့မှာမဟုတ်။ မည်သည့်နေရာမှာမှလည်း တွေ့နိုင်မှာ မဟုတ်။

သူတို့လည်း မိကျောင်းများကို အံ့တုပြီး ကူးရဲကြမှာမဟုတ်။ မိမိပျောက်ဆုံးသွားသည့်အတွက် တအံ့တသြဖြစ်နေကြ





ပေလိမ့်မည်။ မိမိကို လွတ်မြောက်ရန်ကူညီခဲ့သော ယုလေးဆိုသည့် မိန်းကလေးကိုလည်း ဤတစ်သက်မှာ မမေ့တော့နိုင်။ သူမ၏အမည်ကိုသာ သိခဲ့ရသည်။ အမည်မသိလူများ၊ အမည်မသိဒေသ၊ အမည်မသိရွာကြီး စသည်တို့ကို မမေးမိခဲ့။

ကမ္ဘာလောကတစ်နေရာတွင် လူမျိုးတူ၊ စကားတူ၊ ထပ်တူထပ်မျှ ကျနေသည့် အခြေအနေမျိုးမှာ ရှိနေကြသူများ။

"ကမ္ဘာမြေကြီးရဲ့ တစ်နေရာမှာ လျှို့ဝှက်ချက်တစ်ခုရှိနေတဲ့သဘောမျိုးပဲပေါ့၊ အဲဒီလိုနေရာမျိုးတွေက အံ့များကြီးပဲလေ၊ ကျွန်မတို့ကလည်း အဲဒီလျှို့ဝှက်ချက်တွေထဲက တစ်ခုဖြစ်မှာပေါ့"

ယုလေး ပြောခဲ့သည့်စကား ပြန်ပြီးတော့ ကြားယောင်လာမိသည်။ တောခေါင်ခေါင်၊ မည်သည့်လူ့ယဉ်ကျေးတို့၏ ဌာနေတို့နှင့်မျှ အဆက်အသွယ်မရှိသောနေရာ။ ယင်းနေရာမှ သာမန်မိန်းကလေးတစ်ဦး၏ နှုတ်မှထွက်လာသည့် စကားက လျှို့ဝှက်နက်နဲလှသည်။

မိကျောင်းအိုင်ကြီးသည် သူမတို့နေရာ၏ နယ်နိမိတ်အဆုံးပဲ ဖြစ်နေမည်လား မသိနိုင်။ စိတ်မချရလို့ သုံတ်ခြေတင်ကာ ထွက်လာခဲ့သည်။

✧



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင်မြူတို့က ပါးပါးလေးကျနေရာက ပိုပြီးဖွဲလာသည်။ အကျစိပ်လာခဲ့သည်။ နောက်ဆုံးမှာတော့ နှင်းထုကြီးက အရာရာအားလုံးကို ဝါးမျိုဖုံးအုပ်သွားခဲ့လေတော့သည်။ ရှစ်ခွင်တိုင်းတစ်ခုလုံး ဘာကိုမှမမြင်ရတော့။ လျှောက်လှမ်းရမည့် အခြေအနေက ဆင်ကန်းတောတိုး။ မိုးကြယ်သည် နေရာမှာတင် ရပ်နေမိသည်။ တဘက်ကို ခေါင်းပေါင်းလိုက်သည်။

အချိန်ကို မဖြုန်းလို၍ ရှေ့ကို သည်အတိုင်း လျှောက်သွားသည်။ ရှေ့ငါးပေအကွာလောက်အထိပဲ မြင်နေရသည်။ တော်သေး၏ . . . လုံးဝပိတ်မနေ၍သာ။ ဓားအိမ်ကိုတော့ လက်မှာ ကိုင်ထားသည်။ အန္တရာယ်ပြွမ်းသည့်နေရာ ဖြစ်သည်။ တစ်ခုမဟုတ်တစ်ခု ကြုံတွေ့နိုင်သည်။ သတိကြီးစွာ ထားနေရသည်။ နှင်းများလိုလို၊ မြူများလိုလို အရာများကြောင့် အရာအားလုံးကို ဝိုးတဝါးမျှသာ မြင်တွေ့နေရသည်။

တစ်နေရာကိုအရောက်တွင် ထူးခြားသောမြင်ကွင်း တစ်ခုကို ကြုံတွေ့လိုက်ရသည်။ တံတိုင်းကြီးတစ်ခုက ကာဆီးနေသောကြောင့်ပင်။ အဝေးကနေလှမ်း၍မမြင်နိုင်သော်လည်း အနီးကိုရောက်မှ ဘွားခနဲဆို ပေါ်လာခဲ့သလို၊ ငါးပေအကွာလောက်ဆီမှာ ရှိနေသော တံတိုင်းကြီးကို သေချာစွာမြင်လိုက်ရသောအခါ





"ဒီတံတိုင်းကြီးဟာ ဘယ်လိုကြောင့် ကာဆီးထားပါလိမ့်"

သေချာစွာကြည့်သော် တံတိုင်းဟောင်းကြီးတစ်ခုဖြစ်သည်။ တံတိုင်း၏မျက်နှာပြင်မှာ အရုပ်များကို တွေ့ရသည်။ နေမင်း၊ လမင်းတို့၏ပုံ ရုပ်ကြွများဖြစ်သည်။ ထူးခြားသောရုပ်ရည်များရှိကြသူများက သားကောင်များကိုသတ်ဖြတ်ပြီး ယဇ်ပူဇော်နေကြသည်။

ထို့အပြင် လက်လေးဖက်နှင့်အမျိုးသမီးတစ်ဦး၏ ပုံကိုလည်း တွေ့ရသည်။ မီးတုတ်၊ ဓား၊ လှံနှင့် ခက်ရင်းခွမှိန်းတို့ကို ကိုင်ဆောင်ထားသည်။ မျက်နှာသည် တင်းမာခက်ထန်လျက်ရှိပြီး မျက်လုံးတွေက စူးလက်တောက်ပြောင်နေသည်။ အကြင်နာတရား တစ်စက်မျှမရှိသော မျက်နှာမျိုး။

ထိုမျက်နှာကို မြင်လိုက်ရရုံနှင့်ပင် အသည်းထဲစိမ့်သွားသည်အထိ ကြောက်စရာကောင်းလှသည်။ မည်သည့်ခေတ်ကာလကတည်းက ရှိခဲ့သော တံတိုင်းကြီးဆိုသည်ကို မခန့်မှန်းနိုင်။ ထို့အပြင် လူများသည် တောင်ကုန်းကြီးများ၊ သစ်ပင်ကြီးများကိုလည်း ယဇ်ကောင်များဖြင့် ပူဇော်ပသနေဟန်ကို တွေ့ရသည်။

"အင်း . . . လူကြီးသူမတွေပြောကြတဲ့ စာထဲမှာပါတဲ့ မိစ္ဆာအယူယူကြတဲ့သူတွေ ဆိုတာများလား။ တံတိုင်းကြီးရဲ့ ဟိုဘက်မှာ ဒီလိုအယူဝါဒမျိုးတွေကို လက်ခံကိုးကွယ်နေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေ နေထိုင်ကြသလား . . . သတိတော့ ထားရမယ်”

တံတိုင်းကြီး၏တစ်ဖက်ကို သွားနိုင်သည့် တံခါးပေါက်ကို မတွေ့။ ဂျွန်ကျောက် (သဘာဝကျောက်) များဖြင့် တည်ဆောက်ထားသော တံတိုင်းကြီး၏အရှည်က ဟိုဘက်ဒီဘက် အဆုံးအစ မရှိ။ နှင်းများကလည်း ဖုံးလွှမ်းလျက်ရှိရာ သေချာစွာ မမြင်နိုင်။

မိုးကြယ်သည် စိတ်ထင်သည့်နေရာကို အရင်လျှောက်သွားကြည့်သည်။ ကံအားလျော်စွာပင် တံတိုင်း၏ ပြတ်တောက်နေသောနေရာတစ်ခုကို အမှတ်မထင် တွေ့လိုက်ရလေ၏။ အခြေအနေကိုကြည့်ပြီးတော့ ဝင်သွားခဲ့သည်။

တံတိုင်း၏တစ်ဖက်ကို ရောက်သွားခဲ့သည်နှင့်ပင် . . .

‘ဝေါ ဝေါ ဝေါ ဟူး ဟူး ဟူး’

ရုတ်တရက် မထင်မှတ်သောအသံများက ထွက်ပေါ်လာခဲ့ကြသည်။ မြေပြင်သည်ပင် သိမ့်သိမ့်တုန်သွားခဲ့ရလေ၏။ လေတိုက်သလိုမျိုး ဖြစ်လာခဲ့သော်လည်း တကယ်တော့ လေမတိုက်။ သည်မှာဘက်တွင်လည်း မြူမဆန်သော နှင်းများက အဖတ်လိုက်၊ အဖတ်လိုက်ပင် ကျနေကြသည်။

မိုးကြယ်သည် မည်သည့်နေရာကို ဆက်သွားရမှန်းမသိ။ အခြေအနေကို စောင့်ကြည့်နေသည်။ တစ်ခဏအကြာတွင် မိမိ၏ရှေ့တည့်တည့်မှာ ထင်ရှားသော အလင်းရောင်တစ်ခုက





ကွက်ကွက်ကလေး ပေါ်လာခဲ့သည်။ ထန်းသီးလုံးခန့်ရှိမည့် အလင်းလုံးကြီးတစ်ခု က မည်သည့်နေရာမှ ရောက်လာမှန်းမသိ။ နီနှစ်ရောင်တောက်ပနေသော အလင်းအားကြောင့် ဝန်းကျင်ကို ထင်ရှားစွာပင် မြင်တွေ့လိုက်ရလေသည်။

ဤမှာဘက်၏ထူးခြားချက်သည်ကား မြေပြင်ကို မတွေ့ရ။ သစ်ပင်၊ ချုံ၊ တောင်ကုန်းများကအစ နှင်းများက ဖုံးလွှမ်းနေသောကြောင့်ပင်တည်း။ ယင်းမီးလုံးကြီး၏ အလင်းရောင်ကြောင့်သာ မဟုတ်လျှင် နှင်းများကိုဖောက်ထွင်းပြီး ပကတိမံသမျက်လုံးဖြင့် မြင်နိုင်မှာမဟုတ်ပေ။

ဤမီးလုံးသည် မည်သည့်နေရာက ထွက်ပေါ်လာခဲ့ပါသလဲ။ ယင်းနေရာသည် မိစ္ဆာအယူယူကြသူများ၏ နေရာဖြစ်၍ သန့်ရှင်းသော၊ စင်ကြယ်သော အလင်းရောင်က မြင်သာထင်သာအောင် အားပေးကူညီခြင်းမရှိ။ ရှေ့ဆောင်လမ်းပြခြင်းမပြုပေ။ ညအခါ၊ နေ့အခါ ခွဲခြားမှုမရှိသောနေရာတွင် **သဘာဝ**ကပေးသော **မာတ်ပစ္စည်း** က အခါအားလျော်စွာ ပေါ်ပေါက်လာခဲ့ခြင်းပင်။

ယင်းမီးလုံးကြီး ထွက်ပေါ်လာသောကြောင့် စောစောကအသံမျိုးကြီး ထွက်ပေါ်လာခဲ့သည်ပဲလား။ မီးလုံးကြီးသည် အလင်းအား တော်တော်ကောင်းကာ တစ်နေရာတည်းမှာမနေဘဲ ဟိုသည်ရွေ့လျားလျက်ရှိသည်။ သို့သော် ခပ်နှေးနှေးပင်။ အ



www.burmeseclassic.com

www.burmeseclassic.com



လင်းကစားနေသည်။

မိုးကြယ်သည် ကြာရှည်စွာ အံ့အားသင့်မနေတော့ဘဲ ထိုနေရာကို လျှောက်သွားလေသည်။ စောစောက အလင်းလုံးကြီး ရှိသောနေရာကိုအရောက်တွင် အလင်းလုံးကြီးကို မတွေ့ရတော့။ ခပ်ဝေးဝေးကို ရွှေ့လျားသွားခဲ့ပြီဖြစ်သည်။ သို့သော် ဖြန့်ကြက်ထားသောအလင်းရောင်ကြောင့် ဝန်းကျင်ပတ်ကုန်းကို ကောင်းစွာပင်မြင်နေရလေသည်။

တစ်နေရာတွင် ဖြူဖွေးလျက်ရှိသော အဆောက်အအုံကြီးတစ်ခုကို မြင်တွေ့လိုက်ရသည်။ နှင်းများဖုံးလွှမ်းလျက်ရှိသောကြောင့် ဖွေးဖွေးဖြူနေခြင်းပင်။ မိုးကြယ်၏စိတ်က ထိုနေရာကို ရောက်သွားသည်။

ကြိုတွန်း ဝင်ကြည့်လိုက်ဦးမယ်ဟု စပ်စုချင်စိတ်က ပေါ်လာခဲ့လေသည်။ အဆောက်အအုံကြီး၏တံခါးသည် နှစ်ချပ်ဖြစ်ပြီး တစ်ချပ်က ခပ်ဟဟဖြစ်နေသည်။ ကိုယ်တစောင်းလေး တိုက်ပြီးတော့ ဝင်သွားခဲ့သည်။ ထူးဆန်းသည်က ပြင်ပမှအလင်းရောင်သည် အထဲကို သိပ်မရောက်။ အလင်းမော်တ်ကြီးသည် ယင်းအဆောက်အအုံကြီး၏ အနားမှာပင် ဆုတ်ယုတ်သွားသည်။

ကျယ်ဝန်းသောခန်းမကြီးကို မိုးကြယ် တွေ့လိုက်ရသည်။ အဝင်ဝမှာ နှင်းများက ဖွေးဖွေးပင်။ အချို့သည် နှင်းချိုးများပင် ကပ်နေကြလေပြီ။

---





မိုးကြယ်ဝင်လာသည်ကို စောင့်ကြည့်နေသူ တစ်ဦး။ အဆောက်အအုံ၏ နောက်ဘက်နံရံကို ကပ်ကာရပ်နေသူ။ လက်လေးဖက်၊ လက်နက်လေးမျိုးကို ကိုင်ဆောင်ထားသော အမျိုးသမီးတစ်ဦး။ အခန်းထဲမှာ အလင်းအားနည်းနေသော်လည်း သူမ၏ မျက်လုံးတွေက ထူးခြားစွာပင် တောက်ပနေကြသည်။

မိုးကြယ်သည် သူမကိုမြင်လိုက်ရစဉ်မှာ သက်ရှိလူသားတစ်ဦးဟု ထင်မိလိုက်သည်။ သို့သော် မလှုပ်မယှက်နှင့်ရှိနေသောကြောင့် ရုပ်တုတစ်ခုမှန်း သိလိုက်ရသည်။ ကိုယ်အထက်ပိုင်းကို ဗလာကျင်းထားသည့် တပ်မက်ဖွယ်ရာအလှကို မြင်တွေ့လိုက်ရ၏။

ကိုယ်အောက်ပိုင်းကို အရှက်လုံရုံသာ ဖုံးအုပ်ထားသည်။ ပုရိသယောက်ျားတို့၏ ရမ္မက်အာရုံကို နှိုးဆွစေတတ်သော အနေအထားမျိုးပင်ဖြစ်သည်။ သို့သော် သူမ၏မျက်နှာသည် အလိုမ္မက်ကိုလည်း ဖြည့်စွမ်းပေးသည်။ ရက်စက်၊ ကောက်ကျစ်၊ ယုတ်မာခြင်းတို့လည်း ပေးသည်။ ချိုမြိန်သောချစ်မေတ္တာကိုလည်း အပ်နှင်းမည်ဟူသော အဓိပ္ပာယ်မျိုးစုံကို ဖော်ညွှန်းထားသည်။ ရမ္မက်ကြွစရာ၊ ချစ်စရာ၊ ကြောက်စရာ၊ မုန်းစရာကောင်းသော အညှိအချင်းအားလုံးကို ပိုင်ဆိုင်သောသူပါတည်း။

တံတိုင်းမှာ တွေ့ခဲ့ရသောပုံနှင့် တူသော်လည်း ဤစဉ်က သေချာစွာ မကြည့်မိခဲ့။ ရုပ်တု၏မျက်ဝန်းများသည် မိုးကြယ်ကို

---



www.burmeseclassic.com

www.burmeseclassic.com



သွေးဆောင်နေသည်။ သို့သော် လက်နက်များကို ကိုင်ဆောင်ထားသည်ဖြစ်၍ မည်သူက အနားကပ်ရဲမှာလဲ။ ခင်ခင်ကြွေကိုလည်း ဖျတ်ခနဲဆို သတိရသွားခဲ့သည်။ မျက်နှာလွှဲပြီး ခန္ဓာပဋ္ဌကအစုအဝေးအားလုံးက တူညီနေလေသည်။

မိုးကြယ်သည် ဤနေရာတွင် ကြာကြာမနေလိုတော့။ အန္တရာယ်၏အငွေ့အသက်တို့ကို ရလာသောကြောင့်ပင်။ သူ၏စိတ်ခံစားမှုကို **မိစ္ဆာမရှုပ်တု** က သိသွားခဲ့လေသလား။ မျက်ဝန်းများသည် ရှိုင်းစိုင်းစွာပင် ပိုမိုရူးလက်တောက်ပြောင်လာသည်ဟု ထင်မိရသည်။

''ငါ့စိတ်ထင်တာ ဖြစ်မှာပါလေ''

ဟု တွေးကာ ခြေလှမ်းကို တံခါးဆီကို ပြန်လှည့်လိုက်သည်နှင့် ...။

✧ ✧ ✧





(၁၈)

## တောခြောက် တောင်ခြောက်

မထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

'ဟူး ဟူး ဟူး ဝေါ ဝေါ ဝေါ'

ထူးခြားသောအသံတစ်မျိုးနှင့်အတူ လေကတိုက်ခတ်လာသည်။ ဤအခန်းထဲမှာ တိုက်ခတ်နေသည်လား၊ အပြင်မှတိုးဝင်လာခဲ့သည့်လေလား မသိ။ အပူဓာတ်ခံအားကောင်းသောမိုးကြယ်သည်ပင် လွန်စွာမှ အေးစိမ့်သောအထိအတွေ့ကို ခံစားသွားခဲ့ရသည်။ ထို့အပြင် ခန်းမကြီးထဲမှာ **တံလျှပ်** လိုအရာများက တရိပ်ရိပ်ဖြင့် ပေါ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ဖြစ်လေမလားမသိ . . .။ တပ်မက်ဖွယ် ကြောက်မက်ဖွယ်လည်းကောင်းသော မိစ္ဆာမရုပ်တုသည် လှုပ်ရှား လာသည်ဟု ထင်မိသည်။ သွေးဆောင်သောမျက်ဝန်းများ တောက်ပမှု၊ တရွရွနှင့် လှုပ်ခါသွားသော မာယာနှုတ်ခမ်းတို့သည် ရှုပါရုံမြားချက်ပေါ်မှာ တင်လွှတ်နေသလို ထင်ရသည်။

ထို့အပြင် ရာဂထုံသောအသွင်ရှိသည့် ခန္ဓာကိုယ်သည် လည်း လှုပ်လီလှုပ်လဲ့ဖြင့် ယမ်းခါကာ မာယာတစ်သိန်းတို့ကို ထုတ်လွှတ်နေသယောင်။ သို့သော် သူမ၏လက်ဖျားမှာ ကိုင် ဆောင်ထားသည့် လက်နက်မျိုးစုံတို့သည်လည်း လှုပ်ယမ်းလျက် ရှိသည်။ အနားကိုရောက်လာသူ မည်သူမဆို အသက်ဖိဝိနိ်ခြေ ကာ နှလုံးသားကို ဖောက်ထုတ်ယူမည့်ဟန်။

မိုးကြယ်သည် သူ့မျက်လုံးကိုပင် မယုံကြည်နိုင်လောက် အောင် ဖြစ်နေမိရသည်။ တံလှပ်လိုအရာများ ဖြစ်ပေါ်နေသည် က၊ လေကွက်ကြားတိုက်နေသည်က ဓာတ်သဘာဝပြောင်းလဲမှ ကြောင့်လား၊ ပရလောကသားများကြောင့်လားဟု။ ဤမိစ္ဆာမကို ယစ်ပူဇော်ခဲ့သောသူများသည် မည်မျှအထိ ရှိခဲ့ကြပြီလဲ။ သူတို့ သည် နာမ်လောကသားများဘဝသို့ ရောက်သွားကြကာ မိမိကို ခြောက်လှန့်လိုကြသည့် သဘောလော။

အတွေးပေါင်းစုံက တောင်စဉ်ရေမရ ဝင်လာခဲ့ကြသည်။ အနည်းငယ် စိတ်လွှတ်ထွက်သွားစဉ်တွင် အမျိုးအမည်ကွဲပြား





ခြင်းမရှိသော အရိပ်သဏ္ဍာန်များက ဟိုမှသည်မှ ထွက်လာခဲ့ ကြလေသည်။ မိုးကြယ်ဆီကို တည့်တည့်ကြီးလာနေကြသည်။ မိုးကြယ်က ဓားဖြင့် ဝှေ့ယမ်းပိုင်းချလိုက်သောအခါ ဝေ့ရှောင်ပြီး ထွက်သွားခဲ့ကြသည်။ အချို့ကား ဓားချက်မိသွား၍ ပြတ်တောက် ထွက်သွားခဲ့ကြသည်။

ယင်းမီးခိုးငွေ့လိုအရိပ်သဏ္ဍာန်များသည် လူလိုလို၊ ကျွဲ နွား၊ သိုး၊ ဆိတ်တိရစ္ဆာန်များလိုလို၊ ကလေးသူငယ်များလိုလို ထင်မရှားဖြစ်နေကြသည်။ သို့သော် ခန္ဓာကိုယ်အောက်ပိုင်း သည် အဖျားရှူးသွားကြသည်။ မိုးကြယ်သည် အမြင်အာရုံများ ၌ မတော်မတည့်သဏ္ဍာန်များကို ဓားဖြင့်လိုက်ပြီးတော့ ပိုင်းချ ခုတ်ထစ်နေမိသည်။

"ကဲကွာ ကဲကွာ"

'ဝှစ် ဝှစ် ဝှစ်'

သို့သော် အရာမထင်။ အခိုးအငွေ့၊ အရိပ်သဏ္ဍာန် များသာ။ မိစ္ဆာရုပ်တုသည်လည်း နေရာမှ ရွေ့လျားလာတော့မလို ရှိသည်။ မိုးကြယ်၏အမြင်မှာ အမြင့်မှအောက်ကို ဆင်းလာနေသ လို ထင်ရသည်။ **ရမ္မက်မာယာကျော့ကွင်းဆင်၍** လက်နက် ဖြင့် အသေတိုက်ခိုက်မည့်ဟန်။ မိုးကြယ်ဆီကို တစ်လှမ်းချင်း လှမ်းလာခဲ့လေပြီ။

"လာ လာခဲ့စမ်း . . . ငါ နင့်ကိုမကြောက်ဘူး။ နင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့လက်ချက်နဲ့ သေကိုသေရမယ်''

မိုးကြယ်သည် သူမအလာကို စောင့်နေမိသည်။ တ
လှမ်းချင်းပင် လာနေသည်။ စိတ်ကမထိန်းနိုင်ဘဲ ရုပ်တုမ၏မျက်
လုံးတွေကို ကြည့်မိလိုက်သည်။

''ဟင်''

ရုပ်တု၏မျက်နှာသည် ခင်ခင်ကြွေ၏မျက်နှာအဖြစ်သို့
ပြောင်းလဲသွားသည်။ သူ့ကို ရွှန်းလက်သော မျက်ဝန်းများဖြင့်
ကြည့်နေလေသည်။

''ဟင် ...ကြွေ''

ဓားကိုမြှောက်ထားပြီး ပိုင်းချမည်အပြုမှာ လက်က တုံ
သွားခဲ့ရသည်။ ခင်ခင်ကြွေ၏မျက်နှာက မိစ္ဆာရုပ်တုမ၏မျက်နှာ
ပြင် ဖြစ်သွားသည်။

''ဟင် ...နင် နင် သေပေတော့''

ဓားဖြင့်ပိုင်းချမည်အပြုမှာ မြှောက်ထားသောလက်ကို
ပြန်ချ၍မရတော့။ လေထဲမှာပင် တန်းလန်းကြီး ဖြစ်နေသည်။
ထို့အပြင် သူ့တစ်ကိုယ်လုံးလည်း လှုပ်၍မရတော့။ အကြောအချင်
များအားလုံး သေသွားသလိုခံစားလိုက်ရသည်။

မိစ္ဆာမ၏မျက်နှာသည် ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ
ကောင်းသွားသည်။ ညို့မြှုဖမ်းစားသော၊ ရာဂနှင့်သွေးဆော်
သော အမူအရာများအားလုံး ပျောက်ကွယ်သွားသည်။ ပိုပြီးရက်





စက်ကြမ်းကြုတ်သော မျက်နှာကြီးဖြင့် မိုးကြယ်၏ နှလုံးသား
အည့်တည့်ဆီကို လှံသွားဖြင့် ထိုးဖောက်မည်ပြုတော့မည့် တစ်
ခဏ၌ ...

''ဟိတ်''

အမှတ်မထင် ကျယ်လောင်သောအသံကြီးတစ်သံက
ထွက်ပေါ်လာခဲ့လေသည်။ နားထဲမှာ လေတိုးသံများ၊ ညည်းတွား
သံများအားလုံး တစ်မုဟုတ်ချင်း ဆိတ်သုဉ်းသွားခဲ့ရသည်။ မိုး
ကြယ်သည် မျက်လုံးများကိုပင် မှိတ်ထားမိလိုက်သည်။ ထူးခြား
သောအခြေအနေများကို သိလိုသည်နှင့် မျက်လုံးတွေကို ပြန်
ဖွင့်ကြည့်လိုက်ရာ ...

''ဟင်''

အံ့အားသင့်သွားမိသည်။ အားလုံးသည် နဂိုအခြေအ
နေအတိုင်းပင်။ ဘာမှမပြောင်းလဲ။ မိစ္ဆာမရုပ်တုသည်လည်း
ဤအတိုင်း။ တံလှပ်များကိုလည်း မမြင်တွေ့ရ။ အရိပ်သဏ္ဌာန်
များ၊ အနှောင့်အယှက်များသည်လည်း မရှိကြ။ ထိုအခါကျမှ
သက်ပြင်းချမိရသည်။ တောခြောက်တောင်ခြောက် ခံရသလိုမျိုး
ဖြစ်သွားခဲ့သည်ပဲလား။

သို့သော် စောစောက မိမိ၏နားထဲမှာ 'တက်' ခေါက်
သံကြီးတစ်ခုကို သေချာစွာကြားမိလိုက်ရသည်။ အသံသည် ပြည်
သည့်နေရာကထွက်ပေါ်လာခဲ့ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြယ်သည် ဤအထဲမှာ ကြာကြာမနေလိုတော့။ လက်တွေခြေတွေလည်း လှုပ်ရှားရှုရခဲ့ပြီဖြစ်သည်။ ချက်ချင်းပင် အပြင်သို့ ပြန်ထွက်လာမိသည်။ အပြင်ဘက်ကိုအရောက်တွင် သဏ္ဌာန်တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ထိုသူသည် မိုးကြယ်က မြင်လိုက်သည်နှင့် တစ်ဖက်သို့ မျက်နှာကိုလှည့်နိုက်နှင့် ကြုံသွားခဲ့ရသည်။ သို့သော် မိုးကြယ်သည် ထိုပုဂ္ဂိုလ်ကို ကောင်းစွာပင်မှတ်မိသည်။ တောထဲတွင် မိမိကို ဆင်ရိုင်း၊ ကျားရိုင်း၊ သားကောင်ရိုင်းများ၏ အန္တရာယ်မှ ကာကွယ်ပေးခဲ့သောသူပင်တည်း။

"ဟုတ်ပါတယ် ... သူမှသူအစစ်ပါ၊ မလွဲနိုင်ပါဘူး"

မိုးကြယ်သည် ထိုပုဂ္ဂိုလ်၏အနောက်မှ ပြေးလိုက်သွားသည်။ အလင်းလုံးကြီးကို မတွေ့ရတော့သော်လည်း အလင်းအားက ကောင်းနေသေးသဲ။ ဝန်းကျင်ပတ်ကုန်းကို သိသာထင်ရှားစွာပင် မြင်နေရသည်။ ထိုပုဂ္ဂိုလ်ကြီးလျှောက်သွားနေသည်ကိုလည်း မြင်နေရသည်။

"အဘ အဘ ... ခဏနေပါဦး"

နောက်မှနေ၍ တကြော်ကြော်ဖြင့်အော်ခေါ်ကာ ပြေးလိုက်သွားသည်။ ပုဂ္ဂိုလ်ကား မကြားသလိုပင်။ နောက်ကို လှည့်မကြည့်။ မိုးကြယ်သည် နောက်မှနေ၍ ဖောဖြင့်ပြေးလိုက်နေသော်လည်း ထိုပုဂ္ဂိုလ်ကြီးကို မမီနိုင်ဘဲရှိနေရသည်။





ထိုအချိန်တွင် နှင်းများက ပိုမိုအကျစိပ်လာခဲ့ရကား ရှေ့ ငါးပေလောက်အကွာအဝေးကိုပင် မမြင်နိုင်တော့။

မိုးကြယ်ပင်လျှင် စမ်းတဝါးဝါးနှင့် ဖြစ်သွားခဲ့ရသည်။ ချက်ချင်းမှာပင်လျှင် နှင်းထုက မြေပြင်မှာ တရိပ်ရိပ်ဖြင့် တက်လာခဲ့သည်။ လေကလည်း အဆက်မပြတ် တိုက်ခတ်လာသည်ဖြစ်ရကား လေဆန်ကိုရင်ဆိုင်ကာ တဖြည်းဖြည်းနှင့် ရှေ့ကိုတိုးနေရလေသည်။

✧

ဤနေရာသည် တစ်ချိန်က **မိစ္ဆာအယူဝါဒများ** ကို လက်ခံကျင့်သုံးသောနေရာ ဖြစ်ခဲ့ဟန်တူသည်။ ကိုးကွယ်မှုတွေ ရှိခဲ့ကြသည်။ ထိုသူတို့ သေဆုံးသွားကြသောအခါ နာမ်၊ ဝိညာဉ်များသည် ဤနေရာများမှာပင်လျှင် သွားလာလှုပ်ရှားလျက် ရှိနေကြပေလိမ့်မည်။ ထိုသူများက မိမိ၏စိတ်နှလုံးကို ထိန်းချုပ်ရန် ကြိုးစားနေကြသည်ဟု ထင်နေမိသည်။

စိတ်ဓာတ်ခိုင်ကျည်သော မိမိသည်ပင် တစ်ချက်တော့ စိတ်အားငယ်သွားသလို ဖြစ်သွားခဲ့ရလေသည်။ နှလုံးမသန့်ခြင်းကြောင့် စိတ်မျက်စိတွင် ထင်ဟပ်လာသောအရိပ်အယောင်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသော်လည်း တကယ်ဟုပင် ထင်မှတ်ခံစားမိရပေသည်။

စောစောကမြင်တွေ့လိုက်ရသည့် ပုဂ္ဂိုလ်ကြီးက မိုးကြယ်၏အခြေအနေကို သိ၍ ဝင်ရောက်ဟန့်တားလိုက်ဟန် တူသည်။ 'ဟိတ်' ဟူသော အသံတစ်မျိုးတည်းနှင့်ပင် အရာရာသည် ပြောင်းလဲသွားခဲ့ရသည်။

"ငါ့နှလုံးကို လက်နဲ့ဖျစ်ညှစ်ပြီး ခြေမွနေသလိုပဲ၊ ဒီထက်ကြာသွားရင် ငါ သေသွားနိုင်တယ်"

ထိုပုဂ္ဂိုလ်ကြီးကို ကျေးဇူးတင်နေမိသည်။ မိမိ၏အသက်ကို ကယ်တင်ခဲ့သည်မှာ နှစ်ကြိမ်ရှိခဲ့လေပြီ။ ထိုပုဂ္ဂိုလ်ကြီးသည် မည်သည့်နေရာကို ရောက်သွားခဲ့ပြီလဲ မသိ။ နှင်းတွေကတော့ ဝန်းကျင်ကို မမြင်နိုင်သည်အထိ ပိန်းပိတ်အောင်ကျနေသည်။ မိမိတစ်ကိုယ်လုံးကိုပင် နှင်းထုကြီးက ဝါးမျိုပစ်လိုက်တော့မလားဟုပင် ထင်မိရသည်အထိ။

သို့သော် အတော်ကြာသည်အထိ လိပ်တစ်ကောင်၏ ခြေလှမ်းဖြင့်လျှောက်နေရင်းက ...

'ဝေါ'

မျက်လုံးထဲမှာ ထိန်ခနဲ၊ လင်းခနဲဖြစ်သွားသည်။ ဝေါ ခနဲဆို အသံကြီးနှင့်အတူ အလင်းလုံးကြီးသည် မလှမ်းမကမ်းမှ ထွက်သွားခဲ့သည်။ အမြင့်မှထွက်သွားခဲ့သော်လည်း ထိန်လင်းသွားခဲ့သည်။





ထိုအခါ မြင်လိုက်ရသည်က နှင်းအတိ ဖုံးလွှမ်းလျက်ရှိသော နှင်းကန္တာရကြီး ပင်တည်း။

✧

မိုးကြယ်သည် သူ၏ဇာတ်ကြောင်းကို မှောင်မှတ်ခေါ်ဝကြီးအား ပြန်ပြောင်းပြီးတော့ ပြောပြလိုက်လေသည်။

ဝကြီးကား မိုးကြယ်ပြောပြနေစဉ်အတွင်းမှာ တစ်ခွန်းတလေမျှပင် ဝင်ပြီးမမေးဘဲ ဖိုးဝရုပ်ကြီးပမာ အေးဆေးစွာပင် နားထောင်နေလေသည်။

"အေးဗျာ ... ကိုမိုးကြယ်ရဲ့ဇာတ်လမ်းက စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒါပေမဲ့ ... ဒီကို ဘာကြောင့်ရောက်လာခဲ့တာလဲ ဆိုတဲ့အကြောင်းကိုတော့ မပြောဘူးနော်"

"ကျုပ်တစ်ယောက်တည်းပဲ သိထားရမယ့်ကိစ္စမို့ပါ၊ ဒါတောင် ကျုပ်က စကားသိပ်ပြောတာ မဟုတ်ဘူး၊ ခင်ဗျားရဲ့ အဖြစ်အပျက်တွေကိုလည်း စိတ်ရင်းအတိုင်းပြောပြလို့ အပြန်အလှန်ပေါ့ဗျာ"

"ခင်ဗျားရဲ့စားကလည်း တော်တော်အသုံးတည့်တာပဲ ညက စားခဲ့တဲ့အသားကင်ဟာ ဒီဓားနဲ့ သားကောင်ကိုဖမ်းခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လား''

''မဟုတ်ဘူး၊ ကျုပ်က တိရစ္ဆာန်တွေကို အကြောင်းမဲ့ မသတ်ဖြတ်ဘူး၊ လမ်းမှာ ပုံသကူရတာ၊ သူတို့ သားကောင် အချင်းချင်း နယ်လုသတ်ဖြတ်ရင်း သေဆုံးသွားတဲ့ကောင်''

''ဪ''

အပြင်ဘက်မှာ လင်းထိန်နေပြီဖြစ်သော်လည်း နှင်းတွေကတော့ တဖွဲဖွဲနှင့်ကျနေကြဆဲပင်။ မိုးကြယ်သည် ဂူထဲမှာပင် မီးဖိုကာ ဝါးကျည်တောက်ဖြင့် ရေနွေးကျိုသည်။ ပါလာသော ရိက္ခာခြောက်များကို ရေနွေးဖြင့်ဖျော်ချလေသည်။ အစားကြီးသော ဝကြီးကတော့ မိုးကြယ်ကို အားနာနေသည်။

''အားမနာပါနဲ့ ခင်ဗျား စားနိုင်သလောက်စားပါ၊ လမ်းခရီးကရွာသားတွေပေးလိုက်တဲ့ အသားခြောက်တွေ၊ မုန့်ခြောက်တွေ အများကြီးထည့်လာခဲ့တာ၊ ဆန်လည်း ရှိသေးတယ်''

မိုးကြယ်က သူ၏အဝတ်အိတ်ကြီးကို လက်နှင့်ပုတ်ပြလိုက်သည်။ ထို့နောက် အသားခြောက်များကို မီးကင်သည်။ ဝကြီးမှာ မီးဖိုမှ မီးတောက်ကိုမှုတ်ပြီး ငြိမ်းသတ်နေချင်သည့်မှာ အသည်းတယားယားနှင့် ဖြစ်နေသည်။ ဝကြီးသည် အသားခြောက်များကို တော်ရုံသာ စားသောက်သည်။ တစ်ကိုယ်ကောင်းဆန်၍မဖြစ်မှန်း သူ နားလည်သည်။

''ကဲ ... အလင်းလည်းပေါက်ပြီ ကျုပ် ခရီးဆက်ရဦးမယ်''

''ကျုပ်လည်း ခင်ဗျားနဲ့အတူလိုက်မယ်ဗျာ''

''ဟင် ... အတူလိုက်မလို့ ဟုတ်လား ဘာကြောင့်လဲဗျ''

ဝကြီး၏စကားကြောင့် မိုးကြယ် အံ့အားသင့်သွားခဲ့ရသည်။

''ကျုပ်က ခြေဦးတည့်ရာသွားနေတာ၊ အဲဒီတော့ ... ခင်ဗျားအတွက် အထောက်အကူဖြစ်မလားလို့ပါ''

''ကျုပ်က တစ်ယောက်တည်းပဲ ခရီးသွားတတ်တာဗျ''

''ခုတော့ ... နှစ်ယောက်ပေါ့ဗျာ၊ လိုက်ပါရစေ''

မိုးကြယ်သည် ဝကြီးကို သနားသွားပြီး ...

''လိုက်ချင်လည်း လိုက်ခဲ့ပေါ့ဗျာ၊ ခင်ဗျား အန္တရာယ်တွေနဲ့တွေ့ရင် ကျုပ်ကြောင့် ဒုက္ခရောက်မှာစိုးလို့ပါ''

ဝကြီးက ဘာမှပြန်မပြော။

✧ ✧ ✧





www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

## ဂူထဲမှ တီးတိုးသံများ

ဂူမှထွက်လာခဲ့သည်မှာ အချိန်အတော်ကြာမြင့်ခဲ့လေပြီ။ နေရောင်ကို ခုထက်ထိ မမြင်ရသေး။ နေ့လား၊ ညလား ခွဲခြား၍ မရနိုင်လောက်အောင်ပင်။ နှင်းတသောသောကျနေသည့်ကြား မှ အမှောင်ကလည်း ရုတ်တရက်အရိပ်ထိုးသလို ကျလာခဲ့ပြန် သည်။ အပြောင်းအလဲ မြန်လွန်းလှသောကြောင့် ပဥ္စလက်ဖြ ကွက်အမျိုးမျိုးဖြင့် တန်ဆာဆင်ထားသောဒေသကြီးတစ်ခုဟု ယူဆရသည်။

ဝကြီးကတော့ ခန္ဓာကိုယ်ကြီး ဝဖိုင့်သလောက် လမ်း လျှောက်ရာမှာ လေးဖင့်ခြင်းမရှိ။ မိုးကြယ်နှင့် တန်းတူပင် လိုက်





နိုင်သည်။ မိုးကြယ်သည် သူ့ခန္ဓာကိုယ်ကြီးကိုကြည့်ပြီးတော့ သနားနေမိသည်။ တစ်ယောက်တည်းဆိုလျှင် အစာငတ်မည်စိုး၍ မိမိနောက်ကို ယခုလို လိုက်နေတာလားဟုလည်း တွေးမိသည်။

"ကိုဝကြီး … လျှောက်နိုင်ရဲ့လားဗျ"

"လျှောက်နိုင်ပါတယ်ဗျာ၊ ကျုပ်အတွက် မစိုးရိမ်ပါနဲ့"

ဝကြီး၏အမူအရာသည် လန်းဆန်းတက်ကြွနေသည်။ သိုးမွေးခေါင်းစွပ်ကြီးကိုဆောင်းထားသောကြောင့် ဗိုးဝရုပ်ကြီး နှင့်လည်း တူနေသည်။ ကျားကန်ပြီး လျှောက်ရခြင်းမျိုးမဟုတ်ဘဲ မိုးကြယ်နှင့် သက်သောင့်သက်သာပင် ရင်ပေါင်တန်းပြီးတော့ လျှောက်နိုင်သည်က အံ့ဩစရာ။

မိုးကြယ်သည် မိမိ၏ခရီးလမ်းဆုံးက ဤနေရာတွင် ရှိနေသည်ဟု အလိုလိုပင် သိနေမိသည်။

"မိတ်ဆွေ … အခုနေများ တိရစ္ဆာန်တစ်ကောင်က ရန်မူတိုက်ခိုက်လာမယ်ဆိုရင် ခင်ဗျားက ဒီအတိုင်း အသေခံမှာ လား"

"ကိုဝကြီး … ဘယ်လိုအကြောင်းကြောင့် မေးရတာလဲ ဗျ"

"ဩော် … ခင်ဗျားက တိရစ္ဆာန်တွေကို အကြောင်းမဲ့ မသတ်ဘူးဆိုလို့ပါ"

"ကျုပ်ပြောခဲ့တာ ရှင်းသားပဲ၊ အကြောင်းမဲ့ မသတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေး အဲ . . . သူ့အသက် ကိုယ့်အသက်လုရမယ်ဆိုရင် ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ ဖြစ်မလားဗျာ"

"ကောင်းပါပြီ ကြမ္မာငင်တော့မယ့် သတ္တဝါတစ်ကောင်နဲ့ မကြာမီမှာ ရင်ဆိုင်တွေ့ရတော့မယ်"

ဝကြီး၏စကားကို မိုးကြယ် နားမလည်။ သူ့ကိုယ်သူ အကြားအမြင်ရသလို ဘာတွေလျှောက်ပြောနေပါလိမ့်ဟု။ သို့သော် . . . သိပ်မကြာလိုက်ပါ။

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

တဒုန်းဒုန်းနှင့်မြည်သံကြီးကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ မိုးကြယ်သည် ဝကြီး၏စကားကြောင့် အန္တရာယ်ဟု ထင်ကာ ဓားကို ဆွဲထုတ်မိလိုက်လေသည်။ သို့သော် . . . ကျောက်တုံး,ကျောက်ခဲကြီးများ လိမ့်ဆင်းလာခဲ့လေသလားဟုလည်း စဉ်းစားမိရပြန်သည်။ အသံသည် မည်သည့်ဘက်က လာနေမှန်းမသိ။

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

ဝကြီးကတော့ အေးဆေးစွာပင် တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ နှင်းဖုံးနေသောတောင်ကုန်းကြီးတစ်ခု၏ အထက်ဆီကို ဖြစ်သည်။ မိုးကြယ် မော့ကြည့်မိလိုက်သည်။ နှင်းခဲ, နှင်းစိုင်ခဲကြီးများက တောင်ကုန်းထက်ဆီက လိမ့်ပြီးတော့ကျလာနေကြသည်။ ယင်းနှင့်အတူ ရောထွေးပြီး ပါလာသော





သဏ္ဌာန်တစ်ခု။ ထိုသဏ္ဌာန်ကြီးသည် တစ်ကိုယ်လုံးဖြူဆွတ်နေကာ တစ်တောင်လောက်ရှိသော ဦးချိုကြီးနှစ်ချောင်းကလည်း ကားပြီးတော့ အထက်ကို ဖြောင့်တန်းနေလေသည်။ ထိုသတ္တဝါကြီးသည် လွန်စွာမှ ထွားကျိုင်းသော **တောင်ဆိတ်ဖြူကြီး**ပင်တည်း။ သူသည် ဒေါသကြီးစွာပင် တောင်ကုန်းအောက်ကို ပြေးဆင်းလာနေသည်။ မိုးကြယ်တို့ဆီကို တည့်တည့်ကြီးပင် ပြေးလာနေလျက်။

"ဟင် . . . ဒီသတ္တဝါကောင်က အကြောင်းမဲ့ကြီး ငါတို့ကို တိုက်ခိုက်ဖို့ ပြေးလာနေပါလား"

"လာပေ့စေဗျာ၊ ဒီကောင်ကြီးက ဒီနေရာမှာ ဗိုလ်မထားပဲထင်တယ်၊ ကျုပ်က သူ့အတွက် ပစ်မှတ်ကြီးကို ဖြစ်နေတာပဲ၊ ပြေးလို့မလွတ်မယ့်အတူတူ ဒီအတိုင်း စောင့်ကြည့်နေလိုက်မယ်"

"ဟာ . . . ခင်ဗျား ဗိုက်ပွင့်သွားမှာပေါ့ဗျ"

မိုးကြယ်သည် မလွှဲမရှောင်သာတော့သည့်အဆုံးမှာ ဓားကိုဆွဲထုတ်လိုက်သည်။ တကယ်ပင် တောင်ဆိတ်ကြီးက ဝကြီးကို ပစ်မှတ်ထားဟန်တူသည်။ တည့်တည့်ကြီးပြေးလာသောကြောင့်ပင်။ ထိုအခါ မိုးကြယ်သည် မထင်မှတ်သောလှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။ နေရာမှပြေးထွက်သွားသော လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။ တောင်ဆိတ်ဖြူကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



မိုးကြယ် ပြေးလာသည်ကို မြင်တွေ့လိုက်၏။

ပစ်မှတ်က မိုးကြယ်ဆီကို ပြောင်းသွား၏။ ပြေးလာသည်မှာ ကြောက်ခမန်းလိလိ။ ချိုကြီးနှစ်ချောင်းကလည်း အသည်းယားစရာကောင်းလှအောင် ချွန်မြည့်နေကြသည်။ ချက်ချင်းပင် မိုးကြယ်၏အနားသို့ရောက်လာသည်။ မိုးကြယ်က ဖျတ်ခနဲဆို ရှောင်လိုက်အပြီး ...

'ဝှစ် ရှွပ်'

ဓားက လက်ထဲမှာ ဝင့်ခနဲလွှပ်ရှားလိုက်ရုံလေးသာ။ တောင်ဆိတ်ဖြူကြီးသည် အရှိန်ဖြင့် ဆက်ပြေးနေသေးသည်။ နောက်တော့ ဘိုင်းခနဲပစ်လဲကျသွားသည်။ သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်မှန်းပင် မသိလိုက်။

✧

ဂူငယ်တစ်ခုအတွင်း နွားပေါက်လေးတစ်ကောင်၏ အရွယ်မျှရှိသော တောင်ဆိတ်ဖြူ၏အသားကင်ကို ဝကြီးက လက်နှင့် ဖဲ့ရွဲ့ကာ အားပါးတရပင် စားနေသည်။

"ခင်ဗျားက ... ဒီတောင်ဆိတ်ဖြူရဲ့ရန်ကို ဘယ်လိုသိတာလဲဗျ"





"ကျုပ်က ပုရွက်ဆိတ်တွေလိုပဲ အနံ့ခံကောင်းတယ်ဗျ။ အစာဘယ်မှာရှိနိုင်သလဲဆိုတာ သိနိုင်သလို အာရုံခံစားမှုနဲ့လည်း လိုက်ရှာနိုင်တယ်၊ ငယ်ငယ်တုန်းက လူနီနီကြီးကျွေးခဲ့တဲ့ မုန့်ကို စားပြီးတဲ့နောက်ပိုင်းမှာ အဲဒီလိုဖြစ်လာခဲ့တာပဲ၊ သူပြောခဲ့တဲ့အတိုင်း လူလည်း ဝလာတယ်လေ၊ ခုလို ပုံပျက်ပန်းပျက်ကြီးဖြစ်လာခဲ့တဲ့အထိ ဝလာလိမ့်မယ်လို့ မထင်မိဘူး။ သူပေးခဲ့တဲ့ ဆုပေါ့ဗျာ ...၊

ခုလည်း ... ကျုပ် ဒီသတ္တဝါရဲ့အနံ့ကိုခံမိတယ်၊ ရန်လိုတဲ့သတ္တဝါတစ်ကောင်မှန်းလည်း သိနေတယ်၊ ခင်ဗျား ရှိနေလို့တော်သေးတာပေါ့ဗျာ၊ မဟုတ်ရင် ဒီကောင်ကြီးရဲ့ လက်ချက်နဲ့ ကျုပ်တော့ ဗိုက်ပွင့်ပြီးသားပဲ"

"ခင်ဗျားရဲ့အရည်အချင်းက ထူးပေဆန်းပေသည်လို့ ဆိုရမှာပဲ ကိုဝကြီးရယ် ... ဩချလောက်ပါပေတယ်"

မိုးကြယ်သည်လည်း ခရီးသွားဖော်တစ်ဦးတိုးလာခဲ့သည့်အတွက် စိတ်အနှောင့်အယှက်မဖြစ်မိ။ ထူးခြားသောစွမ်းရည်ရှိပြီး ပုံပန်းသဏ္ဌာန်က ရယ်စရာကောင်းသော လူဝကြီးတစ်ယောက်သည် သူ့အတွက် အထူးအဆန်းလည်း ဖြစ်စေခဲ့သည် မဟုတ်ပါလား။

"ဒီကောင်ကြီးဟာ ဘယ်သူ့ကိုမှ ဗိုလ်မထားဘဲ လာသမျှကို အနိုင်ယူမယ်ဆိုပြီး ရန်စောင်ချိုကြွနေတာ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



. . . သူ ထင်တိုင်းမဖြစ်နိုင်ဘူးဆိုတာ သိသွားခဲ့ရော ပေါ့”

ဝကြီးက ပလုတ်ပလောင်းစားကာ ပြောနေသည်။ သူ စားနေပုံက အားရစရာပင်။ အစားကို ဝဝလင်လင် မစားရသော သူတစ်ဦးအတွက် ခုလိုဖြည့်ဆည်းပေးရသည်ကို ကျေနပ်နေမိသည်။ တော်တော်လည်း စားနိုင်လွန်းသည်။ အသားကင်တစ်ဝက်ကျော်ကျော်လောက်အထိ ကုန်သွားခဲ့လေသည်။

“ကိုမိုးကြယ် . . . ကျုပ်တော့ ဆာဆာနဲ့စားလိုက်တာ ခင်ဗျားအတွက်တောင် မချန်တော့သလိုဖြစ်သွားတယ်၊ ဒါနဲ့ ခင်ဗျားက သိပ်မစားပါလားဗျ”

“ခုရက်ပိုင်းအတွင်းမှာ အစားအစာအတွက် အားငီသ သိပ်မရှိလို့ပါဗျာ၊ စားလည်း နည်းနည်းပါပဲ၊ မစားလည်း ဖြစ်တယ်လို့တောင် ပြောလို့ရမလား မသိဘူး”

“အင်း . . . ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဟိုရေညှိဆေးရည် သောက်မိခဲ့တဲ့အတွက်ကြောင့်ပဲ အာဟာရသိဒ္ဓိမြောက်နေခဲ့သလား မပြောတတ်ပါဘူးပေါ့။ ကောင်းဗျာ . . . ကျုပ်လည်း အဲဒါမျိုးကို မှီဝဲခဲ့ရရင် ကောင်းမှာ”

တောထဲတောင်ထဲတွင် အမှတ်မထင်တွေ့ခဲ့ရသော တစ်တောင်သာသာရှိ လူသေးသေးလေးများကို ပြန်ပြီးအမှတ်ရလာမိသည်။ မိမိသောက်ခဲ့သော ရေညှိရောင်အရည်များကို တပ်မက်စွာ သောက်ခဲ့ကြသည်။ သူတို့သည် ထိုနေရာကို အမြဲတမ်း လာ





ရောက်ကြမှာ မဟုတ်ကြ။ လိုအပ်မှသာ လာရောက်သောက်သုံးကြပေမည်။ ဆာလောင်ခြင်းကို ထိန်းထားသော **သဘာဝဓာတ်**ဆေးရည်သာဖြစ်ခဲ့လျှင် အမြဲတမ်းသောက်သုံးဖို့မလိုအပ်ကြချေ။

ဂူထဲတွင် တစ်အောင့်နားကြသည်။ ညက သိပ်မအိပ်ခဲ့ရသော လူဝကြီးသည် အသားကင်ကိုစားပြီး အူမတောင့်သွားသော အခါ တစ်ရေးအိပ်လေသည်။ တစ်ခဏအကြာ သူ၏ဟောက်သံများက မိုးခြိမ်းသံပမာ ထွက်ပေါ်လာခဲ့ကြလေသည်။

နေ့တစ်ဝက်ကျိုးခဲ့ပြီဖြစ်သည်။ သို့သော် ပြင်ပလောကကြား၀ ၁စ်ခုလုံးသည် ပြည့်ဝသော အလင်းရောင်ကိုမရ။ မှောင်ရီရီနှင့် အချိန်ကို စိတ်ကူးနှင့်ပင် မှန်းဆမိရသည်။ လူဝကြီးကို ကြည့် ပြီး သူလည်း အိပ်ချင်လာမိသည်နှင့် ဂူနံရံကိုမှီကာ အိပ်ပျော်ေသွားခဲ့သည်။ လူဝကြီး၏ဟောက်သံသည် နားထဲမှာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေသည်။

✧

နားထဲတွင် အသံများကို ကြားနေမိရသလို မည်သည့်အပေ[းဝ]ါဝဘသာ... 



www.burmeseclassic.com

www.burmeseclassic.com



နောက် ငြိမ်သက်သွားခဲ့လေသည်။ အခုကြားနေရသည်က တီးတိုးစကားပြောသံများပင် ဖြစ်သည်။ မိုးကြယ် နိုးနေသည်။ နားပါးသည်ဆိုသော လူဝကြီးကတော့ မနိုး။ ဆက်ပြီးတော့ နားထောင်နေသည်။ စကားပြောသံများလိုလို တကယ်ပင်ကြားနေရသည်။ အာရုံကိုစုစည်းကာ သေချာစွာနားထောင်နေရင်း ထိုအသံများသည် ပျောက်ကွယ်သွားခဲ့လေသည်။

"ကိုဝကြီး ... ကိုဝကြီး"

"ကျုပ်သိတယ်၊ အသံတွေကို နားစွင့်နေတာ ... ဒါပဲမဟုတ်လား"

ဝကြီးက မျက်လုံးတွေကိုမဖွင့်သေးဘဲ ပြောလိုက်သည်။ သူလည်းပဲ အိပ်လျက်က နားစွင့်နေသည်ကိုး။

"ဟုတ်တယ်ဗျ ... ဘယ်ကထွက်လာတဲ့အသံတွေလဲမသိဘူး၊ အပြင်က လေတိုက်လို့ကြားနေရတဲ့ အသံတွေများလား"

"ကိုမိုးကြယ် မဖြစ်နိုင်ဘူးဗျ၊ စကားပြောနေကြသံတွေလို့ပဲထင်တယ်"

"သေသေချာချာနားထောင်စမ်းပါ ... ဂူထဲကလား၊ အပြင်ကလားဆိုတာ"

"ကျုပ်ကတော့ ဂူထဲကလို့ ထင်တာပဲ"

"ခင်ဗျားက ပိုပြီးတော့ နားပါးတာကိုး"





"သေချာပါတယ် ကိုမိုးကြယ် ... ဂူထဲက ထွက်လာခဲ့တဲ့ အသံတွေပါဗျာ"

သူတို့ အမှတ်တမဲ့နားခိုခဲ့သည့် ဂူထဲကထွက်လာခဲ့သည့် အသံများဆို၍ စိတ်ဝင်စားသွားခဲ့ရသည်။ ဂူက သိပ်ပြီး အကျယ်ဝန်းကြီးမဟုတ်။ အနောက်ဘက်ကိုတော့ ရှည်လျားသည်။ အထဲမှာ လူအချို့ နေထိုင်ကြသလားဟူ၍ ...

"ကျုပ်တို့လမ်းမှာ လူတစ်ယောက်မှမတွေ့ခဲ့ရဘူး၊ တချို့က ဂူထဲမှာပဲနေကြတယ်၊ ဂူအောင်းကြတာပေါ့၊ ညဘက်လိုမျိုးမှ အပြင်ကို ထွက်တတ်ကြတယ်၊ ကိုဝကြီး ကျုပ်တို့ ဝင်ကြည့်ကြမလား"

"မလုပ်ပါနဲ့ဗျာ၊ တော်ကြာ ... လူရိုင်းတွေနဲ့တိုးပြီး ရန်မူတာကို ခံနေကြရပါဦးမယ်၊ ဒီကနေ့ အေးအေးဆေးဆေးနဲ့ ပြန်ထွက်သွားကြရင် ကောင်းမယ်ထင်တယ်"

"မဟုတ်သေးဘူး ကိုဝကြီး ... ခင်ဗျားထင်သလို လူရိုင်းတွေလည်း ဟုတ်ချင်မှဟုတ်မှာ၊ ကျုပ်အထင်ကတော့ ထူးခြားမှု တစ်ခုခုရှိနေတယ်လို့ ထင်တယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ... ဝင်ပြီးလေ့လာကြည့်ရင် ကောင်းမလား"

"ဟာဗျာ ... ကျုပ် မလိုက်ချင်ဘူး"

"အေးလေ ... ဒါဖြင့်ရင်လည်း နေခဲ့တော့ပေါ့၊ ဒီအသားကပ်ကိုတော့ ခင်ဗျားအတွက် ထားခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြယ်လည်း သူ့ပစ္စည်းများကိုယူကာ ဂူအနောက်ဘက်ဆီကို ထွက်သွားခဲ့လေသည်။

"ဟာ နေပါဦး ... ကျုပ် လိုက်မှာပေါ့"

ထိုအခါကျမှ ဝကြီးသည် နေရာမှထကာ ဝေးလိုက်လာခဲ့လေသည်။ သူ့ကိုယ်လုံး ဝဝဖိုင့်ဖိုင့်ကြီးနှင့် ပြေးလာနေသည်မှာ ကြည့်၍ပင် ကောင်းနေသေးသည်။

"ဘာလဲ ... မလိုက်ဖူးဆိုဗျာ"

"ကျုပ်တစ်ယောက်တည်းလည်း နေခဲ့လို့မဖြစ်ပါဘူးဗျာ။ ပြီးတော့ ... ခင်ဗျား တစ်ယောက်တည်းလည်း မဖြစ်ပါဘူး။ အန္တရာယ်တစ်ခုခုကြုံလာခဲ့ရင် နှစ်ယောက်အတူ ဖြေရှင်းကြတာပေါ့"

"ဖြစ်ရပြန်ပြီ ကိုယ့်လူရာ"

ဝကြီးသည် ခန္ဓာကိုယ်ကြီး အိပဲ့ အိပဲ့နှင့် မိုးကြယ်နှင့်အတူ ယှဉ်ပြီးတော့လိုက်ပါလာသည်။ ဂူသည်အောက်သို့ အနည်းငယ် နိမ့်ဆင်းသွားခဲ့သည်။ ထို့နောက် ဘယ်ဘက်ကိုကွေ့သွားခဲ့လေသည်။ အလင်းရောင်က တဖြည်းဖြည်းနှင့်အားနည်းလာခဲ့သည်။ ထိုအခါ မိုးကြယ်သည် အိတ်ထဲမှဝါးကျည်တောက်စွပ်ထားသော ဖယောင်းတိုင်တုတ်တုတ်ကြီးကို ထုတ်ယူလိုက်လေ၏။

✧ ✧ ✧



(၂၀)

**မီးနိုင်ခြား**

ဖယောင်းတိုင်ကြီးသည် ဂူထဲတွင် သင့်တင့်စွာသော အလင်းရောင်ကို ရစေသည်။ ဝကြီးက တွေးမိသည်မှာ ...

"အင်း ... သူဟာ ကြိုတင်စိတ်ကူးနဲ့ ဒီခရီးကိုထွက်လာခဲ့တာပဲ၊ အသေးအမွှားပစ္စည်းကအစ အားလုံးပါလာတယ်၊ ငါ့ကို ခြေဦးတည့်ရာကိုသွားနေတဲ့သူမဟုတ်ဘူး။ သူ့မှာ အကြံအစည်ကြီးကြီး ရှိလိမ့်မယ်"

ဝကြီးလည်း လက်ထဲတွင် တစ်ဝက်တစ်ပျက်သာကျန်သော အသားကင်တံစို့ထိုးတံကြီးကို ကိုင်ဆောင်ထားသည်။ သူ့အတွက် ရိက္ခာပြတ်၍မဖြစ်။ လမ်းမှာတင် တစ်ကိုက်ပြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုက် စားလာခဲ့သည်။ မိုးကြယ်နှင့် ခွဲပြီးမနေခဲ့သည်ကလည်း အစားအစာခက်ခဲမည်စိုးသောကြောင့်လည်းဖြစ်မည်ဟု ထင်သည်။ အပြင်ဘက်မှ သွားရသည်ထက်စာလျှင် ယခုလို ဂူထဲက သွားရသည်က ပိုပြီးတော့သက်သောင့်သက်သာရှိသည်ဟု ထင်မိသည်။ သို့သော် သူတို့သည် ယခု မည်သည့်နေရာကို သွားနေကြပါသလဲ။ အကယ်၍သာ တစ်နေရာတွင် ဂူပိတ်ကြီးဖြစ်နေခဲ့လျှင် နောက်ကြောင်းကို ပြန်လှည့်ကြရမှာ အမှန်ပင်။

စောစောကကြားခဲ့ရသည့်စကားသံများကို မကြားရတော့။ ဂူလိုဏ်လမ်းကြောင်းတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိနေသည်။ ထို့ကြောင့် စိတ်ထဲမှာ ထင်ယောင်ထင်မှားဖြစ်ကာ နားကြားများ လွဲခဲ့ကြလေသလားဟု။ ဂူသည် အပိတ်ကြီးမဟုတ်ဘဲ ရှည်လျားသောလိုဏ်လမ်းကြောင်းကြီးရှိနေသည်ကို တွေ့လိုက်ကြရလေသည်။

ဘာသံများ ကြားရလေမလဲဟူသောအတွေးဖြင့် စကားမပြောဘဲ လျှောက်လာခဲ့ကြသည်။ ထူးခြားချက်တစ်ခုမှာ ဂူတို့၏ သဘာဝအတိုင်း အေးစိမ့်ပြီးမနေဘဲ ခပ်နွေးနွေးပင်ရှိနေသောကြောင့်ပင်။ မိုးကြယ်သည် သဘာဝနှင့်ဆန့်ကျင်သော ဂူကြီးတစ်လုံးဖြစ်နေမလားဟု သံသယဝင်လာခဲ့ရလေသည်။

ထိုစဉ် နားထဲတွင် စကားသံများက ဝင်လာခဲ့ကြပြန်သည်။ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်





မိလိုက်ကြလေသည်။ ထို့နောက် စကားသံများသည် တိုးလာလိုက်၊ ကျယ်သွားလိုက်နှင့်ဖြစ်သည်။ မည်သည့်နေရာကွက်လာခဲ့မှန်းမသိပေ။ နားစိုက်ထောင်ရင်း ဆက်လျှောက်လာခဲ့ကြသည်။ သူတို့ထင်မိကြသလို လူတွေများ ရှိနေကြသလားဟု သံသယများဝင်လာခဲ့ကြရလေသည်။

ထိုစဉ် တစ်နေရာကိုအရောက်တွင် ဝကြီး၏လက်ထဲရှိ အသားကင်တံကြီးသည် ရုတ်တရက် လွတ်ထွက်သွား၏။

''ဟင်''

ဝကြီးက လိုက်ကြည့်ရာ မတွေ့ရတော့။ မည်သည့်နေရာကိုရောက်သွားမှန်းပင် မသိလိုက်။

''ကိုမိုးကြယ် ကျုပ်လက်ထဲက အသားကင်တံကို ခင်ဗျားယူပြီး လွှင့်ပစ်လိုက်သလား''

''ဘာရယ် ••• ဟာ မဟုတ်တာ၊ ကျုပ်က ဘာဖြစ်လို့ လွှင့်ပစ်ရမှာလဲဗျ။ ဟင် •••ဟုတ်ပါရဲ့၊ ခင်ဗျားကိုင်ထားတဲ့ အသားကင်တံကြီးမရှိတော့ဘူး။ ဘယ်ရောက်သွားသလဲ''

''ဟာ ••• မဟုတ်သေးပါဘူး။ လက်ထဲက ဆွဲယူပြီးလွှင့်ပစ်လိုက်တာဗျ။ ခင်ဗျားရဲ့လက်ချက်လို့ ထင်နေမိတာ''

''ဟာ ••• မဟုတ်တာ၊ ခင်ဗျားပဲ ယောင်ယမ်းပြီးတော့ လွှင့်ပစ်လိုက်တာလားဗျာ''

တစ်ယောက်နှင့်တစ်ယောက် သံသယဖြစ်သွားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသားကင်တံစို့တံကြီးသည် မည်သည့်နေရာကိုရောက် သွားမှန်း မသိလိုက်။

"အင်း ... ကိုမိုးကြယ်က ဒီလိုကလေးကလားကိစ္စမျိုး ကို လုပ်မှာ မဟုတ်ပါဘူး"

"ကိုဝကြီးဟာ သူ ခုံခုံမင်မင်နဲ့စားနေတဲ့အစာကို အ ကြောင်းမဲ့ကြီး လွှင့်ပစ်လိုက်မှာ မဟုတ်ပါဘူး"

အပြန်အလှန်တွေးရင်း အဖြေရှာနေကြသည်။ အသား ကင်တံစို့တံကြီးကား မည်သည့်နေရာကိုရောက်သွားမှန်းပင် မ လိုက်။ ထူးတော့ထူးဆန်းနေသည်။

"ကိုမိုးကြယ် ... ဒီဂူကြီးထဲမှာ နာနာဘာဝတွေမျာ ရှိသလားမသိဘူး။ သူတို့ကစားချင်လို့ ဆွဲယူသွားခဲ့ကြတာမျာ လား"

"မဖြစ်နိုင်တာဗျာ၊ ဒါမျိုးတွေ မရှိနိုင်ပါဘူး။ ကျုပ်တို နှစ်ယောက်ထဲက တစ်ယောက်ယောက်ရဲ့ မှားယွင်းမှုဖြစ်မှာ တစ်ခါတလေ စိတ်လွတ်ကိုယ်လွတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဘာလု လို့လုပ်မိမှန်း မသိလိုက်တာတွေရှိတယ်"

ဝကြီးကတော့ မိုးကြယ်၏အဖြေကို ဘဝင်မကျပေ။ ဤ သို့ဖြင့် ဆက်ပြီးတော့ လျှောက်လာခဲ့ကြသည်။ မည်သည့်အရှေ အယှက်မျိုးကိုမှ ထပ်ပြီးမတွေ့ကြရ။ စောစောက တိတ်ဆိတ်မှု သောစကားသံပြောသံလိုလို ဘာလိုလိုများသည် ထပ်ပြီးတေ



ထွက်ပေါ်လာကြပြန်သည်။

"ကြားရပြန်ပြီ ကိုမိုးကြယ်"

"ဒါက ဒီလိုရှိလိမ့်မယ်၊ ဒီဂူဟာ တစ်ချိန်က လူသွားလူ လာတွေ ရှိခဲ့ကြလိမ့်မယ်၊ သူတို့ပြောဆိုနေခဲ့ကြတဲ့စကားသံတွေ ဟာ မပျောက်ပျက်သွားကြပဲ လေထဲမှာ အောင်းနေကြလိမ့်မယ်၊ ကျုပ်တို့က ဒီအထဲမှာရောက်နေတော့ သံစဉ်တွေနဲ့ ရိုက်ခတ်ပြီး လှုပ်ရှားသွားခဲ့ကြတာ၊ အဲဒါကြောင့် စကားပြောသံတွေဟာ ပြန် ပြီးတော့ ထွက်လာကြတာနေမှာပေါ့၊ စကားသံတွေ၊ ပေါက်ကွဲ သံတွေဟာ ပျောက်ပျက်မသွားကြဘူးတဲ့၊ သူတို့ကိုလှုပ်ရှားသွား အောင်ပြုလုပ်ပေးတဲ့အရာရှိခဲ့ရင် ပြန်ပြီးတော့ ထွက်ပေါ်လာခဲ့ ကြတာပဲတဲ့၊ ကျုပ် ... ဘုတ်အုပ်တွေထဲမှာ ဖတ်ဖူးတယ်"

"အင်း ... ခင်ဗျားက စာအိုးကြီးကိုး၊ ဒါပေမဲ့ ... လောကဓာတ်ပညာရဲ့ လေ့လာတွေ့ရှိမှုဟာ သူ့နေရာနဲ့သူတော့ ခံနေမှာပဲ၊ နာမ်လောက, ဝိညာဉ်လောက, ပရလောကဆိုတာ အလည်း သတ်သတ်ရှိသေးတယ် ကိုယ့်လူရဲ့၊ ဘုရားဟောတရား တွေထဲမှာ ပါတယ်၊ သိပ္ပံက လက်ခံပေမယ့် ဝိဇ္ဇာလောကနဲ့က တော့ ဆန့်ကျင်ဘက်ဖြစ်နေတယ်"

ဝကြီးကလည်း အလာသား။ စကားအရ နာမ်လောက၊ ညာဉ်လောကကို လက်ခံထားသူဖြစ်ပုံရသည်။ ယခု သူတို့ကြ ဆိုက်ကြသည့်စကားသံများသည်ပင် လိုဏ်ထဲတွင် ပဲ့တင်သံများ

www.burmeseclassic.com

www.burmeseclassic.com





အဖြစ်ပြန်လာနေကြသည်။ ထိုစဥ် တစ်နေရာကိုအရောက်တွင် မိုးကြယ်၏လက်မှာကိုင်ထားသော ဖယောင်းတိုင်ကြီး၏မီးသည် ဟုပ်ခနဲဆို ငြိမ်းသွားခဲ့လေ၏။

''ဟင် . . . ဘယ်လိုဖြစ်သွားတာလဲ''

''ကိုမိုးကြယ် တစ်ယောက်ယောက်က မှုတ်လိုက်သလို ပဲ၊ ကျုပ် မပြောဘူးလား၊ ဒါ . . . ဒါဟာ ပရလောကသားတွေရဲ့ လက်ချက်ပဲဖြစ်ရမယ်''

ဝကြီးကတော့ သူ့ထင်မြင်ယူဆချက်ကို မပြောင်းလဲပေ မိုးကြယ်လည်း အငြင်းအခုန်မလုပ်တော့။ အရာရာကို မျက်စိ မှိတ်ကာ တလွဲတွေးပြီး ကိုယ်မှန်သည်ဟူသော အယူအဆမျိုး သူ့မှာမရှိ။ ဂူလိုဏ်ကြီးထဲမှာ မီးအလင်းရောင်မရှိတော့သော် လည်း မှောင်အတိကျသွားခြင်းမရှိခဲ့။ လင်းပျပျလေးလောက် တော့ ရှိနေသေးသည်။ မည်သည့်ကြောင့်ပါလဲ။

သတိထားပြီးတော့ လျှောက်လာခဲ့ကြရင်းက . . .

'ဟုပ် ဟုပ် ဟုပ် ဟုပ်'

ထူးခြားသောအသံအချို့က ထွက်ပေါ်လာခဲ့ကြပြန် သည်။ ယင်းအသံများနှင့်အတူ ရှေ့တွင် လင်းခနဲ၊ လင်းခနဲနှင့် ထွက်ပေါ်လာသော အလင်းရောင်အချို့သည် ထွက်ပေါ်လာ လိုက်၊ ပျောက်သွားလိုက်နှင့်။

''ဘာများလဲ . . . တစ်မျိုးပြီးတစ်မျိုးပါလား''





ဝကြီးက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။ သည်လို နှင့် ယင်းအသံများက တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့ကြလေ သည်။

'ဟုပ် ဟုပ် ဟုပ် ဟုပ်'

ယင်း တဟုပ်ဟုပ်အသံများနှင့်အတူ အလင်းရောင်များ ကလည်း လင်းခနဲ၊ လက်ခနဲ၊ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြပဲ ဘာမှန်းမသိသောအရာဆီကိုသာ အာရုံ ထားပြီး စိတ်ဝင်စားနေကြသည်။ သို့ရှိခိုက် ရုတ်တရက် ချက်ချင်း ပက်ပင်းတိုးကာ ရင်ဆိုင်လိုက်ရသည်ကား လေထဲမှာရွေ့လျား လာနေကြသော **အုန်းသီးလုံးပမာထာရှိ မီးတောက်မီးလျှံများ။** ယင်းအရာများသည် မီးစွယ်မီးညွှန့်များတက်ကာ သူတို့ဆီကို လာနေကြသည်။

'ဟုပ် ဟုပ် ဟုပ် ဟုပ်'

တဟုပ်ဟုပ်နှင့်အသံများသည် ယင်းတို့ဆီက ထွက်ပေါ် လာခဲ့ကြခြင်းပင်ဖြစ်သည်။ ထိုအခါ မီးတောက်မှထွက်လာကြ သော အလင်းရောင်များသည် လင်းလိုက်၊ မှိန်လိုက်နှင့်ဖြစ်သွား ခဲ့ကြသည်။ အပူရှိန်ကလည်း ဂူလိုဏ်ထဲမှာ တက်လာခဲ့ကြသည်။ ယင်းမီးတောက်များကြောင့်ပင် ဖြစ်လိမ့်မည်ထင်သည်။

''ဟာ . . . **မီးတောက်တွေ** ဘယ်ကနေ ထွက်လာခဲ့ ကြတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဝကြီးသည် အထိတ်တလန့်ဖြင့် အော်မိလိုက်သည်။ အငြိမ်မနေဘဲ လှုပ်ရှားနေကြသော မီးတောက်များသည် သူတို့၏ကိုယ်မှာ ဝင်ပြီးစွဲလျှင်မလွယ်။ တစ်ကိုယ်လုံး မီးဟုန်းဟုန်း တောက်လောင်သွားမည်ဖြစ်သည်။

မီးတောက်များသည် အလျှံတငြီးငြီးဖြင့် သူတို့နှင့်နီးကပ်လာမှ ပိုပြီးတော့ အသံတွေ မြည်လာခဲ့ကြသည်။

'ဟုပ် ဟုပ် ဟုပ် ဟုပ်'

ဝကြီးသည် ရုတ်တရက် စိတ်ကူးတစ်ခုရသွားကာ ...

'ဖူး ဖူး ဖူး'

အဆုပ်ထဲသို့ လေကိုဝအောင်ရှူသွင်းလိုက်ပြီး တဖူးဖူးနှင့် မှုတ်ထုတ်ပစ်လိုက်သည်။ အံ့အားသင့်စရာကောင်းသည်မှာ မီးတောက်များသည် ချက်ချင်းငြိမ်းမသွားဘဲ အဝေးကြီးအထိ လွင့်ထွက်သွားခဲ့ကြသည်။ ထို့နောက် ဟုပ်ခနဲနှင့်ပင် တစ်လုံးပြီးတစ်လုံး ငြိမ်းသွားခဲ့ကြလေ၏။

မိုးကြယ်လည်း ကြံရာမရဖြစ်ကာ နောက်ဆုံးမှာတော့ ဓားကိုဆွဲထုတ်လိုက်သည်။ ဝင်လာသမျှသော မီးတောက်များကို ဓားနှင့် ပိုင်းချပစ်လိုက်သည်။

'ဝှစ်'

'ရွှပ်'

'ရှဲ ရှဲ'





ထိုအခါ ထူးဆန်းသောအသံများ ထွက်ပေါ်လာခဲ့ကြသည်။ မီးကို ရေနှင့်ဖျန်းလိုက်သလို ထွက်ပေါ်လာသည့်အသံများ။ ထိုအခါ မီးတောက်များသည် နီရာမှ အဝါရောင်၊ မီးခိုးရောင်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားခဲ့ကြသည်။ သည့်နောက် မှိန်ကျသွားကာ ပျောက်ကွယ်သွားသည်။ ယမ်းစိမ်းနံ့လိုလို၊ ကန့်နံ့လိုလို ကျန်ရစ်ခဲ့လေ၏။

သို့သော် မီးတောက်များမှာ လျော့ပါးသွားခြင်းမရှိကြဘဲ တိုး၍တိုး၍သာ လာနေကြသည်။ ဝကြီးသည်လည်း မှုတ်ကောင်းကောင်းနှင့် တဖူးဖူးမှုတ်နေရသလို မိုးကြယ်သည်လည်း သူ၏ဓားအစွမ်းကို သိသွားခဲ့ပြီဖြစ်ရကား ...

"ငါ့ဓားက မီးကိုနိုင်တဲ့ **မီးနိုင်ဓားကွ၊** လာခဲ့ကြစမ်း"

'ဝှစ် ရွှပ် ရွှပ် ရှဲ ရှဲ ရှဲ'

သွက်လက်သော ဓားချက်များအောက်မှာ မီးတောက်များက မလှုပ်မပ ချုပ်ငြိမ်းသွားခဲ့ကြရလေသည်။ ဝကြီးသည် သူမှုတ်ထုတ်လိုက်သော လေများကြောင့် မီးတောက်များ လွင့်ပျက်သွားခဲ့ကြပြီး ပျောက်ပျက်သွားခဲ့ကြသည်ကို သဘောကျသလိုလို ရှိနေခဲ့ရသည်။ နောက်တော့ အလျင်မမီနိုင်သဖြင့် မောဟိုက်လာသည်။ တစ်ကြိမ်တွင် မီးတောက်တစ်လုံးက သူ့မျက်နှာသီကို ပြေးလာခဲ့သည်။

ထိုအခါ မှုတ်အားက အနည်းငယ်လျော့သွားခဲ့ပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



လေက ချက်ချင်းမထွက်။ မျက်နှာကိုမီးစွဲတော့မလို ဖြစ်သွားသည်။

''အောင်မယ်လေးဟဲ့ ကဲ ဖူး ဖူး'

အားယူပြီးတစ်ချက်တည်းမှုတ်ထည့်လိုက်ရာ မီးတောက်သုံး၊ လေးလုံးသည် တစ်ပြိုင်တည်းလွင့်ထွက်သွားခဲ့ကြလေသည်။

ထိုအခါ လူဝကြီးသည် မျက်လုံးများပျာဝေလာကာ ပက်လက်လန်၍လဲကျသွားခဲ့လေ၏။ မိုးကြယ်တစ်ယောက်တည်း မီးလုံးများနှင့် ရင်ဆိုင်တွေ့နေရတော့သည်။

'ဝှစ် ရှပ် ရှပ် ရှဲ ရှဲ ရှဲ''

ဓားချက်တိုင်းမိသောကြောင့် မီးလုံးများသည် တရှဲရှဲနှင့်မြည်ကာ ပျောက်ကွယ်သွားခဲ့ကြသည်။ ဝကြီး မတတ်နိုင်တော့မှန်းသိ၍ နှစ်ယောက်စလုံး၏ကိုယ်မှာ မီးလုံးများ ဝင်ပြီးမစွဲရန် အထူးပင် ကြိုးပမ်းနေရလေသည်။ ခွန်အားလျော့မသွားခြင်း သက်လုံကောင်းခြင်း၊ အမောခံနိုင်ခြင်းတို့သည် မိမိသောက်သုံးခဲ့သည့် ရွှေညိုရောင်ဓာတ်ဆေးရည်၏ အစွမ်းသတ္တိကြောင့်လည်း ပါမည်ဟု ထင်မိသည်။

ထူးဆန်းသည်ကား တစ်လုံးပြီးတစ်လုံး ဝှေ့ယမ်းလှည့်ပတ်ပြီးဝင်လာခဲ့ကြသော မီးလုံးများသည် မိုးကြယ်၏အနားသို့တိုင် ရောက်မလာကြတော့။ အချို့သည် လေထဲမှာပင် တုံ့သွားခဲ့ကြကာ နောက်ကြောင်းပြန်လှည့်၍ ပြေးသွားခဲ့ကြခြင်းပင်





တည်း။

မီးလုံးများထွက်သွားကြပြီး ကန့်နန့်လိုလို၊ ယမ်းစိမ်းလိုလို ကျန်ရစ်ခဲ့ကြလေသည်။ ထိုအခါကျမှ မိုးကြယ်သည် ဝကြီးဆီကို ပြေးသွားခဲ့သည်။

''ကိုဝကြီး ကိုဝကြီး''

ပါးကိုပုတ်ပြီးတော့ နှိုးလိုက်ရာ ချက်ချင်းလိုလိုပင် သတိရလာခဲ့သည်။

''ဟင် ... ကျုပ် ဘာဖြစ်သွားတာလဲ''

''ခင်ဗျား လေဖြတ်သွားတာ''

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

## ဂူထဲကသူတော်စင်

သို့သော် ဝကြီးသည် နေရာမှ ချက်ချင်းပင်ထလာခဲ့သည်။

"ခင်ဗျား အမှတ်ကောင်းလို့ မီးလျှံလုံးတွေလည်း ဖြေကုန်ကြပြီ၊ ဘယ့်နှယ်လဲ ... ထနိုင်ရဲ့လား"

"ရပါတယ်"

ဝကြီးသည် လေကို သုံးလေးချက် တစ်ဝကြီးရှူသွင်းလိုက်ပြီးမှ ထလိုက်သည်။ မိုးကြယ်သည်ပင် သူ့ကိုယ်လုံးကြီးကို ဖေးမကာ မထူပေးနိုင်။

"ခဏ အားပြတ်သွားတာဗျ ... ခုတော့ ရပါပြီ"





"ရရင် ဆက်လျှောက်ကြမယ်ဗျာ"

ဆက်ပြီးတော့ လျှောက်လာခဲ့ကြသည်။ ယင်းအချိန်တွင် ဝကြီး၏ခန္ဓာကိုယ်သည် မသိမသာ ပြောင်းလဲလာခဲ့သည်။ အသွေးအသား၊ အကြောအခြင်တွေထဲမှာ တဖျဉ်းဖျဉ်းနှင့် ဖြစ်လာခဲ့သည်။ ခြေလှမ်းတွေကလည်း လေးဖင့်ခြင်းမရှိတော့။ ပိုပြီး ပေါ့ပါးလာသလိုပင်။ မိုးကြယ်သည် ရှေ့ကိုသာ အာရုံစိုက်ပြီးသွားနေသည်။ ဝကြီး၏အခြေအနေကို မသိ။

"ကိုမိုးကြယ် ... ကျုပ်ရဲ့ကိုယ်ထဲမှာ တစ်မျိုးကြီးပဲ စစ်စစ် စစ်စစ်, ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းနဲ့၊ လမ်းလျှောက်ရတာလည်း ပိုပြီးတော့ ပေါ့ပါးလာတယ်"

"ဟုတ်မှာပေါ့ ... ခင်ဗျားက လေတွေတအားမှုတ်ထုတ်လိုက်တော့ ပေါ့ပါးသွားမှာပေါ့"

မိုးကြယ်က ပြောရင်းက ဝကြီးကို တစ်ချက်ကြည့်လိုက်သည်။ တစ်ခုခုကို သတိထားမိလိုက်သလို ...

"ဟင် ကိုဝကြီး ... ခင်ဗျားရဲ့ခန္ဓာကိုယ်ကြီးဟာ နည်းနည်းကျသွားသလိုပဲ"

"လေတွေအံ့ထုတ်တာ များသွားလို့ ထင်ပါရဲ့"

ဟုဆိုကာ သူ့ဗိုက်ကို လက်နှင့်ပုတ်လိုက်ရာ ...

"ဟင် ... ငါ့ဗိုက်က"

အံ့အားသင့်သွားခဲ့ရသည်။ သူ၏ စရည်းအိုးဗိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် သိသာစွာပင် လျော့သွားသောကြောင့်ပင် ...

"ဒါလောက်အချိန်လေးနဲ့ ဒီဗိုက်ကြီးက ခုလိုလျော့သွားခဲ့ရတာလား"

"ကျုပ် ဘေးကနေမြင်နေမိတာကတော့ ခင်ဗျားရဲ့ ကိုယ်လုံးကြီးဟာ လေတွေဖောက်ထုတ်လိုက်တဲ့ ပူပေါင်းကြီးလို တဖြည်းဖြည်း လျော့လာသလိုပဲ"

"ဟာဗျာ ... ဒါလောက်အထိ မပြောင်းလဲနိုင်ပါဘူး။ ခင်ဗျားလည်းပဲ နောက်တတ်သားပဲ"

မိုးကြယ်၏အမြင်ကတော့ ဝကြီးသည် တဖြည်းဖြည်းနှင့် ကိုယ်ရေစစ်လာသလိုပင်။ သို့သော် စောစောက ပင်ပန်းသွားခဲ့သည့်အရှိန်ကြောင့် မျက်လုံးတွေက အကြည့်မမှန်တော့၍ပဲလား။ သို့သော် တော်တော်ကလေး လျော့ကျလာမိသောအခါ ...

"ကိုမိုးကြယ် ... ကျုပ် ကျုပ်"

ဝကြီးဆီက အလန့်တကြားနှင့်ထွက်ပေါ်လာသည့် အသံ။ မိုးကြယ်လည်း ဘေးကိုလှည့်ကြည့်မိလိုက်လေရာ ...

"ဟော့ ဟော့လူ ... ခင် ခင်ဗျား"

လွန်မင်းစွာ အံ့အားသင့်စရာ ကောင်းလှတော့သည်။ ဝကြီး၏ခန္ဓာကိုယ်သည် ကျသထက်ကျဆင်းလာခဲ့သည်မှာ အရင်ထက် တစ်ဝက်လောက်ကို လျော့ပါးသွားခဲ့သည်အထိပင်။ ဝကြီးသည်လည်း သူ့ကိုယ်သူသိ၍ အလန့်တကြားနှင့် အော်မိ





လိုက်ခြင်းပင်။

"အေးဗျာ ... ကျုပ်က ဒီခန္ဓာကိုယ်ကြီးကို သယ်ဆောင်ထားရတာ သေချင်လောက်အောင်ကို စိတ်ပျက်နေတာဗျ။ ခုတော့ ထူးထူးဆန်းဆန်းဗျာ၊ ဒါလောက်အထိ ကိုယ်ရေစစ်သွားခဲ့ရတယ်လို့၊ ဒီဂူထဲမှာ ဓာတ်သတ္တိတစ်မျိုးမျိုးရှိနေတယ်ဗျ။ ဒါမှမဟုတ် သူတော်စင်တို့ရဲ့ ဟိတ်တန်ခိုးသိဒ္ဓိ တွေ မွှမ်းထုံထားလို့လားပဲ ...၊

ခင်ဗျားနဲ့လိုက်ခဲ့တာ ကံကောင်းသွားတယ်၊ ကျုပ်သာနေခဲ့ရင် ခုလိုအကျိုးကျေးဇူးမျိုး ခံစားရမှာမဟုတ်ဘူး။ ကျေးဇူးပဲဗျာ"

ဝကြီးက မိုးကြယ်ကို လှိုက်လှဲစွာပင် ပြောနေသည်။

"ဟုတ်တယ် ... ခင်ဗျား တော်တော်ကြည့်ကောင်းသွားတယ်၊ ခုလိုပြောင်းလဲသွားတာ ယုံချင်စရာတောင် မရှိဘူး။ လူနီကြီးက ခင်ဗျားတောင်းလို့ပေးတဲ့ဆု ပျက်ပြယ်သွားခဲ့ပြီထင်ပါရဲ့ဗျာ ... ဝပါစေ၊ ဝပါစေဆိုတာ"

ဝကြီးသည် သူ့ကိုယ်သူကြည့်ကာ ကျေနပ်နေမိသည်။ နောက်ထပ်နည်းနည်းလေးလောက်ပဲ ကျန်တော့သည်။ ဝလွန်းသော ခန္ဓာကိုယ်သည် ချက်ချင်းလိုလို ကျသွားသောကြောင့် အကျီကလည်း ပွရောင်းရောင်းကြီး ဖြစ်သွားခဲ့လေ၏။ ဝကြီး၏ ပြုံးကွဲနေသော မျက်နှာဖောင်းဖောင်းအစ်အစ်ကြီးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းသွားခဲ့သည်။ နဂိုမျက်နှာနှင့်ဆို တခြားစီပင်။

မကြာမီ ဂူလိုဏ်လမ်းကြောင်းတစ်နေရာကို အရောက် တွင် လမ်းသည် ပို၍ကျဉ်းမြောင်းသွားသည်။ နံရံနှစ်ခုက ပို၍ပင် နီးကပ်သွားခဲ့ကြသည်။ ဘေးဘီသို့ ကွေ့ပြီးသွားရန်လည်း လမ်းက မရှိတော့။ လမ်းသည် မည်သို့ဖြစ်ပြီး ကျဉ်းမြောင်းသွားခဲ့သလဲ ဆိုသည်ကို မသိနိုင်။ နှစ်ယောက် ယှဉ်၍သွားရန် မဖြစ်နိုင်၊ တစ်ယောက်ချင်းသာ ဝင်သွားလို့ရသည်။ ဝကြီးသာ အရင်ပုံစံအ တိုင်းဆိုလျှင် အထဲကို ဝင်၍ရမှာမဟုတ်။

မိုးကြယ်က အရင်ဝင်သွားခဲ့သည်။ ဝကြီးက နောက်မှ လိုက်ဝင်သွားသည်။ ဝကြီးသည် တော်တော့်ကိုကြည့်ကောင်း သွားခဲ့ပြီဖြစ်သည်။ သူ့အသက်သည် မိုးကြယ်လောက်ပင် ရှိလိမ့် မည်။ လမ်းက တစ်ယောက်သာသာပဲ သွား၍ရသည်။ မသဲမကွဲ မြင်ကွင်းကြောင့် စိတ်ကို ကျဉ်းကျပ်သွားစေခဲ့ကြသည်။

''ကျုပ် ဒီအထဲကိုဝင်နိုင်ဖို့အတွက် ကိုယ်ရေစစ်သွား သလား မသိပါဘူးဗျာ''

''အင်း ...တိုက်ဆိုင်မှုလို့ပဲ ပြောရမှာ''

အကျီက ပွရောင်းသွားသောကြောင့် ကိုယ်လုံးနှင့် ... လိုက်ဖက်သလို ဖြစ်နေသည်။ တော်တော်ကလေးလျှောက်ပြီး သောအခါ လမ်းက တဖြည်းဖြည်းနှင့် ကျယ်လာခဲ့ပြန်လေသည်။ ထူးခြားမှုတစ်ခုမှာ ကျယ်ဝန်းသောနေရာကြီးတစ်ခုအဖြစ် ...





ဖြည်းဖြည်း ပြောင်းလဲသွားခဲ့ခြင်းပင်။ အပေါ်ကိုလည်း အမိုးက မြင့်တက်သွားသည်။ ဘေးဘီမှာ ဂူကြီးတစ်လုံးနှင့် ဂူငယ်တစ်လုံး ကို အနည်းငယ်ခြားပြီးတော့ တွေ့လိုက်ကြရသည်။

ဂူကြီးထဲမှာရော၊ ဂူငယ်ထဲမှာရော မီးရောင်ဓာ တလက် လက်။ ဂူထဲတွင် ပုဂ္ဂိုလ်များရှိနေကြသလားဟု တစ်ယောက် မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။ တိုင်ပင်ထားကြသ လိုပင် ခြေလှမ်းတွေက ဂူကြီးဆီကိုပင် ဦးတည်ပြီးတော့ သွားနေ ကြသည်။ သူတို့၏မျက်လုံးထဲမှာ ဂူကြီးသည် နောက်သို့၊ ရှေ့ သို့၊ ဘေးသို့တစ်လှည့်စီပင် ရွေ့လျားနေသည်ဟုထင်မိသည်။ လမ်းမှာ ပင်ပန်းခဲ့ကြသည်ဖြစ်သောကြောင့် အမြင်အာရုံချို့ယွင်း ချက်များ ဖြစ်ပေါ်သွားခဲ့ကြလေသည်ပဲလား။

ဂူအဝဆီကို မရောက်မီမှာပင် နှစ်ယောက်စလုံး၏ အား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောအရာတစ်ခုက ရစ်ပတ်နှောင်တည်းပြီး ဆွဲယူသွားသလို ခံစားလိုက်ကြရသည်။ ခြေလှမ်းတွေက ပိုပြီးတော့ မြန်ဆန်သွက်လက်လာကြသည်။ ထို့ကြောင့် ဂူထဲကို မည်သို့မည်ပုံ ရောက်သွားကြမှန်းပင် မသိလိုက်ကြပေ။ ဂူ၏အတွင်းဘက်တွင် ကျယ်ဝန်းသည်။ ပုလဲနှစ်ရောင်အလင်းရောင်သည် မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိ။

ဂူထဲမှာ မည်သူမှမရှိ။ ဟာလာဟင်းလင်းကြီးဖြစ်နေသည်။ သို့သော် ထူးထူးခြားခြား သစ်ပင်တစ်ပင်က ပေါက်နေသည်။

"ဘယ်သူမှ မရှိပါလား"

"ဟုတ်တယ် . . . ဒါပေမဲ့ ဂူက ရှင်းသန့်ပြီးတော့နေတာပဲ"

သို့သော် နောက်တစ်ခါ အာရုံအသီးသီးက သစ်ပင်ဆီကို ရောက်သွားခဲ့ကြရာတွင် . . .

"ဟင် . . . ကိုဝကြီး ဟိုမှာ"

သူတို့မြင်လိုက်ကြရသည်က ပုဂ္ဂိုလ်တစ်ဦးက အပင်အောက်မှာ ထိုင်နေသည်။ စောစောက ထိုပုဂ္ဂိုလ်ကို မမြင်မိကြပါ။ မိမိတို့ပဲ မျက်စိလျှမ်းသွားခဲ့ကြလေသလားဟု စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်သွားခဲ့ကြလေသည်။

"ကိုမိုးကြယ် သူတော်စင်ကြီးလား မသိဘူး။ စောစောက မမြင်မိလိုက်ပါဘူး"

"ဟုတ်တယ် . . . ကျုပ်တို့ပဲ အမှုမဲ့အမှတ်မဲ့နဲ့ ဖြစ်သွားခဲ့ကြတာလားဗျာ"

နားမလည်နိုင်ကြတော့။ ထိုပုဂ္ဂိုလ်ကြီးဆီကို ဆက်လျှောက်သွားခဲ့ကြသည်။ တဖြည်းဖြည်းနှင့် နီးလာသောအခါ မိုးကြယ်မှာ အံ့အားသင့်ခြင်းမက သင့်လာခဲ့ရလေတော့သည်။ အကြောင်းမှာ ထိုပုဂ္ဂိုလ်ကြီးသည် တောတွင်းတစ်နေရာမှာ ရုပ်ပွားမှ မြင်တွေ့ခဲ့ရသောသူပင်တည်း။

ထို့အပြင် မိမိ၏အသက်ကို ဆင်ရိုင်း၊ ကျားရိုင်း၊ ဝံပုလွေရိုင်းများ၏ အန္တရာယ်၊ နှင်းကန္တာရများမှ နှစ်ကြိမ်တိတိ ကယ်တင်ခဲ့သော သူမျိုးတည်း။

"သားတို့ ရောက်လာခဲ့ကြပြီလား၊ အေး အေး . . . ကောင်းတယ် ကောင်းတယ် . . . ထိုင်ကြ ထိုင်ကြ"

သူတော်စင်ကြီးဆီက တည်ငြိမ်အေးဆေးစွာဖြင့် ထွက်ပေါ်လာသော ပဋိသန္ထာရစကားသည် သူတို့၏ရင်ထဲမှာ အေးမြသွားစေခဲ့ရသည်။

မိုးကြယ်သည် သူတော်စင်ကြီးကိုကြည့်ပြီးတော့ အံ့အားသင့်နေမိသည်။ ရုပ်တုကြီးလိုဖြစ်နေသည့်သူမှန်း ယခုမှပင် သိရတော့သည်။ တကယ်တော့ ဤပုဂ္ဂိုလ်ကြီးသည် တောတောင်ထဲတွင် သူ့နည်းသူ့ဟန်ဖြင့် တရားကျင့်ကြံအားထုတ်ခဲ့ပြီးသော





ရွှေစကားအငယ်

www.burmeseclassic.com



မိမိက ရုပ်တုကြီးဟု ထင်မိခဲ့သည်။ သို့သော် မိမိ၏အသက်အား ကာကွယ်စောင့်ရှောက်ခဲ့သူလည်း ဖြစ်သောကြောင့် ကန်တော့မိလိုက်လေသည်။ ဝကြီးလည်း ကန်တော့သည်။

"သားတို့က တော်တော်သတ္တိကောင်းကြတာပဲ၊ ဒီနေရာကို ရောက်အောင်လာဖို့ဆိုတာ မလွယ်ဘူး၊ မင်းလည်း မနိုင်ကိုယ်လုံးကြီးနဲ့ ခရီးကို အကြောင်းမဲ့သွားလာနေခဲ့တာ၊ ခုတော့ နဂိုသဏ္ဍာန်ပျောက်ပြီး အမှန်ရုပ်ကို ရောက်လာခဲ့ပြီ မဟုတ်လား"

သူတော်စင်ကြီးသည် ဝကြီးကိုကြည့်ကာ ပြောလိုက်လေရာ အံ့အားသင့်သွားခဲ့ကြရလေသည်။ ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ရှိသောကြောင့် မိုးကြယ်ကလည်း သူ့အကြောင်းကိုလည်း သိနေမှာပဲဟု စိတ်ထဲမှာ မလုံမလဲဖြစ်မိသည်။ သူတော်စင်ကြီး၏ အကြည့်သည် မိုးကြယ်ဆီကို ရောက်သွားကာ ...

"သားက ရည်ရွယ်ချက်ကြီးကြီးနဲ့ ဒီနေရာကိုရောက်ခဲ့တာပဲ၊ အင်း အင်း ... ဒါကလည်း ကံအကြောင်းတရားက ပါလာလို့ပေါ့လေ၊ ဒါပေမဲ့ သားဟာ ငါ့ကို အကူအညီပေးခဲ့တယ် ငါဟာ အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ခဲ့တာကြာပြီ၊ ငါ့နဲ့ပဋ္ဌာန်းဆက်ပါတဲ့ သူသာ ငါ့ကိုယ်ကိုလာထိတွေ့မှ ကျင့်စဉ်ပြီးမြောက်မှာ ဖြစ်တယ် အဲဒီအချိန်မှာ ငါဟာ ခရီးရှည်ကြီးကိုသွားနေရာက ပြန်ရောက်လာသလိုမျိုး ဖြစ်သွားခဲ့ရတယ်၊ သည့်ထက်မက အချိန်ကြာသွားခဲ့ရင် ငါ့အသက်က ကုန်ဆုံးကောင်း ကုန်ဆုံးသွားနိုင်တယ်"





သူတော်စင်ကြီးသည် မိုးကြယ်အား ကျေးဇူးစကားကို သွယ်ဝိုက်ကာ ဆိုနေခြင်းပင်ဖြစ်သည်။ မိုးကြယ်ကတော့ ငြိမ်သက်စွာပင် နားထောင်နေမိသည်။ သူတော်စင်တစ်ဦးကို အကူအညီပေးလိုက်ရ၍ ဝမ်းသာနေမိသော်လည်း သူ့အကြောင်းများ ပေါ်သွားလေမလားဟု စိတ်ထဲမှာ တထင့်ထင့်နှင့် ဖြစ်နေလေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် မိုးကြယ်ကို တည်ငြိမ်သောအကြည့်ဖြင့် ကြည့်နေလေရာ မိုးကြယ်က စိတ်မလုံမလဲဖြင့် ခေါင်းငုံ့ထားမိလိုက်သည်။

"ငါ့မှာ ပြောစရာအကြောင်းရှိတယ်၊ ငယ်စဉ်ကတည်းက တရားဓမ္မလမ်းကြောင်းကိုလိုက်ပြီး သူတော်စင်ဘဝကို ခံယူဖို့ စိတ်ပြင်းပြခဲ့တယ်၊ ဒါပေမဲ့ ဆန္ဒက မပြည့်ဝခဲ့ဘူး၊ ငါ့မိဘတွေက ချမ်းသာကြွယ်ဝကြတယ်၊ အဲဒီတော့ မျိုးဆက်သစ်တွေ ပွားစီးဖို့အတွက် ငါ့ကို အတင်းအဓမ္မ အိမ်ထောင်ချပေးခဲ့ကြတယ်"

သူတော်စင်ကြီးက သူ့ဘဝဇာတ်ကြောင်းကို အစပျိုးကာ ပြောပြသည်။ မိမိတို့နှင့် မပတ်သက်သောကိစ္စကို မည်သည့်အကြောင်းကြောင့် ပြောနေရတာပါလဲဟု နားမလည်ကြ။

"ဒါပေမဲ့ ငါဟာ မူလရည်ရွယ်ချက်ကို အပျက်မခံဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ ငါဟာ ငါ့ဖနီးကို အကုန်ဖွင့်ပြောပြီး ကြွယ်ဝချမ်းသာသမျှ စည်းစိမ်တွေကို အကုန်ပုံပေးခဲ့တယ်၊ သံယောဇဉ်လည်း တိခနဲနေအောင် ဖြတ်တောက်ပစ်ခဲ့ပြီး ထွက်လာခဲ့တယ်၊ အဲဒီအချိန်မှာ ငါ့ရဲ့ဖနီးဟာ ကိုယ်ဝန်ရှိစပြုနေပြီ၊ သူကတော့ ငါ့ကို သူ့အနားက ထွက်မသွားဖို့ တောင်းပန်သား . . . ဒါပေမဲ့ ငါက ငါ့ရဲ့ရည်ရွယ်ချက်ကို ထမြောက်အောင်မြင်အောင်လုပ်ဖို့က လွဲပြီး ဘာကိုမှ မစဉ်းစားတော့ဘူး''

သူတော်စင်ကြီး၏စကားကြောင့် မိုးကြွယ်သည် ရင်ထဲမှာ တလှပ်လှပ်နှင့် ဖြစ်လာခဲ့ရလေသည်။

''အ အဘရဲ့ နာမည်က''

''ဦးကိတ္တိ တဲ့''

✧ ✧ ✧



# (၂၂)

## သောနုတ္တိုလ် ငါမဟုတ်

မိုးကြွယ်သည် သူတော်စင်ကြီး၏စကားကြောင့် ဆတ်ခနဲဆို တုန်လှုပ်သွားခဲ့ရလေသည်။

သို့သော် မျက်နှာအမူအရာ ပျက်သွားခဲ့သည်ကို ချက်ချင်းပင် ထိန်းမိလိုက်သည်။

''ဖနီးကတော့ မမြဲမှိတဲ့၊ မွေးလာမယ့်ကလေးကတော့ မမြင်ဖူးပေမယ့် မိန်းကလေးပဲဖြစ်လိမ့်မယ်၊ သူဟာ ငါ ဒီအတိုင်း ထွက်လာခဲ့တာကို ကျေနပ်ခဲ့ပုံမပေါ်ဘူး၊ အာဃာတ ကြီးတယ်၊ နဂိုကတည်းက စိတ်က ကြီးကြီးဆိုတော့ . . .''

သူတော်စင်ကြီးသည် စကားကိုမဆက်သေးဘဲ မိုးကြွယ်



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာကိုသာ သိမ်မွေ့သောအကြည့်ဖြင့် ကြည့်နေသည်။

"အေးပေါ့လေ ... သူ့ဘက်ကကြည့်ရင်တော့ ငါဟာ တာဝန်မကျေတဲ့ လူဆိုးကြီးတစ်ယောက်ပေါ့၊ ငါ့ကို သတ်ပစ်ချင်လောက်အောင်ကို မုန်းမိမှာပဲ၊ တတ်နိုင်ရင် သူကိုယ်တိုင် ငါ့နောက်ကိုလိုက်လာပြီး သတ်ချင်သတ်နိုင်တယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကိုလွှတ်ပြီး သတ်ချင်သတ်ခိုင်းမှာ ...၊

ခုနေ လူသတ်သမားဟာ ငါ့ရှေ့ကိုရောက်လာပြီး အသေသတ်မယ်ဆိုရင်လည်း ငါက ကျေနပ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သေတာ,ရှင်တာဟာ ငါ့အတွက် ဘာဝမှာ အရေးမပါတော့ဘူး"

မိုးကြယ်သည် သူတော်စင်ကြီး၏စကားကို နားထောင်နေရင်းက တဖြည်းဖြည်းနှင့် အသက်ရှူကျပ်လာသလို ခံစားနေရသည်။

"မျက်ကန်း တစ္ဆေမကြောက်ဆိုသလို 'တဏှာ၊ ရာဂ' တရားတို့ကို ကြောက်ရကောင်းမှန်း မသိကြတော့ သတ္တဝါတွေဟာ ခုထက်ထိ ကိုယ့်ဘဝခန္ဓာကိုယ်ကို အချစ်ခင်ဆုံး၊ အနှစ်သက်ဆုံး၊ အမြတ်နိုးဆုံးလို့ ခင်မင်တွယ်တာရစ်ပတ်ဖွဲ့နှောင်နေတော့တယ် ...၊

ငါလည်း ဒီခန္ဓာကိုယ်ကြီးကို ရွံမုန်းနေပြီ၊ မနှစ်သက်တော့ဘူး။ ခုနေမှာ ဘယ်လိုအကြောင်းကြောင်းနဲ့ပဲဖြစ်ဖြစ် စွန့်





လွှတ်ရ စွန့်လွှတ်ရ ကျေနပ်တယ်၊ လက်ခံတယ်၊ ဝမ်းမြောက်ဝမ်းသာဖြစ်မိတယ်"

သူတော်စင်ကြီးသည် ထိုစကားများကို အေးဆေးစွာပြောပြီးနောက် တိတ်ဆိတ်သွားခဲ့လေသည်။ မိုးကြယ်သည်သာ ရင်ထဲမှာ နင့်သီးသောဝေဒနာကို ခံစားရလျက်ရှိသည်။ သက်ပြင်းကိုလည်း အခါခါပင် ချမိရလေသည်။

ထိုစဉ် ဦးပြည်းခေါင်းတုံးနှင့် ပိတ်ဖြူအဝတ်အစားများဝတ်ထားသော လူတစ်ယောက်သည် ယွန်းလင်ပန်းထဲတွင် အစားအစာများကို ထည့်ကာယူလာသည်။ သူတို့၏အနားမှာလာချပေးပြီး ထွက်သွားခဲ့လေသည်။

"ကဲ ကဲ ...စားကြ သောက်ကြ၊ သားတို့လည်း ခရီး ပန်းလာခဲ့ကြတယ်၊ အာဟာရလည်း ဖြည့်ရဦးမှာပေါ့"

ထိုအခါ မိုးကြယ်နှင့် ဝကြီးတို့သည် သက်သက်လွတ်ဟင်းလျာများနှင့် နှံများဆမ်းထားသော ထမင်းကို အားပါးတရပင် စားသုံးကြလေသည်။ ထိုသို့စားနိုင်ခဲ့ခြင်းသည် မိုးကြယ်၏စိတ်ထဲတွင် တစ်စုံတစ်ရာသောကိစ္စအတွက် စိတ်ဒုံးဒုံးချပြီးသားမို့ပင်

"ငါလည်း ဒီမှာကြာကြာမနေပါဘူးကွယ်၊ သင်းတို့ရောက်လာကြလိမ့်မယ်ဆိုတာကို သိနေလို့ တမင်စောင့်နေတာ၊ နောက်ထပ် ခရီးဝေးကြီးတစ်ခုကို ထပ်ပြီးသွားရဦးမှာကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး မိုးကြွယ်ကို သိမ်မွေ့သောအကြည့်ဖြင့် ကြည့်ကာ ...

"ငါ့သား ... မင်းရဲ့ကိစ္စ ပြီးအောင် ဆောင်ရွက်ဦးမှာလား"

ထိုအခါ မိုးကြွယ်က မဆိုင်းမတွပင် ဖြေလိုက်သည်။

"ခင်ပွန်းကြီးဆယ်ပါး တစ်ပါးပါးကိုသော်မှ ပြစ်မှားဖို့ မရည်ရွယ်ခဲ့ပါဘူး၊ စိတ်ထဲကလည်း မပြစ်မှားခဲ့ပါဘူး၊ အပြစ်ရှိရင်လည်း ခွင့်လွှတ်ပါ"

"သာဓု သာဓု သာဓု ... ကိုယ့်စိတ်ကိုယ်သတ်နိုင်တာဟာ အပြီးတိုင်သော အောင်မြင်မှုမျိုးပဲကွဲ့၊ ဘယ်သူမဆို အဆုံးမှာတော့ ကိုယ့်တရားကိုယ် စီရင်ကြတာပဲလေ"

မိုးကြွယ်သည် သူတော်စင်ကြီးကို လက်အုပ်ချီကာ မျက်လုံးတွေကို မှိတ်ထားမိသည်။ သို့သော် ထိုအထဲက မျက်ရည်များက ရှာကြံပြီးတော့ ယိုစီးကာ ထွက်ကျလာခဲ့လေသည်။ ထို့နောက် ရှိုက်ကြီးတငင်ဖြင့် သူတော်စင်ကြီး၏ခြေအစုံကို ဦးတိုက်ကာ ..

"ကျွန် ကျွန်တော်ဟာ သောနုတ္တိုလ်လိုလူစားမျိုး မဟုတ်ပါဘူး အဘ၊ မ ဘက်လိုက်ပြီး မိုက်မိခဲ့ပါတယ်၊ ခွင့်လွှတ်ပါ ... ဟီး ဟီး ဟီး"

ကလေးတစ်ယောက်ပမာ ဟီးချကာ ငိုကြွေးနေသော





မိုးကြွယ်၏ခေါင်းပေါ်ကို သူတော်စင်ကြီးက လက်ကိုတင်လိုက်ပြီး ...

"ငါ့သားမှာ အပြစ်မရှိပါဘူး၊ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး၊ အချိန်ကျလာရင် အကျိုးအကြောင်း, အဆိုးအကောင်းကို သဘောပေါက်နားလည်ကြမှာပါ၊ မလိမ္မာ တစ်ခါတော့ မိုက်စမြဲပဲလေ၊ သောနုတ္တိုလ်မှဆိုးတောင် ငါ့သားလို ဆင်ခြင်တုံတရားမထားခဲ့လို့ အမှားကြီးမှားခဲ့တာလားကွယ်၊ ကဲ ကဲ ... သတိကို ကိုယ်မှာကပ်တော့၊ ငါ့သားရဲ့အတွင်းမနောဟာ နဂိုကတည်းက သန့်စင်ပြီးသားပါ၊ အလောင်းတော်ဥဒေါင်းမင်းတောင် မမြင်လို့ ဆင်ခြင်တုံတရားကင်းမဲ့ခဲ့တဲ့ တစ်ခဏအတွင်းမှာ မုဆိုးဆင်တဲ့ကျော့ကွင်းထဲ မိခဲ့ရသေးတာပဲ မဟုတ်လား၊ ကိုယ်က အနွေပုထုဇဥ်တစ်ယောက်ပဲ ... ဒါလောက်ကတော့ ရှိပေမပေါ့"

သူတော်စင်ကြီး၏လက်က မိုးကြွယ်၏ခေါင်းကို ထိလိုက်စဉ် တစ်ခဏအတွင်းမှာပင် သောက၊ ပျာပါဒ၊ ကြောင့်ကြမှုများ၊ စိတ်ဖိစီးမှုများအားလုံးသည် လေနှင့်အတူ လွင့်ပါးသွားသည်ဟု ထင်လိုက်ရလေတော့သည်။

ထို့နောက် သူတော်စင်ကြီးသည် ဝကြီးကို ...

"သားလည်း ကိုယ့်အရပ်ဒေသကို ပြန်၊ မိဘတွေက သားထွက်သွားတဲ့အချိန်ကစပြီး စိုးရိမ်သောကနဲ့ ကျန်ရစ်ကြတယ်၊ ကျေးမိဘကိုလည်း ဥပေက္ခာမပြုနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ကဲ့"

ဝကြီးသည် သူ့အကြောင်းကိုသိနေသော သူတော်စင်ကြီးအား အကြိမ်ကြိမ်ကန်တော့နေမိလေသည်။

"ကဲ ... ငါ့နောက်ကိုလိုက်ခဲ့ကြ"

သူတော်စင်ကြီးက နေရာမှထလိုက်သည်။ သူတို့နှစ်ယောက်သည်လည်း နောက်မှလိုက်သွားခဲ့ကြလေသည်။ လမ်းတစ်လျှောက်လုံး ခရီးပန်းခဲ့၊ တိုက်ခိုက်လှုပ်ရှားမှုများပြုခဲ့ရသော်လည်း ယင်းတို့ပင်ပန်းခဲ့မှုများသည် ယူပစ်လိုက်သလိုပျောက်သွားခဲ့ကြရသည်။

သူတော်စင်ကြီး၏ မေတ္တာဓာတ်ကြောင့်ပင် ဖြစ်မည်ထင်သည်။

◇

ယင်းဂူကြီး၏အတွင်းမှာပင်လျှင် လူတစ်ကိုယ်စာဝင်သာသည့် အပေါက်သေးသေးလေးတစ်ခုကို မြင်တွေ့လိုက်ရသည်။

"ကဲ ... ဒီအထဲကသာ ဝင်သွားကြပေတော့"

သူတို့သည် သူတော်စင်ကြီးဦးကိုတွဲကို ကန်တော့ကြ





သည်။ ဆုပေးသည်။ ထို့နောက် နေရာမှထွက်သွားခဲ့လေသည်။ တရားရှိသော ပုဂ္ဂိုလ်မို့ မိမိတို့ကို အပြတ်ဖြတ်သွားခဲ့သည့် သဘောပင်။

မိုးကြယ်သည် သူတော်စင်ကြီးကို တစ်ခဏကြာ ကြည့်နေပြီးမှ ဂူပေါက်ဝကို အရင်ဝင်သည်။ ဝကြီးက နောက်မှလိုက်ဝင်လာသည်။ သူတို့ထင်သလို ဂူသည် မှောင်မနေ။ ပြာလဲ့လဲ့အရောင်ဖြင့် အရာရာကို ကောင်းစွာပင်မြင်နိုင်လေသည်။

"လမ်းကတော့ တစ်လမ်းပဲရှိတယ် ကိုဝကြီး"

"အကြောင်းရှိလို့ ဒီလမ်းက လွှတ်လိုက်တာပေါ့ဗျာ ... သွားကြရအောင်"

လျှောက်ကြသည်။ ဂူထဲမှာ သိသာသော အနွေးဓာတ်ကို ရနေသည်ဟု ခံစားမိသည်။ သူတော်စင်တို့၏ဂုဏ်ရှိန်ကြောင့် ဤဂူလိုဏ်လမ်းကြောင်းထဲမှာပင် အလင်းရောက်သက်ရောက်နေသလားဟုပင် ထင်မိရသည်။

"သူပဟ ငါ့ဘဝကို ဖျက်ဆီးသွားခဲ့တဲ့သူ၊ ငါ့ကို စွန့်ခွာပြီး ထွက်သွားတဲ့သူ၊ သူ့ကို မတွေ့တွေ့အောင်ရှာပါ၊ ပြီးတော့ သူ့ဘဝ, သက်ခင်ပြတ်သွားတဲ့အထိ ခေါင်ရှုက်ပေးပါ၊ ကိစ္စအောင်မြင်ခဲ့ရင် နင်နဲ့ငါ့သမီးတို့ရဲ့ မင်္ဂလာကိစ္စကို အောင်မြင်အောင် ကျင်းပပေးမယ်"

ဒေါ်မြမို့၏စကားသည် သူ့နားထဲကိုဝင်ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမက ခရီးလမ်းညွှန်လိုက်ခဲ့သည်မှာ အန္တရာယ်ပြွမ်း သောခရီး ဟု နှုတ်က သတိမပေးခဲ့။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ နောက်မှ တဖြည်းဖြည်း သဘောပေါက်လာခဲ့သည်မှာ ယောက်ျားတစ်ယောက်အတွက်နှင့် အမျှ[illegible]ကိုမှန်းတီးခဲ့သော သူမ သည် မိမိကိုလည်း သူ့သမီးနှင့် မပေးစားလို၍ သေတွင်းသို့ တမင်ပင် ပို့ခဲ့လေသလားဟု . . . ။

သူမ သေစေလိုသောသူကိုလည်း မိမိက သတ်မိခဲ့လျှင် သူမအနေနှင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် နှစ်ယောက်စလုံးဖွဲ့ သိမ်းကြရမည့်အဖြစ်။ သို့သော် အစွယ်လိုသူက မိဖုရား လေးပစ်သူကဘုရားကျွန်တော်မျိုးမဖြစ်ခဲ့။ မိမိသည် စိတ် လေးညှို့ကိုဖြတ်ချခဲ့သည်။

မိမိနှင့်ခင်ခင်ကြွေ မည်သို့ပွဲသိမ်းကြရမည်ကို ကံကြမ္မာ ကသာအဆုံးအဖြတ်ပေးလိမ့်မည်ဟု ထိုကာလအတွင်းမှာ ဒေ မြမှီသည်လည်း အမြင်မှန်ရခဲ့လျှင် မိမိသည်လည်း ဆဒ္ဒန်ဆင် မင်း၏အစွယ်ကိုရယူပေးခဲ့သော သောနုတ္တိုလ်မုဆိုး၏အဖြစ်မျိုး ပမာမဖြည့်ဆည်းနိုင်ပေးခဲ့လျှင် ကံတရားက တစ်မျိုးတစ် ပြောင်းလဲကောင်းပြောင်းလဲသွားနိုင်သည်။

ဝကြီးကတော့ မိုးကြယ်လို့မပေးပါ။ သို့သော် ဦးကိုတွင် စကားအရ တစ်ဝက်တစ်ပျက်လောက်ကိုတော့ ရိပ်စားမိဟ တူသည်။ မိမိကလည်း ဝကြီးကိုပြောပြချင်စိတ်မရှိပါ။ ထို





ဂုလိုဏ်လမ်းကြောင်း တစ်နေရာကိုအရောက်တွင်။

✧

အလင်းရောင်သည် တဖြည်းဖြည်းနှင့် မှိန်ကျသွားခဲ့ သည်။ နောက်တော့ အမှောင်။ ဘာဆိုဘာမှမမြင်ကြရတော့။ မိမိ၏လက်ဝါးကိုထောင်ပြီးတော့ကြည့်လျှင်ပင် မမြင်နိုင်ကြရ သော အခြေအနေ။

"ဘယ်လိုဖြစ်သွားတာလဲ။ ကိုမိုးကြယ်။ ဘာမှမမြင်ရ တော့ဘူး"

"အေးဗျာ၊ နားမလည်နိုင်စရာပဲ၊ ဆက်လျှောက်ဗျာ၊ အချည်းနှီးတော့မဖြစ်ပါဘူး"

မမြင်မကန်းနှင့်စမ်းပြီးတော့လျှောက်ကြရသည်။ တစ် ယောက်ကိုတစ်ယောက် ဝင်ပြီးတိုက်မိသည်လည်းရှိကြသည်။

"ဒီလိုလုပ်ဗျာ၊ လက်ချင်းတွဲသွားကြမယ်"

"ကောင်းတယ် ကိုမိုးကြယ်။ လူချင်းမကွဲနိုင်တော့ဘူး ပေါ့"

လက်တွဲကြသည်။ လက်ချင်းဆုပ်ကိုင်ထားကြသည်။ ဘာ်ခါတစ်ရံမှာ ဂူနံရံကိုဝင်တိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ရှေ့ဆက်ပြီးသွားလို့မရတော့ဘူး၊ ပိတ်နေပြီ"

"မဟုတ်သေးဘူး ကိုဝကြီး။ လမ်းကကွေ့သွားတာ ကျုပ်လက်က လေကိုပဲစမ်းမိတယ်၊ ညာဘက်ကိုကွေ့"

ညာဘက်ကိုကွေ့ကြသည်။ တကယ်ပင် လမ်းကကွေ့သွားသည်။ သည်လိုနှင့် အခက်အခဲများကို ကြုံတွေ့ခဲ့ရပြီး ခဲ ယဉ်းစွာလျှောက်လာခဲ့ကြရာ တစ်နေရာကိုအရောက်တွင်

"ဟူး ဟူး ဟူး ဟူး'

"ဘာသံလဲဗျ၊ ကိုမိုးကြယ်"

"မသိဘူး။ ကျုပ်တို့ကျောဘက်ကထွက်လာခဲ့တဲ့ အသံ ပဲ"

အမှန်တကယ်ပင် တဟူးဟူးနှင့်မြည်သံများက ထွက် ပေါ်လာခဲ့သည်။ လေတိုက်လာသလိုမျိုးပင်။

"လေတိုက်သံကြီးဗျ၊ တော်တော်ပြင်းထန်ပုံရတယ် ကို မိုးကြယ်"

"ဟုတ်တယ် ဒီ လိုဏ်လမ်းကြောင်းထဲမှာ ဘယ်လေ ကလာပြီးတိုက်မှာလဲ။ မဖြစ်နိုင်ဘူး"

သို့သော် သူတို့၏ကိုယ်ပေါ်မှ အဝတ်အစားများသည် တဖျပ်ဖျပ်နှင့်ဖြစ်လာခဲ့ကြသည်။ လေကြောင့် လှုပ်ရှားလာခဲ့ကြ ခြင်းပို။

"တကယ်ပဲဗျာ၊ လေ လေတိုက်လာတာ မယုံနိုင်စရာ





ပဲဗျာ၊ အပြင်ကလေစီးကြောင်းတစ်ခုက လမ်းကြောင်းမှားပြီး တော့ ဝင်လာခဲ့တာများလား ကိုမိုးကြယ်"

မိုးကြယ်မဖြေနိုင်။ သူလည်းမသိ။ လေတိုက်ပိုပြီးတော့ ကြမ်းတမ်းလာခဲ့သည်။

"ဟူး ဟူး ဟူး ဟူး'.

"ဘယ်လိုမှတောင့်ခံထားလို့ မရတော့ဘူး၊ ကိုယ်လုံး ကြီးကပါနေပြီ။ မိုးကြယ် ခင်ဗျားကော"

"အတူတူပေါ့ဗျာ၊ နောက်ကနေတွန်းသလိုဖြစ်နေ တယ်"

သူတို့နှစ်ယောက်၏ကိုယ်လုံးများသည် နောက်ကနေ တွန်းပို့နေသောလေအားကြောင့် ဒရွတ်တိုက်ပါသွားနေကြသည်။ လေကပိုပြီးတော့ ကြမ်းလာခဲ့သည်။ ထိုစဉ် အားကောင်းသော လေလုံးကြီးတစ်လုံးသည် နောက်မှနေ၍ အလုံးအရင်းနှင့်ဆောင့် တိုးထည့်လိုက်ရာ

"အား"

"အား"

ခြေထောက်များသည် မြေမှလွတ်သွားကြပြီး မြောက်က နဲဖြစ်ကာ ပါသွားကြလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

## စိတ်ကိုအောင်နိုင်သူ

နှစ်ယောက်စလုံး၏ခန္ဓာကိုယ်သည် အတွယ်အတာ၊ အ[illegible]ကာအကွယ်မဲ့ကာ လေထဲမှာ လွင့်မျောသွားခဲ့ကြသည်။ [illegible] လွတ်လက်လွတ်နှင့် ဆောက်တည်ရာမရအောင်ပင်ဖြစ်သွား[illegible]ကြလေသည်။

နားထဲမှာလည်း တဟူးဟူးတရှူးရှူးနှင့် အော်မြည်နေ[illegible]သောလေသံများကိုပဲ ကြားနေကြရသည်။ လွင့်သွားသော အ[illegible]ကမသေးဟုသိနေကြသည်။ ဂွန်ရုံနှင့်သာ ပစ်ဆောင့်မိလိုက်[illegible]ရင် အကောင်းဆုံးသေပန်းပွင့်သွားနိုင်ကြသည်။ သို့သော် [illegible]ကောင်းထောက်မစွာဖြင့် ဘာမှမဖြစ်သေး။ လေစီးကြောင်[illegible]





သူတို့ကို အမိအရဆုပ်ကိုင်ကာ သယ်ဆောင်သွားသည်။ [illegible]သည့်နေရာအထိ လိုက်ပါသွားရမလဲ မသိ။

တော်တော်ကလေးကြာသည်အထိ ပါသွားနေကြ[illegible] ထိုအချိန်အထိ အသက်နှင့်ကိုယ်မြဲနေကြသေးသည်။ [illegible]ယောက်နှင့်တစ်ယောက်လည်း လက်တွဲပြုတ်သွားခဲ့ကြလေသည်။ ဤသို့ဖြင့် တစ်နေရာအရောက်တွင်

'ဖုတ်'

'ဖုတ်'

မြေပြင်ပေါ်ကို တဖုတ်ဖုတ်နှင့်ပစ်ကျသွားခဲ့ကြသည်။ အံ့သြစရာကောင်းလှသည်။ အရှိန်ပြင်းစွာဖြင့် ကျသွားခဲ့ကြခြင်း မဟုတ်။ ညင်သာစွာပင်ကျသွားခဲ့ကြခြင်းပင်။ သို့သော် မြေပြင်ထက်မှာ လေးငါးပတ်လောက်ကတော့ လိမ့်သွားခဲ့ကြသေးသည်။

မိုးကြယ်နှင့်ဝကြီးတို့သည် သိပ်ပြီးတော့ မကွာဝေးကြ[illegible] ကျသွားကြတော့လည်း ပြိုင်တူပင်။ နှစ်ယောက်စလုံး သတိကြီး[illegible]စွာထားခဲ့ကြသူများမို့ မြေပြင်ထက်မှ လူးလဲပြီးတော့ ထလိုက်ကြသည်။

"ကျုပ် ··· ကျုပ်တို့ ဘယ်ကိုရောက်နေကြတာလဲ"

ဝကြီးက အထိတ်တလန့်ဖြင့်မေးလိုက်သည်။ မိုးကြယ်သည်လည်း နေရာ၊ ပတ်ဝန်းကျင်ကို ချက်ချင်းပင်[illegible]

www.burmeseclassic.com



လိုက်သည်။

"ဟင်"

အံ့အားသင့်သွားမိသည်။ သူတို့ရောက်နေသည့်နေရာက အခြားမဟုတ်။ အဝိကတောကြီးပင်တည်း။ လွန်စွာမှဝေးလံသီခေါင်သောနေရာမှ မိမိနေထိုင်သောနေရာဆီကိုရောက်လာခဲ့သည့်အတွက် စဉ်းစား၍မရနိုင်အောင်ပင်ဖြစ်သွားခဲ့ရလေသည်။ လမ်းခရီးမှာ မည်သို့မှပင် ဒုက္ခကြီးစွာ မခံစားလိုက်ရကြ။

ဤလျှို့ဝှက်ခရီးကို ရက်၊ လချီပြီးတော့သွားခဲ့ရသည်။ လမ်းမှာ အန္တရာယ်ပေါင်းစုံကြုံတွေ့ခဲ့ရသည်။ သေတွင်းထဲကိုလည်း အကြိမ်ကြိမ်ရောက်ခဲ့ရသည်။ ယခု မိမိနေရာဒေသကို ရောက်လာခဲ့တော့ တိုတောင်းသောအချိန်ကာလအတွင်းမှာပင် သူ့တော်စင်ကြီးဦးကိုတ္တိ၏ စေတနာမေတ္တာတန်ခိုးသတ္တိကား ကြီးမားလှပါပေသည်။

"ဒါ အဝိကတောကြီးပဲ ကိုဝကြီး။ ကျုပ်နေတဲ့ မြသီလာရွာနဲ့ မဝေးတော့ဘူး"

"ဟင် . . . ဟုတ်လား။ အံ့အားသင့်စရာပဲဗျာ၊ ဘယ်လိုကြောင့် ဒီနေရာအထိရောက်လာခဲ့ရသလဲ မသိပါဘူး၊ သဘာဝတရားကြီးရဲ့ လျှို့ဝှက်ချက်က လူတွေလိုက်မမီနိုင်လောက်အောင်ပဲဗျာ၊ ပြောပြရင်တောင် ဘယ်သူမှယုံနိုင်စရာတောင် မရှိဘူး"

"ကဲ ကိုဝကြီး . . . ခင်ဗျား ရွာကိုလိုက်ခဲ့၊ ရွာမှာ





တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် နားပြီးတော့မှ နေရပ်ကို ပြန်ချင်ပြန်ပေါ့ဗျာ"

"မနားတော့ပါဘူးဗျာ၊ ကျုပ်ကိုသာ ခင်ဗျားက လမ်းညွှန်ပေးပါ၊ ကျုပ်မိဘတွေလည်း စိတ်ပူလှတော့မှာမို့ ဆက်ပြီးတော့သွားချင်တယ်"

"ကောင်းပြီလေ . . . ကျုပ်မှာ ရိက္ခာခြောက်တွေက ဒီအတိုင်းပဲရှိသေးတယ်၊ လမ်းမှာစားသွားပေါ့"

မိုးကြွယ်သည် မားနှင့်နွယ်ကွင်းထိုးအလုံးလေးကိုသာ ယူထားလိုက်ပြီး အဝတ်အစားနှင့်တကွ ရိက္ခာအိတ်ကိုပေးလိုက်သည်။

"ကျေးဇူးပဲဗျာ . . . ကျုပ်မိဘတွေနဲ့ တွေ့ပြီးရင် မကြာခင်မှာ ခင်ဗျားဆီကို လာလည်ပါဦးမယ်"

"ဆက်ဆက်သာလာခဲ့ပါ ကိုဝကြီး"

တောစပ်ကိုရောက်သောအခါ . . .

"ကဲ ကိုဝကြီး . . . ဟောဒီလမ်းအတိုင်းသွားပါ၊ လမ်းမှာ လှည်းကြုံလေး ဘာလေးတွေ့ရင်လည်း တောင်းပန်ပြီးလိုက်သွားပေါ့ဗျာ"

"ကောင်းပါပြီ ကိုမိုးကြွယ် . . . ခင်ဗျားဟာ ကျွန်တော့်အတွက် မိတ်ကောင်းဆွေကောင်းတစ်ဦးပါပဲ၊ ခုလိုဆုံတွေ့ခဲ့ရတာ ဘယ်တော့မှ မမေ့တော့ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဝကြီးသည် မိုးကြယ်ကိုနှုတ်ဆက်ပြီးတော့ ထွက်သွားသည်။ မိုးကြယ်သည်လည်း ရှာဘက်ဆီကို ခြေဦးလှည့်လိုက်လေသည်။ သံထည်ပစ္စည်းဝယ်ရန်အကြောင်းပြပြီး ခရီးထွက်ခဲ့သည့်အတွက် ဖခင်ကိုမည်သို့ပြန်ပြောရမည်လဲ။ ထို့ပြင် မိမိမအောင်မြင်ခဲ့သောခရီးအတွက် ညွှန်ကြားစေခိုင်းခဲ့သူ ဒေါ်မြမှိုကကော မည်သို့ ပြောဆိုလေဦးမလဲ။

ခင်ခင်ကြွေတည်းဟူသော ချစ်ခင်စွဲလမ်းတပ်မက်ဖွယ်ကောင်းသည့် မိန်းမချောလေးကို ပိုင် ိုင်ရရေးအတွက် အသိအမှောင်ကျခဲ့သည်။ မိမိနောင်တအသိတရားသာမရခဲ့လျှင် ယခုလောက်ဆိုလျှင် မလိုလားအပ်သည်များ ဖြစ်ပြီးခဲ့လောက်ပြီ။ မိမိသည်လည်း မဟာအာဝိစိငရဲ၌ တစ်သက်ပြန်မလွတ်နိုင်စတမ်း စာရင်းတို့ပြီးလောက်ပေပြီ။

''သည်ပွဲမှာ ငါဟာ စိတ်ကိုအောင်နိုင်တဲ့သူပဲ၊ ငါလုပ်ခဲ့တာ မှန်တယ်၊ အဲဒီအတွက် ငါ့ကိုယ်ငါ ချီးကျူးတယ်၊ ကျေနပ်တယ်၊ ငါဟာ **ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်ကိုရယူလိုတဲ့ မုဆိုးသောနုတ္တိုုလ်လို လူစားမဟုတ်ဘူးဟေ့''**

မိုးကြယ်သည် နှုတ်မှ အားပါးတရကြွေးကြော်လိုက်လေရာ အခိကာ့တောတစ်တောလုံး သွက်သွက်ခါထွက်သွားသလားဟုပင် ထင်မှတ်လိုက်ရပ့ါတော့သည်။

**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**

**မင်းစိုးကြ**

www.burmeseclassic.com